
www.burmeseclassic.com



ချစ်စံဝင်း

# မမေ့မလျော့ မပေါ့မဆ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၂၀၈၂၈၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၀၃၈၈၀၈၀၈

ထုတ်ဝေသည့်ကာလ
နိုဝင်ဘာ၊ ၂၀၀၈၊ ဒုတိယအကြိမ်

စောင်ရေ
၁၀၀၀

မျက်နှာဖုံးပန်းချီ
အံ့ဘွယ်

စာအုပ်ချုပ်
ကိုမြင့်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ရာပြည့်အော့ဖ်စက် (၀၅၉၀၁)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မော်မော် (ပန်းမျိုးတစ်ရာစာပေ)
တိုက်(၉)၊ အခန်း(၂၀၃)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၂၃၇၂

တန်ဖိုး - ၂၀၀၀ ကျပ်

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာ စာပေ
တိုက်(၉)၊ အခန်း(၂၀၃၊ ၂၀၄)၊
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၂၀၂၃၇၂

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်း၏ (၈၆) အုပ်မြောက်စာအုပ်

# ချစ်စံဝင်း

၏

# မမေ့မလျော့ မပျော့မဆ
# အပ္ပမာဒေန သမ္ပဒေထ

ဒုတိယအကြိမ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မမေ့မလျော့ မပေါ့မဆ

## ဤစာတစ်အုပ်တည်းကို ဖတ်ခြင်းဖြင့်

* ဗုဒ္ဓဝင်ကို ဖတ်ရာကျသည်
* ဗုဒ္ဓဂယာ ခရီးစဉ်ကို ကိုယ်တိုင်ရောက်ဖူးသကဲ့သို့ ခံစားရပါမည်။
* ဗုဒ္ဓ၏ – အမြတ်ဆုံးတရား
  – အချုပ်တရား
  – အကျိုးနှစ်ပါးကိုထင်သောတရားကို သိစေမည်။
* အိန္ဒိယ၏ ထူးခြားဆန်းကြယ်မှုများကို သိရှိ၍ ၂၁ ရာစု၏ အနာဂတ်ခေတ်ကြီး ငါးခေတ်ကို တရားသဘောနှင့် ရှုမြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ကျွန်တော်၏ ထိုင်းမိတ်ဆွေကြီး နာတာပိုး | ၁ |
| ၂ | ချွန်ဘူရီဝိဝေကအာစုံ ကျောင်းတော်ကြီး | ၁၁ |
| ၃ | အိန္ဒိယဆိုသောနိုင်ငံ | ၁၉ |
| ၄ | နေရဥ္ဇရာ သိပါမည် | ၃၁ |
| ၅ | အေးချမ်းမှုကို ရှာဖွေနေသော လူငယ်တစ်ယောက် | ၄၇ |
| ၆ | မိဂဒါဝုန်သို့ သွားကြစို့ | ၅၉ |
| ၇ | နှစ်ပေါင်း ၂၅၀၀ ကျော်က အမှာစကား | ၇၁ |
| ၈ | အပ္ပမာဒတရား သတိထား | ၈၁ |
| ၉ | ယမမင်း တရားစီရင်ခြင်း | ၉၁ |
| ၁၀ | သစ္စာလေးပါး မြတ်တရား | ၁၀၅ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၁ | ထူးဆန်းသော အဖြစ် | ၁၁၉ |
| ၁၂ | အမြတ်ဆုံး တရား | ၁၂၅ |
| ၁၃ | ဇေတဝန်ကျောင်းတည်ရှိရာ သာဝတ္ထိ | ၁၃၇ |
| ၁၄ | အကျိုးနှစ်ပါးကို ထင်ရှားစေသော တရား | ၁၄၇ |
| ၁၅ | သေသောသူနှင့် မေ့လျော့သူ အတူတူ | ၁၅၅ |
| ၁၆ | မနုဿတ္တဒုလ္လဘာ | ၁၆၁ |
| ၁၇ | အစ အလယ် အဆုံး သတိသုံး | ၁၇၇ |
| ၁၈ | ကုစိနာဂရုလမ်းခွဲမှ အင်ကြင်းဥယျာဉ်သို့ | ၁၈၉ |
| ၁၉ | မမေ့လေနှင့် အာနန္ဒာ | ၁၉၉ |
| ၂၀ | တံလျှပ်ကို ရေထင်၍ | ၂၀၅ |
| ၂၁ | ၂၁ ရာစုအတွက် ဆေးချက် | ၂၁၅ |
| ၂၂ | သတိပဋ္ဌာန် တရား | ၂၂၅ |
| ၂၃ | အာနာပါနဏ၏အကျိုး | ၂၃၅ |
| ၂၄ | အလွန်အမင်း အံ့အားသင့်ရခြင်း | ၂၄၁ |


# မမေ့မလျော့ မပေါ့မဆ

- ယမမင်းထံ သွားရောက်ခြင်း
- ထူးဆန်းသည့် ခရီးဖော် ဦးပဉ္ဇင်း
- နေရဉ္စရာသိသော အကြောင်းအရာများ
- မိဂဒါဝုန်တွင် ဖြစ်ခဲ့သော အကြောင်းတရားများ
- သာဝတ္ထိဆိုသောမြို့
- လုမ္ဗိနီဆိုသည့် ဥယျာဉ်ဝယ်
- ကုစိနဂရုလမ်းခွဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

# ကျွန်တော်၏ ထိုင်းမိတ်ဆွေကြီး နာတာပိုး

မိမိတွင် ထိုင်းမိတ်ဆွေတစ်ဦး ရှိသည်။ သူ၏နာမည်က မစ္စတာ နာတာပိုးဟု ခေါ်၏။ သူသည် မြန်မာတို့အပေါ် အထူး လေးစား သံယောဇဉ်ရှိသူတစ်ဦး ဖြစ်သည်။ သူ့ကိုယ်သူလည်း မြန်မာတို့ အယုဒ္ဓယကို တိုက်စဉ်က ပါလာသော မြန်မာစစ်သားကြီးတစ်ဦး သေ၍ ဝင်စားသည်ဟု ယုံကြည်သည်။ မစ္စတာနာတာပိုးက မြန်မာ နိုင်ငံတွင် ကုသိုလ်ကောင်းမှုများ မကြာခဏ လာရောက်ပြုသည်။ မြန်မာနိုင်ငံတော်အစိုးရက ထိုင်းဘုရားကျောင်းဆောင် ဆောက်လုပ်ရန် ခွင့်ပြုထားသော ကမ္ဘာအေးစေတီဝင်းအတွင်းရှိ မြေနေရာတွင် ထိုင်း ဗိသုကာလက်ရာဖြင့် ဘုန်းတော်ကြီးကျောင်းဆောင် တစ်ဆောင်ကို တည်ဆောက်ရန် ကြိုးစားနေသူတစ်ဦးဖြစ်သည်။

မစ္စတာနာတာပိုးသည် ထိုင်းဗိသုကာလက်ရာဖြင့် ဘုန်းတော်ကြီး ကျောင်း ဒီဇိုင်းပုံကို ဆွဲပြီး ငွေကြေးကုန်ကျမှုကို တွက်ချက်ပြီးဖြစ်၏။ သို့သော် ၁၉၉၇–ခုနှစ်က အာရှတွင် ဖြစ်ပေါ်လာသော စီးပွားရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအကျပ်အတည်းတွင် သူသည် ငွေကြေးအတော်များများကို လက်လွှတ်ဆုံးရှုံးခဲ့ရာမှ ထိုကျောင်းတော်ကို မဆောက်ဖြစ်ဘဲ ခေတ္တဆိုင်းထားရ၏။ ရည်မှန်းသည့် အလှူဒါနကို မပြုရ၍ မစ္စတာနာတာပိုးသည် စိတ်မကောင်း ဖြစ်နေရှာ၏။ ထိုအချိန်၌ မိမိ အိန္ဒိယနိုင်ငံသို့ သွားရန် အကြောင်းကိစ္စတစ်ရပ် ပေါ်လာသည်။ အကြောင်းမှာ ဒေလီရှိ မိတ်ဆွေဖြစ်သူ မစ္စတာကွပ်တားက ဒေလီတွင် စာအုပ်ပြပွဲတစ်ရပ် ခင်းကျင်းပြသရန် ရှိသည်။ ထို့ကြောင့် အိန္ဒိယသို့ လာခဲ့ရန် ဖိတ်ကြားသည်။ ဗုဒ္ဓဂယာသို့လည်း ဘုရားဖူးသွားရင်း အိန္ဒိယသို့ အသွားတွင် မစ္စတာနာတာပိုးနှင့် တွေ့ဆုံရန် မိမိသည် ဗန်ကောက်သို့ လှည့်ဝင်သည်။

ထိုခရီးကို မိမိ စိတ်လက်ပေါ့ပါးစွာ ထွက်လာခြင်းဖြစ်၏။ မိမိသည် ဤခရီးမှ စာအုပ်တစ်အုပ် ရရှိလိမ့်မည်ဟု မျှော်လင့်ထွက်လာခဲ့ခြင်းမရှိ။ ဗန်ကောက်သို့ရောက်တော့ ခရီးရောက်မဆိုက်ပင် မစ္စတာနာတာပိုးနှင့် တွေ့၏။ မိမိရောက်ရှိလာသည့်အတွက် သူလည်း အထူးဝမ်းမြောက်ဝမ်းသာဖြစ်၏။ တကယ်တော့ မိမိ ရောက်သွားချိန်တွင် သူသည် အတော်စိတ်ဓာတ်ကျနေချိန်ဖြစ်၏။ စိတ်ဓာတ်ကျရသည့် အကြောင်းရင်းမှာ အာရှ၏ ငွေကြေးဆိုင်ရာ အကျပ်အတည်းတွင် မစ္စတာနာတာပိုးသည် သူချမ်းသာသမျှ၏ သုံးပုံနှစ်ပုံခန့် အလိုအလျောက် လျော့ပါးဆုံးရှုံးခံလိုက်ရသောကြောင့် ဖြစ်၏။ မြန်မာနိုင်ငံတွင် ထိုင်းဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအစီအစဉ်ကိုလည်း သူသည် ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ရသည်။





စီးပွားရေး အဆင်မပြေရာက ဇနီးဖြစ်သူနှင့်လည်း ကတောက်ကဆ ဖြစ်၏။ ဇနီးက အိမ်ခွဲ၍ ဆင်းသွားသည်။ သမီးဖြစ်သူက ပညာဆုံးခန်းတိုင် မသင်ကြားဘဲ မိမိသဘောတူရန် ခဲယဉ်းသော ထိုင်းလူငယ်တစ်ယောက်နှင့် လက်ထပ်သည်။ ထိုကဲ့သို့ စိတ်ဆင်းရဲစရာများနှင့် အဆုံးအရှုံးများ ထပ်ကာထပ်ကာ ကြုံကြိုက်နေစဉ် မိမိ ရောက်သွားခြင်းဖြစ်၏။

မိမိရောက်ရှိသွား၍ မစ္စတာနာတာပိုး ပို၍ဝမ်းနည်းသလို ပို၍လည်း အားရှိသွား၏။ ပို၍ဝမ်းနည်းသွားသည်မှာ မိမိရည်မှန်းထားသော ဘုရားကျောင်းတော် မဆောက်ဖြစ်ခဲ့ရခြင်းကြောင့် ဖြစ်၏။

"မစ္စတာနာတာပိုး ကျောင်းမဆောက်ဖြစ်တာလည်း စိတ်မကောင်းဖြစ်မနေနဲ့၊ စီးပွားရေး ပြန်ကောင်းလာရင် ကျောင်းတော်ကို ရည်မှန်းချက်အတိုင်း ဆောက်နိုင်မှာပဲ။ အခုလည်း ထိုင်းနိုင်ငံ စီးပွားရေးက အတော်လေး တည်ငြိမ်နေပြီပဲ။ ကျောင်းဆောက်ချင်စိတ် ရှိနေတာကိုက ကုသိုလ်ရနေတယ်"ဟု ဆိုတော့ မစ္စတာနာတာပိုးက "ဦးချစ်စံဝင်းရာ ကျွန်တော်က ဒီအလှူကို ၂၀၀၀–ပြည့်နှစ် မတိုင်ခင် ပြုချင်တာ"ဟု ဆိုသည်။

"၂၀၀၀–ပြည့်ဖို့ ၂–နှစ်တောင် ကျန်သေးတာပဲ၊ ကဲ စိတ်ဆင်းရဲတာတွေ ခဏထား၊ ကျွန်တော် ရောက်တုန်း ရောက်ခိုက် စိတ်ပြေလက်ပျောက် လျှောက်လည်ကြရအောင်"ဟု ဆိုတော့ သူက သဘောတူ၍ မိမိတို့ သူ့အိမ်မှ ထွက်လာခဲ့ကြ၏။ ပထမတွင် ဘယ်သို့သွားရောက်မည်ဆိုသော အစီအစဉ်မရှိ။ သူနှင့်မိမိတို့ သောင်းနေကျဆိုင်ဖြစ်သော ဆူကွန်ဗစ် ၁၁–လမ်းမှ ကော်ဖီဆိုင်သို့ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ ထိုဆိုင်တွင် ကော်ဖီကျကျတစ်ခွက်စီ ဝင်သောက်၏။ မစ္စတာနာတာပိုးကလည်း ကော်ဖီသမားဖြစ်၏။ မိမိတို့ စကားဖောင်ဖွဲ့၍ ကော်ဖီလေးသောက်နေချိန်တွင် မစ္စတာနာတာပိုး စိတ်အတော်အတန်သက်သောင့်သက်သာရှိနေ၏။ ထို့နောက်တော့ ပတ္တရာမှ အာကဇာကပွဲကြည့်ရန် မိမိတို့ ပတ္တရာဘက်သို့ ထွက်လာခဲ့၏။

ပတ္တရာသည် ဗန်ကောက်မှ နှစ်နာရီခွဲခန့် မောင်းရသော ထိုင်းနိုင်ငံ၏ နာမည်ကျော် ကမ္ဘာကျော် အပန်းဖြေဆိပ်ကမ်းမြို့ဖြစ်သည်။

မိမိတို့ ဗန်ကောက်မြို့တော်မှ တကူးတက လာရောက်ကြည့်ရှုသော အာကဇာကပွဲကြီးအကြောင်းကို အနည်းငယ်မျှ မိမိ တင်ပြလို၏။ အာကဇာကပွဲသည် မိန်းမလျာများချည်း ကသော ထိုင်းနိုင်ငံ၏ နာမည်ကြီး ကပွဲတစ်ခုဖြစ်၏။ ကပွဲရုံကြီးအတွင်းသို့ မိမိတို့ရောက်တော့ ညှော်ခံတီးဝိုင်းက စတင် တီးခတ်နေပြီဖြစ်၏။ အနောက်တိုင်း ဩခက်စတြာ ညှော်ခံတီးလုံးသံများက ကပွဲရုံကြီး၏ အရှေ့ဘက် အနောက်ဘက် ဘေးဘက်တို့မှ တစ်ပြိုင်နက်တည်း ထွက်ပေါ်လျက်ရှိ၏။ ထိုအချိန်တွင်မှ ဝင်လာသော မိမိတို့နှစ်ယောက်အား ညှော်ခံတီးလုံးသံကို အာရုံခံစားနေကြသော ရွှေပွဲလာပရိသတ်များက သိပ်ကြည့်ပုံမရ။ မိမိတို့ကြောင့် အနှောင့်အယှက် တစ်စုံတစ်ရာဖြစ်မည်မှာ အမှန်ဖြစ်သော်လည်း အားနာနာနှင့်ပင် မိမိတို့နေရာသို့ ရောက်အောင်သွား၍ ခပ်လျှိုလျှိုလေး ဝင်ထိုင်ကြရ၏။

အာကဇာကပွဲ၏ ညှော်ခံတီးလုံးက ဟိတ်ဟန်ကြီးမား ခံ့ညား၏။ ညှော်ခံတီးလုံးမျှနှင့်ပင် အာကဇာကပွဲကြီးသည် ချက်ချင်း အထွတ်အထိပ်သို့ ရောက်ရလောက်အောင် အထင်ကြီးစရာဖြစ်၏။





အာကဇာကပွဲတွင် ပါဝင်ကပြသူအားလုံးသည် မိန်းမလျာများချည်း ဖြစ်၏။ သို့သော် သူတို့အား ဘယ်သူကမှ မိန်းမအစစ်နှင့် ခွဲခြား၍မရနိုင်။ သူတို့တွင် လည်ပင်းစလုတ်များလည်း မရှိ။ ရင်သားများကလည်း မို့မောက်ကာ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဖြစ်အောင် ခွဲစိတ် ဖြည့်စွက်ထားကြသည်။

ညှော်ခံတေးသွားသည် ဒေါက်တာဇီဗားဂိုး၊ ကလီယိုပါထရာ အစရှိသော ရုပ်ရှင်ဇာတ်ကားကြီးများထဲမှ တီးလုံးများကို မိမိရရ ယူငင်ကာ ထိုဇာတ်ကားကြီးများကို ကြည့်ရင်း ခံစားနေသလို ခံစား၍ရအောင် တီးပြဖျော်ဖြေသည်။ ပရိသတ်မှာ ညှော်ခံတီးလုံး၏ ဖျော်ဖြေမှုတွင် တစ်ခဏချင်း နစ်မျော၍ပါသွားသည်။ ညှော်ခံတီးလုံး ပြီးသည်နှင့် ထူထူထဲထဲရှိသော ကတ္တီပါပြည်ဖုံးကားကြီး လိပ်၍တက်သွားသည်က ရွှေပွဲလာ ပရိသတ်အား အခြားကမ္ဘာတစ်ခုဆီသို့ ခေါ်ဆောင်သွားနေသကဲ့သို့ရှိသဖြင့် ပရိသတ်ကြီးထံမှ အလိုလို လက်ခုပ်သံများပေါ်ထွက်လာသည်။ အာကဇာကဘာရေရှိုးသည် ပြည်ဖုံးကားကြီးကို မတင်လိုက်စဉ်ကပင် ပရိသတ်ကို ဒုတိယအကြိမ် ဖမ်းစားပြီးဖြစ်၏။

အာကဇာကပွဲကြီး စတင်တော့မှာဖြစ်ကြောင်းကို အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာတို့နှင့် ကြေညာသည်။ ကြေညာ၍ပြီးလျှင်ပြီးချင်း ကြက်ပေါင်သီးလို ပေါင်ဖြူဖြူနှင့်ကောင်မလေးများက တင်ဂိုအကဖြင့် မြူးမြူးကြွကြွ စတင်ကပြ ညှော်ခံ၏။ ဘိုရှုးလောက်အောင် ကပြနေသော ကောင်မလေးများသည် မိန်းမလျာများ ဖြစ်သည်ဆိုခြင်းကို ဘယ်လိုမှ လက်ခံ၍ မရလောက်အောင်ပင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်ဂိုအက မြူးမြူးကြွကြွ ကကွက်ဆန်းများနှင့် ဖျော်ဖြေပြီးသော အခါ သုမနနှင့် ဒွေးမယ်နော်ကကွက်ကို ဆန်းပြားစွာတင်ဆက်၏။ မောင်နံ့ ခုနစ်ဖော် ကကွက်သည် မျက်စိပသာဒ အရှိဆုံးဖြစ်သည်။ ဒွေးမယ်နော် ကကွက်တွင် မင်းသမီးများက ထိုင်း(ယိုးဒယား)လို ဝတ်စားထားကြ၏။ မကိုင်ရှသရဖူများနှင့် မောင်နံ့ခုနစ်ဖော်သည် စံပယ်ကုံးများကို ဆင်မြန်းထားပြီး ဇာတ်ခုံအပြင်အဆင်ကား ပြောစရာ မရှိ။ မီးပေးမှု လေ့ကျင့်ထားမှုတို့က ရွှေပွဲလာပရိသတ်ကြီးကို တကယ့် ကိန္နရီ ညီအစ်မတစ်သိုက် ရေချိုးနေကြသည်ကို ချောင်းကြည့်နေရဘိ အလား ခံစားရအောင် စီစဉ်ထားရှိ၏။ အားလုံးသည် အသက် ပြင်းပြင်းမျှပင် မရှူရဲ။ အသက်ပြင်းပြင်းရှူမိပါက ကိန္နရီညီအစ်မများ အား ပရိသတ်ကြီးက ချောင်းကြည့်နေကြမှန်း သိကာ ကန္တာရဝတီသို့ ပျံသွားကြမည်ကို ရွှေပွဲလာ ပရိသတ်အားလုံး စိုးရိမ်မကင်း ဖြစ်နေကြ သည်။

ဒွေးမယ်နော် ကကွက်ဆန်းပြီးတော့ ကလီယိုပါထရာ ရုပ်ရှင် ဇာတ်ကားထဲမှ ရောမရှိ ဆီဇာထံသို့ အီဂျစ်ဘုရင်မ ကလီယိုပါထရာ လိုက်လာသော ကကွက်ဆန်းကို ပြသသည်။ ထိုပြကွက်ကလည်း ခမ်းနားကြီးကျယ်သည်။ တကယ့် အီဂျစ်နန်းတွင်း အဝတ်အစား များနှင့် ညက်ညောသော ကဟန် ကကွက်များနှင့် အီဂျစ်ဘုရင်မ ရောမသို့ ရောက်လာသောအခါ ရောမသူ ရောမသားများ ကလီယိုပါ ထရာအား ငေးကြည့်မိကြသလို ပရိသတ်ကြီးမှာလည်း အသက်ပင် မရှူမိဘဲ ငေးကြည့်နေကြ၏။

ထို့နောက် တစ်ကိုယ်တော် သီဆိုမှုနှင့် ကျေးလက်အကလေး များကလည်း ဆန်းသစ်သည်။ ဒွန်ကို ကကွက်ဆန်းများက သွက်





လက်သည်။ စပိန်တီးလုံးနောက်ခံဖြင့် [illegible] မြင်နိုင် အောင်ရှိသည်။ ကပြချိန် တစ်နာရီခွဲခန့်ရှိသော်လည်း တင်ဆက်မှု ကာလများအတွင်း မနားတမ်း၊ မရပ်တမ်း တစ်ဆက်တည်းတင်ဆက် ရာ ပွဲကြည့်နေစဉ်ကာလ၌ ဘာကိုမှ သတိမရဘဲရှိ၏။ မစ္စတာ နာတာပိုးသည်ပင်လျှင် သူ့သောကများကို မေ့ပျောက်ကာ ကပွဲ၏ တင်ဆက်မှုတွင် နစ်မျောနေ၏။ အနုပညာသည် ဖမ်းစားနိုင်စွမ်း ရှိသည်။

'The last Emperor' တရုတ် ရုပ်ရှင်ကားထဲမှ ကကွက်ဆန်း များကို တင်ဆက်၏။ ထိုတင်ဆက်မှုသည် အခမ်းအနား၏ နောက် ဆုံးတင်ဆက်မှုဖြစ်သည်။ ပြောင်လက်နေသော တရုတ် ပိုးဖဲကတ္တီပါ အဝတ်အစား များက ပွဲကြည့်ပရိသတ်အဖို့ ပီကင်းနန်းတော်ကြီးထဲသို့ ရောက်ရှိ နေဘိအလား ခံစားရသည်။ ထိုဆယ်မိနစ်ပြကွက်ဖြင့် လွန်ခဲ့သော အနှစ် ၁၀၀-ဆီက တရုတ်ပဒေသရာဇ်တို့ စိုးမိုးရာ နန်းတော်ကြီးထဲသို့ မိမိတို့ အမှန်တကယ် အလည်ရောက်ခွင့် ရရှိခဲ့ သည်။

မစ္စတာနာတာပိုးက သူသည် အာကဇာကပွဲ နာမည်ကြီးမှန်း သိသည်။ သို့သော် တစ်ခါမျှ မကြည့်ဖူးဟု ဆို၏။ အာကဇာ ကပွဲကြီး ပြီးတော့ မိမိတို့ ထမပြန်ချင်သေးဘဲ နောက်တစ်ပွဲ ထပ်ကြည့်ချင်နေ သေး၏။ အာကဇာအနုပညာရှင်များက ရှေ့တန်းမှ နိုင်ငံခြားသား များကို လူကိုယ်တိုင်ထွက်၍ နှုတ်ဆက်ကြ၏။ နိုင်ငံခြားသားများ သည်လည်း ကပြသူများကို တရင်းတနှီး နှုတ်ဆက်ချီးကျူး၏။ အချို့နိုင်ငံခြားသားများက တင်ဆက် ဖျော်ဖြေသူများကို မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



များဟု ဆိုသည်ကို မယုံကြည်နိုင်လောက်အောင် ရှိသဖြင့် ဟိုကိုင်ကြည့် ဒီကိုင်ကြည့် လုပ်နေကြ၏။

ထိုအချိန်တွင် ကိုင်ကြည့်ခံရသော အမျိုးသမီးတစ်ဦးက ရုတ်တရက် "ရှင် ဒါလောက်တောင် ကိုင်ကြည့်ချင်ရင် ဟောဒီမှာကြည့်" ဆိုပြီး သူ့အင်္ကျီကို လှန်ပြလိုက်ရာ ဖြူဖွေးဝင်းလက်နေ၍ အက်ကွဲလုမတတ် ကြီးမားသော ရွှေရင်နှစ်စုံက မိမွေးတိုင်း ဖမွေးတိုင်း ဘွားခနဲ ပေါ်လာတော့သည်။ နိုင်ငံခြားသား မျက်နှာဖြူက အံ့အားသင့်စွာဖြင့် မျက်တောင်ပင်မခတ်ဘဲ ပြူးကြည့်နေချိန်တွင် ကချေသည်က ထိုနိုင်ငံခြားသား၏ မျက်နှာနားအထိ ကပ်သွားပြီး မိမိနို့ကို လက်နှစ်ဖက်နှင့်ညှစ်လိုက်ရာ နို့ထဲမှ ခရမ်းချဉ်သီးဆော့များ ထွက်လာမှ နို့အတုတပ်ထားသည်ကိုသိရပြီး အားလုံးက ဝိုင်း၍ရယ်ကြသည်။ ထိုနိုင်ငံခြားသားသည် သူ့နှုတ်ခမ်းပေါ်မှ ခရမ်းချဉ်သီးဆော့များကို လျှာနှင့်တို့ပြီးမြည်းနေ၏။ ထိုဖြစ်ရပ်ကို အနီးရှိသူ သူ့မိတ်ဆွေတစ်ဦးက မလွတ်တမ်း တဖျပ်ဖျပ် ဓာတ်ပုံရိုက်သည်။ ထိုမြင်ကွင်းက မစ္စတာနာတာပိုးကိုရော မိမိကိုပါ အူတက်သွားစေသည်။

ထိုနေ့ညက မိမိတို့ ပတ္တရာတွင်ပင် အိပ်ခဲ့ကြပြီး နောက်တစ်နေ့ နံနက် ဆယ်နာရီလောက်ကျမှ ပတ္တရာမှ ပြန်၏။ မိမိတို့ ငှားစီးလာသောကားသည် ပတ္တရာမှ ထွက်လာပြီး မကြာမီ ချွန်ဘူရီမြို့သို့ ရောက်၏။ ချွန်ဘူရီသည် ခရိုင်မြို့ကြီး ဖြစ်သည်။ ပတ္တရာသည် ယခင်က ချွန်ဘူရီခရိုင်ထဲမှ မထင်မရှား ပင်လယ်ကမ်းခြေ တံငါရွာလေး ဖြစ်သည်။ သို့သော် ပတ္တရာကို ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း ပြုလုပ်ရာမှ ပတ္တရာသည် ထိုင်းနိုင်ငံနယ်နိမိတ်ကို ကျော်ကာ





ကမ္ဘာတွင်ပါ ထင်ရှားသော ရမ္မက်ပေါင်းစုံသည့် ကမ်းခြေတစ်ခုဖြစ်လာရာ ယခုတော့ လူတိုင်း ပတ္တရာကို သိကြသော်လည်း ချွန်ဘူရီဆိုသော ခရိုင်မြို့ကြီးကို ပတ္တရာလောက် ဘယ်သူမှ မသိ သတိမမူကြတော့ဘဲရှိ၏။

မိမိတို့ မနေ့က ဗန်ကောက်မှလာစဉ်ကလည်း ချွန်ဘူရီမြို့ကိုဖြတ်၍လာခဲ့ခြင်း ဖြစ်၏။ ယခု ဗန်ကောက်သို့အပြန် ချွန်ဘူရီမြို့ကိုဖြတ်စဉ်မှာတော့ မိမိသည် ချွန်ဘူရီမြို့တွင် သီတင်းသုံးနေထိုင်လျက်ရှိသော မြန်မာဆရာတော်ကြီး ဒေါက်တာအာသဘကို ပြေး၍ သတိရ၏။

ဆရာတော်ကြီး ဒေါက်တာအာသဘသည် ချွန်ဘူရီမြို့တွင် ကမ္မဋ္ဌာန်း ဝိပဿနာ စခန်းကြီးတစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်ကာ တရားပြဆိုနေသော ဆရာတော်ကြီး ဖြစ်သည်။ မိမိနှင့် ဆရာတော်ကြီးတို့က ဒကာရင်း၊ ဆရာရင်းဖြစ်၏။ ဆရာတော်ကြီးကို သတိရမိရာက "မစ္စတာနာတာပိုး၊ ချွန်ဘူရီဝိဝေကအာရုံ ကမ္မဋ္ဌာန်းကျောင်းတော်ကြီးမှာ မြန်မာဆရာတော်ကြီး ဒေါက်တာအာသဘရှိတယ်၊ ဝင်ဖူးကြရအောင်" ဟုဆိုတော့ မစ္စတာနာတာပိုးက ဝမ်းမြောက်ဝမ်းသာ သဘောတူ၏။ မြန်မာဆရာတော်ကြီး ဒေါက်တာအာသဘအား ထိုနေ့က ဝင်ရောက်ဖူးမြော်မှုသည် မစ္စတာနာတာပိုး၏ ဘဝကိုပြောင်းလဲစေခဲ့ရုံသာမက မိမိအတွက်လည်း မမေ့မလျော့ မပေါ့မဆဟူသော ဤစာအုပ်ကို ရေးသားရန်အကြောင်း ဖြစ်ပေါ်ခဲ့ပါသတည်း။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## ချွန်ဘူရီဝိဝေကအာရုံ ကမ္မဋ္ဌာန်းကျောင်းတော်ကြီး

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးအခါကပင် ယဉ်ကျေးမှုချင်း ကူးလူးမှု၊ ဆက်စပ်မှုရှိသော ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ နှစ်နိုင်ငံ ဖြစ်သည်။

ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်ရှိ ထေရဝါဒ ငါးနိုင်ငံတွင် ဝိနည်းလိုက်နာမှု၌ စံပြဟု ဆိုရလောက်အောင် ထူးခြားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သို့သော် ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းရပ်များတွင်ကား အားနည်းမှုရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီး မြန်မာနိုင်ငံတွင် ကျင်းပစဉ်က ထိုင်းနိုင်ငံမှ ဆရာတော်ကြီးများ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့၏။ ထိုစဉ်က ထိုင်းဆရာတော်ကြီးများက မဟာစည်ဆရာတော်ကြီးထံ ချဉ်းကပ်၍ တပည့်တော်တို့နိုင်ငံတွင် ဝိပဿနာကမ္မဋ္ဌာန်းတရား အားနည်းလှပါသည်။ သို့ပါ၍ ကမ္မဋ္ဌာန်းတရား ပြသပေးနိုင်မည့် ဆရာတော်များ ထိုင်းနိုင်ငံသို့ စေလွှတ်ပေးပါရန် လျှောက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မဟာစည်ဆရာတော်ကြီးက မဟာစည် ကမ္မဋ္ဌာန်းရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော် သုံးပါးကို စေလွှတ်ပေး၏။ ထိုသို့ စေလွှတ်ပေးသော ဆရာတော်ကြီးများထဲတွင် ဆရာတော်ကြီး ဒေါက်တာအာသဘသည် တစ်ပါးအပါအဝင် ဖြစ်၏။ ဆရာတော်ကြီး ဒေါက်တာအာသဘ ထိုင်းနိုင်ငံသို့ စတင်ရောက်ရှိစဉ်က ဗန်ကောက်မြို့၊ ဝပ်မဟာထကျောင်းတော်ကြီးတွင် သီတင်းသုံး တရားပြ၏။ ထို့နောက် ဆရာတော်ကြီးသည် ကမ္မဋ္ဌာန်းတရား အားထုတ်မှုနှင့် ပိုမိုသင့်လျော်သော ပိုမိုဆိတ်ငြိမ်သည့် ချွန်ဘူရီမြို့သို့ ပြောင်းရွှေ့ခဲ့၏။ ဆရာတော်ကြီး ရွှေ့ပြောင်းစဉ်က ချွန်ဘူရီဝိဝေကအာရုံ ကမ္မဋ္ဌာန်းကျောင်းတော်ကြီးနေရာသည် ချွန်ဘူရီမြို့၏အပြင်တွင်ဖြစ်သော်လည်း ထိုင်းနိုင်ငံ မြို့ပြများ အဆမတန် ဖွံ့ဖြိုးလာခဲ့ရာမှ မြို့ပြင်တွင် ရှိခဲ့သော ဝိဝေကအာရုံ ကမ္မဋ္ဌာန်းကျောင်းတော်ကြီးသည်လည်း ယခုတော့ မြို့လယ်သို့ ရောက်ရှိလာခဲ့၏။

ထိုင်းနိုင်ငံတွင် ပိဋကတ်သုံးပုံကို လေ့ကျက်ဖြေဆိုသော စာမေးပွဲတစ်ရပ် ရှိ၏။ ထိုစာမေးပွဲကို ဖြေဆိုအောင်မြင်သော ရဟန်းတော်များကို နိုင်ငံတော်က ပန်ဒိတ်ပညာရှိဟူသော ဘွဲ့ကို ဆက်ကပ်လှူဒါန်း၏။ ပန်ဒိတ်ဘွဲ့ကို ရရှိရန် ရှေးအခါက ရေးဖြေ ကျက်ဖြေသာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပန်ဒိတ်ရဟန်းတော်များသည် ရေးဖြေကျက်ဖြေသာမက ဝိပဿနာ ကမ္မဋ္ဌာန်းအဆင့် တစ်ရပ်ရပ် ရှိသင့်သည်ဟု သတ်မှတ်လာ၏။ ထိုသို့ သတ်မှတ်လာသောအခါ ရေးဖြေကျက်ဖြေ အောင်မြင်ပြီးသော ပန်ဒိတ်လောင်း ဆရာတော်များသည် မြန်မာဆရာတော်ကြီး ဦးအာသဘ၏ ဝိဝေကအာရုံ ကျောင်းတော်ကြီး





သို့ ကြွရောက်ကာ ကမ္မဋ္ဌာန်း ဝိပဿနာ လုပ်ငန်းများကို လေ့လာ၍ လက်တွေ့ကျင့်ကြံ အားထုတ်ကြ၏။ ထိုသို့ အားထုတ်ပြီးနောက် ဆရာတော်ကြီး ဦးအာသဘက ထိုရဟန်းတို့၏ ဝိပဿနာအဆင့်ကို သတ်မှတ်ပေးသောအခါမှသာ ထိုင်းရဟန်းတော်များသည် ပန်ဒိတ်ဘွဲ့ကို လွတ်လွတ်ကျွတ်ကျွတ် ဆွတ်ခူးရရှိနိုင်ကြ၏။

ထို့ကြောင့် ထိုင်းနိုင်ငံအစိုးရသည် လွန်ခဲ့သော နှစ်အတော်ကြာကပင် ဆရာတော်ကြီး ဦးအာသဘအား ပညာရှိ ပန်ဒိတ်တို့၏ ဆရာ "ဗုဒ္ဓဝပ်ဒုတ်စရိပန်ဒိတ်"ဟူသော ဘွဲ့ကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီး၏ ဂုဏ်သတင်းသည် ထိုင်းနိုင်ငံတရှိုးတွင် ဟိုးဟိုးကျော်စောထင်ရှားလှ၏။

ချွန်ဘူရီမြို့ရှိ ဆရာတော်ကြီး၏ ဝိဝေကအာရုံ ကမ္မဋ္ဌာန်းရိပ်သာကြီးသည် မြို့လယ်သို့ ရောက်နေသည့်တိုင် ကျယ်ဝန်း၍ တိတ်ဆိတ်အေးချမ်းလှသည်။ သစ်ရိပ်ဝါးရိပ်၊ ပန်းမန်၊ သစ်ပင်များဖြင့် လှပသာယာသည်။

မိမိတို့ ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ဦးခိုက်ရောက်ရှိသွားသောအခါ ဆရာတော်ကြီးက "ဘယ်သူတွေတုံး ဒကာတို့ရဲ့"ဟု ထိုင်းသံဝဲ၍ မေး၏။

"တပည့်တော် ချစ်စံဝင်းပါဘုရား၊ တပည့်တော်နဲ့အတူပါလာတာကတော့ တပည့်တော်ရဲ့မိတ်ဆွေ ဗန်ကောက်က ထိုင်းအမျိုးသားမစ္စတာနာတာပိုးပါဘုရား"

"ချစ်စံဝင်းလား၊ မြန်မာပြည်က ဘယ်တုံးကလာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ တပည့်တော် ဇန်ကောက်ရောက်တာ သုံးရက်ပဲရှိပါသေးတယ်ဘုရား၊ တပည့်တော် အိန္ဒိယ သွားမလို့ပါဘုရား။ အခုတပည့်တော်မိတ်ဆွေ မစ္စတာနာတာပိုးက စီးပွားရေးကလည်းကျ၊ အိမ်ထောင်ရေးကလည်း အဆင်မပြေတာနဲ့ စိတ်ပြေလက်ပျောက်မနေ့က ပတ္တရာကမ်းခြေ ထွက်လာပြီး အဲဒီမှာ ကပွဲတစ်ခုကြည့်ပြီး အပြန် ဆရာတော်ကြီးထံ ဝင်ဖူးတာပါဘုရား"

"ဒီတော့ ချစ်စံဝင်းတို့၊ နာတာပိုးတို့က မနေ့ကတည်းက ဒီဘက်ရောက်တာပေါ့"

"မှန်လှပါဘုရား"

"ဒီနေ့ ဇန်ကောက်ပြန်ကြမယ်ပေါ့"

"မှန်လှပါဘုရား"

"ဒါဆို ပတ္တရာရောက်ခိုက် ဖရာတမ်နတ်တောင်ပေါ် တက်ပြီးဘုရားရော ဖူးခဲ့ကြသေးလား"ဟု ဆရာတော်ကြီးက အမိန့်ရှိ၏။

"တပည့်တော်တို့လည်း ကမန်းကတန်းနဲ့ ပွဲကြည့်ပြီး ပြန်လာကြတာ ဖရာတမ်နတ်တောင်ပေါ် မရောက်ခဲ့ပါဘုရား"

"ငါ့တပည့် ချစ်စံဝင်း တယ်ဖျင်းသကိုးကွဲ့"

ဖရာတမ်နတ်တောင်သည် ပတ္တရာမြို့လယ်တွင်ရှိ၍ ဖရာတမ်နတ်တောင်ပေါ်တွင် ထိုင်းနိုင်ငံ၏ ရှေးဟောင်း တန်ခိုးကြီးဘုရားများရှိ၏။

"ဒါဆို ချစ်စံဝင်းတို့၊ နာတာပိုးတို့ ဘုရင်မင်းမြတ်ရဲ့ စံကျောင်းတော်ကြီးဆီရော ရောက်ခဲ့သေးလားကွဲ့"ဟု ဆရာတော်ကြီးက မေးပြန်ပါ၏။





"မရောက်ခဲ့ပါဘုရား"

"ငါ့တပည့် ဖျင်းလှအောက်မေ့တယ် ညံ့ကည့်ပါဘိကွယ်"ဟု ဆရာတော်ကြီးက အမိန့်ရှိပြန်၏။

ဘုရင့်စံကျောင်း ဆိုသည်မှာ ပတ္တရာမြို့ အရှေ့တောင်ဘက်တွင် ထိုင်းဘုရင်မင်းမြတ်က မိမိ အသက်အရွယ် ကြီးရင့်လာပါက ရဟန်းဝတ် ကျောင်းထိုင် သီတင်းသုံးရန် ရည်ရွယ်ချက်ဖြင့် ဆောက်ထားသော စံကျောင်းတော်ကြီး ဖြစ်၏။ ဤကျောင်းတော်ကြီးမှာ လှပခံ့ညားသော ထိုင်းဗိသုကာ ဒီဇိုင်းများဖြင့် အလွန်ကြီးကျယ်ကြောင်းကြားသိရဖူး၏။ ကျောင်းဝင်းကြီးသည် ကျယ်ဝန်း၍ ဘုရား၊ ကျောင်း၊ကန်၊ သိမ်၊ ဇရပ်၊ ဥယျာဉ်၊ စကြံ၊ နတ်လမ်းတို့ဖြင့် အလွန်သာယာဖွယ်ကောင်းသော ကျောင်းတော်ကြီးဟု သတင်းစကားအရ ကြားသိရဖူး၏။

"ဒါဆို ငါ့တပည့်တို့ ရေလယ်ကျွန်းရော ဘုရားဝင်ဖူးခဲ့ကြရဲ့လား၊ ရေလယ်ကျွန်းကလည်း တစ်နေ့တခြား ဘုရားဖူးများနဲ့ အလွန်စည်ကားလို့ ဘုန်းကြီးလည်း တန်ဆောင်း၊ နတ်လမ်းကအစ လှူထားတယ် ဒကာတို့ရဲ့"ဟု ဆိုပါ၏။

တကယ်တော့ မိမိတို့သည် ရေလယ်ဘုရားသို့လည်း မရောက်ခဲ့။ ထို့ကြောင့် 'မှန်လှပါ ဆရာတော်ကြီး အပြစ်တင်ရင်လည်း ခံကြရပါမည်ဘုရား၊ တပည့်တော်တို့ ရေလယ်ဘုရားလည်း မရောက်ဖြစ်ခဲ့ပါဘုရား'ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးက "ချစ်စံဝင်းတို့၊ နာတာပိုးတို့ ဖျင်းလှ ညံ့လှ အောက်မေ့တယ်။ ချာကလည်းချာ၊ မိုက်ကလည်းမိုက်၊ ရေလိုက်ကလည်း လွဲပါဘိကွယ်" ဟု အမိန့်ရှိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား ညံ့တာကလည်းညံ့၊ ချာတာကလည်း ချာတာကတော့ အမှန်ပါပဲဘုရား။ ဒါပေမယ့် ရေလိုက်လွဲတယ် ဆိုတာကိုတော့ တပည့်တော်တို့ မသိနားမလည်ကြောင်းပါဘုရား"ဟု မိမိက မဝံ့တဝံ့ဖြင့် လျှောက်ထားရ၏။

"ချစ်စံဝင်း... ကဲ... နားထောင်၊ နာတာပိုး မင်းလည်း နားထောင်၊ နာတာပိုးက စီးပွားရေးကကျ၊ အိမ်ထောင်ရေးက အဆင်မပြေလို့ ဗန်ကောက်က စိတ်ပြေလက်ပျောက် ထွက်လာတာ ဘုရားကျောင်းကန်တော့ မဝင် မဖူး၊ စိတ်ညစ်စရာကို ကပွဲပျော်ပွဲတို့နဲ့ ဖြေဖျောက်ဖို့ ကြိုးစားတာဟာ ရေလိုက်လွဲတာပဲပေါ့ တပည့်ရယ်"

"ဒီလိုလေ တပည့်ရဲ့၊ မြတ်စွာဘုရားဟာ ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဟောစဉ်ကပဲ ကာမဂုဏ်အာရုံများကို လိုက်စားမြူးထူးကာ မေ့လျော့စွာနေခြင်းသည် ရှောင်ရမယ့် အစွန်းတရားတစ်ပါးလို့ တိတိကျကျ ဟောကြားတော်မူခဲ့တယ် တပည့်တို့ရဲ့။ ဒီလို မိန့်မှာ မြွက်ကြား ဟောကြားတော်မူခဲ့ပါလျက် တပည့်တို့က ဘုရားကိုမဝင် တရားကိုမခင်ဘဲ အာရုံကို ဝလင်အောင်ခံစားပြီး သောကကို ဖျောက်မည်ဟူသော အကြံအစည်လောက် မှားယွင်းတဲ့အကြံ၊ ရေလိုက်လွဲတဲ့ အလုပ် အခြား ဘယ်တစ်ခုရှိလေဦးမှာလဲ တပည့်တို့ရဲ့"ဟု ဆရာတော်ကြီးက ထိုင်းလိုရော မြန်မာလိုပါ မြွက်ကြား၏။ ဆရာတော်ကြီးသည် ထိုင်းလိုရော မြန်မာလိုပါ တတ်မြောက်၍ ထိုင်းလို ပို၍ ကျွမ်းကျင်ပါ၏။

"မှန်လှပါဘုရား၊ တပည့်တော်တို့ ဆရာကောင်းတပည့် မပီသစွာနဲ့ မှားခဲ့ပါတယ်ဘုရား"ဟု လျှောက်ထားရ၏။





"ဟ...ဆရာကောင်းဆို တပည့်လည်း ကောင်းရမှာပေါ့။ အခုတော့ တပည့်မကောင်း ဆရာ့ခေါင်းများ ဖြစ်နေရော့လားကွာ။ ချစ်စံဝင်း မှားတာကိုသိရင် ချက်ချင်းပြင်ကွဲ့။ အခု ဒကာချစ်စံဝင်းက မဇ္ဈိမဒေသကို သွားမှာဆိုတော့ ဒါက ဘုရားပွင့်တော်မူရာအရပ်ကို သွားမှာဖြစ်တယ်၊ ဒီတော့ ဒီခရီးက မှန်မြတ်တယ်။ ဒီခရီးမှာ မြတ်စွာဘုရားရဲ့ တရားတော်များကို အာရုံကပ်၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို မဇ္ဈိမဒေသတစ်လွှားမှာ တွေ့အောင်ရှာ၊ သိအောင်လုပ်၊ မိမိရရ ဆင်ခြင်။ ငါ့တပည့် လိုရာခရီး ရောက်စေကွယ်"ဟု ဆရာတော်ကြီးက ဆို၏။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

## အိန္ဒိယဆိုသော နိုင်ငံ

တကယ်တော့ ထိုနေ့က မိမိသည် ဆရာတော်ကြီး အခံအမကို ခံယူပြီး ချွန်ဘူရီဝိပဿနာအစုကျောင်းတော်ကြီးမှ တစ်ဦးတည်း ဗန်ကောက်သို့ ပြန်ခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် မစ္စတာနှာတာပိုးက သူသည် ဆရာတော်ကြီး ဒေါက်တာအာသဖ၏ ဝိပဿနာအစု ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကမ္မဋ္ဌာန်းတရား စီးဖြန်းရန် နေရစ်ခဲ့လို သည်ဟု ဆိုကာ နေရစ်၏။

မိမိပြန်ခါနီးတွင် ဆရာတော်ကြီးက "တပည့်ချစ်စံဝင်း လယ်တီ ဆရာတော်ကြီးရဲ့ ကမ္မဋ္ဌာနဒီပနီကို ဖတ်ဖူးပါသလား"ဟု မေးရာ "မဖတ်ဖူးပါဘုရား"ဟု လျှောက်ထားရ၏။ ထိုအခါ ဆရာတော် ကြီးက "ဘုန်းကြီးဆီမှာ အဲဒီစာအုပ် ရှိတယ်၊ ဒီမှာက မြန်မာစာတတ် ပေတတ်လည်း မရှိ၊ စာအုပ်လည်း ဟောင်းလှပြီ၊ တပည့် အိန္ဒိယ ခရီးသွားရင်းဖတ်။ ဒီစာအုပ်ကို မြန်မာပြည်သို့ ပြန်ယူသွား၊ မြန်မာ ပြည်မှာဆို ဖတ်တတ်သူတွေများတော့ ဖတ်မိသူ အကျိုးရှိမယ်ထင့်"

www.burmeseclassic.com



ဟုဆိုကာ လယ်တီဆရာတော်ကြီး၏ ကမ္မဋ္ဌာနဒီပနီ စာအုပ်ကို ပေးပါ၏။

ကမ္မဋ္ဌာနဒီပနီစာအုပ်ကို လက်ခံရယူကာ ဆရာတော်ကြီး၏ အဆုံးအမကို နာခံပြီး မိမိသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ထွက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် အလွန်ကြီးကျယ်သောနိုင်ငံကြီး ဖြစ်၏။ ကြီးကျယ်ရုံမျှမက အထူးအဆန်း အံ့သြဖွယ်ရာများ ရေးပြ ပြောပြ၍ မကုန်နိုင်လောက်အောင် များပြားသောနိုင်ငံကြီးလည်း ဖြစ်ပါ၏။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် ငါးဆကျော်ပို၍ကျယ်ဝန်း၏။ ယဉ်ကျေးမှုမျိုးစုံ၊ စရိုက်မျိုးစုံရှိ၏။ ကိုးကွယ်မှု ဘာသာတရား အယူအဆများစွာ ထွန်းကားသောနိုင်ငံဖြစ်၏။ အိန္ဒိယနိုင်ငံသည် လူသားတို့၏ စာပေယဉ်ကျေးမှု အတွေးအခေါ်များ သိုမှီးတည်ရှိရာ သိုက်ကြီး ပမာလည်း ဖြစ်၏။ အိန္ဒိယနိုင်ငံသည် အီဂျစ်၊ ဆီးရီးယား၊ တရုတ် စသော နိုင်ငံတို့ကဲ့သို့ ရှေးကျသောယဉ်ကျေးမှုထွန်းကားခဲ့ရာအရပ် ဖြစ်၏။

ဟိန္ဒူမြစ်ဝှမ်းရှိ မိုဟန်ဂျိုဒါရိုနှင့် ဟာပ္ပာမြို့ဟောင်းများကို တူးဖော်တွေ့ရှိချက်အရ အိန္ဒိယနိုင်ငံသည် ဘီစီ ၄၀၀၀–ကျော်ကပင် အလွန်အဆင့်မြင့်မားသည့် မြို့ပြပြည်ရွာများ ထူထောင်၍ နေထိုင်ခဲ့ကြသည့် အထောက်အထားများကို တွေ့ရှိရ၏။

ရှေးအခါက အိန္ဒိယနိုင်ငံတွင် ဒရာဗီးဒီးယန်းလူမျိုးများ နေထိုင်ကြ၏။ ဒရာဗီးဒီးယန်းများသည် အသားမည်း၍ ကိုယ်ခန္ဓာသေးသွယ်ပုညှက်၏။





ဘီစီ ၂၀၀၀–လောက်တွင် အာရှတိုက် အနောက်တောင်ဘက်မှ အာရိယန်လူမျိုးများ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်သည်။ အာရိယန်များသည် အသားဖြူ၍ ကိုယ်လုံးကိုယ်ထည် ကြီးမား၏။ ရှေးဦး ဒရာဗီးဒီးယန်းများသည် အာရိယန်တို့အား မတွန်းလှန်နိုင်ဘဲ တောင်ပိုင်းသို့ ရွေ့၍ ရွေ့၍ပေးရ၏။ ထိုအခါ အာရိယန်လူမျိုးတို့သည် ဟိန္ဒူမြစ်ဝှမ်းဒေသကိုသာမက ဂင်္ဂါမြစ်ဝှမ်းဒေသအထိပါ တိုးချဲ့နေရာယူခဲ့ကြ၏။

ဤသို့ဖြင့် အိန္ဒိယနိုင်ငံ၌ အာရိယန်တို့က မြောက်ဘက်တွင် နေကြ၍ ဒရာဗီးဒီးယန်းလူမျိုးတို့က တောင်ဘက်တွင် နေကြသည်။

အာရိယန်တို့သည် သက္ကတဘာသာစကားကို ပြောကြ၏။ ဗြဟ္မာ၊ သျှိဝ၊ ဗိဿနိုး အစရှိသော နတ်ကြီးများကို ကိုးကွယ်၏။ ဗေဒင်ကျမ်း၊ အာကာသ သျှုတ္တရကျမ်းများကို တတ်မြောက်၏။ အာရိယန်တို့၏ နတ်ကြီးသုံးပါးကို ကိုးကွယ်သော အယူဝါဒသည် ဗြာဟ္မဏဝါဒ (ဟိန္ဒူဝါဒ)ဖြစ်၏။ ဟိန္ဒူဝါဒသည် အိန္ဒိယနိုင်ငံ၏ အလွန်ရှေးကျသော ဘာသာအယူဝါဒကြီး ဖြစ်သည်။ ဗုဒ္ဓ မပေါ်ပေါက်မီ နှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံတွင် ထွန်းကားနေသော ဝါဒဖြစ်၏။ ဗုဒ္ဓသည်ပင် ဟိန္ဒူ အယူအဆများအတွင်းမှ ထိုးထွက်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဟိန္ဒူဝါဒကို ကျင့်သုံးကျသော အာရိယန်များသည် ဇာတ်စနစ်ကို ကျင့်သုံးသူများဖြစ်၏။ ဇာတ်စနစ်ကို အလွန်အမင်း ခွဲခွဲခြားခြား ကျင့်သုံးကြ၏။ ဟိန္ဒူအယူဝါဒတွင်



www.burmeseclassic.com

www.burmeseclassic.com



၁။ ဗြာဟ္မဏမျိုး

၂။ ခတ္တိယမျိုး

၃။ ကုန်သည်နှင့် လယ်သမား ဝေဿမျိုး

၄။ အလုပ်သမား ကျွန် သုဒ္ဒမျိုး

ဟူ၍ အမျိုးလေးပါး ခွဲခြားထား၏။ ထိုအထဲတွင် ဗြာဟ္မဏပုဏ္ဏားမျိုးသည် ဉာဏ်ပညာ အထက်မြက်ဆုံး ဖြစ်၏။ ယင်းတို့သည် ဘုရင်တို့၏ အတိုင်ပင်ခံ မင်းဆရာများဖြစ်၍ အုပ်စိုးသူ ရှင်ဘုရင်များအပေါ် ဩဇာကြီးမားသူများ ဖြစ်သည်။ အာရိယန်တို့သည် ဗြာဟ္မဏ အယူဝါဒကို ဆွဲကိုင်လျက် ဂင်္ဂါမြစ်ဝှမ်းတွင် တိုင်းကြီး ၁၆ – တိုင်း တည်ထောင်ကာနေ၏။ ယင်းတိုင်းကြီး ၁၆–တိုင်းအနက် ယခု နီပေါနိုင်ငံအစပ်တွင်ရှိသော သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီးနှင့် မာယာဒေဝီတို့မှ ခရစ်တော်မပေါ်မီ ၅၄၉–ခုနှစ်တွင် သားတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်၏။ သိဒ္ဓတ္ထမင်းသားသည် မြင့်မြတ်သော မင်းမျိုး၌ ဖွားမြင်ခဲ့သော်လည်း ဇာတ်ခွဲခြားသော စနစ်သည် မမှန်ကန်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို ရှာဖွေမည်ဟုဆိုကာ အသက် ၂၉–နှစ်အရွယ်တွင် ရှေးဟိန္ဒူ ရသေ့ကြီးများကဲ့သို့ တောထွက်ကာ တရားကျင့်၍ ငြိမ်းအေးသော အကြောင်းတရား အစစ်အမှန်ကို ရှာဖွေ၏။

သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရရှိကာ အိုခြင်း၊ နာခြင်း၊ သေခြင်းမှ ကင်းလွတ်သော နိဗ္ဗာန်သုခချမ်းသာကို ရှာဖွေတွေ့ရှိ၏။ မိမိရှာဖွေတွေ့ရှိသော တရားကို မြတ်စွာဘုရားသည် ဂင်္ဂါမြစ်ရိုး တစ်လျှောက်ရှိ တိုင်းပြည်များ၌ လှည့်လည်ဟောကြားကာ သက်တော် ၈၀–တွင် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဗုဒ္ဓမြတ်စွာဘုရား





သည် ဟိန္ဒူအယူဝါဒမှ ဇာတ်စနစ်ခွဲခြားမှုကို ဆန့်ကျင်၏။ မြတ်စွာဘုရားသည် တရားဟောပြောသာဒ်အမိုးအောက်သို့ ရောက်ရှိသူများအား ဇာတ်အယူဝါဒ မခွဲခြားရုံမျှမက မိမိသား ရာဟုလာနှင့် တရားနာ ပရိသတ်ကို တပြေးတည်း၊ တညီတည်း၊ တစ်ဦးတစ်ယောက်တည်း အဖြစ် သဘောထားကာ တရားဓမ္မများကို ဟောကြား၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလ၌ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာရောင်ခြည်သည် ထွန်းလင်းတောက်ပြောင်ခဲ့သော်လည်း ခရစ်နှစ် အေဒီ ၆၄၇–ခုနှစ်လောက်မှစ၍ အိန္ဒိယတွင် ဗုဒ္ဓဘာသာ စတင် ကွယ်ပျောက်သည်။ ယခုအခါ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဒသမ ၂–ရာခိုင်နှုန်းသာ ရှိသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာကဲ့သို့ ဇာတ်ခွဲခြားမှုစနစ်ကို ဆန့်ကျင်သော ဘာသာကြီးတစ်ခုမှာ ဂျိန်းဘာသာဖြစ်၏။

ဟိန္ဒူအယူဝါဒသည် သံသရာမှ လွတ်မြောက်ရေးကို ရည်မှန်းကျင့်ကြံသော ဝါဒဖြစ်၏ ဂျိန်းဘာသာဝင်တို့သည် တွယ်တာမှုဟူသမျှကို စွန့်ပယ်၍ မိမိကိုယ်ပေါ်တွင် အဝတ်အထည် ဝတ်ဆင်ခြင်းကိုပါ စွန့်လွှတ်၏။ ဂျိန်းဘုရားသည် အရှက်လုံရုံလောက်မျှပင် ဝတ်စားခြင်းမရှိ၊ မိမွေးတိုင်း ဖမွေးတိုင်း နေတော်မူ၏။ အလားတူပင် ဂျိန်းရဟန်းတော် သံဃာတော်များသည်လည်း အဝတ်အစားကို ဝတ်ခြင်း၊ ဆင်မြန်းခြင်းမရှိဟု ဆို၏။ အဝတ်အစားအပေါ် တပ်မက်ခြင်းတဏှာ မဖြစ်စေရန် ရှောင်၏။ အဆောင်အယောင် ဆင်ယင်ထုံးဖွဲ့မှုတို့အပေါ် အစွဲမထား၊ ကိုယ်လုံးတီးနေ၍ တဏှာလောဘကို ပြတ်ပြတ်သားသား ဖြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ဟိန္ဒူ အယူဝါဒ

ဟိန္ဒူအယူဝါဒသည် အိန္ဒိယတွင် အလွန် ဩဇာကြီးမား၏။ ဗုဒ္ဓမြတ်စွာဘုရား ပေါ်ထွန်းလာသော်လည်း ဟိန္ဒူအယူအဆသည် ပျောက်ကွယ်သွားသည် မရှိ။ ဗုဒ္ဓသာသနာသည်သာ အိန္ဒိယကို စွန့်ခွာခဲ့ရသည်။ ဗုဒ္ဓကိုယ်တော်တိုင်ပင် ရှေးဟိန္ဒူ ရသေ့ကြီးများနည်းတူ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ခဲ့ဖူးသည်။ ဟိန္ဒူအယူဝါဒတွင် အလွန်ကြီးမားခိုင်ခံ့သော ဇာတ်စနစ်ရှိ၏။ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားထား၏။ ထိုစနစ်ကို အိန္ဒိယအစိုးရ အဆက်ဆက်က မနှစ်သက်စေကာမူ ဇာတ်ခွဲခြားမှုစနစ်သည် ယနေ့တိုင် ရှင်သန်အားကောင်းဆဲဖြစ်၏။

## တပေါဒါ ရေပူစမ်း

အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ် မြို့သို့ရောက်သော် ဝေဠုဝန်ကျောင်းတော်၏ နယ်နိမိတ်အဆုံးတွင် တပေါဒါ ရေပူစမ်းရှိသည်။ ထိုရေပူစမ်းအနီးမှ တပေါဒါရေပူမြစ်သည် စီးဆင်း၏။ ထိုရေပူစမ်းကို ဖြတ်၍ ဝေဘာရတောင်သို့ တက်နိုင်၏။ ဝေဘာရတောင်သည် နယ်နယ်ရရတောင် မဟုတ်။ ထိုတောင်သည် ပထမ သင်္ဂါယနာတင် သတ္တပဏ္ဏိလိုဏ်ဂူ (စရည်းပင်ပေါက်ရာ)ရှိရာ တောင်ဖြစ်၏။ ယို့ပြင် ဗုဒ္ဓဘာသာဝင်တို့က ဤတောင်တွင် အရှင်မဟာကဿပ ကိုယ်တော်ကြီး သီတင်းသုံးရာလိုဏ်ဂူ ရှိသည်ဟုလည်း ယုံကြည်၏။

ရာဇဂြိုဟ်သို့ ရောက်သူတိုင်း ထိုရေပူစမ်းသို့ ရောက်သည်။ တပေါဒါရေပူစမ်းမှ ရေကို ချိုးပါက ရောဂါဟူသမျှ ကင်းပျောက်





သည်ဟု ယူဆကြ၏။ အနယ်နယ် အရပ်ရပ်မှ ရောက်လာသူများသည် ရေပူစမ်းတွင် ရေချိုးသည်။ အချို့လည်း ရေပူချိုးရန်သက်သက် ရာဇဂြိုဟ်သို့ လာရောက်၏။ အချို့ စာသင်ကျောင်းများမှ ကျောင်းသားများ ကျောင်းလုံးကျွတ် လာရောက် ရေပူချိုး၏။

တပေါဒါရေပူစမ်းတွင် ဟိန္ဒူတို့၏ဇာတ်ခွဲခြားမှုစနစ်ကို ထင်ရှားစွာ တွေ့ရ၏။ ရေပူစမ်း၏အထက်ပိုင်းတွင် ဇာတ်မြင့်များက ရေချိုးသည်။ ဇာတ်မြင့်များဖြစ်သော ပုဏ္ဏားများ၊ ခတ္တိယများ ချိုးပြီး ကျလာသော ချေးညှော်များ၊ အညစ်အကြေးများပါသည့်ရေကို ဇာတ်လတ်များဖြစ်သော ကုန်သည်များ၊ လယ်သမားများက ချိုးသည်။ ယင်းမှ ကျလာသော မသတီစရာအရည်ကို အောက်ပိုင်းမှနေ၍ ရာပေါင်း ထောင်ပေါင်းများစွာသော ဇာတ်နိမ့်များက ချိုး၏။ တပေါဒါရေပူစမ်းကို ရဲအဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိသည်။

မိမိက မခံချင်၍ ဇာတ်နိမ့်များအား အထက်မှာ တက်ချိုးတော့ ရော ဘာဖြစ်မှာလဲဟု မေးကြည့်ရာ ဇာတ်နိမ့်များကလည်း သူတို့ငရဲကြီးမှာစိုး၍ အထက်သို့တက်၍ ရေမချိုးရဲကြဟု ဆို၏။

## ဇာတ်နိမ့်များ အလုပ်

အိန္ဒိယနိုင်ငံအတွင်း ခရီးသွားကြစဉ် ရောက်သည့်နေရာတွင် ဝင်၍ ထမင်းစားကြရသည်။ အိန္ဒိယနိုင်ငံ မူစလင်ထမင်းဆိုင်များမှ ပဲဟင်းသည် အလွန်ကောင်းသည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံး ပဲဟင်းများဖြစ်၏။ မိမိပါးစပ်နှင့် အလွန်တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိန္ဒူပဲဟင်းက မူစလင်ပဲဟင်းလောက် မကောင်း။ ဟိန္ဒူထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားပြီးနောက် မိမိက ရေ့ခရီး အမြန်ဆက်လို၍ စားပြီးသား ပန်းကန်များကို ဆေးရန် ယူလိုက်သောအခါ မိမိ၏ဒရိုင်ဘာသည် ပြေးလာပြီး လက်ထဲမှပန်းကန်များကို ပုတ်ချ၏။ ပန်းကန်များသည် ဒန်ပန်းကန်များဖြစ်၍ မကွဲသော်လည်း လက်ထဲမှ မြေပေါ်သို့ ကျကုန်၏။ မိမိက သူ၏အပြုအမူကို နားမလည်နိုင်၍ အံ့အားသင့်ပြီး ရပ်နေသောအခါ ဒရိုင်ဘာက မိမိအား လက်ဆေး၊ ပါးစပ်ဆေးရန် ပြော၏။

တံမြက်လှည်းခြင်း၊ ပန်းကန်ဆေးခြင်း၊ အဝတ်လျှော်ခြင်း စသောအလုပ်များသည် ဓာတ်နိမ့်သူတို့၏ အလုပ်ဖြစ်သည်။ ထိုအလုပ်ကို မိမိတို့ ပြုလုပ်ပါက မိမိတို့အား ဓာတ်နိမ့်များဟု ထင်မှတ်မှားသွားနိုင်သည်။ ထို့ကြောင့် ပန်းကန်မဆေးရ၊ တံမြက်မလှည်းရ၊ ဓာတ်နိမ့်များ အလုပ်ကို မလုပ်ရဟု ဆို၏။ ခဏကြာသောအခါ ဓာတ်နိမ့်အမျိုးသားတစ်ယောက်သည် မြေကြီးပေါ်တွင် ဖြုလရမ်းကျနေသောပန်းကန်များကို လာကောက်၍ ဆေးကြောရန်နေရာသို့ သယ်သွားပြီးဆေးကြော၏။

ဟိန္ဒူများသည် သက်သတ်လွတ်စားသူများ ဖြစ်၏။ သူတို့သည်အသားမစားကြ။ ထို့ကြောင့် အိန္ဒိယ၌ ခရီးသွားရာတွင် ဟိန္ဒူအများစုနေထိုင်သော နေရာများတွင် အသားရရှိရန် အလွန်ခဲယဉ်းသည်။

ဟိန္ဒူလူမျိုးတို့သည် သူတစ်ပါးအသက်ကို မသတ်သောကြောင့်အိန္ဒိယနိုင်ငံတွင်ရှိသော ဖျိုင်းများ၊ ငှက်များ၊ သမင်၊ ဒရယ် အစရှိသောသားရဲတိရစ္ဆာန်များသည် လူများကို မကြောက်ကြ။ ဖျိုင်းများသည်



လူလက်တစ်ကမ်း ရောက်သည့်တိုင် ပျံမပြေးကြဘဲ အစာရှာမပျက်နေကြသည်။ ထို့ကြောင့် နေရာတကာတွင် သားရဲတိရစ္ဆာန်များကိုအနီးကပ် တွေ့မြင်ရသည်မှာ ကြည်နူးစရာဖြစ်၏။

အိန္ဒိယသို့ သွားပါက အကြီးမားဆုံးသော ဒုက္ခမှာ အိမ်သာကိစ္စဖြစ်သည်။ အိန္ဒိယကျေးရွာများတွင် အိမ်သာတည်ဆောက်ထားခြင်းမရှိ။

## ဒန်ပူ စားခြင်း

အိန္ဒိယနိုင်ငံတွင် နံနက်လင်းသည်နှင့် တစ်နိုင်ငံလုံး ဒန်ပူစားကြ၏။ မြန်မာရဟန်းတော်များ ဒန်ပူစားသောအလေ့သည် အိန္ဒိယနိုင်ငံဘုရားပွင့်ရာအရပ်မှ ပါလာသော အလေ့အကျင့် ဖြစ်ဟန်တူ၏။ နံနက်လင်းသည်နှင့် လူတိုင်းသည် တစ်ထွာလော်က်၊ တောင်ဆုပ်လောက်ရှိသော သစ်ကိုင်းတစ်ကိုင်းကို ချိုးကာ ထိုသစ်ကိုင်းအဖျားဖြင့်သွားတိုက်ကြသည်။ ဖွာလာပါက ဖွာလာသောအစများကို ဖယ်ပစ်လိုက်ပြီး ဆက်၍တိုက်ပြန်၏။ မိမိက အိန္ဒိယအမျိုးသားတစ်ဦးသည်တစ်နေ့တွင် သစ်ပင်မှ တစ်ထွာလောက်ရှိသော သစ်ကိုင်းတစ်ကိုင်းကိုချိုးလျှင် လူ သန်း ၁၀၀၀–ကျော် တစ်နေ့ တစ်နေ့ ချိုး၍ သွားတိုက်ပစ်သော ပမာဏသည် သစ်သားတန်ချိန် မြောက်မြားစွာ ဆုံးရှုံးမှုရှိလိမ့်မည်ဖြစ်သည်ဟု မိမိက ဆိုသောအခါ မိတ်ဆွေ အိန္ဒိယအမျိုးသားတစ်ဦးက စိုးရိမ်စရာမလို။ ယင်းသစ်ပင်မှ သစ်ကိုင်းကိုထိုကဲ့သို့ချိုးပေးလေ နေ့စဉ်အကိုင်းအလက်များ ပို၍ဝေဆာလေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု ဆို၏။ အိန္ဒိယလူမျိုး သန်း ၁၀၀၀–သည် နေ့စဉ် သွားပွတ်တံနှင့် သွားတိုက်ဆေးကို ချေတာထားဆဲဖြစ်၏။ အိန္ဒိယနိုင်ငံတွင် အလွန်အင်အားကောင်းသော အစ္စလာမ်ဝါဒကလည်း ခိုင်ခိုင်မာမာ ရှိနေ၏။ အိန္ဒိယ၌ အစ္စလာမ်ဝါဒ ထွန်းကားလာရခြင်း၏ အကြောင်းခြင်းရာတစ်ရပ်သည် ဟိန္ဒူတို့၏ ဇာတ်ခွဲခြားမှုစနစ်၏ တွန်းပို့ခြင်းခံရလေသလောဟု စဉ်းစားဖွယ်ရာ ဖြစ်၏။

ယခုအခါ ဇာတ်နိမ့် ဟိန္ဒူဘာသာဝင် အများအပြားသည် သိန်းဖြင့်ချီ၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းနေသည့်ကိစ္စကလည်း စိတ်ဝင်စားဖွယ်ရာဖြစ်၏။

အိန္ဒိယနိုင်ငံ ဟိန္ဒူအယူဝါဒ လွှမ်းမိုးသောနေရာ အချို့အရပ်များတွင် ရွာထိပ်တိုင်း၌ ဟနုမာ မျောက်ရုပ်ကြီးများ ရှိသည်။ ဟနုမာမျောက်ရုပ်ကြီးများမှာ ဧရာမကြီးမား၍ ကားသွားနေစဉ် ရုတ်တရက် မြင်တွေ့ရလျှင် တစ်ခါ တစ်ခါ လန့်သွားရ၏။ မိမိတို့ဘုရားရှေ့တွင် ခြင်္သေ့ရုပ် ထားရှိသလို လမ်းဘေးရွာထိပ် လမ်းဆုံလမ်းခွနေရာများတွင် ဟနုမာနတ်နန်းကို ထားရှိ ကိုးကွယ်၏။ ဟိန္ဒူများအတွက် ရာမမင်းသားသည် ဘုရားတစ်ဆူပင်ဖြစ်ရာ ရာမမင်းသား၏ လက်ရုံးဖြစ်သော ဟနုမာသည် ဟိန္ဒူလူမျိုးတို့၏ သူရဲကောင်းဖြစ်၏။ ထို့ကြောင့် အားမာန်ဖြစ်စေရန်၊ အစွမ်းကို ပြသရန် ဟနုမာရုပ်ကို ထုလုပ် ကိုးကွယ်ကြခြင်းဖြစ်သည်။

ဟနုမာမျောက်မင်း တောင်ကိုဖွဲ့ယူလာပုံ ရောင်စုံအင်္ဂတေရုပ်လုံးများကို နေရာအနှံ့အပြားတွင် တွေ့ရ၏။





## အာဒိ၊ ဆက္ကတိ

အိန္ဒိယနိုင်ငံတွင် အခြားတွေ့ရသော အထူးအဆန်းသစ်တစ်ခုမှာ ဟိန္ဒူတို့၏ သျှိဝဘုရားနှင့် သူ့ကြင်ယာတော် ပါရဝတီမိဖုရားတို့၏ လိင်အင်္ဂါအား ကိုးကွယ်ပူဇော်မှု ဖြစ်ပါ၏။ သျှိဝဘုရား၏ ယောကျာ်း လိင်အင်္ဂါသည် ပါရာဝတီမိဖုရား၏ အမျိုးသမီး လိင်အင်္ဂါတွင် တပ်လျက်ထားပုံကို ကျောက်ဖြင့် ထုလုပ်၍ ကိုးကွယ်ကြ၏။ အိန္ဒိယတစ်နိုင်ငံလုံးတွင်ရှိ၍ နတ်စင်တိုင်း၊ ဘုရားစင်တိုင်းတွင် ယင်းရုပ်လုံးပုံရှိသည်။ ယင်းကို အာဒိ ဆက္ကတိ ကိုးကွယ်မှုဟု ခေါ်၏။

အာဒိ = အစ

ဆက္ကတိ = သတ္တိ

အာဒိဆက္ကတိ = သတ္တိဗီဇ၏အစ

လူ စတင်ဖြစ်ပေါ်ခြင်း၏ အရင်းအမြစ် အစကို ကိုးကွယ်ခြင်း၊ အမိနှင့် အဖကို ကိုးကွယ်ခြင်းဟု ဆိုပါ၏။

အာဒိဆက္ကတိ ကိုးကွယ်မှုသည် အိန္ဒိယနိုင်ငံ ဟိန္ဒူဘုရားကျောင်းတိုင်းတွင် ရှိသည်။

အာဒိဆက္ကတိ ကိုးကွယ်မှုပုံကို အကြီးအသေး ရွယ်စုံဆိုက်စုံ ဘုရားဈေး၊ ကျောင်းဈေး နေရာမျိုးစုံတွင် ဝယ်ယူ၍ ရရှိနိုင်၏။

## ဆာဒူးကြီးများ

အိန္ဒိယတွင် အခြားထူးဆန်းသည်က ဆာဒူးကြီးများဖြစ်သည်။ သူတို့သည် ထူးကဲသော ကျင့်စဉ်များကို ကျင့်နေကြသူများ ဖြစ်၏။ တစ်နေရာတွင် ဆာဒူးကြီးတစ်ဦးသည် ခြေတစ်ဖက်တည်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ ကျင့်ကြံနေသည်ကို တွေ့ရ၏။ တစ်နေရာတွင်တော့ ဆာဒူးကြီးသည် ကမ်းစပ်တွင် ရေကသိုဏ်းရှုနေ၏။

ဟိုက်ဒရာဘတ်သို့အသွား လမ်းတွင်တွေ့ရသော ဆာဒူးကြီးကတော့ သစ်ပင်အောက်တွင် မျက်စိစုံမှိတ်၍ တရားထိုင်နေ၏။ သို့သော် သူ့ခြေသလုံးတွင် အနာကြီးက ယင်တလောင်းလောင်းဖြင့် လောက်များကျနေသည်ကို မလှုပ်မယှက် ဆက်၍ တရားထိုင်နေသည်။

ကင်းမြီးကောက်ထောင်၍ ကျင့်နေသူများ၊ မိမိလျှာကို မိမိကိုက်ဖြတ်၍ တရားရှာနေသူများ၊ မိမိမျက်လုံးကို မိမိဖောက်၍၊ မိမိနားကို မိမိမကြားအောင် ပြုလုပ်၍ ကျင့်ကြံအားထုတ်နေသော ဆာဒူးကြီးများကလည်း အထူးအဆန်း အံ့သြဖွယ်ရာများဖြစ်၏။

ထူးဆန်းမှုတစ်ခုမှာ အိန္ဒိယတွင် မြန်မာနိုင်ငံမှ ဇော်ဂျီကဲ့သို့ ဝတ်စား၍ ဆေးကြိမ်လုံးဖြင့် ဥပုသ် အဖိတ်နေ့များတွင် တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံကြသောသူများလည်း ရှိ၏။ သူတို့သည် အနီးအပါး တောင်ပေါ်များတွင် နေကြ၍ ဥပုသ် အဖိတ် လပြည့် လကွယ်နေ့များတွင် ဆင်းလာကြသည်။ သူတို့ကို လူများက ကြောက်ရွံ့ ရိုသေကြ၏။ ယင်းတို့က စိတ်အခန့်မသင့်လျှင် ပြုစားကြသည်ဟုလည်း ယုံကြည်ကြသည်။ ထူးခြားသည်မှာ သူတို့သည် မြန်မာဇာတ်ထဲမှ ဇော်ဂျီအတိုင်း ဝတ်စားထားခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံကား ထူးခြားဆန်းကြယ်သောအရာများနှင့် ပြည့်နေသောနိုင်ငံတည်း။

◆



အခန်း(၄)

## နေရဉ္ဇရာ သိပါမည်

အိန္ဒိယသို့ရောက်ရှိပြီး မိမိသည် ကာလကတ္တားမှတစ်ဆင့် ဗုဒ္ဓဂယာသို့ လာ၏။ ဗုဒ္ဓဂယာသို့ မိမိရောက်ရှိနေသည်မှာ ၂-ရက်ရှိပြီဖြစ်သည်။ ထို့ကြောင့် မဟာဗောဓိ စေတီတော်ဝင်းအတွင်းသို့ ငါးကြိမ်မျှမက ရောက်ရှိပြီးဖြစ်၏။ ယနေ့တော့ နေရဉ္ဇရာမြစ်တစ်ဖက်ကမ်းတွင်ရှိသော သုဇာတာတို့ရွာသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ယခုအကြိမ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေချိန်တွင် မိမိသည် ဆရာတော်ကြီး ဒေါက်တာအာသဘ၏ အဆုံးအမတွင် တည်၍ လယ်တီဆရာတော်ကြီး၏ ကမ္မဋ္ဌာနဒီပနီစာအုပ်ကိုလည်း ခရီးတစ်လျှောက်လုံး ဖတ်ရှု၍ ရောက်ရှိလာခြင်းဖြစ်၏။ ထို့ကြောင့် မိမိ ယခုအခေါက် ဗုဒ္ဓဂယာသို့ ရောက်ရှိခြင်းသည် ဘုရားဖူးသက်သက်သာမကဘဲ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို ဆင်ခြင်ပွားများရင်း ရောက်ရှိနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာဒေသသည် သံဝေဇနိယ လေးဌာနအနက် မြတ်စွာဘုရားသည် အတုမဲ့သော မဖောက်မပြန် မှန်ကန်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူရာ နေရာဖြစ်၏။ ထို့ကြောင့် ဤနေရာသည် မြင့်မြတ်သည်။ ဂေါတမမြတ်စွာဘုရား အပါအဝင် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးခဲ့သော ဘုရားလေးဆူတို့သည် ဤပလ္လင်တော်နေရာတွင်ပင် ဘုရားအဖြစ်သို့ရောက်ရှိသည်။ နောင်လာမည့် အရိမေတ္တေယျဘုရားရှင်သည်လည်း ဤပလ္လင်တော်နေရာ၌သာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူမည့်နေရာဟု ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နှစ်ထောင်အားရ ယုံကြည်၏။

ဗုဒ္ဓဂယာတွင်

၁။ မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်

၂။ အနိမိသ စေတီတော်

၃။ ရတနာစင်္ကြံတော် (စင်္ကမန)

၄။ ရတနာဃရ (ရွှေအိမ်)

၅။ အဇပါလနိဂြောဓ (ဆိတ်ကျောင်းညောင်ပင်)

၆။ မုစ္စလိန္ဒာအိုင် (ကျည်းပင်အိုင်)နှင့်

၇။ ရာဇာယတန (လင်လွန်းပင်)

စသော သတ္တဌာနနေရာများ ရှိသည်။ ဗုဒ္ဓဘာသာတို့အတွက် အထွတ်အမြတ်နေရာများ ဖြစ်သည်။

ဗုဒ္ဓဂ^ယာ၌ ယင်းဌာန ၇-ရပ်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာတို့အတွက် အမှတ်တရနေရာများလည်း အများအပြားရှိသေးသည်။ ယင်းတို့မှာ မင်းတုန်းမင်းကြီး၏ ဇရပ်နှင့် ကျောက်စာ၊ နေရဉ္စရာမြစ်၊





သုဇာတာတို့ရွာ၊ မြတ်စွာဘုရား ရွှေခွက်မျှောရာနေရာ ဥရုဝေလရသေ့ကြီး၏ ကျောင်းသခ်မ်း၊ ဒုက္ကရစရိယာကျင့်ရာ လိုဏ်ဂူနှင့် မြန်မာဘုန်းတော်ကြီးကျောင်း အစရှိသောနေရာများဖြစ်သည်။ ဤအရပ်သည် မြတ်စွာဘုရား တရားထူး တရားမြတ်ကို တွေ့ရှိသောအရပ်။ ဘုရားအဖြစ်သို့ ရောက်ရှိသောအရပ်။ မာရ်ငါးပါးကို အောင်မြင်သောအရပ် ဖြစ်ပေရာ ဤအရပ် ဤမြေ ဤဌာနတွင် ဖြစ်ပျက်ခဲ့သော ထိုအရာဟူသမျှကို ဤအရပ်၌ ငြိမ့်ညောင်းစွာ စီးဆင်းနေသော မြစ်မင်းနေရဉ္စရာ သိရှိမည် ဖြစ်၏။

တကယ်တော့ ဗုဒ္ဓဘာသာမြန်မာတို့အဖို့ သံဝေဇနိယလေးဌာနသို့ ရောက်ရှိပါက ဘယ်နေရာသို့ပင်ရောက်ရောက် စိတ်တွင် လှုပ်ရှားခံစားရသည်ချည်း ဖြစ်၏။ ယခင်က စာထဲ စာအုပ်ထဲတွင်သာ ဖတ်ရှုရသော နေရာများသို့ ကိုယ်တိုင်ရောက်ရှိလာသောအခါ ဗုဒ္ဓကိုယ်တော်မြတ်ကို လွမ်းဆွတ်တသ သတိရကြည်ညိုခြင်း ဖြစ်ရသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် တရားထူးတရားမြတ်ဟောရာနေရာ၊ ဗုဒ္ဓကိုယ်တော်တိုင် ဘုရားအဖြစ်သို့ ရောက်ရာအရပ်ကို ရောက်ရှိလာရခြင်းဟူသော အသိဖြင့်လည်း ဝမ်းသာပီတိ ဖြစ်ကြရ၏။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဤနေရာတွင် ဗုဒ္ဓခြေတော်ရာ ချခဲ့သည်ဟုဆိုလျှင် ထိုနေရာကို ရွှေပိန်းချ၍ ရှိသေစွာ ကိုးကွယ်သင့်၏။

ယခုတော့ ဗုဒ္ဓဘုရားရှင်သည် တရားစစ်တရားမှန်ကို ဇကန်စင်စစ် တွေ့ရှိရာ အရပ်ဖြစ်ပါလျက် ဤမျှ လျစ်လျူရှု ခံရလေသလားဟု ဝမ်းနည်းရသည်များလည်း ဖြစ်ရ၏။ ဘုရားပွင့်တော်မူရာအရပ်သည် မြန်မာနိုင်ငံတွင် ရှိပါက မြန်မာပြည်သူတို့သည် ဦးထိပ်



www.burmeseclassic.com

www.burmeseclassic.com



တွင်တင်၍ မည်မျှကြည်ညိုသဒ္ဓါပွားကြမည်ကို တမ်းတ လွမ်းမောရသည်ကလည်း တစ်ဝဖြစ်၏။ တစ်ဖန် မြတ်စွာဘုရား တရားစစ်တရားမှန်ကို တွေ့ရှိ ဟောကြားစဉ်က ဤအရပ် ဤနေရာသို့ ရောက်ရှိခွင့် မရခဲ့ဘဲ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူပြီး၍ နှစ်ပေါင်း ၂၅၀၀–ကျော်ခါမှ ဤအရပ်သို့ ရောက်လာရလေခြင်းဟု လွမ်းစိတ်ဖြင့် တွေဝေသည်လည်း တစ်ဝဖြစ်၏။

အိန္ဒိယသို့ ပထမအကြိမ် လာရောက်စဉ်ကပင် မိမိသည် ဗုဒ္ဓဂယာနှင့်တကွ မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသအကြောင်း စာအုပ်တစ်အုပ် ရေးသားမည်ဟူသော စိတ်ရည်သန်မှုဆန္ဒ ပြင်းပြင်းပြပြ ရှိခဲ့သည်။ သို့သော် မိမိသည် အိန္ဒိယသွား ခရီးသွားစာအုပ် တစ်အုပ်မျှ မရေးဖြစ်ခဲ့ပါ။ ဤသို့မရေးဖြစ်ခဲ့ခြင်းမှာ ပထမအခေါက် အိန္ဒိယသို့ ရောက်စဉ်က ရိုက်ကူးခဲ့သော ဖလင်အလိပ် ၅၀–ကျော် ဗန်ကောက်တွင် ပျောက်ဆုံးရခြင်းနှင့် ဗာရာဏသီဆရာတော် အရှင်ဂမ္ဘီရဗုဒ္ဓိနှင့် ဆရာအံ့ (မဟာဝိဇ္ဇာ–ဘုံဘေ)တို့၏ ဗုဒ္ဓဂယာစာအုပ်များကို ဖတ်ရှုရသောအခါ ပြည့်စုံကောင်းမွန်မှုရှိပြီး ထိုစာအုပ်များထက် ပို၍ပြည့်စုံအောင် ရေးနိုင်မည်မဟုတ်သောကြောင့် ဗုဒ္ဓဂယာခရီးသွားစာအုပ်ကို မရေးဖြစ်တော့ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့ အထွတ်အမြတ်ပြုရာ ဗုဒ္ဓဂယာဒေသသည် အိန္ဒိယနိုင်ငံ ဗိဟာပြည်၊ ဂယာခရိုင်၊ ဂယာမြို့မှ ၁၀–ကီလိုမီတာဝေးသောအရပ်တွင် တည်ရှိသည်။ ဗုဒ္ဓဂယာသည် လီလာဂျပန် (ခေါ်) နေရဉ္ဇရာမြစ်၏ အနောက်ဘက်ကမ်းပေါ်မှ ရွာငယ်တစ်ရွာသာ ဖြစ်သည်။ ကာလကတ္တားမြို့မှ ကားလမ်းခရီးဖြင့် မိုင် ၄၈၀–မျှဝေး၍





မီးရထားဖြင့် ၄၅၉ မိုင်ဝေးသည်။ ကာလကတ္တားမှ ကားဖြင့်လာပါက တစ်နေကုန်သည်။ မနက် ၃–နာရီလောက်က စထွက်လျှင် ည ၁၀–နာရီလောက်မှ ဗုဒ္ဓဂယာသို့ ရောက်၏။

ရှေးအခါက ဤအရပ်ကို မဂဓတိုင်းဟု ခေါ်၏။ ဘုန်းတော်ကြီးကျောင်းများပေါသောကြောင့် ဝိဟာရပြည်နယ် (ဗိဟာပြည်နယ်)ဟု ခေါ်ခြင်းဖြစ်သည်။ ဗုဒ္ဓဂယာသည် ရှေးအခါက ဥရုဝေလတောင်တန်းတွင် တည်ရှိသည်။

ဗုဒ္ဓဂယာ၏ အထင်ရှားဆုံးသော မြေပြင်အမှတ်အသားမှာ သစ်ပင်တောအုပ်များအတွင်းမှ ထိုးထွင်းပေါ်ထွက်နေသော မဟာဗောဓိစေတီတော်ကြီးဖြစ်၏။ ထိုစေတီတော်ကြီးကို မြတ်စွာဘုရား တရားဦးရရှိရာ အထွတ်အမြတ်နေရာ၏ အထိမ်းအမှတ်အဖြစ် သီရိမဗ္ဗာသောကမင်းကြီး တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီး၏ ဖိနပ်တော်သည် ၄၈–ပေရှိ၍ ဉာဏ်တော်အမြင့် ၁၇၀–ပေ ရှိ၏။ မိုးအခါတွင် နေရဉ္ဇရာမြစ်မှ ရေလွှမ်းမိုးမည်စိုးသောကြောင့် မြေဖို့၍ တံတိုင်း ကာရံထားသည်။

စေတီတော်ကြီး၏ အတွင်းပိုင်းတွင် ရွှေရောင်ဝင်း၍ ယောကျ်ားမြတ်တို့၏ လက္ခဏာတော် ကြီးငယ် အသွယ်သွယ်တို့ဖြင့် ရှင်းလင်းသပ္ပာယ်စွာ ထုလုပ်ထားသော ဆင်းတုတော်တစ်ဆူရှိသည်။ ထိုဆင်းတုတော်ကြီးကို ဖူးတွေ့သူ ဗုဒ္ဓဘာသာဝင်တိုင်း ကြည်လင်အေးမြချမ်းသာရာကို ရကြ၏။

ထိုဆင်းတုတော်၏ ရှေ့ ၁၀–ပေခန့်အကွာတွင် ဟိန္ဒူနတ်ဘုရားသျှီဝ၏ ယောကျ်ားလိင်အင်္ဂါနှင့် သူ၏ ပါရဝတီမိဖုရားကြီး၏ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လိင်အင်္ဂါတို့ တည်ရှိနေ၏။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးသော အခါ ဗုဒ္ဓဘာသာဝင်နိုင်ငံတို့၏ တောင်းဆိုချက်အရ ထိုနေရာမှ သျှိဝလိင်ကြီးကို ရိုက်ချိုး ဖယ်ရှားခဲ့သော်လည်း ပါရဝတီနတ်မိဖုရားကြီး လိင်အင်္ဂါနေရာမှာ ကျန်ရှိနေဆဲဖြစ်ရာ ထိုနေရာကို ဟိန္ဒူဘုန်းတော်ကြီးများအပါအဝင် ဟိန္ဒူဘာသာဝင်များလည်း သဲသဲမဲမဲ လာရောက်ဖူးမြော်နေကြဆဲဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့အတွက်ကား မနှစ်မြို့ဖွယ်ရာဖြစ်၏။

ဟိန္ဒူ ဂုရုကြီးများက ဗုဒ္ဓသည် ဗိဿနိုး၏ အဝတာရ(ကိုယ်ပွား) ဖြစ်သည်။ ထို့ကြောင့် မဟာဗောဓိစေတီတော်ကို ဗုဒ္ဓဘာသာဝင်တို့နှင့် ဟိန္ဒူတို့ အတူပိုင်ဆိုင်သည်ဟုဆိုကာ မဟာဗောဓိစေတီတော် အုပ်ချုပ်ရေးတွင် ဟိန္ဒူဘုန်းကြီး မဟန့်ကိုပါ ထည့်ထားရသည်။ ထို့ကြောင့်လည်း အထက်ပါကိစ္စကို အပြီးအပြတ် မဖယ်ရှားနိုင်ခြင်းဖြစ်သည်။

## မဟာဗောဓိ

မဟာဗောဓိစေတီတော်ကြီး၏ နောက်တွင် မဟာဗောဓိပင်နှင့် အပရာဇိတ ပလ္လင်တော် တည်ရှိ၏။ မဟာဗောဓိပင်သည် ဗုဒ္ဓဘာသာဝင်တို့ ရှိခိုးပူဇော်ကြသည့် စေတီ ၄-မျိုးအနက် ပရိဘောဂစေတီတော် ဖြစ်သည်။ မူလ မဟာဗောဓိပင်သည် သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်ကပင် အဖျက်အဆီးခံရသည်။ သီရိဓမ္မာသောကမင်းကြီးသည် အချိန်ရှိသရွေ့ မဟာဗောဓိပင်သို့ ကြွရောက်ကြည်ညိုလေရာ ထိုအဖြစ်ကို မရှုဆိတ် ဝန်တိုမှုရှိသော မိဖုရားကြီးက အာသောကမင်းကြီး မရှိခိုက် မဟာဗောဓိပင်အား ခုတ်လှဲ ဖျက်ဆီးခဲ့သည်။ သို့သော် အာသောကမင်းကြီးက နွားနို့ရည်လောင်း၍ အဓိဋ္ဌာန်ပြုရာ အမြစ်မှ အညွန့်အတက် ထွက်လာပြီး မဟာဗောဓိပင်ကြီး ဆက်လက်ရှင်သန်ခဲ့၏။ တစ်ဖန် ၆-ရာစုခန့်တွင် ဟိန္ဒူဘုရင် သံသကသည် မဟာဗောဓိပင်အား ခုတ်လှဲပစ်ရာ အမြစ်မှ အညွန့်အတက်ထွက်၍ ပြန်ပေါက်၏။ ခရစ်ခုနှစ် ၁၈၇၀-တွင် မဟာဗောဓိပင် အမြစ်မှာ ပြိုလဲခဲ့ရ၏။ ထိုအခါ ကျောက်စာဝန် ကန်နင်ဟန်က မူလအပင်မှ ပျိုးယူထားသော မျိုးစေ့မှပေါက်သောအပင်ကို ပြန်လည်အစားထိုး စိုက်ပျိုးခဲ့သည်။

## အပရာဇိတ ပလ္လင်

မဟာဗောဓိပင်နှင့် မဟာဗောဓိစေတီတော်တို့၏ အကြားတွင် အပရာဇိတ ပလ္လင်တော်မြတ်နေရာရှိ၏။ ထိုပလ္လင်တော်မြတ်ကို မဟာယာနတို့က ဝဇီရာသနပလ္လင်ဟု ခေါ်၏။ အဓိပ္ပာယ်မှာ ဝဇီရ=စိန်၊ အာသန=နေရာ၊ စိန်စီသောပလ္လင်ဖြစ်၏။ မဟာသက္ကရာဇ် ၁၀၃-ခု၊ ဘီစီ ၅၈၈-ခု၊ ကဆုန်လပြည့်နေ့ ညနေတွင် အပရာဇိတပလ္လင်တော်မြတ်ထက်မှ မြတ်စွာဘုရားသည် မာရ်နတ်ရန်ကို အောင်မြင်တော်မူပြီး ထိုညတွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူ၏။ ပထမဆုံး ရက်သတ္တပတ်အဖြစ် စံတော်မူရာ နေရာဖြစ်သည်။

ဤနေရာသို့ရောက်ရှိပါက မြတ်စွာဘုရား တရားဦး၊ တရားမြတ်ရရှိရာ ညချမ်းကို လှမ်းမျှော်၍ လွမ်းဆွတ်စရာဖြစ်၏။ ထိုနေ့က မြတ်စွာဘုရားသည် သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး နေရဉ္ဇရာမြစ်ကိုဖြတ်ကာ ကြွမြန်း၍လာတော်မူသည်။ မြတ်စွာ





ပန်းမျိုးတစ်ရာ စာပေ

www.burmeseclassic.com



ဘုရားသည် ပြည့်ဝသောအာဟာရတို့ပါရှိသည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးဖြစ်သောကြောင့် ခန္ဓာကိုယ်ရော စိတ်ပါ အာဟာရနှင့်ပြည့်ဝ၍ ဘုရားရှင်၏ခန္ဓာသည် ဣရိယာပထမျှတမှု ရှိနေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် ရှစ်ဆုပ်သောမြက်ကို ခင်း၍ ထိုင်တော်မူစဉ် မာရ်နတ်စစ်သည်များသည် အရပ်လေးမျက်နှာမှ လာရောက်ခဲ့ကြသည်။ သာမန် အားဖြင့်ဆိုပါက မည်မျှကြောက်မက်ဖွယ်ရာဖြစ်လေမည်နည်း။ ကြောက်မက်ဖွယ် ရုပ်အသွင်သဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်တီးလျက် စစ်လက်နက်အပြည့်အစုံဖြင့် ထိတ်လန့်ဖွယ် သတ္တဝါအမျိုးမျိုးကို စီးနင်းကာ အပရာဇိတ ထိုပလ္လင်သည် ငါ့အပိုင်သာဖြစ်သည်ဟု ကြွေးကြော်၍ ထိုပလ္လင်ထက်မှ အနုဆင်းသွားရန် စစ်ခင်းနေသော မာရ်နတ်မင်း၏အမူအရာ၊ မာရ်နတ်မင်း၏ စစ်လက်နက်ပစ္စည်းများကို စိတ်အထင် အတွေး၌ တရေးရေးပေါ်လာသောအခါ အားငယ်သလိုပင် ဖြစ်လာရသည်။

ခပ်လှမ်းလှမ်းသို့ လှမ်းမျှော်၍ ငေးလိုက်ပါလျှင် နေရဉ္ဇရာမြစ်ဘက်မှလည်း မာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ စုရုံးချီတက်တိုက်ခိုက်ခဲ့ကြမည်သာဖြစ်ရာ ဤဖြစ်ရပ်အလုံးစုံ အကုန်အစင်ကို မြစ်မင်း နေရဉ္ဇရာ အသိပင်ဖြစ်ပေမည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူသည်။ ထိုညဉ့်၏ ပထမပိုင်း ညဉ့်ဦးယံတွင် ဤပလ္လင်တော်ထက်မှ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ ပုဗ္ဗေနိဝါသဉာဏ်ဟူသည် ရှေးကဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို သိတော်မူသောဉာဏ်ဖြစ်၏။





ထို့နောက် ညဉ့်၏ ဒုတိယပိုင်း မဇ္ဈိမယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ ဒိဗ္ဗစက္ခုဉာဏ်ဟူသည် စုတေ သေလွန်ခါနီး သတ္တဝါ၊ ပဋိသန္ဓေတည်နေသော သတ္တဝါတို့၏ကံအားလျော်စွာ ရောက်ကြရ၊ ဖြစ်ကြရသည်တို့ကို သိမြင်နိုင်စွမ်းရှိသော ဉာဏ်ဖြစ်၏။

ညဉ့်၏ တတိယပိုင်း ညဉ့်၏ပစ္ဆိမယာမ်၌ မြတ်စွာဘုရားသည် အာသဝက္ခယဉာဏ်ကို ရတော်မူ၏။ အာသဝက္ခယဉာဏ်ဟူသည် ယိုစီးတတ်သော အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သောဉာဏ်ဖြစ်၏။ ဤပစ္ဆိမယာမ်တွင် အလောင်းတော်သူမြတ်သည် အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရားတို့ကို ဆင်ခြင်တော်မူနိုင်၏။

အကြောင်းတရားရှိခဲ့လျှင် အကျိုးတရားဖြစ်၏။

အကြောင်းတရားမရှိလျှင် အကျိုးတရား မဖြစ်ပေါ်နိုင်။

အလောင်းတော်သည် အကြောင်းအကျိုး ၁၂–မျိုးတို့ အစုန်အဆန် အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်တော်မူသည့်အခါ–

အကြောင်းတရားတို့ မပြတ်ဖြစ်နေပါက အကျိုးတရားတို့သည် မရပ်မနား လည်ပတ်နေသည်။ အကြောင်းတရားတို့ ပြတ်သွားပါက အကျိုးတရားလည်ပတ်မှု ရပ်သည်ကို ဉာဏ်အာရုံတွင် အကုန်အစင် သိမြင်တော်မူလေ၏။

ဤသို့သိမြင်ခြင်းသည် သိဒ္ဓတ္ထမင်းသားဘဝက ကိုယ်တော်တိုင် ရှာဖွေဆင်ခြင်ခဲ့သော အိုရ နာရ သေရသော ဒုက္ခဘေးမှ ကင်းဝေးရာ၊ အကြောင်းအကျိုးတို့ ကုန်ခန်းရာ အငြိမ်းဓာတ် နိဗ္ဗာန်မြတ်ကို ရှာဖွေတွေ့ရှိတော်မူခြင်းဖြစ်၏။ ဤသည်ပင်လျှင် သဗ္ဗညုတ=ကြောင်းကျိုးကုန်စင် အလုံးစုံကို သိမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်းဖြစ်၏။ ထိုအခါ တစ်သောင်းသော ဤလောကဓာတ်ကြီးသည် ရေအဆုံး မြေအဆုံး ၁၂-ကြိမ်တိုင် တုန်လှုပ်ချောက်ချားလေ၏။

ထိုသို့သော အသိဉာဏ်ကို မြတ်စွာဘုရားသည် ကုန်စင်အောင် သိရှိပြီးသော နောက်တစ်နေ့တွင်ကား အရှေ့လောကဓာတ်ကြီးမှ နေအရုဏ်အလင်းဓာတ်သည် ပွင့်လင်းထွန်းတောက်လာသည့် ဆီးနှင်းရည်ပမာ၊ နံနက်စောစောအချိန်တွင် ပွင့်အာလာတတ်သော ပန်းကြာပဒုမ္မာအလား အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ဖြင့် တင့်တယ်စွာ ကိန်းဝပ်ပြီးလျှင် ဤလောကဓာတ်ကြီးကို ဘုရားတည်းဟူသော အသရေတော်ဖြင့် တန်ဆာဆင်တော်မူသည်ကိုလည်း နေရဋ္ဌရာ သိပါမည်။

အတိုင်းအတာ ဥပမာရှာမရသော ဗုဒ္ဓအသရေတော်ဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ဤသို့ ဥဒါန်းကျူးရင့်တော်မူပါ၏။

* ငါသည် ဤခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်နေသူကို ရှာဖွေ၍ မတွေ့သည့်အတွက် ဘဝများစွာ သံသရာတစ်လွှားတွင် ပြေးသွား ကျင်လည်နေခဲ့ရပေပြီ။ ဤသို့ ခန္ဓာအိမ်တည်ဆောက်သူကို ရှာဖွေရင်း ဆင်းရဲသောအဖြစ်မျိုးပေါင်း အဖန်ဖန် အထပ်ထပ် ငါဖြစ်ခဲ့ရသည်။

* ရုပ်အိမ် နာမ်အိမ် ခန္ဓာအိမ်တို့ အကြိမ်ကြိမ် တည်ဆောက်လာသော အို အိမ်ဆောက်သမား၊ သင့်ကို ငါ ယနေ့ မြင်တွေ့လေရပြီ။





နောက်ထပ်တစ်ကြိမ် ခန္ဓာအိမ်ကို သင် မဆောက်ရတော့ပြီ။ သင်၏ ကိလေသာတရား ထုပ်လျှောက် ဒိုင်းမြားဟူသမျှကို အစမျှမကျန်ရအောင် ငါ နှင်းခြေ၍ ချိုးဖျက်လိုက်ပြီ။ သင်၏အဝိဇ္ဇာမှောင်ထု အိမ်ခေါင်ထုပ်တို့ကို မှုန့်မှုန့်ခြေမွ ငါ ယနေ့ ဖြုတ်ချလိုက်ချေပြီ။

* ငါသည် ဒုက္ခကင်းပြတ် အငြိမ်းဓာတ်ကို ရလေပြီ။ ငါ၏စိတ်သည် တဏှာရေပေါက် ခန်းခြောက်ကုန်ပျက် မြတ်သောမဂ်ကို ရလေပြီဟု မြတ်စွာဘုရားကိုယ်တော်တိုင် ကြွေးကြော်တော်မူခဲ့သည်ကိုလည်း နေရဋ္ဌရာ သိပါမည်။

ထိုသို့ ဥဒါန်း ကျူးရင့်တော်မူပြီးနောက် မာရ်ငါးပါးကို အောင်မြင်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီး ဘုရားစင်စစ် ဧကန်ဖြစ်တော်မူရာ အပရာဇိတ ပလ္လင်တော်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ ဤသို့ဆင်ခြင်၏။

ငါသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဤပလ္လင်အတွက်နှင့်ပင် သံသရာတစ်လွှား ပြေးသွားခဲ့ပြီး သင်္ချေလေးထပ်၊ ကပ်ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ဤပလ္လင်အတွက်နှင့်ပင် တန်ဆာဆင်ယင်အပ်သော ဦးခေါင်းတို့ကို လည်ပင်းမှ ဖြတ်တောက်ပြီး ပေးလှူခဲ့ပြီ။ မျက်စဉ်းညိုတို့ဖြင့် ကောင်းစွာဆိုးခြယ်ထားသော မျက်လုံးတော်များကို ဖောက်ထုတ်ပေးအပ် လှူဒါန်းခဲ့ရပြီ။ နှလုံးသားတို့ကို ခွဲထုတ်၍ ပေးလှူခဲ့ရပြီ။ ဇာလီမင်းသား ကဲ့သို့သော သားတော်ပေါင်း၊ ကဏှာဇိန် ကဲ့သို့သော သမီးတော်ပေါင်း၊ မဒ္ဒီ မိဖုရားကဲ့သို့သော ဇနီးမယားပေါင်းများစွာကိုလည်း ပေးလှူခဲ့သည်။ ဤအပရာဇိတပလ္လင်သည် ငါ၏ အောင်မြေပလ္လင် ဖြစ်သည်။ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ပလ္လင် ဖြစ်သည်။ ဤပလ္လင်ပေါ်၌ ထိုင်နေသော ငါ့အတွက် အကြံ အစည် ဟူသမျှ ပြည့်ဝခဲ့ပြီ။ သို့အတွက် ငါသည် ဤပလ္လင်မှ အဆောတလျင် မထသေး။ ဤသို့ တွေးတောကြံဆလျက် မြတ်စွာ ဘုရားသည် အရဟတ္တဖိုလ် ချမ်းသာပတ်ကို အထပ်ထပ် အကြိမ်ကြိမ် ကုဋေတစ်သိန်းမက ဝင်စားထိုင်နေတော်မူလျက် လွတ်မြောက်မှု ချမ်းသာကို ခံစားတော်မူခဲ့သည်ကိုလည်း နေရဥ္စရာ သိပါမည်။

မိမိသည် ဗုဒ္ဓမြတ်စွာဘုရား တရားဦးကို ကိုယ်တော်တိုင် သိမြင် တော်မူရာ ဤမဟာဗောဓိစေတီတော်ဝင်းအတွင်းသို့ မနက်ကပင် ရောက်ရှိနေခဲ့ပြီး မြင့်မြတ်သော ဤနေရာ ဤအရပ်တွင် လှည့်လည်၍ တစ်မနက်လုံး နေခဲ့ပြီး ဘုရားရှိခိုး၍ နေခဲ့သည်။

ထိုနေ့က မိမိသည် မဟာဗောဓိပင်၏ အရှေ့မြောက်ထောင့်အရပ် တွင် တည်ရှိသော ဒုတိယ သတ္တာဟနေရာသို့လည်း ရောက်ရှိ၏။ ထိုနေရာမှ မဟာဗောဓိစေတီတော်ကြီးကိုလည်းကောင်း၊ မဟာဗောဓိ စေတီဝင်းကိုလည်းကောင်း ထင်ရှားစွာ မြင်သာထင်သာရှိပါ၏။ မြတ်စွာဘုရားသည် ဒုတိယသတ္တာဟနေရာမှ ရပ်တော်မူလျက် ငါသည် ဤပလ္လင်၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိရှိခဲ့သည်။ ပလ္လင်တော်နှင့် ဗောဓိပင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်တင်းခဲ့သော ပါရမီတို့၏ အကျိုးတရားရရာဖြစ်သည်ဟု ဆင်ခြင် လျက် မြတ်စွာဘုရားသည် ဒုတိယ သတ္တာဟနေရာမှ ပလ္လင်တော်နှင့် ဗောဓိပင်ကို ခုနစ်ရက်လုံးလုံး မမှိတ်သောမျက်လုံးတို့ဖြင့် ကြည့်တော် မူ၏။

မြတ်စွာဘုရား တတိယခုနစ်ရက် စင်္ကြံလျှောက် စံပယ်တော်မူ သောနေရာသည် မဟာဗောဓိစေတီတော်ကြီး၏ မြောက်ဘက်ဘေး





တွင်ဖြစ်၏။ ထိုနေရာတွင် ခြေရာတော်ကြာပွင့် ၁၉–ပွင့် ရှိသည်။ ထိုကြာပွင့်များကို ဘီစီတစ်ရာစုက ကောသိကီပုတ္တရအန်ဒရာ ဂနိမိတြ ဘုရင်ကြီး၏ မိဖုရားကြီး ကုရန်ဂီ ပြုလုပ်လှူဒါန်းသည်ဟု သိရ၏။

စတုတ္ထ သတ္တာဟနေရာသည် မြတ်စွာဘုရား အဘိဓမ္မာပိဋက ကို ခုနစ်ရက်ပတ်လုံး ဆင်ခြင်တော်မူရာနေရာဖြစ်သည်။ အဘိဓမ္မာ ပိဋကတွင် ကျမ်းပေါင်း ခုနစ်ကျမ်းရှိ၏။ ထိုကျမ်းခုနစ်ကျမ်းအနက် နည်းပေါင်းအဆုံး အပိုင်းအခြားမရှိသော ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်တော်မူသည့်အခါ ဗုဒ္ဓရှင်ကိုယ်တော်မှ ညို–ရွှေ–ဖြူ–နီ– မောင်း–ရီ–ပြိုးပြက် တစ်ခဲနက်သော ရောင်ခြည်တော်ခြောက်ပါး တို့ ကွန့်မြူးထွက်ပေါ်မူရာ နေရာဖြစ်သည်။

ပဉ္စမ သတ္တာဟနေရာသည် မဟာဗောဓိပင်၏ အရှေ့ဘက်တွင် တည်ရှိသည့် ဆိတ်ကျောင်းညောင်ပင်ရင်းတွင် ဖြစ်၏။ မြတ်စွာ ဘုရားသည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် မာရ်နတ်သည် အကြံမမြောက် မှိုင်မှိုင်တွေတွေ ထိုင်ကာနေလျက် ငါသည် ဤမျှသော အတိုင်းအတာအထိ သိဒ္ဓတ္ထမင်းသား၏နောက်သို့ လိုက်ကာ သူ၏အပြစ်အနာအဆာတို့ကို ကြည့်ရှုစူးစမ်း လေ့လာပါ သော်လည်း တစ်စုံတစ်ရာသော ချွတ်ချော်မှုကိုမျှ မတွေ့။ ယခုမူကား သိဒ္ဓတ္ထမင်းသားသည် ငါ၏ပိုင်နက်နယ်မြေမှ လွတ်ချေပြီ။ ငါသည် ဘာမျှမတတ်နိုင်တော့ပြီဟု တွေးကြံဆကာ နေ၏။ ထိုအခါ မာရ်နတ် ၏ သမီးသုံးယောက်ဖြစ်သော တဏှာ၊ အရတီနှင့် ရဂါတို့ ရောက်ရှိ လာသည်။

"ဖခင်၊ ဘာကြောင့် စိတ်လျှော့အားပျက်သောမျက်နှာ ဖြစ်နေရပါ သနည်း"ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



“သမီးတို့၊ ရဟန်းဂေါတမသည် ယခုအခါ ငါ၏အလို ငါ့နိုင်ငံနယ်ပယ်မှ လွတ်မြောက်သွားပြီ။ ငါ့အတွက် မျက်နှာမလှ၊ စိတ်မချမ်းမြေ့ဖွယ်ရာပါတကား”

“ဖခင် မစိုးရိမ်လင့်၊ ရဟန်းမိုက်ကို သမီးတို့အလိုသို့လိုက်အောင် ဆွဲဆောင်၍ ဖခင်ထံ ခေါ်ခဲ့ပါမည်”ဟု ဆို၏။

“သမီးတို့ မဖြစ်နိုင်ဘူး။ ရဟန်းဂေါတမကို တစ်စုံတစ်ခုသော အလိုသို့ရောက်အောင် ဆွဲဆောင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပြီ။ သူ့တွင် ယုံကြည်ချက် အပြည့်ရှိနေလေပြီ”

“ဖခင်၊ ယခုပင် ရဟန်းဂေါတမထံသွား၍ သမီးတော်တို့သည် သူ့အား ရာဂကျော့ကွင်းဖြင့် ချည်တုပ်၍ ဖခင်ထံ ခေါ်ခဲ့ပါမည်။ မစိုးရိမ်ပါနှင့်”ဟုဆိုကာ မာရ်နတ်၏သမီးသုံးယောက်သည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးနေသော သုံးလူ့ထွဋ်ထား မြတ်စွာဘုရားထံသို့ အရောက်လာခဲ့ကြ၏။ မြတ်စွာဘုရားနှင့် တွေ့ဆုံသောအခါ မာရ်နတ်၏သမီးတို့က “အို...ရဟန်း၊ သင့်အား အလုပ်အကျွေးပြုရန် အကျွန်ုပ်တို့ လာကုန်၏။ လုပ်ကျွေးသမှုပြုပါရစေ”ဟုဆို၏။

ထိုအခါ မြတ်စွာဘုရားသည် နတ်သမီးတို့၏စကားကို စိတ်မျှပင် မဝင်စားဘဲ မျက်စိနှင့်လည်း ကြည့်တော်မမူ။ အတုမရှိသော အေးငြိမ်းလွတ်မြောက်သောစိတ်ဖြင့် ကင်းဆိတ်မှုချမ်းသာကို ခံစား၍သာ စံနေတော်မူ၏။

ထိုအခါ မာရ်နတ်၏သမီးတို့သည် ဤသို့ ကြံကြကုန်၏။ ယောကျ်ားတို့သည် အနိမ့်အမြင့်အမျိုးမျိုးကို နှစ်သက်စွဲလမ်းတတ်ကြ၏။ ထိုမှတစ်ဝ အချို့ယောကျ်ားသည် ငယ်ရွယ်သောသူကို ချစ်တတ်၏။





အချို့သည် အပျိုအရွယ်ကို ချစ်တတ်၏။ အချို့သည် အပျိုကြီးအရွယ်၊ အကြီးအငယ် အရွယ်အလတ် အရွယ်အမျိုးမျိုးကို ဖန်ဆင်း၍ ဖြားယောင်းကြကုန်အံ့ဟု တိုင်ပင်ကာ ဆောင်ရွက်၏။ မာရ်နတ်သမီးသုံးယောက်သည် တစ်ယောက်လျှင် ကိုယ်ပွားတစ်ရာစီ ဖန်တီး၍ နုနယ်သောအမျိုးသမီးအရွယ်၊ သားမဖွားရသေးသောအရွယ်၊ တစ်ကြိမ်သားဖွားပြီးအရွယ်၊ နှစ်ကြိမ်သားဖွားပြီးအရွယ်၊ အလတ်စားအရွယ်၊ မိန်းမကြီးအရွယ် စသည်ဖြင့် ဖန်ဆင်းကာ ဘုရားရှင်ထံသို့ ခြောက်ကြိမ်မျှ ချဉ်းကပ်ဖြားယောင်းပါသော်လည်း အရှုံးနှီးဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် နတ်သမီးတို့အား “သင်တို့ ဖယ်ကြလော့၊ ဘာကိုမြင်၍ သင်တို့ကြိုးစားနေကြသနည်း။ သင်တို့၏အလုပ်မျိုးသည် ရာဂ မကင်းသေးသောသူ၊ ဒေါသနှင့်မောဟရှိသူတို့၏ရှေ့တွင်သာ လုပ်ဆောင်အပ်၏။ ငါဘုရားသည် ရာဂကိုပယ်ပြီး၊ ဒေါသကိုပယ်ပြီး၊ မောဟကိုပယ်ပြီး ငါ့ထံတွင် ရာဂ၊ ဒေါသ၊ မောဟတို့ မရှိတော့ပြီ”ဟု ဆိုသောအခါ မာရ်နတ်၏ သမီးတို့သည် ငါတို့ဖခင်ကြီးပြောသည့်စကား မှန်ပေသည်ဟုဆိုကာ ဘုရားရှင်၏ ရှေ့တော်မှောက်မှ ဖယ်ရှားခွာကြဉ် ကာ သွားကြကုန်သည်ကိုလည်း မြစ်မင်းနေရဉ္စရာ အသိပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)

## အေးချမ်းမှုကို ရှာဖွေနေသော လူငယ်တစ်ယောက်

ဆဌမ ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရား သီတင်းသုံးရာနေ့ရာကား မုစ္ဆလိန္ဒာအိုင်အနီးရှိ ကျည်းပင်ရင်းတွင်ဖြစ်၏။ ထိုစဉ် မိုးကြီးသည် ခုနစ်ရက်ပတ်လုံး ရွာ၏။ ထိုအခါ မုစ္ဆလိန္ဒာအိုင်အောက်မှ နဂါးမင်းသည် ဘုရားရှင်အား စိုခြင်း၊ ချမ်းခြင်းမှ ကင်းဝေးစိမ့်သောငှာ အခွေကြီး ခုနစ်ခွေပြုကာ ခုနစ်ရက်ပတ်လုံး ရံပတ်လျက် ကာမိုးပေး၏။

သတ္တမ ခုနစ်ရက်တွင်ကား မဟာဗောဓိပင်တောင်ဘက်ရှိ လင်းလွန်းပင်ရင်းတွင် စံနေတော်မူ၏။ ထိုစဉ် ဥက္ကလာပသား ကုန်သည်ညီနောင်တို့ဖြစ်ကြသော တပုဿနှင့် ဘလ္လိကတို့ ရောက်ရှိလာကာ ထိုကုန်သည်ညီနောင်ထံမှ ကြွက်ကျစ်မုန့်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံတော်မူ၏။

မိမိသည် ထိုကဲ့သို့ မဟာဗောဓိဝင်းအတွင်း၌ သတ္တဋ္ဌာနနေရာများသို့ လှည့်ပတ်ပူဇော်ခဲ့ပြီးသော် သုဇာတာတို့ရွာသို့သွားရန် နေရဉ္ဇရာမြစ်ဘက်သို့ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နွေနှင့်ဆောင်းတွင် နေရဉ္စရာမြစ်သည် သဲချောင်းကြီးဖြစ်နေ၏။ မြစ်ပြင်သည် ကျယ်ဝန်းသည်။ ဗုဒ္ဓဂယာဘက်ကမ်းမှ ကြည့်လျှင် သုဇာတာတို့ရွာကို ခပ်ပျပျ မြင်ရ၏။ နေရဉ္စရာမြစ်အတွင်း၌ စီးဆင်းနေသောရေသည် အေးမြ၏။ နေရဉ္စရာသည် ရေကြောင်းရေမြွားပေါင်းများစွာခွဲကာ စီးဆင်း၏။ သဲချောင်းတွင်းမှ ရေဖြစ်၍ ကြည်လင်သည်။ ရွှံ့နွံဟူ၍ မရှိ။ သုဇာတာတို့ရွာသို့သွားရသည်မှာ ရေစပ်စပ်သဲပြင်သဲခုံများပေါ်တွင် သွားရသောကြောင့် ပျော်စရာကောင်းသည်။ တစ်မျိုး ကြည်နူးစရာလည်း ဖြစ်သည်။

နေရဉ္စရာမြစ်သည် ရွှေထွက်ဟန်တူ၏။ သို့သော် အိန္ဒိယအမျိုးသားများ ဘယ်သူမှ ရွှေမကျင်ကြပါ။ မူလမြစ်၏အရောင်သည် အမည်းရောင်ဖြစ်သော်လည်း နံနက် နေထွက်စ မြစ်ပြင်ကို နေထိုးလျှင် ရွှေမှုန့်၊ ရွှေမှုန်၊ ရွှေစများ ရောင်ပြန်ဟပ်သည်ကို တွေ့ရ၍ ရွှေမြစ်ဖြစ်ကြောင်း သိသာ၏။ စာအရတော့ ပြာသောမြစ်ဟုခေါ်၏။ ထိုမြစ်သည် မိုဟာနီမြစ်နှင့် တစ်နေရာတွင် ပေါင်းဆုံကာ ဂင်္ဂါမြစ်အတွင်းသို့ စီးဝင်၏။ ဟိန္ဒူများသည် ဤမြစ်တွင်း၌ အသုဘ လာရောက်သင်္ဂြိုဟ်တတ်ကြ၏။

နေရဉ္စရာမြစ်၏ တစ်ဖက်ကမ်းတွင် သုဇာတာတို့ရွာ ရှိ၏။

သုဇာတာတို့ရွာသည် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည့် ဟိန္ဒူရွာကြီးဖြစ်သည်။ စိုက်ပျိုးချိန်တွင် ရွာနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုနေသည်။ အလွန်မှကြည့်၍ကောင်း၏။ တစ်ရွာလုံး ဟင်းသီးဟင်းရွက်စိုက်ပျိုးသော ယခုလိုရွာမျိုး တစ်ခါမှမတွေ့ဖူးပေ။ သုဇာတာတို့ရွာတွင် ကြည့်စရာ၊ သွားစရာအဖြစ် သုဇာတာအိမ်နေရာ၊ နို့ဆွမ်း





ကပ်သည့်နေရာ၊ မြက်ရှစ်ဆုပ်အလှူခံသည့်နေရာ မြတ်စွာဘုရားသည် နေရဉ္စရာမြစ်အတွင်း၌ ရေသုံးသပ်ပြီးနောက် သုဇာတာလှူဒါန်းသော နို့ဆွမ်းဘုဉ်းပေးတော်မူရာ နေရာတို့ ရှိ၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးသော် ရွှေခွက်ကို နေရဉ္စရာမြစ်အတွင်း အဓိဋ္ဌာန်၍ မျှောသည်။ ရွှေခွက်သည် ရေစီးကို ဆန်၍တက်ပြီး မြစ်ရေတွင် နစ်မြုပ်၏။ ထိုရွှေခွက်သည် ရှေ့ဘုရားသုံးဆူတို့မျှောခဲ့သော ရွှေခွက်သုံးခွက်တို့၏ အောက်တွင်ထပ်ရာ ရွှေခွက်ချင်းထိသံကြောင့် မြင်းမိုရ်တောင်ခြေတွင် အိပ်ပျော်နေသော ကာလနဂါးမင်း နိုး၏။ ထိုနဂါးမင်းသည် ဘုရားတစ်ဆူပွင့်မှ တစ်ကြိမ်နိုးသည်။ ရွှေခွက်ချင်းထိသံကြားရသောအခါ လူ့ပြည်ဝယ် မနေ့ကပင် ဘုရားတစ်ခါ ပွင့်ပြီးဖြစ်သည်။ ယခုတစ်ဖန် ဘုရားပွင့်ပြန်သည်။ ဘုရားများပွင့်တာများလွန်းသည်ဟု မှတ်ချက်ချသည် ဟူ၏။

မိမိသည် သုဇာတာတို့ရွာ၌ တဝကြီးလည်ပတ်သည်။ နေစောင်းမှ သုဇာတာတို့ရွာမှ ပြန်လာသည်။ နေရဉ္စရာမြစ်ကိုဖြတ်ကာ ပြန်လာပြီး ဒီဘက်ကမ်းရောက်တော့ မိမိသည် ထိုကမ်းပါးတွင်ထိုင်ကာ မြစ်မင်းကို ကြည့်ရင်း စိတ်ကူးတွေ အမျိုးမျိုးပွားနေသည်။ မြစ်ပြင်ကြီးက ကျယ်သည်။ တိတ်ဆိတ်အေးချမ်းသည်။ မည်သူမျှ အနှောင့်အယှက်မရှိ။ မြစ်ကမ်းတွင် ထိုင်၍ မြစ်ပြင်ကိုကြည့်ကာ စိတ်ကူး အတွေးအတောများ ဖြာနေရသည်က လွမ်းစရာ၊ ကြည်နူးစရာ ဖြစ်၏။ နေသည် တစ်စတစ်စ ဝင်စပြုပြီဖြစ်၏။ နေဝင်ဖျိုးဖျ နေရဉ္စရာ၏ အလှကား ရေးပြ၍ ကုန်ဖွယ်ရာမရှိ။ မိမိ ထိုင်နေသော နေရဉ္စရာမြစ်ကမ်းမှ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်သော တောင်တန်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ မြင်နေရ၏။ မိမိသည် မြစ်ပြင်နှင့် ဒုက္ခရစရိယာတောင်ကို ကြည့်၍ ဘဝဆိုသောအဓိပ္ပာယ်နှင့် ဘဝ၏ အခြင်းအရာများကို ဆန်းစစ်တွေးတောနေချိန်တွင် မိမိနှင့် မလှမ်းမကမ်းတွင် မျက်နှာဖြူ လူငယ်တစ်ယောက်ကလည်း နေရွှရာမြစ်ကို မိမိကဲ့သို့ပင် မိန်းမော ကြည့်ရှုနေသည်ကို တွေ့ရ၏။ ထိုလူငယ်ကို မြင်ရတော့ ဘဝတစ်ပါး သို့ ပြောင်းသွား ကွယ်လွန်ပြီဖြစ်သော မိမိ၏သားဖြစ်သူ မောင်နေဦး များ ကိုယ်ထင်ပြနေသလားဟု ရုတ်တရက် လန့်သွားရ၏။ သားကြီး မောင်နေဦးကလည်း အရပ်ကြီးက ခပ်ရှည်ရှည်၊ အသားဖြူဖြူ ပိန်ပိန်၊ ဆံပင်ညှပ်ထားသောပုံကအစ ထိုလူငယ်သည် မောင်နေဦးနှင့် တူနေ၏။ ထိုလူငယ်၏ အသက်က ၂၄–နှစ်၊ ၂၅–နှစ်အရွယ်လောက် ရှိမည်ဟု ထင်ရ၏။ သားကြီး မောင်နေဦး က ၂၃–နှစ်တွင် ဘဝ တစ်ပါးသို့ ကွယ်လွန်သွား၏။

မိမိသည် ထိုလူငယ်အား တွေ့ရှိသည့်ကာလတွင် ကြီးစွာသော သံယောဇဉ် ချက်ချင်းဖြစ်ကာ လူငယ်ထံသို့ လျှောက်သွား၏။ အနား သို့ ရောက်လေ စိတ်ထဲတွင် ထိုလူသည် မောင်နေဦးနှင့် ပိုတူလေ ဖြစ်၏။ သို့သော် ထိုလူငယ်က ဥရောပတိုက်သားမို့ သားကြီးထက် အရပ်အမောင်း ပိုကောင်း၏။ ပိန်ပုံပိန်နည်းကတော့ တူ၏။ ထိုလူငယ် အနီးသို့ မိမိရောက်ရှိသွားသည့်တိုင် လူငယ်သည် မိမိအနားသို့ အခြားလူတစ်ယောက် ရောက်ရှိနေသည်ကို မသိနိုင်လောက်အောင် အတွေးရေယဉ်ကြောသို့ မျောနေသည်။ သူသည် ညနေဆည်းဆာ၏ နေရွှရာမြစ်ပြင်အလှကို ကြည့်နေသည်မှန်သော်လည်း သူ့စိတ်များက ဘယ်ဆီဘယ်ဝယ်သို့ ရောက်နေသည်မသိ။ ရပ်နေသည်က အသက်မှ



ပင် ရှိမှရှိပါလေစဟု ထင်မှတ်ရ၏။ သူ့ဘေးတွင် ခေတ္တရပ်လျက် သူ့ကိုကြည့်တော့ ထိုလူငယ်က တကယ်ပင် သားကြီးနှင့်ထပ်တူ နေ ပြန်၍ မိမိစိတ်ထဲတွင် သားကြီးအမှတ်နှင့် ပြေးဖက်လိုစိတ်များပင် ရှိ၏။ အတော်လေးကြာမှ အသံပေးလိုက်တော့ ထိုလူငယ်က အသံ လာရာသို့ လှည့်သည်။ မိမိကို အိန္ဒိယအမျိုးသားတစ်ဦးမဟုတ်မှန်း သိသွား၏။ သူလှည့်ကြည့်လျှင် ကြည့်ချင်း ကျွန်တော်က "နေရွှရာ ရဲ့ ညနေခင်းဟာ သိပ်သာယာအေးချမ်းတာပဲ"ဟု နှုတ်ဆက်တော့ လူငယ်က "အမှန်ပါပဲ"ဟု ဆိုပါ၏။

မိမိက မိမိသည် မြန်မာနိုင်ငံမှဖြစ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓ ဘာသာထွန်းကားသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပြောပြသောအခါ လူငယ်သည် မြန်မာနိုင်ငံကို ချက်ချင်း စိတ်ဝင်စားမှုရှိသွား၏။

ထိုလူငယ်သည် အင်္ဂလန်နိုင်ငံမှဖြစ်သည်။ သူ၏အမည်က ခရစ် ဘိုးရက်ဖြစ်သည်ဟု ဆို၏။ မိမိက မြန်မာစာရေးဆရာတစ်ယောက် ဖြစ်ကြောင်းပြောတော့ သူနှင့် ပို၍ရင်းနှီးသွား၏။ မကြာခင် မိမိလည်း လန်ဒန်သို့သွားရန်ရှိကြောင်း ပြောသောအခါ သူက လန်ဒန် ရောက် ပါက ဆက်သွယ်ရန် သူ့လိပ်စာ ပေး၏။

ထိုလူငယ်သည် အင်္ဂလန်နိုင်ငံအလယ်ပိုင်းမှဖြစ်သည်။ ဖခင်က တရားဟောဆရာတစ်ဦးဖြစ်၍ မိခင်က GREEN PEACE အဖွဲ့တွင် ပါဝင်လုပ်ဆောင်နေသည်။ ငယ်စဉ်မှစ၍ အဖေနှင့်အမေ အိမ်ထောင် ကွဲကြ၍ လူငယ်သည် အမေ့ဘက်မှ အဘွားနှင့် နေရသည်။ ငယ်စဉ်မှ စ၍ မိဘနှစ်ပါး စုံညီစွာဖြင့် မနေရဘဲ အဘွား၏မေတ္တာရိပ်တွင်သာ ခိုလှုံနေထိုင်ရသူဖြစ်ကြောင်း သူက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ခရစ်အား ငွေကြေးပြည့်စုံစွာ ထောက်ပံ့၏။ တစ်ခါတစ်ရံ အမေက ငွေကြေးထောက်ပံ့ပေးသည်။ ဖခင်ထံမှကား ဘာမျှထောက်ပံ့မှုမရရှိဟုဆို၏။ သူ၏ပြောပြချက်အရ ခရစ်သည် အင်္ဂလန်အလယ်ပိုင်းနေ ချမ်းသာသောမျိုးရိုးမှ ဆင်းသက်လာသော လူငယ်တစ်ဦးဖြစ်သော်လည်း မိဘနှစ်ပါး ငယ်စဉ်အခါမှစ၍ ကွဲသွားသောကြောင့် မိဘ၏အေးရိပ်၊ မိဘ၏မေတ္တာကို မရရှာသော လူငယ်တစ်ယောက် ဖြစ်နေရှာ၏။ မိဘ၏မေတ္တာကို မရရှာခြင်းနှင့်အတူ ခရစ်သည် အေးချမ်းမှုတရားကို ဆာလောင်မွတ်သိပ်နေသူ လူငယ်တစ်ယောက်ဖြစ်သည်ကို တွေ့ရ၏။

ခရစ်က သူ သုံးတန်းရောက်စဉ်က ကျောင်း၌ ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားခဲ့ဖူးသည်။ ဗုဒ္ဓသည် ငြိမ်းချမ်းသော၊ အေးချမ်းသောတရားကို ရှာဖွေတွေ့ရှိခဲ့သည်ဟု စာထဲတွင် သင်ရသည်။ ထို့ကြောင့် သူသည် ဗုဒ္ဓဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ တရားဓမ္မဟောကြားတော်မူရာ ဤအရပ်များတွင် ဗုဒ္ဓ၏ ငြိမ်းအေးသော တရားအစစ်အမှန်ကို ရှာဖွေရန် အိန္ဒိယနိုင်ငံသို့ ရောက်လာခြင်းဖြစ်သည်။ သူသည် အိန္ဒိယတွင် သုံးလကြာမြင့်ခဲ့ပြီဖြစ်၍ နယူးဒေလီ၊ ကာလကတ္တား၊ သာဝတ္ထိ၊ မိဂဒါဝုန်၊ ဗာရာဏသီ အစရှိသော နေရာများသို့ ရောက်ရှိပြီးဖြစ်သည်ဟု ပြော၏။

ခရစ်ဘိုးရက်သည် အင်္ဂလိပ်တစ်ယောက် ဖြစ်သည့်အားလျော်စွာ မျက်လုံးပြာပြာ ဆံပင်ရွှေရောင်နှင့်ဖြစ်၏။ သို့သော် သူသည် ပိန်လွန်းအားကြီးသူတစ်ယောက်ဖြစ်နေ၏။ အဝတ်အစားတို့မှာလည်း အခြားလူငယ်များနည်းတူ ဖိုးရိုးဖားရား ဝတ်ဆင်ထားသည်။





မိမိက "ခရစ် မင်း ဒီမှာလာပြီး ရှာဖွေနေတဲ့ ဗုဒ္ဓရဲ့ အေးချမ်းမှုတရားဆိုတာကို တွေ့ပြီလား"ဟု မေးမိ၏။

ခရစ်ဘိုးရက်က "တွေ့ပြီးပြီ"ဟု ဆိုပါ၏။

"ဝမ်းသာစရာပါပဲ၊ မင်းတွေ့ခဲ့တဲ့ တရားကို ငါ့ကိုပြောပြပါ။ ဒီနေရာဟာ မြတ်စွာဘုရား ကေန့်စင်စစ် ဘုရားအဖြစ်ကို ရရှိတော်မူတဲ့နေရာ၊ မင်းရှာဖွေတဲ့ တရားစစ် တရားမှန်ကို မြတ်စွာဘုရားတွေ့ရှိတဲ့နေရာဟာ ဒီနေရာအမှန်ပဲ"ဟု မိမိက ဆိုပါ၏။

ထိုအခါ ခရစ်ဘိုးရက်က ရောင်စုံဖြာနေသော ကျယ်ပြောသည့်နေရဉ္စရာမြစ်ပြင်ကို ကြည့်ကာ–

"ကျွန်တော် အိန္ဒိယပြည် အနှံ့အပြားကို ရောက်ခဲ့တယ်။ တရားဓမ္မ အများအပြားနဲ့လည်း တွေ့ခဲ့တယ်။ ဘဝအေးချမ်းအောင်ပြုတဲ့ တရားကိုလည်း သိခဲ့တယ်။ ဘဝမှာ အာရုံတွေဟာ ရှုပ်ထွေးမှုကို ဖြစ်စေနေတယ်။ အာရုံတွေကို လူတွေက ခံစားချင်ကြတယ်။ ဒီတော့ အာရုံတွေနောက်ကို လူတွေက လိုက်ကြတယ်။ အာရုံကို ခံစားဖို့ ငွေရှာကြရတယ်။ ပစ္စည်းတွေ ထုတ်ကြရတယ်။ အာရုံတွေကလည်း ဆုံးကိုမဆုံးနိုင်ဘူး။ ဒီတော့ ဒီအာရုံဟူသမျှကို ဖြတ်ပစ်တာ အကောင်းဆုံးပဲ။ အာရုံနဲ့ကင်းအောင်နေတာ အကောင်းဆုံးပဲ။ အာရုံခံစားမှုရဲ့ ဆန့်ကျင်ဘက်အရာက အာရုံမခံစားဘဲ ဒုက္ခကိုခံစားတာပဲ။ ဒုက္ခကို ခံနိုင်ရင် အာရုံဆိုတာ ဘယ်ရှိတော့မလဲ။ ဒီတော့ မိမိခန္ဓာကို မိမိ ဆင်းရဲအောင်လုပ်၊ ဆင်းရဲနေရင် အာရုံခံစားမှုတွေလျော့မှာပဲ။ ဘာကိုမှလည်း မတောင့်တနဲ့။ ဒါကို လက်တွေ့လုပ်ရမယ်။ အိန္ဒိယမှာ တွေ့ခဲ့ဖူးတာကတော့ လူတစ်ယောက်ဟာ သူ့ခြေသလုံးကို တုတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနဲ့ ဟိုဘက်ဒီဘက်ပေါက်အောင် ထိုးပြီး ထားတယ်။ အဲသလို လုပ်လို့ ခံစားရတဲ့ဒုက္ခနဲ့ သူက အတူနေတယ်။ အချို့ဆိုရင် သူတို့ရဲ့ မျက်လုံးအစုံကို မှိတ်ပြီး ဘာကိုမှ မမြင်အောင် ပိတ်ဆီးထားပြီး အမြင်အာရုံရဲ့ လှုံ့ဆော်မှုကို မမြင်ရအောင်၊ မကြားရအောင်၊ အချို့ မိမိမျက်စိကိုမိမိ ဖောက်ပစ်ပြီး အာရုံမခံစားရအောင်နေတာ ကျင့်တာ ဟာ အာရုံတွေကိုဖြတ်တာပဲ။ အာရုံမရှိတာ အာရုံပြတ်တာဟာ ငြိမ်း ချမ်းမှုကိုရတာပဲ။ ကျွန်တော် အိန္ဒိယကို တစ်ပတ်လည်ပြီးရင် ကျွန် တော်တွေ့ခဲ့တဲ့ အဲဒီတရားစခန်းကို ဝင်မယ်”ဟု ခရစ်ဘိုးရက်က ဆိုပါ၏။

“ဘိုးရက်၊ မင်းပြောနေတဲ့တရားဟာ ဗုဒ္ဓဟောကြားခဲ့တဲ့ ဒုက္ခ အပေါင်းတို့ ချုပ်ငြိမ်းရာ၊ အေးချမ်းခြင်း ဝိမုတ္တိရသကို ရရှိရာတရား မဟုတ်ဘူး။ ဗုဒ္ဓကလည်း ဒီလိုမဟောခဲ့ဘူး။ အခု မင်းရှာဖွေခဲ့တာဟာ ဗုဒ္ဓရဲ့ တရားစစ် တရားမှန်မဟုတ်ဘူး။ ကျယ်ဝန်းလှတဲ့အိန္ဒိယနိုင်ငံ ထဲက အယူဝါဒတစ်ရပ်သာ ဖြစ်တယ်”ဟု မိမိကပြောတော့ “ဒါဆို ဗုဒ္ဓက ဘယ်လိုဟောခဲ့တာလဲ”ဟု မေးပါ၏။

“ဘယ်လိုဟောခဲ့တယ် ဆိုတာကို ငါ့ထက် ဗုဒ္ဓဂယာ မြန်မာ ဘုန်းတော်ကြီးကျောင်းက ဆရာတော်ကြီးက မင်းကို ပိုပြီး ရှင်းလင်း အောင် ဟောကြားနိုင်မယ်။ မင်း ညနေစာရော စားပြီးပြီလား။ မစားရသေးရင် ငါနဲ့လိုက်ခဲ့။ ညနေစာ ငါကျွေးမယ်။ ပြီးတော့ ဆရာတော်ကြီးထံမှာ မင်းသိလိုတဲ့တရားကို မေးနိုင်တယ်”ဟုဆိုတော့ ခရစ်ဘိုးရက်က သဘောတူပါ၏။





မိမိနှင့် ခရစ်ဘိုးရက်တို့ နေရဉ္စရာမြစ်ကမ်းမှ ထွက်လာချိန် တွင်တော့ နေလုံးလုံးဝင်သွားပြီဖြစ်ပါ၏။

လမ်းတွင် ခရစ်ဘိုးရက်က “ကျုပ်က ဆယ်ပါးသီလ စောင့် တယ်”ဟု ဆို၏။

“ဆယ်ပါးသီလဆိုတာက ဘာလဲ။ ငါနဲ့ ညနေစာ အတူမစား တော့ဘူး ဆိုလိုတာလား”ဟု မေးသောအခါ သူက–

“မဟုတ်ဘူး။ ငါစောင့်တဲ့သီလက ရရင်စားတယ်၊ မရရင် မစား ဘူး။ တကူးတက လိုက်ရှာပြီး စားမနေဘူး။ ဒါက သီလတစ်ပါးပဲ။ ငါက အာရုံ မခံစားဘူး။ အာရုံခံစားမှုကို ရှောင်တယ်။ သိပ် အိပ်ချင် နေတဲ့အခါမှာ မအိပ်ဘဲနေတယ်။ အဲဒါဟာ ကျင့်ကြံအားထုတ်တာ ပဲ”ဟု ဆို၏။

မိမိသည် ခရစ်ဘိုးရက်ကို ဗုဒ္ဓဂယာဆရာတော်ကြီး အရှင်ဉာဏိန္ဒ သီတင်းသုံးသော မြန်မာဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွား၏။ ကံဆိုးချင်တော့ မိမိတို့ ကျောင်းသို့ရောက်သောအခါ ကျောင်းတွင် ဆရာတော်ကြီး မရှိဘဲဖြစ်နေ၏။ အလွန်တိုတောင်းလှသောအချိန် အတွင်း ငြိမ်းချမ်းခြင်း၏ အမှန်တရားဖြစ်သော ဗုဒ္ဓ၏ တရား အစစ်အမှန်က ဘာဖြစ်သည်ဟု ခရစ်အား မိမိသည် ထင်လင်းအောင် မရှင်းတတ်၊ မပြောတတ်ပါ။ သို့သော် သူ့အယူအဆ သွက်သွက် လည် မှားနေသည်ကိုတော့ သိပါသည်။ မိမိက မိမိသားပမာ မှတ်ထင် ကာ ဗန်ကောက်မှ ပါလာသော ခေါက်ဆွဲထုပ်များကို ဓာတ်ဘူးထဲမှ ရေနွေးနှင့်ဖျော်၍ ကျွေးတော့ ခရစ်သည် အားရပါးရ စားသုံးပါသည်။ ထို့နောက်တော့ ဆရာတော်ကို မစောင့်တော့ဟုဆိုကာ ကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသည်။ ခရစ်သည် ဗုဒ္ဓဂယာ ဘယ်နေရာတွင် တည်းခိုနေသည် မသိ။ ဗုဒ္ဓဂယာမှာက တည်းခိုစရာနေရာ များသည်။ ဗုဒ္ဓဂယာရှိ ကိုရီးယား ဘုန်းတော်ကြီးကျောင်းတွင်လည်း နိုင်ငံခြားသားများ တည်းခိုနားနေခွင့် ရှိသည်။

ခရစ် ပြန်သွားပြီး အတော်ကြာမှ ဗုဒ္ဓဂယာဆရာတော်ကြီး ပြန်ကြွလာ၏။

ဆရာတော်ပြန်လာတော့ ခရစ်၏အကြောင်းကို ဆရာတော်အား လျှောက်ထား၏။ ဆရာတော်ကြီးက "ဥရောပနဲ့ ကမ္ဘာအရပ်ရပ်က ဗုဒ္ဓဘာသာကို လေ့လာလိုတဲ့သူတွေ၊ မှန်ကန်တဲ့ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုတဲ့ပုဂ္ဂိုလ်တွေက ဘုရားမွေးဖွားရာ၊ တရားဟောရာ၊ ဘုရားပွင့်ရာအရပ်ဟာ အိန္ဒိယနိုင်ငံပေပဲလို့ ဆိုပြီး ဗုဒ္ဓရဲ့တရားအစစ်ကို ရှာဖွေဖို့ ရောက်လာတတ်ကြတယ်။ အဲဒီလိုရောက်လာတဲ့သူတွေဟာ ဘုရားပွင့်ရာအရပ်၊ ဘုရားမွေးဖွားရာအရပ်၊ အဲဒီနေရာတွေကို လှည့်ပတ်ကြည့်ရှုကြပြီး အမှန်တရားကို ရှာဖွေကြတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံမှာကလည်း အယူအဆဝါဒတွေက အများကြီးဆိုတော့ အဲဒီလိုလာလေ့လာကြတဲ့လူ အများစုဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ လောကီကျင့်စဉ်တွေနဲ့ တွေ့ရှိပြီး တကယ့်အမှန်တရားကို မတွေ့ကြတော့ဘဲ အခြားကို ရောက်သွားကြတာတော့ ဝမ်းနည်းစရာပါပဲ။ စိတ်မကောင်းစရာပဲ။ အခုအချိန်မှာ အိန္ဒိယမှာ ထေရဝါဒ သာသနာပြုလုပ်ငန်းကို အခြေစိုက်လုပ်ဆောင်ဖို့ အချိန်တန်ပြီ။ ဘုန်းကြီးကတော့ အဲဒီလို ဥရောပတိုက်သားတွေနဲ့ တွေ့ရင် ဗုဒ္ဓရဲ့ တရားစစ် တရားမှန်ကို ဟောကြားတာပဲ။ ပိုသိချင်တယ်၊ ပိုအားထုတ်ချင်တယ်ဆိုရင် သိရှိ





လက်ာနိုင်ငံ၊ မြန်မာနိုင်ငံကို သွားကြည့်ဖို့ လမ်းညွှန်ပေး ဆက်သွယ်ပေးမှုတွေ လုပ်တာပဲ။ ခရစ်လို ဥရောပတိုက်သား အများအပြားရှိတတ်ပါတယ် မောင်ချစ်စံဝင်းရဲ့"ဟု ဆရာတော်က မြွက်ကြား၏။

အိန္ဒိယနိုင်ငံသည် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ အလွန်ပေါသောနိုင်ငံတစ်ခု ဖြစ်သည်။ မိမိကိုယ်မိမိ ညှဉ်းဆဲနေကြသော ဆာဓူးကြီးများ အများအပြားရှိသည်။ ဟိုက်ဒရာဘတ်ထမင်းဆိုင်တွင် တွေ့ရသော ပုဂ္ဂိုလ်ကြီးတစ်ဦးကတော့ သူ့တွင် လက်ချောင်းလေးများ ပြတ်၍နေ၏။ ထိုသို့ပြတ်နေခြင်းမှာ အနာကြီးရောဂါထူပြောသော အိန္ဒိယနိုင်ငံတွင် အနာကြီးရောဂါ စွဲကပ်၍ လက်ချောင်းများ ကြွေကျပြုတ်ကျကုန်ခြင်းမဟုတ်။ အာရုံငါးပါးကို မေ့လျော့စေရန်အတွက် သူ့ထံတွင် ခံစားမှုဒုက္ခတစ်ရပ်ရပ် အမြဲဖြစ်ပေါ်နေစေ၍ သူ့ လက်ဆစ်လေးများကို တစ်ဆစ်ပြီးတစ်ဆစ်ဖြတ်ကာ ဒုက္ခကို ရှုမြင်ခံစားနေသူဟု ဆို၏။ ထိုလိုပုဂ္ဂိုလ်မျိုးက အိန္ဒိယတွင် ဒုနှင့်ဒေးဖြစ်သည်။

မိမိက ဆရာတော်ကြီးအား "အရှင်ဘုရား၊ ဆရာတော်ကြီး ဒေါက်တာအာသဖက ကာမဂုဏ်အာရုံများကို လိုက်စားရင်း မေ့လျော့စွာနေခြင်းသည် အစွန်းတရားတစ်ပါးလို့ မိန့်မှာလိုက်ပါတယ်ဘုရား"ဟု လျှောက်မိပါ၏။

"မှန်တယ်ဒကာ၊ ကာမဂုဏ်အာရုံများကို လိုက်စားရင်း မေ့လျော့စွာနေခြင်းဟာ အစွန်းတရားတစ်ပါး အမှားတစ်ခုဖြစ်သလို တပ်မက်ခြင်းတဏှာကုန်စင်အောင် မိမိကိုယ်မိမိ ဆင်းရဲအောင်ပြုလုပ်ခြင်းဟာလည်း အစွန်းတရားတစ်ပါး၊ အမှားကြီးတစ်ခုပေပဲ ဒကာကြီးရဲ့။ ဒီအစွန်းတရား နှစ်ပါးကို မြတ်စွာဘုရားဟာ မဟာဗောဓိပင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အပရာဇိတ ပလ္လင်တော်ထက်မှာ ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် သိရှိတော်မူပြီး ဒီအကြောင်းတရားတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပဥ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်တော၌ တရားဦးဟောရာမှာ အတိအလင်း ဟောကြားတော်မူခဲ့တာ ဒကာလည်း အသိပဲ မဟုတ်လားကွယ်"ဟု ဆရာတော်ကြီးက မြွက်ကြားခဲ့ပါ၏။ ထို့နောက် ဆရာတော်ကြီးက ဆက်၍ "ဒကာကြီးရော မိဂဒါဝုန်ကို ဘယ်တော့သွားမှာလဲ" မေး၏။

"တပည့်တော် မနက်စောစော ထွက်မှာပါဘုရား"

◆



အခန်း(၆)

## မိဂဒါဝုန်သို့ သွားကြ၍

မိမိသည် နောက်တစ်နေ့နံနက်စောစော ဗုဒ္ဓဂယာမှ မိဂဒါဝုန်သို့ ထွက်ခဲ့၏။

ဗုဒ္ဓဂယာမှထွက်တော့ နံနက် ၅–နာရီခန့် ရှိပြီဖြစ်၏။ ရာသီဥတုက ချမ်းအေးသည်။ မဟာဗောဓိစေတီတော်ကြီးဝင်းအတွင်း၌ကား တိဘက်ချက်သား ကောင်းနေသေးသည်။ တိဘက်ချက်သားကောင်းသည်ဟု ဆိုစေကာမူ ဤမျှစောစောတွင်ပင် ဘုရားဝတ်ပြုရန် စေတီတော်ကြီးအတွင်းသို့ သွားနေသော တိဘက် အများအပြားကို တွေ့ရ၏။ တိဘက်လူမျိုးများသည် ဘုရားကို ရှိသေလေးစားရာတွင် ဘယ်လိုရှိသေကြမှန်း မသိရလောက်အောင် ရှိသေကြသူများ ဖြစ်သည်။ ဘုရားအား မမေ့မလျော့ ယုံကြည်သူများဟု ဆိုရမည် ဖြစ်ပါ၏။

မဟာဗောဓိစေတီတော်ကြီးအနီးသို့ ရောက်သောအခါ အားလုံးက မဟာဗောဓိစေတီတော်ကြီး၊ မဟာဗောဓိပင်နှင့်ရွှေပလ္လင် အပါအဝင် မြင့်မြတ်သောဌာနကြီးတစ်ခုလုံးကို အလေးအမြတ်ပြု လက်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချို့မိုး ရှိုခိုးကြပြီး မကြာမီပင် မိမိတို့ကားသည် ဗိဟာပြည်နယ်၏ အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်ရှိလာ၏။ မိမိတို့သည် ဤလောက် စောစောထွက်လာမှ ဗာရာဏသီသို့ ညနေစောင်းလောက်မှ ရောက်မည်ဖြစ်၏။

မိဂဒါဝုန်ကို ဆာရာနတ်ဟုခေါ်၏။ အဓိပ္ပာယ်မှာ သမင်တို့အားကိုး အားထားရာတော။ သာရင်္ဂနာထ=သာရနတ်=ဆာရာနတ် (သာရင်္ဂ=သမင်၊ နာထ=ကိုးကွယ်ရာ)ဟု အဓိပ္ပာယ်ရ၏။ ပါဠိစာပေတွင် ဣသိပတနဟု ဖော်ပြသည်။ သူတော်ကောင်းတို့ ပျော်မွေ့ရာတောင် ဖြစ်သည်။

ဆာရာနတ်သည် ဗာရာဏသီမြို့မှ ၆–မိုင်အကွာတွင်ရှိ၏။ ဗာရာဏသီမြို့သည် ဗုဒ္ဓဂယာမှ ၁၅၅–ကီလိုမီတာအကွာတွင် ရှိသည်။ သို့သော်လည်း ဗုဒ္ဓဂယာမှ ဗာရာဏသီသို့ အသွားလမ်းခရီးတွင် ကုန်ကားကြီးများကို ရှောင်ရသောကြောင့် တစ်နေ့ကုန်မောင်းရသည်။ ဗာရာဏသီမြို့သည် ဂင်္ဂါမြစ်ကမ်းတွင် တည်ရှိသောကြောင့် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာမြို့ဖြစ်၏။ မင်းမသိ ဗြဟ္မဒတ်တိုင်းမသိ ဗာရာဏဆိုသည်မှာ ဤဗာရာဏသီမြို့ပင်ဖြစ်၏။

မိဂဒါဝုန်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးကြီးသော၊ စိတ်ဝင်စားဖွယ်ကောင်းသော၊ စိတ်လှုပ်ရှားဖွယ်ကောင်းသော၊ လွမ်းဆွတ်တသ သတိရဖွယ်ကောင်းသောနေရာဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့ မိဂဒါဝုန်သို့ရောက်ရှိသော် ရင်တလှပ်လှပ်ခံစားရသောနေရာလည်းဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မှတ်သားစရာများသော ပေါသောနေရာလည်းဖြစ်သည်။





## ချောက်ခဏ္ဍီ စေတီ

မိဂဒါဝုန်သို့ ရောက်ရှိပါက ပထမဆုံး မှတ်သားစရာနေရာမှာ ချောက်ခဏ္ဍီစေတီတော်ဖြစ်၏။ ထိုစေတီသည် ဗာရာဏသီမှ မိဂဒါဝုန်သို့ အလာလမ်းတွင်ရှိ၏။ ပဥ္စဝဂ္ဂီငါးဦးသည် ကတိကဝတ်ဖျက်၍ မြတ်စွာဘုရားအား ခရီးဦးကြိုပြုရာနေရာလည်းဖြစ်သည်။ ထိုစေတီ၏ မူလ ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်၏။ စေတီပျက်အုတ်ပုံပေါ်တွင် ရှစ်မြှောင့် မျှော်စင်တစ်ခုရှိ၏။ ထိုမျှော်စင်ကို ၁၅၈၈–ခုတွင် အက္ကဘာဘုရင် တည်ခဲ့သည်ဟုဆိုသည်။ ဟိန္ဒူတို့က ထိုနေရာသည် သီတာမင်းသမီး ထမင်းချက်ရာနေရာဟု ဆိုကာ လာရောက်ဝတ်ပြုကြ၏။

## မိဂဒါဝုန် ပြတိုက်

မိဂဒါဝုန်ဘုရားဝင်း အဝင်အဝတွင် ပြတိုက်ရှိ၏။ ပိုက်ဆံအနည်းငယ်ပေး၍ ဝင်ရသည်။ ထိုပြတိုက်တွင် ကျိုးကျနေသော အာသောကကျောက်တိုင် ခေါင်းပိုင်းအပြတ်ကို လေ့လာနိုင်သည်။ ကျောက်တိုင်၏ခေါင်းပိုင်းတွင် အရပ်လေးမျက်နှာသို့ လှည့်နေသော ခြင်္သေ့လေးစီးရှိ၏။ ခြင်္သေ့လေးစီး၏အောက်တွင် ဓမ္မစကြာဘီး ရှိ၏။ ဓမ္မစကြာဘီးတွင် အကန့် အထောက်ပေါင်း ၂၄–ခု ရှိသည်။ ပဋ္ဌာန်း ၂၄–ပစ္စည်း အထိမ်းအမှတ် ဖြစ်၏။ ခြင်္သေ့လေးစီးမှာ ဟိန်းဟောက်ခြင်းဖြင့် ဓမ္မစကြာတရားကို စကြဝဠာတိုက်တစ်သောင်းမှ ကြားနိုင်အောင် ဟောကြားတော်မူခြင်းကို အထိမ်းအမှတ်ပြု တင်စားထားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အာဒေသာက ကျောက်စာတိုင်ခေါင်းပိုင်းများတွင် နွားလားဥသဘ၊ မြင်း၊ ခြင်္သေ့နှင့် ဆင်ရုပ်တို့ ပါလေ့ရှိ၏။ ဤသည်မှာ နွားလားဥသဘသည် မြတ်စွာဘုရား မွေးဖွားသည့် ပြိဿရာသီ အထိမ်းအမှတ်၊ မြင်းသည် ကဏ္ဍက မြင်းကိုစီး၍ တောထွက်ခြင်း၊ ဆင်သည် ဘုရားအလောင်း ပဋိသန္ဓေတည်ခြင်းနှင့် ခြင်္သေ့သည် မြတ်စွာဘုရား၏ အားမာန်ကို တင်စားထားခြင်းဟု ဆိုကြ၏။ ထိုယူဆချက်ထက်–

ဆင်သည် မြတ်စွာဘုရား၏ ခွန်အားကို တင်စားခြင်း၊

နွားသည် မြတ်စွာဘုရား၏ သည်းခံခြင်း၊

မြင်းသည် ဘုရားရှင်၏ လျင်မြန်ခြင်း၊

ခြင်္သေ့သည် ဘုရားရှင်၏ ရဲရင့်ခြင်းတို့ကို တင်စားထုလုပ်ခြင်း ဖြစ်သည်ဟု ယူဆသူများလည်း ရှိ၏။

မိဂဒါဝုန်တွင်–

၁။ ချောက်ခဏ္ဍီ စေတီ၊

၂။ မိဂဒါဝုန် ပြတိုက်၊

၃။ ကျောင်းတော်ရာ အမှတ် ၆၊

၄။ နန္ဒိယ ကျောင်းတော်ရာ၊

၅။ ကျောက် စေတီငယ်၊

၆။ အာသောက ကျောက်စာတိုင်၊

၇။ ဓမ္မရာဇိက စေတီတော်၊

၈။ ကုမာရဒေဝီ ကျောင်းတော်ရာ၊

၉။ ဓမ္မေခ စေတီနှင့်

၁၀။ မူလဂန္ဓကုဋီဝိဟာရ

တို့ကို တွေ့ရှိဖူးမြော်နိုင်၏။





ထို့ပြင် မိဂဒါဝုန်တွင် ဂျိန်းဘုရားရှိ၏၊ ကျောင်းဒေသ အနာဂါရိက ဓမ္မပါလရုပ်တုနှင့် ဂျပန်ပန်းချီကျော် မစ္စတာကိုဆိတိဆုနိုဆု၏ ဂျပန်ပန်းချီလက်ရာများကိုလည်း လေ့လာနိုင်၏။

မိဂဒါဝုန်နှင့်ပတ်သက်၍ ကျေးဇူးတရား ကြီးမားသူမှာ အရှင်အနာဂါရိက ဓမ္မပါလ ဖြစ်သည်။ ၁၈၉၁–ခုနှစ်၌ အရှင်အနာဂါရိက ဓမ္မပါလသည် မိဂဒါဝုန်သို့ ရောက်ရှိလာသည်။ ထိုအခါ ဤဒေသသည် သစ်ပင် သစ်တောများနှင့် ဖုံးအုပ်၍ ဝက်မွေးသူတို့ ဝက်ကျောင်းရာနေရာကြီး ဖြစ်နေ၏။ ထို့ကြောင့် အရှင်ဓမ္မပါလသည် ထိုမြေကို ဝယ်ယူရန် ဆုံးဖြတ်ကာ ထိုနေရာကို ဖွံ့ဖြိုးအောင်လုပ်ခဲ့၏။

မိဂဒါဝုန်သည် မြတ်စွာဘုရား ပထမ ဝါကပ်တော်မူရာ နေရာဖြစ်သည်။ ဤနေရာတွင် ပဉ္စဝဂ္ဂီငါးဦးကို တရားဦး ဟောရာနေရာဖြစ်သည်။

မြတ်စွာဘုရားသည် ဘိုးတော်အဉ္စနမင်းကြီးဖြို့ခွင်းသော သက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဇမ္ဗူဒီပါကျွန်းကြီး အချက်အချာ မဟာဗောဓိ၊ သီရိမြတော၊ ပလ္လင်ဗွေ၌၊ လေးထွေသော သစ္စာတရားကို ကောင်းစွာသိမြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူ၏။

ဘုရားရှင်အဖြစ်သို့ရောက်ပြီးသော် မိမိကိုယ်တော်တိုင် ထိုးထွင်းသိမြင်အပ်ပြီးသောတရားကို ဆင်ခြင်လေသောအခါ အလွန်နက်နဲကြောင်းကို သိရှိ၏။ ဤနက်နဲသောတရားတော်ကို ကိလေသာမြူညစ်ကြေးထူကုန်ကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဟောကြားပါက ပင်ပန်းရုံသာရှိချေမည်ဟု ကြံစည်တော်မူ၏။ ထိုသို့ကြံစည်တော်မူသည်ကို သဟမ္ပတိဗြဟ္မာကြီးက သိတော်မူ၏။ ထိုအခါ သဟမ္ပတိ



www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မာကြီးသည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိမြင်၍ လေးနက်သော ဓမ္မစက်ဒေသနာတို့ကို ဟောကြားတော်မမူပါက အများသတ္တဝါတို့ အရှုံးကြီးရှုံးကြလိမ့်မည်ဟု ဟစ်ကြွေးညည်းညူကာ မြတ်စွာဘုရားအား သတ္တဝါအပေါင်းတို့ အပါယ်တံခါး ပိတ်စေခြင်းငှာ၊ လောကတစ်ခွင်ကျွတ်ထိုက်သူတို့ ကျွတ်တမ်းဝင်စိမ့်သောငှာ တရားဟောတော်မူရန် တောင်းပန် လျှောက်ထား၏။ သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားသောအခါတွင်မှ မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာမင်းအား ငါဘုရား တရားဟောတော်မူမည်ဟု ပဋိညာဉ်ပေးတော်မူ၏။

ထိုသို့ ပဋိညာဉ်ပေးပြီးနောက် မည်သူအား ရှေးဦးစွာ တရားဟောရလေမည်နည်းဟု စဉ်းစားတော်မူ၏။ ထိုအခါ အာဠာရ ရသေ့နှင့် ဥဒက ရသေ့နှစ်ပါးအား တရားဦးဟောကြားရန် ဆင်ခြင်၏။ သို့သော် ရသေ့ကြီးနှစ်ပါးစလုံးမှာ စုတေကွယ်လွန်ကြပြီးဖြစ်၍ မြတ်စွာဘုရားက ရှုံးလေစွ ရှုံးလေစွဟု ညည်းတွားကာ ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က အလွန်ကျေးဇူးများပေဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် စိတ်အကြံရှိတော်မူပြန်၏။ ထိုအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့သည် မိဂဒါဝုန်တောကြီးအတွင်း၌ တရားထူး တရားမြတ်ကို ရှာဖွေနေဆဲဖြစ်၏။ မြတ်စွာဘုရားသည် မိမိစိတ်အကြံရှိသည်နှင့်အညီ တရားရရှိရာနေရာမှ (ယခု ဗုဒ္ဓဂယာ)မှ ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်(ယခု ဆာရာနတ်)တောကြီးသို့ ကြွလှမ်းတော်မူ၏။

ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း ရဟန်းဂေါတမသည် ဘုရားအဖြစ်သို့ မရောက်ရှိနိုင်တော့သဖြင့် ဒုက္ကရစရိယာအကျင့်မှထွက်၍ ဆွမ်းသက်နှံးဖ





ပေါများအောင် မြိုးရွာ နိဂုံးအရပ်သို့ လှည့်၍နေပြီဟု သတင်းစကားကြားရ၏။ ထို့ကြောင့် အရှင်ဂေါတမ မိဂဒါဝုန်သို့ ဆိုက်ရောက်လာပါက ဝတ်ကြီးဝတ်ငယ် မပြုကြတော့ရန် ကတိကဝတ်ပြုရှင်း နေကြ၏။ သို့သော် ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်စွာဘုရား ကြွရောက်လာကြသောအခါ ကတိကို အတည်မထားနိုင်တော့ဘဲ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြု၍ ကြိုဆိုကြ၏။

မြတ်စွာဘုရားသည်လည်း ပဉ္စဝဂ္ဂီငါးဦးတို့အား “ချစ်သားတို့၊ ငါသည် အလုံးစုံသောတရားကို သိမြင်သော ဘုရားအဖြစ်သို့ ရောက်ခဲ့ပြီး သင်တို့အား အမြိုက်နိဗ္ဗာန်တရားကို ဟောကြားရန် ငါ ကြွရောက်လာခဲ့သည်။ သင်တို့သည် တရားကို ရှိသေစွာ နာကြားကြကုန်လော့” ဟု ဆိုကာ ပထမဆုံး၊ အဦးဆုံး၊ အစောဆုံးတရားကို မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ဝါဆိုလပြည့် စနေနေ့ညနေ (အနောက်လောကဓာတ်သို့ နေအဝင် အရှေ့လောကဓာတ်မှ လအထွက်)ချိန်၌ တရားဦးကို ဟောတော်မူ၏။ ထိုတရားပွဲသို့ စကြဝဠာတိုက်တစ်သောင်းမှ ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေ၊ နတ်အပေါင်းအသင်္ချေ လာရောက်တရားနာကြ၍ ထိုတရားပွဲတွင် လူပရိသတ်ဟူ၍ ပဉ္စဝဂ္ဂီငါးဦးသာလျှင်ပါဝင်၏။

မြတ်စွာဘုရားက တရားဦးဟောရာတွင်–

ချစ်သားတို့၊ မှားယွင်းသော အစွန်းတရားနှစ်ပါးသည် ရှိ၏။ ထိုတရားနှစ်ပါးကို မမှီဝဲအပ်။ ထိုအစွန်းတရားနှစ်ပါးကို ရှောင်အပ်၏။ ထိုအစွန်းတရား နှစ်ပါးသည်ကား



www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ငါးပါးကို လိုက်စားကာ မြူးထူးပျော်ပါး၍ မေ့လျော့စွာနေခြင်းသည် အစွန်းတရားတစ်ပါး ဖြစ်၏။

[တဏှာကို တင်းတိမ်စွာ မခံစားသည့်အတွက် တဏှာစိတ်သည် အမြဲမပြတ် ငတ်၍သာနေ၏။ ထို့ကြောင့် တဏှာစိတ်ကို အတားအဆီးမရှိ ဝလင်စွာ၊ နှစ်ထောင်းအားရစွာ တင်းတိမ်အောင် ခံစားပါက တဏှာအပေါ် အားရတင်းတိမ်ခြင်းသည်ဖြစ်၍ တစ်ဖန် သာယာတပ်မက်ခြင်း မရှိတော့။ ထို့ကြောင့် ကာမဂုဏ်ကို အတိုင်းအဆမရှိ ဝလင်အောင် လိုက်စားရမည်ဟူသော လမ်းကြောင်းသည် အစွန်းတရား တစ်ပါးဖြစ်၏။]

မိမိကိုယ်မိမိ ဆင်းရဲအောင်ပြုလုပ်၍ ကာမဂုဏ်အာရုံကို ကုန်ခန်းအောင် ပြုလုပ်မည်ဟူသော အစွန်းတရားသည် တစ်ပါး ဖြစ်၏။

[တဏှာကုန်ခန်းမှဖြစ်ချေမည်။ တဏှာကုန်ခန်းအောင် မိမိကိုယ်မိမိ ပင်ပန်းဆင်းရဲအောင်ပြု၍ ရေငုပ်၊ ရေချိုး၊ ရေကူး မီးလှုံ၊ ဆူး ဓား လှံတို့အပေါ်အိပ်ကာ အာဟာရဖြတ်၍ ပြာပူတွင် လူးခြင်းဖြင့် ဖြစ်ပေါ်လာသော ဒုက္ခကြောင့် တဏှာကို မစဉ်းစား မတွေးတောနိုင်အောင် မိမိခန္ဓာကိုယ်ကို ညှဉ်းဆဲခြင်းဖြင့် တဏှာ ပေါ်ခွင့်မရဘဲ ကိလေသာတဏှာသည် ကုန်ခန်းခြင်းဘဝသို့ ရောက်သည်ဟူသော အစွန်းတရားသည် တစ်ပါး ဖြစ်၏။]

ထိုအစွန်းတရားနှစ်ပါးတို့သည် အယုတ်တရားများဖြစ်၏။ ထိုတရားများသည် ကာမဂုဏ်ကိုလည်း မဖြတ်နိုင်။ သံသရာမှလည်း မလွတ်နိုင်။ ထိုတရားများသည် သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်





ကြောင်းတရားမဟုတ်။ သံသရာတွင် နစ်မြုပ်ရာနစ်မြုပ်ကြောင်းတရားများ ဖြစ်၏။ သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း မှန်ကန်သောလမ်းကြောင်းသည် ရှိ၏။ ထိုမှန်ကန်သောလမ်းကြောင်းကား မဂ္ဂင်ရှစ်ပါး ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးဟူသည်-

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ မြင်မှုသည် တစ်ပါး၊
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်စွာ ကြံစည်မှုသည် တစ်ပါး၊
၃။ သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုခြင်းသည် တစ်ပါး၊
၄။ သမ္မာကမ္မန္တ = မှန်ကန်စွာ ပြုလုပ်ခြင်းသည် တစ်ပါး၊
၅။ သမ္မာအာဇီဝ = မှန်ကန်စွာ အသက်မွေးမှုသည် တစ်ပါး၊
၆။ သမ္မာဝါယာမ = မှန်ကန်စွာ အားထုတ်ခြင်းသည် တစ်ပါး၊
၇။ သမ္မာသတိ = မှန်ကန်စွာ အောက်မေ့ခြင်းသည် တစ်ပါး၊
၈။ သမ္မာသမာဓိ = မှန်ကန်စွာ တည်ကြည်မှု ရှိခြင်းသည် တစ်ပါး။

မဂ္ဂင်ရှစ်ပါး ထိုတရားမြတ်၏ အကျယ်မှာ-

* ကံနှင့် ကံ၏အကျိုးကို ယုံကြည်စွာသိမြင်၍ ရုပ်နာမ်ခန္ဓာတို့ကို အမှန်အတိုင်း ကောင်းစွာသိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။
* သတ္တဝါများအား မညှဉ်းဆဲလိုဘဲ ဆင်းရဲခြင်းကင်းစေလိုသောစိတ်ဖြင့် မေတ္တာဖြင့် ကြံစည်တွေးတောမှု၊ ကရုဏာဖြင့် ကြံစည် တွေးတောမှုတို့သည် ကောင်းသောကြံစည်ခြင်းဖြစ်၍ သမ္မာသင်္ကပ္ပ မည်၏။



www.burmeseclassic.com

www.burmeseclassic.com



* မမှန်သောစကားကိုရှောင်ခြင်း၊ ကုန်းချောစကားကို ရှောင်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသောစကားကိုရှောင်ခြင်း၊ သိမ်ဖျင်းသောစကားကို မပြောခြင်း၊ မှန်သောစကား၊ ချစ်ဖွယ်သောစကား၊ အကျိုးရှိသောစကားကိုသာ နူးညံ့သိမ်မွေ့စွာပြောခြင်းသည် သမ္မာဝါစာမည်၏။
* သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်းမှ ရှောင်ခြင်း၊ သူ့သားမယား သူ့အိမ်ရာကို ပြစ်မှားခြင်းမှ ရှောင်၍ အပြစ်ကင်းစွာပြုလုပ်ခြင်းသည် သမ္မာကမ္မန္တ မည်၏။
* တရားသဖြင့် ကောင်းစွာ စင်စင်ကြယ်ကြယ် အသက်မွေးမှုပြုခြင်းသည် သမ္မာအာဇီဝ မည်၏။
* မကောင်းမှုကို မပြုမိရန် အားထုတ်ခြင်း၊ ကောင်းမှုကို ပြုရန် အားထုတ်ခြင်း၊ မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင်၊ ဖြစ်ပြီးသောကုသိုလ်ကို တိုးပွားအောင် အားထုတ်ခြင်းသည် သမ္မာဝါယာမ မည်၏။
* သတိတရားကို ကောင်းစွာထားခြင်း၊ မမေ့မလျော့ မပေါ့မဆရှိခြင်းသည် သမ္မာသတိပင်ဖြစ်၏။ သမ္မာသတိဟူသည် သတိပဋ္ဌာန် တရားလေးပါးပင်ဖြစ်၏။
* သမထ ဘာဝနာအလုပ်၌ စိတ်ကို တည်ကြည်စေခြင်း၊ ဝိပဿနာ ဘာဝနာအလုပ်၌ စိတ်ကို တည်ကြည်စေခြင်း၊ ဈာန်မဂ်ဖိုလ်တို့၌ စိတ်ကိုတည်ကြည်စေခြင်းသည် သမ္မာသမာဓိ ဖြစ်၏။





ရှစ်ပါးသောမဂ္ဂင်တရားတို့သည် အစွန်းတရားနှစ်ပါးကို လွတ်ကင်းစေ၍ ဉာဏ်မျက်စိကို ပွင့်လင်းစေ၏။ ကိလေသာမီးကို အေးစေ၏။ သံသရာဝဋ်ဆင်းရဲမှ ချုပ်ငြိမ်းစေ၏။ ဤအစွန်းလွတ်သောလမ်းစဉ်ကို မဇ္ဈိမပဋိပဒါဟုလည်း ခေါ်ဆို၏။

မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ–မှန်ကန်စွာမြင်ခြင်းနှင့် မှန်ကန်စွာကြံစည်ခြင်းကို ပညာသည် ထိန်းကျောင်းသောကြောင့် ပညာမဂ္ဂင်နှစ်ပါးဟု ခေါ်၏။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ–မှန်ကန်စွာပြောခြင်း၊ မှန်ကန်စွာပြုခြင်း၊ မှန်ကန်စွာ အသက်မွေးခြင်းအမှုကို သီလသည် ထိန်းကျောင်းသဖြင့် ယင်းကို သီလမဂ္ဂင်သုံးပါးဟု ခေါ်ဝေါ်၏။

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ–မှန်ကန်စွာအားထုတ်ခြင်း၊ မှန်ကန်စွာအမှတ်ရခြင်း၊ မှန်ကန်စွာတည်ကြည်ခြင်းအစုကို သမာဓိသည် ထိန်းကျောင်းသဖြင့် ယင်းတို့ကို သမာဓိမဂ္ဂင်သုံးပါးဟု ခေါ်၏။

**သီလ၊ သမာဓိ၊ ပညာတွင် သတိသည် အချုပ်ဖြစ်သတည်း။**

မြတ်စွာဘုရားသည် သတိတရားကို အချုပ်တရားအဖြစ် ပထမဆုံး တရားဦးဟောရာ အရပ်ဖြစ်သော ဤမိဂဒါဝုန်အရပ်၌ပင် မိမိသည် သတိတရားကို ဆင်ခြင်ခွင့်ရသည်မှာ ကံထူးလေစွ၊ ကံကောင်းလေစွဟု သတိပြုမိပါသည်။

မိဂဒါဝုန်သည် မြတ်စွာဘုရား ပထမ ဝါကပ်တော်မူရာ နေရာဖြစ်သကဲ့သို့ ပဉ္စဝဂ္ဂီငါးဦး ရဟန္တာဖြစ်တော်မူရာဌာနလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယသ သူဌေးသားနှင့် သူငယ်ချင်း ၅၄ ဦးတို့ ရဟန္တာ ဖြစ်တော်မူရာ နေရာလည်း ဖြစ်သည်။ မြတ်စွာဘုရားသည် ပထမဝါတွင် ရဟန္တာ အပါး ၆ဝ ကို စုဆောင်းရရှိ၍ ဝါကျွတ်သည်နှင့် အရပ်လေးမျက်နှာသို့ သာသနာပြု စေလွှတ်တော်မူ၏။

မြတ်စွာဘုရားသည် မိဂဒါဝုန်သို့ နောက်ထပ်သုံးကြိမ် ကြွရောက်တော်မူသည်။ မြတ်စွာဘုရား မိဂဒါဝုန်၌ ဟောကြားတော်မူခဲ့သော တရားတော်တို့မှာ

၁။ ဓမ္မစကြာသုတ်
၂။ အနတ္တ လက္ခဏာသုတ်
၃။ ပဉ္စသုတ်
၄။ ပါသသုတ်
၅။ ဓမ္မဒိန္နာသုတ်
၆။ အာဒိတ္တ ပရိယာယသုတ်
၇။ သစ္စဝိဘင်္ဂသုတ်
၈။ ရထကာရသုတ်
၉။ သမယသုတ်
၁၀။ မေတ္တေယျပဉှာသုတ်တို့ ဖြစ်၏။

မြတ်စွာဘုရား လက်ထက်တော်အခါက မိဂဒါဝုန်၌ နန္ဒိယ သူဌေးသည် ကျောင်းတော် ဆောက်လုပ်လှူဒါန်းသည်။

အခန်း(၇)

## နှစ်ပေါင်း ၂၅၀၀ ကျော်က အမှာစကား

သီလ သမာဓိ ပညာတွင် သတိသည် အချုပ်ဖြစ်သည်။

မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရာတွင် မဂ္ဂင်ရှစ်ပါးကို အစွန်းတရားနှစ်ပါးမှ လွတ်ကင်းသောတရားအဖြစ်လည်းကောင်း၊ ဉာဏ်မျက်စိကို ပွင့်လင်းစေသော တရားအဖြစ်လည်းကောင်း၊ လောကီမီးကို ငြိမ်းစေ၍ သံသရာဝဋ်ဆင်းရဲအပေါင်းမှ ထာင်းငြိမ်းစေနိုင်သောတရားအဖြစ်လည်းကောင်း ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

မဂ္ဂင်ရှစ်ရပ် ထိုတရားမြတ်တွင် ပညာမဂ္ဂင်နှစ်ပါး၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါးရှိပြီး သီလ၊ သမာဓိ၊ ပညာတွင် သတိတရားကို အချုပ်တရားအဖြစ် ဟောကြားတော်မူသောနေရာတွင် ဆည်ထားသည့် ဓမ္မခ စေတီတော်ခြေရင်းတွင် ထိုင်ကာ မိမိသည် သတိတရားနှင့်ပတ်သက်သော အကြောင်းအရာများကို တွေးတော ဦးစားနေမိ၏။ သတိတရားသည် သံသရာအတွက် အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သလို မျက်မှောက်ပစ္စုပ္ပန် လောကီအကျိုးစီးပွားအတွက်လည်း အရေးကြီးသောအရာ ဖြစ်ပါ၏။

သတိမရှိ၍ လောကီအကျိုးစီးပွား ပျက်စီးမှုများသည် များပြားလှ၏။ သတိမရှိသူများထံသို့ မတော်တဆဖြစ်မှုများသည် အတော မသတ် ဝင်ရောက်တတ်၏။ မိမိသည် ထိုနေ့က ဓမ္မစေတီ တော်ကြီး၏ အရိပ်ကိုခိုလှုံ၍ ပါရှိလာသော မတော်တဆဟူသော စာအုပ်ကလေးကိုလည်း ထုတ်၍ ဖတ်ရှုနေမိပါ၏။

ထိုစာအုပ်တွင် သတိလက်လွတ်ဖြစ်သောကြောင့် ဆုံးရှုံးမှုပေါင်း များစွာအကြောင်းကို ရေးသားထား၏။ အဖြစ်အပျက်တစ်ခုကတော့ အိန္ဒိယနိုင်ငံ အင်ဒီရာဂန္ဒီလေဆိပ်တွင် ဖြစ်ပွားခဲ့သော ကြေကွဲ ဝမ်းနည်းဖွယ်ရာ မတော်တဆကိစ္စကြီးဖြစ်၏။

ထိုနေ့ မှောင်စပျိုးချိန်က အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ် မှ ဆော်ဒီအာရေဗျနိုင်ငံ လေကြောင်းမှ ဘိုးရင်း ၇၄၇–အမျိုးအစား ဧရာမ ဂျက်လေယာဉ်ကြီးတစ်စင်းသည် နယူးဒေလီမြို့၏ ကောင်းကင် ယံကို ထိုးတက်သွား၏။ ထိုလေယာဉ်ကြီးပေါ်တွင် ဆော်ဒီအာ ရေဗျမှ စော်ဘွားများ၊ ရေနံသူဌေးကြီးများ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ကုန်တိုက်ပိုင်ရှင်ကြီးများ စသည်ဖြင့် တကယ့်ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီး များ ပါသွားကြ၏။ ထိုလေယာဉ်ပေါ် လိုက်ပါသွားသူအားလုံးသည် သူတို့၏ သူမတူအောင်ကြွယ်ဝမှု၊ ချမ်းသာမှု၊ တတ်ကျွမ်းမှု၊ ပစ္စည်း ဥစ္စာပြည့်စုံမှု၊ ပညာရည်ကြွယ်ဝမှုတို့ဖြင့် ဤလူ့ဘောင်မြေကမ္ဘာတွင် သားနှင့် သမီးနှင့် ဆွေနှင့်မျိုးနှင့် အချိန်အတော်ကြာနေကြဦးမည်ဟု မျှော်လင့်ထားကြသူချည်း ဖြစ်၏။





သို့သော် သူတို့သည် သူတို့၏ ဓိမ်ခံလေယာဉ်ကြီး ကောင်းကင် ယံသို့ တက်ရောက်သွားပြီး ၇–မိနစ်အကြာတွင် သူတို့အားလုံး မရှုမလှ သေဆုံးကြရမည်ကို မည်သူမျှ ကြိုတင်မသိကြဘဲရှိ၏။ တကယ့် ကြိုတင်သိရှိနိုင်စရာလည်း အကြောင်းမရှိသလို သူတို့အဖို့ ၇–မိနစ် အတွင်း သေဆုံးစရာဟူ၍လည်း ဘာအကြောင်းမျှ မရှိပေ။ သူတို့ စီးနင်းလိုက်ပါခဲ့သည့် ဘိုးရင်း ၇၄၇–ဂျက်လေယာဉ်ကြီးသည် စိတ်ချရ သောလေယာဉ်ကြီးဖြစ်သည်။ အစစအရာရာ ဇွဲဇွဲစပ်စပ် စစ်ဆေး မွမ်းမံထားသော လေယာဉ်ကြီးဖြစ်သည်။ ထိုလေယာဉ်ကြီးကို အစွမ်း ကုန် အသေးစိတ် ဇွဲဇွဲစပ်စပ် စိတ်ချရလောက်အောင် စစ်ဆေးပြီးမှ နယူးဒေလီမြို့၏ ကောင်းကင်ယံသို့ တက်ရောက်ခဲ့ခြင်းဖြစ်၏။ ထိုနေ့ က အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ကောင်းကင်ယံက လည်း ရာသီဥတု ကြည်လင်၍ သာယာလျက်ရှိသည်ကို ထိန်းချုပ် ရေးမျှော်စင်မှလည်း လေယာဉ်မှူးများကို အဆက်အသွယ်ပြု၍ ပြော ထားပြီးဖြစ်၏။

ဆော်ဒီအာရေဗျ လေယာဉ်ကြီးသည် လေဆိပ်ကောင်းကင်ယံသို့ ငှက်ကြီးတစ်ကောင်လို ထိုးတက်သွားပြီး ကောင်းကင်ယံတွင် စိုးမိုး နေရာယူလိုက်ချိန်တွင် ကာဇက်စတန်လေကြောင်းဌာနပိုင် တူပိုလက် ၁၅၄–အမျိုးအစား လေယာဉ်ကြီးတစ်စင်းကလည်း နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီလေဆိပ်သို့ ဆင်းသက်ရန် လေကြောင်းထိန်းချုပ်ရေးမျှော် စင်သို့ လှမ်း၍ ခွင့်တောင်းသည်။ ထိုအခါ ထိန်းချုပ်ရေးမျှော်စင်မှ ကာဇက်စတန်လေယာဉ်နှင့် မျက်နှာချင်းဆိုင်တွင် ဆော်ဒီအာရေဗျ လေကြောင်းမှ လေယာဉ်ကြီး ပျံသန်းလျက်ရှိနေသည်ကို သတိပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကာဇက်စတန်လေယာဉ်မှူး နားလည်မှုလွဲ၍ သတိတစ်ချက် ချို့ယွင်းသွားသည့်အတွက် လေယာဉ်ကြီးနှစ်စင်းသည် နယူးဒေလီမြို့၏ ကောင်းကင်ယံတွင် မျက်နှာချင်းဆိုင်တိုက်မိရာ လေယာဉ်နှစ်စင်းစလုံးပေါ်တွင် လိုက်ပါလာကြသော ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း စုစုပေါင်း ၃၅၁–ဦးစလုံး အသက်ဆုံးရှုံးသွားရမှုသည် သတိတစ်ချက် ချို့ယွင်းမှုကြောင့် ဖြစ်သည်။

အမေရိကန်တို့သည် အာကာသကို စိုးမိုးရန် အကြီးအကျယ်ကြိုးစားမှုတစ်ရပ်သည် ထပ်တလဲလဲ မအောင်မမြင် ဖြစ်ခဲ့ဖူး၏။ ဤကြိုးပမ်းမှုကား အခြားမဟုတ်။ ထိုကိစ္စကြီးသည် ငွေကြေးအကုန်အကျများလွန်းသည့်ပြင် ကျွမ်းကျင်မှု အချက်အလက် အတတ်ပညာများစွာကို ပုံအော အသုံးပြုရသော လုပ်ငန်းကြီးလည်း ဖြစ်သည်။ သို့သော် အမေရိကန်တို့၏ ချယ်လင်ဂျာ အာကာသယာဉ်သည် ပျက်ကျသွားခဲ့၏။ ထိုဆုံးရှုံးမှုသည် အမေရိကန်တို့အတွက် ငွေကြေးအမြောက်အမြား ဆုံးရှုံးရုံသာမက အာကာသယာဉ်မှူးတို့၏ အသက်များပါ ဆုံးရှုံးခဲ့ရပြီး နိုင်ငံအတွက် သိက္ခာပါ ကျဆင်းရသည့်အပြင် လူသားတို့၏ အာကာသစိုးမိုးရေး အစီအစဉ်အတွက်ပင် သို့လော သို့လော အတွေးများစွာ ဖြစ်ပေါ်လာခဲ့ရ၏။ အမေရိကန် အာကာသယာဉ်ချယ်လင်ဂျာ ပျက်ကျမှုတွင် အဖိုးတန်ပညာရှင် ခုနစ်ဦး အသက်ဆုံးရှုံးခဲ့ရ၏။

ထိုအခါ အမေရိကန်တို့သည် မိမိတို့၏ အာကာသ စုံစမ်းလေ့လာမှုဆိုင်ရာ လုပ်ငန်းတစ်ရပ်လုံးကို အစမှအဆုံးတိုင် သုံးနှစ်တိုင် ပြန်လည်သုံးသပ်ရ၏။ ထိုသုံးနှစ်တာ ကာလအတွင်း အာကာသ





ဆိုင်ရာ လုပ်ငန်းအရပ်ရပ်ကို ရပ်ဆိုင်းကာ ဒီဇိုင်းပုံစံ[illegible] ဝေစာကျော်ကို ပြန်လည်ပြုပြင် ရေးဆွဲခဲ့၏။ ချယ်လင်ဂျာ [illegible] စရိုက်ကို မဆိုထားဘိ ဒီဇိုင်းအစိတ်အပိုင်း ၄၀၀–ကျော် ပြုပြင်ရသည့်ကိစ္စတစ်ခုတည်းကပင် အမေရိကန်ဒေါ်လာ ၂၄–သန်း ကုန်ကျခံခဲ့၏။ ထို့ပြင် နာဆာအဖွဲ့ကြီးကိုလည်း အစမှအဆုံးတိုင် ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ အမေရိကန်တို့သည် ချယ်လင်ဂျာ ပျက်ကျမှုကို အသေအချာလေ့လာသုံးသပ်၏။ ထိုကဲ့သို့ လေ့လာသောအခါ ချယ်လင်ဂျာတည်ဆောက်မှုတွင် မူလအစတွင် သတိချွတ်ချော်မှုတစ်ရပ်ရှိခဲ့သည်ကိုတွေ့ခဲ့၏။ သတိချွတ်ချော်မှုတစ်ရပ်သည် ချယ်လင်ဂျာစီမံကိန်းကြီးတစ်ရပ်လုံး ရပ်ဆိုင်းရုံမျှသာမက ပညာရှင် ခုနစ်ဦး၏ အသက်ကိုပါ ပေးအပ်လိုက်ရ၏။

အဆင့်လိုက် သတိထားရမည့် သိပ္ပံပညာ၏ အဆင့်မြင့်လုပ်ငန်းကြီးတစ်ရပ်သည် သတိချွတ်ယွင်းမှုတစ်ခုကြောင့် လုပ်ငန်းကြီးတစ်ရပ်လုံး ထိခိုက်ရပ်ဆိုင်း ဆုံးရှုံးရသည့်ဖြစ်ရပ်သည် နာဆာအတွက်သာမက တစ်ကမ္ဘာလုံးအတွက်လည်း သင်ခန်းစာ ဖြစ်၏။

အလားတူပင် ၁၉၇၄–ခုနှစ်က အိန္ဒိယနိုင်ငံ ပိုးသတ်ဆေး ထုတ်လုပ်သည့် စက်ရုံတစ်ခုတွင် အန္တရာယ်ရှိသောဓာတ်ငွေ့များ ပျံ့လွင့်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၃၄၀၀–ထက်မနည်း အသက်ဆုံးရှုံးခဲ့ရ၍ ငွေကြေးပေါင်း စတာလင် သန်းပေါင်း ၄၂၀–ခန့် လျော်ကြေးပေးခဲ့ရ၏။ ဤဖြစ်ရပ်ကလည်း လူ့သမိုင်းတွင် မေ့ပျောက်၍မရနိုင်သော ကြေကွဲဖွယ်ရာ ဖြစ်ရပ်ကြီးဖြစ်၏။ ဤကြေကွဲ ဝမ်းနည်းစရာဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရရှိသူပေါင်း နှစ်သိန်းမျှရှိခဲ့၏။ ယင်းတို့အနက် [illegible] နှစ်သောင်းသည် ပြင်းထန်သောဝေဒနာ ခံစားရသူများ ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်ကြီး ဖြစ်လာရခြင်း၏ အကြောင်းရင်းမှာလည်း ယူနီကာဘိုက် မိုးသတ်ဆေးစက်ရုံ၏ ထုတ်လုပ်မှုဆိုင်ရာကိစ္စတစ်ရပ်တွင် သတိလစ်ဟင်းခဲ့သောကြောင့် ဖြစ်သည်။

၁၉၈၇–ခုနှစ်က ဗြိတိသျှတို့၏ ကူးတို့သင်္ဘောကြီး HERALD OF FREE ENTERPRISE နစ်မြုပ်ရာတွင် လူပေါင်း ၁၉၃–ဦး အသက်ဆုံးရှုံး၏။ ဤနစ်မြုပ်မှု၏ အဓိကအချက်မှာလည်း ကူးတို့သင်္ဘောကြီး၏ အရှေ့တံခါးကို ပိတ်ရန် သတိမေ့လျော့ခဲ့မှုကြောင့် ဖြစ်သည်။

မိမိသည် ကိုရီးယားနိုင်ငံသို့ နှစ်ကြိမ် သွားရောက်၏။ နှစ်ကြိမ်စလုံး အလည်အပတ် သွားရောက်ခြင်းမဟုတ်ဘဲ စက်ရုံများကို လေ့လာခြင်းနှင့် သင်တန်းများ သွားရောက်တက်ခဲ့ခြင်းဖြစ်၏။ ကိုရီးယားနိုင်ငံတွင် တက်ရောက်ခဲ့သော သင်တန်းတစ်ခုသည် လပ်ကီးဂိုးစတားကုမ္ပဏီမှ တည်ဆောက်ထားသော အင်ဂုဟန်သင်တန်းကျောင်းတွင် တစ်လသင်တန်း ဖြစ်၏။ ထို့ပြင် မိမိသည် ကိုရီးယားနိုင်ငံရှိ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနနှင့် ယဉ်ကျေးမှုအနုပညာဆိုင်ရာ ပြတိုက်များ၊ ပြခန်းများ၊ စာကြည့်တိုက်များကိုလည်း လေ့လာခွင့်ရသည်။

မိမိ လေ့လာခဲ့သော ကိုရီးယားနိုင်ငံမှ စက်ရုံများထဲတွင် ရေနံချက်စက်ရုံ၊ အထည်အလိပ်စက်ရုံ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ထုတ်လုပ်သည့်စက်ရုံ၊ အလှကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းစက်ရုံ၊ ဓာတုဗေဒစက်ရုံ၊ တယ်လီဗေးရှင်းနှင့် ကွန်ပျူတာ၊ တယ်လီဖုန်းစသော ဆက်သွယ်ရေးကိရိယာများ ထုတ်လုပ်သည့်စက်ရုံမှအစ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း၊ သတင်းစာလုပ်ငန်း၊ စိုက်ပျိုး





ရေး၊ မွေးမြူရေး စသည်ဖြင့် လုပ်ငန်းအစုံဖြစ်သည်။ ကိုရီးယားနိုင်ငံရှိ စက်ရုံများကို လေ့လာရာတွင် ယင်းတို့စက်ရုံများ၌ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ကုန်ကြမ်းမှ ကုန်ချောဖြစ်သည်အထိ အဆင့်ဆင့်ပြုလုပ်ရာတွင် တစ်ရုံမလပ် နှိုးဆော်ချက်မှာ သတိ သတိ သတိ ဟူ၍ပင် ဖြစ်ပါ၏။

တယ်လီဗေးရှင်းပြုလုပ်သည့်စက်ရုံမှ ကိုရီးယားမန်နေဂျာဖြစ်သူက "ကျွန်တော်တို့က ပစ္စည်းထုတ်လုပ်ရာမှာ စတင်ထုတ်လုပ်ဖို့ ကုန်ကြမ်းရွေးချယ်စဉ်ကတည်းက အရည်အသွေးကို သတိထားရပါတယ်။ နောက်ဆုံး လူထုလက်ထဲ ပို့ဆောင်ရာမှာ ထုပ်ပိုးပစ္စည်းနဲ့ ပေးပို့ပုံ ပေးပို့နည်းကိုလည်း သတိရှိရပါတယ်။ ကျွန်တော်တို့စက်ရုံတွေမှာ ချိတ်ဆွဲထားတဲ့ စာသားတွေကို ခြုံငုံကြည့်လိုက်ရင် သတိ သတိ သတိဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေဟာ အရည်အသွေးကောင်းပစ္စည်းတွေရဖို့ သတိရှိရသလို အလုပ်ခွင်အန္တရာယ် ကင်းရှင်းရေးအတွက်လည်း သတိထားကြရပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက အလုပ်သမားတိုင်း မဖြစ်မနေတက်ရတဲ့ သင်တန်းမှာ အလုပ်သမားတိုင်းရဲ့ အသည်းနှလုံးထဲအထိ လှပပြေပြစ်စွာ ထည့်ပေးလိုက်တဲ့ အဓိက အသိတရားကတော့ **သတိပါပဲ**ဟု ဆို၏။

နိုင်ငံခြားတွင် တစ်ခါတစ်ရံ ရှစ်နာရီမှ ဆယ်နာရီအထိ ကမ္ဘာ့သတင်းများ စောင့်ကြည့်နေရသည့်အဖြစ်နှင့် ကြုံရဖူး၏။ ရုပ်မြင်သံကြားလိုင်းပေါင်းစုံမှ ကမ္ဘာ့သတင်းများ၊ ဖျော်ဖြေမှုများကို အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် လွှင့်ထုတ်နေရာ သတင်းများတွင် နိုင်ငံအကြီးအကဲ ခေါင်းဆောင်များ၏ မိန့်ခွန်းများ၊ ပြောကြားချက်များ၊ တွေ့ဆုံ မေးမြန်းခန်းများ၊ သတင်းဖြစ်ပွားရာနေရာတွင်ရှိသော ပရိသတ်၏ ဆန္ဒသဘောထားများ စသည်ဖြင့် အတော်ကြီး ပြည့်စုံစွာ လွှင့်ထုတ်ပေး၍ ကြည့်ရသည်မှာ ကောင်း၏။

ထိုကဲ့သို့ များပြားထွေလာသော သတင်းများကို သတင်းလိုင်းပေါင်းစုံက ၂၄–နာရီပတ်လုံး လွှင့်ထုတ်နေရာတွင် ခေါင်းဆောင်များ ပြောကြားသည့်စကား၊ တွေ့ဆုံ မေးမြန်းခံရသည့်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာရှင်များ၊ ဆရာဝန်ကြီးများ၏ ပြောကြားချက်များကို ကြည့်ရှုရာတွင် ယင်းတို့အားလုံးသည် စကားပြောကြားရာတွင် သတိနှင့်ပြောကြားသည်ကို တွေ့ရှိရ၏။ သတိလက်လွတ် မပြောကြ။ အချို့ဆိုလျှင် ကြိုတင်ရေးသားမှုကို ဖတ်ကြားပြောဆိုကြသည်ကို တွေ့ရှိရ၏။ ဤကဲ့သို့ ပေါက်ကွဲမှုဖြစ်နေသည်ဟု ဆိုရလောက်အောင် များပြားသော သတင်းအချက်အလက်များ လွှင့်ထုတ်မှုများ၏ နောက်ကွယ်တွင် သတိစောင့်ကြပ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရ၏။

အထူးသဖြင့် စက်မှုလုပ်ငန်းများ၊ ဆေးပညာလုပ်ငန်းများနှင့် သိပ္ပံဆိုင်ရာ လုပ်ငန်းအရပ်ရပ်တွင် ခေတ်သစ်ကမ္ဘာသည် ကြိုတင်ကာကွယ်မှု Precaution အပြည့်အဝ ရယူထားသည်ကို တွေ့ရ၏။ ကြိုတင်ကာကွယ်မှု တင်းကျပ်စွာရယူထားသည့်တိုင် သတိ တစ်ချက်လစ်ဟင်းသည်နှင့် မတော်တဆကိစ္စများ၊ ဆုံးရှုံးမှုများ၊ ကြေကွဲဖွယ်ရာဖြစ်ရပ်များသည်လည်း ကြုံတွေ့ရစမြဲ ဖြစ်ပါပေသည်။ သတိ မရှိ၊ သတိမေ့လျော့ ပေါ့ဆလျှင်ကား ဆိုဖွယ်ရာမရှိပြီ ဖြစ်၏။





ယနေ့ကမ္ဘာသည် သတိကမ္ဘာဟု ဆိုရလောက်အောင် သတိထားမှုများ ရှိ၏။ လူသားတို့ သတိရှိရန်ဟူသောအချက်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀–ကျော်ကပင် ထုတ်ဖော်မြွက်ကြားမိန့်ဆိုထားခဲ့ပြီး မဟုတ်ပါလော။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## အပ္ပမာဒတရား သတိထား

မိမိသည် ဓမ္မခစေတီတော်၏ ခြေတော်ရင်းတွင် မတော်တဆ အကြောင်းစာအုပ်ကို မည်မျှကြာအောင် စိတ်ဝင်စားစွာ ဖတ်နေမိသည်မသိ။ မိမိ၏ဘေးသို့ ဆရာတော်တစ်ပါး ကြွရောက်လာကာ ဆရာတော်၏အရိပ်ကို တွေ့သောအခါတွင်မှ ပတ်ဝန်းကျင်ကို ပြန်၍ သတိပြုမိ၏။ ဓမ္မခစေတီကြီးသည် ဤနေရာ ဤဒေသတစ်ဝိုက်တွင် မပျက်မစီးဘဲ ကျောက်တိုင်ပမာ ထီးထီးကြီး တည်ရှိနေသော တစ်ခုတည်းသောစေတီကြီး ဖြစ်၏။ စေတီကြီးကို လက်ယာရစ် လှည့်ရင်း အာရုံပြုနေကြသော တိဘက်အဘွားတစ်ဦးလည်း ရှိ၏။ အဘွားသည် ဘယ်နှစ်ပတ်ထိအောင် ရစ်ပတ်အာရုံပြုနေသည်ကို မသိနိုင်ပါ။ မိမိဘေးသို့ ရောက်ရှိလာသော ဆရာတော်က များစွာ မကြီးသေး။ ငယ်ငယ်ပင်ရှိ၏။ မေးကြည့်သောအခါ အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတွင် လှည့်လည် ပညာသင်ကြားခဲ့ဖူးသူ ဦးပဍ္ဍင်းဟု ဆို၏။ ဦးပဍ္ဍင်းက "ဒကာကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် သာဝတ္ထိသွားမလို့ဆို၊ ဦးပဥ္ဇင်း ခရီးကြုံ လိုက်ချင်တယ်”ဟု ဆို၏။ ထိုအခါ မိမိအတွက်လည်း အတော်အဆင်ပြေသွားနိုင်၏။ “တပည့်တော်ရဲ့ ကာလကတ္တားက ငှားလာတဲ့ လမ်းပြကလည်း ဗိဟာပြည်နယ်ဘက်မှာသာ ကျွမ်းကျင်ပါတယ်ဘုရား။ ယူပီနယ်ထဲမှာ မကျွမ်းကျင်ပါဘူး။ ဒရိုင်ဘာကလည်း ဒီလိုပဲဆိုတော့ အရှင်ဘုရား လိုက်လာရင် အလွန်အဆင်ပြေတာပါပဲဘုရား”ဟု လျှောက်ထား၏။ ထိုဦးပဥ္ဇင်းသည် စာသင်သားအရွယ်သာသာပင် ဖြစ်သော်လည်း ဆရာတော်တစ်ပါး၏ ကျေးဇူးရှိ၍ ဆရာတော် ဦးပဥ္ဇင်းဟု အမည်နာမ ပြု၍သာ ရိုသေလေးစားစွာ ရေးသားသွားမည် ဖြစ်ပါ၏။ ဆရာတော်၏ဘွဲ့ကို မမေးမိသော်လည်း ထိုစဉ်က ဇာတိကိုတော့ မေးခဲ့မိပါ၏။

“အရှင်ဘုရား ဘယ်ဇာတိပါလဲဘုရား”ဟုဆိုတော့ ဆရာတော် ဦးပဥ္ဇင်းက ပဲခူးမြို့၊ မဇင်းရပ်မှဖြစ်သည်ဟုဆို၏။ ဆရာတော်ဦးပဥ္ဇင်းနှင့် မိမိမှာ တစ်မြို့တည်းသားချင်းမို့ ပို၍အဆင်ပြေသွား၏။ ထို့ပြင် ဇာတိရပ်ရွာအကြောင်းပြောရင်း မိမိနှင့် ဆရာတော်ဦးပဥ္ဇင်း တို့မှာ ဆက်၍ စကားလက်ဆုံကျသွားပြန်၏။

စကားလက်ဆုံကျခဲ့ပြီဖြစ်၍ ဆရာတော်ဦးပဥ္ဇင်းအား မိမိက “အရှင်ဘုရား၊ တပည့်တော် ဗန်ကောက်ကလာတော့ ဆရာတော်ကြီး ဒေါက်တာအာသဖက တပ်မက်သောအာရုံကို အလိုလိုက်ပြီး မေ့ပျောက်အောင်နေခြင်းဟာလည်း အစွန်းတရားတစ်ပါးလို့ အမှာရှိလိုက်ပါတယ်ဘုရား။ သည်နောက် ဗုဒ္ဓဂယာဆရာတော်ကြီးကလည်း တပ်မက်ခြင်းအာရုံကုန်ခန်းအောင် မိမိကိုယ်မိမိ ဆင်းရဲအောင် ပြုလုပ်ခြင်းဟာလည်း အစွန်းတရားတစ်ပါးလို့ အမှာရှိခဲ့ပါတယ်ဘုရား။ အဲဒီ အမှားတရား နှစ်ပါးကို ရှောင်ပြီး သံသရာမှ လွတ်မြောက်ရာ လမ်းကြောင်းဟာ မဂ္ဂင်လမ်းသာလျှင်ဖြစ်သည်။ ရှစ်ပါးသောမဂ္ဂင် တရားတို့သည် အစွန်းနှစ်ပါးလွတ်၍ ဉာဏ်မျက်စိကို ပွင့်လင်းစေသည်။ မဂ္ဂင်တရား ရှစ်ပါးတို့မှာ ပညာ အကြီးအကဲပြုသောလမ်းက နှစ်ကြောင်း၊ သီလ အကြီးအကဲပြုသောလမ်းက သုံးကြောင်း၊ သမာဓိ အကြီးအကဲပြုသော လမ်းကြောင်းက သုံးကြောင်းရှိရာ သီလ သမာဓိ ပညာတွင် သတိသည် အချုပ်တရားဟူ၍ သိခဲ့ရပါတယ်ဘုရား။ ဒီတရားတော်မြတ်ကို မြတ်စွာဘုရားဟာ ဒီနေရာမှာ စကြဝဠာတိုက် တစ်သောင်းမှ ကြားသိ လိုက်နာစေရန် ဟောကြားတော်မူခဲ့တယ်လို့ တပည့်တော် မှတ်သားရပါတယ်ဘုရား။ တပည့်တော် ယခု ဆင်ခြင်ကြည့်ရာမှာ လောကီကိစ္စတွင်ရော လောကုတ္တရာကိစ္စတွင်ပါ သတိဟာ အရေးကြီးကြောင်း ထင်ရှားလာတာကို သိရှိခဲ့ရပါတယ် ဘုရား။ လောကီကိစ္စတွင် သတိ လိုအပ်ကြောင်း မိမိအသိဖြင့် ဆင်ခြင်နိုင်သော်လည်း လောကုတ္တရာ သံသရာခရီးတွင် သတိတရား လက်ကိုင်ထားရန် လိုအပ်ကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဟောကြားတော်မူသော တရားတော်များ အကျယ်ရှိပါမယ် ဘုရား။ ယင်းတရားများကို တပည့်တော်အား ကြင်နာသနားသည်ကို အကြောင်းပြု၍ သတိဟူသော တရားမြတ်ဖြင့် ဆုံးမတော်မူပါဘုရား” ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဦးပဥ္ဇင်းသည် ဓမ္မစေတီတော်ကြီး၏ အရိပ်မှနေ၍ တစ်ခွန်းသောစကားကိုမျှ မဆိုဘဲ အဝေးသို့ လှမ်းကြည့်နေ




ပန်းမျိုးတစ်ရာ စာပေ
www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ သူကြည့်နေသောနေရာသည် ဓမ္မရာဇိက စေတီတော်ကြီး၏ မြောက်ဘက်မှ စေတီနေရာလေးများကိုကျော်လျှင် တွေ့ရှိရသော မြင့်မြင့်မို့မို့မောက်မောက် အဆောက်အအုံဟောင်းများ ရှိရာနေရာ ဖြစ်၏။ ထိုနေရာသည် နန္ဒိယသူငွေး ဆောက်လုပ်ခဲ့သော ကျောင်းတော်ရာ ဖြစ်၏။ ထိုနေရာကိုကြည့်၍ ဆရာတော်ဦးပဥ္စင်းသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဤနေရာသည် မည်သို့ရှိမည်ကို မှန်းဆ ရည်ရော်ကာ အတိတ်ကို မှန်းမျှော်နေခြင်း ဖြစ်၏။ ထိုအနီးအနားတွင် အာသောကကျောက်တိုင် အကျိုး ငါးခု ရှိ၏။ အာသောကမင်းကြီး၏ ကျောက်တိုင်သည် ဖျက်ဆီးခြင်းခံခဲ့ရသော်လည်း အမှန်တရားကို အန်တု၍ တည်ရှိနေသော ယင်းကျောက်တိုင်ကို ဆရာတော် ဦးပဥ္စင်းသည် လှမ်းမျှော်၍ကြည့်နေ၏။

ဆရာတော်ဦးပဥ္စင်းနှင့် မိမိတို့ ရှိနေသောနေရာမှ ကြည့်လျှင် မြတ်စွာဘုရား ဓမ္မစကြာတရားကို ဟောကြားတော်မူခဲ့သည်ဟု မြန်မာတို့ ယုံကြည်ထားသော ဓမ္မရာဇိက စေတီတော်ကြီး နေရာတွင် မြန်မာဘုရားဖူးတစ်သိုက်သည် ဘုရား ဝတ်ပြုနေသည်ကို တွေ့မြင်ရ၏။ ဆရာတော်ဦးပဥ္စင်းသည် ထိုနေရာဌာနတစ်ခုလုံးကို ကြည့်၍ ဘုရားသခင်အား လေးစားကြည်ညိုစွာ မှန်းဆရင်း "ဒကာကြီး၊ ဆရာတော်ကြီးများ အမှာစကားဟာ အမှန်ပဲ။ မြတ်စွာဘုရားဟာ သတိတရားကို အလေးအနက်ထား ဟောကြားခဲ့ တာလည်း အမှန်ပဲ။ သတိတရား အပ္ပမာဒတရားကို အမြတ်ဆုံးတရားအဖြစ် ဟောခဲ့တာလည်း အမှန်ပါပဲ ဒကာကြီး"





"အပ္ပမာဒ–သတိတရားကို အမြတ်ဆုံးတရားအဖြစ် ဘယ်လို ဟောကြားတော်မူခဲ့တယ် ဆိုတာကို ရှင်းလင်းတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်ဦးပဥ္စင်းက "ဒကာကြီး၊ ဟောဟိုက ထိုင်စရာနေရာလေးကို သွားကြရအောင်။ အဲဒီနေရာလေးမှာ ဒကာကြီး အတွက်ရော ဦးပဥ္စင်းအတွက်ပါ မျှမျှတတ ထိုင်စရာ ရှိတယ်"ဟု ဆို၏။ ထို့ကြောင့် ဦးပဥ္စင်းနှင့် မိမိတို့သည် တမာပင်ရိပ်အောက်ရှိ ဆရာတော်ဦးပဥ္စင်းညွှန်ပြသော နေရာသို့ သွားရောက်၏။ ထိုနေရာသို့ရောက်သော် ဆရာတော်ဦးပဥ္စင်းက "ဒကာကြီး၊ ကုသိုလ်တရားအားလုံးမှာ အပ္ပမာဒဆိုသော သတိတရားဟာ အမြတ်ဆုံးပဲ ဒကာကြီး"ဟု ထပ်ဆိုကာ ဆရာတော်ဦးပဥ္စင်းက အဘယ်ကြောင့် သတိတရားသည် အမြတ်ဆုံးဖြစ်ရသည်ကို ရှင်းပြ၏။

ကုသိုလ်တရားဟုဆိုရာတွင် လောကီကုသိုလ်သာမက လောကုတ္တရာကုသိုလ်လည်း ပါဝင်သည်။ သတိဟုဆိုအပ်သော အပ္ပမာဒတရားသည် လောကီစိတ်သာဖြစ်၏။ လောကီစိတ်ဖြစ်သော အပ္ပမာဒတရားကိုမှ ကုသိုလ်အားလုံးတွင် အမြတ်ဆုံးဟုဆိုခြင်းသည် အကြောင်းမဲ့ ဆိုခြင်းမဟုတ်။

သတိတရားသည်
ကြဉ်အပ်သောတရားကို ကြဉ်စေ၍
ပြည့်စုံစေအပ်သော တရားကို ပြည့်စုံစေကာ ကုသိုလ်တရား ဟူသမျှကို မမေ့မလျော့မှု ဖြစ်စေ၏။
ထို့ကြောင့် ထိုတရားကို ကုသိုလ်တရား ဟူသမျှတို့တွင် မြတ်၏ဟု ဆိုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါဗလံ – သဒ္ဓါဗိုလ်၊
ဝီရိယဗလံ – ဝီရိယဗိုလ်၊
သတိဗလံ – သတိဗိုလ်၊
သမာဓိဗလံ – သမာဓိဗိုလ်၊
ပညာဗလံ – ပညာဗိုလ်ဟူ၍ ဗိုလ်ငါးပါး ရှိ၏။

* ဗိုလ်ငါးပါးရှိရာတွင် မြတ်စွာဘုရားသည် သတိဗိုလ်ကို ချိန်ခွင်လျှာကဲ့သို့ အလယ်တွင်ထား၏။ သတိကို အလယ်တွင်ထား၍ သဒ္ဓါ၊ ဝီရိယ၊ သမာဓိနှင့် ပညာတို့အား သတိဖြင့် ထိန်းကျောင်း၏။
* သဒ္ဓါအားကြီး၍ ပညာနည်းသောပုဂ္ဂိုလ်သည် အကျိုးမရှိ သည်၌ ကြည်ညိုတတ်၏။ အရာမဟုတ်သည်ကို ယုံကြည် ၏။
* ပညာလွန်၍ သဒ္ဓါနည်းလျှင် ကောက်ကျစ်စဉ်းလဲတတ်၏။ ထိုသူသည် ဆေးကုရခက်ခဲသောရောဂါစွဲကပ်နေဘိသကဲ့သို ရှိ၏။
* သမာဓိလွန်ပြီး ဝီရိယနည်းလျှင် ပျင်းရိခြင်းဖြစ်၏။
* ဝီရိယလွန်ပြီး သမာဓိနည်းလျှင် စိတ်ပျံ့လွင့်၍ ဥဒ္ဓစ္စဖြစ်၏

သမာဓိနှင့် ဝီရိယကို အယုတ်အလွန် မဖြစ်စေရန် သတိတည်းဟူ သော အပ္ပမာဒတရားသည် ထိန်းသိမ်းစောင့်ရှောက်မှုပေး၏။ သဒ္ဓါနှ ပညာကို အယုတ်အလွန် မဖြစ်စေရန် သတိတည်းဟူသေ အပ္ပမာဒတရားသည် ထိန်းသိမ်းစောင့်ရှောက်မှုပေး၏။





သဒ္ဓါနှင့်ပညာကို အယုတ်အလွန် မဖြစ်စေရန် သတိတည်း ဟူသော အပ္ပမာဒတရားသည် ထိန်းသိမ်း စောင့်ရှောက်မှု ပေး၏။ ထို့ကြောင့် သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာ အစရှိသော အကြောင်း တရားများကို သတိသည် ချိန်ခွင်လျှာကဲ့သို့ ထိန်းကျောင်းနိုင်စွမ်းရှိ၏။

ပညာလွန်သူတို့သည် စိတ်ကူးနှင့်လှူခြင်းပင်လျှင် ကုသိုလ်ဖြစ်၏ ဟု ချဲ့ထွင် ကြံဆ၍လှူခြင်း စသော ဒါန သီလ စသည်တို့ကို မပြုဘဲနေတတ်၏။ ထိုသူတို့သည် သတိရှိမှ ထိန်းနိုင်ရာ၏။ ပညာ လွန်ကဲသူတွင် သတိမရှိက ထိုကဲ့သို့သော လွန်ကဲမှုတို့ကြောင့် သေပြီး သောနောက်တွင် အပါယ်လေးပါးတို့တွင် တစ်ပါးပါး၌ ဖြစ်တတ် ၏။ သတိတရားသည် ဟင်းလျာတွင် ပါဝင်သောဆားကဲ့သို့ဖြစ်၏။ ဟင်းလျာသည် အသားငါး အမွှေးအနံ့ပြည့်စုံ၍ နူးနပ်အောင် ချက်ပြုတ်ကာ လုပအောင် ပြင်ဆင်၍ တည်ခင်းသော်လည်း ဆားမပါ သောဟင်းသည် အရသာမရှိ။ ထို့ကြောင့် ဟင်းလျာတွင် ဆားလိုအပ် သလို ဘဝတွင် သတိတရားသည် လိုအပ်၏။

တိုင်းနိုင်ငံတို့တွင် ဘုရင်အစိုးရတို့၏ ပြုဖွယ်ကိစ္စများကို လုပ်ဆောင် အကြံပေးရသော အမတ်ပညာရှိ သုခမိန်သည် လိုအပ်၏။ အကြံပေး သူ၊ သတိပေးသူ ပညာရှိ သုခမိန်တို့ ကင်းသော နိုင်ငံ အစိုးရမင်းတို့ သည် ဆုတ်ယုတ်ပျက်စီးရစမြဲ ဖြစ်၏။ ထို့အတူ ဘဝတွင် သတိ မရှိပါက ဆုတ်ယုတ်ပျက်စီးတတ်၍ သတိရှိသောဘဝသည် ပညာရှိ သုခမိန် အကြံပေး မင်းမှူးမတ်တို့ရှိသော တိုင်းနိုင်ငံကဲ့သို့ စည်ပင် ဖြိုးဖြိုးဝ ချမ်းသာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြတ်စွာဘုရားက မဟာဝဂ္ဂဗောဇ္ဈင်သံယုတ်တွင်

သတိဉ္စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ

သတိသည် အရာခပ်သိမ်းတွင် လိုအပ်သောတရားတည်း

ဟု ဟောကြားတော်မူ၏။

စိတ်၏လဲလျောင်းရာသည် အောက်မေ့ခြင်း၊ အမှတ်ရခြင်းဟူသော သတိသာလျှင် ရှိ၏။ သတိတွင် စောင့်ရှောက်ခြင်းဟူသော နီးကပ်သည့် အကြောင်းတရားသည် ရှိ၏။ သတိနှင့်ကင်းပြီး စိတ်သည် တက်ကြွခြင်းသည် မဖြစ်နိုင်။ သတိနှင့်ကင်းပြီး စိတ်သည် ချီးမြှောက်ခြင်းလည်း မဖြစ်နိုင်။ သတိနှင့်ကင်းပြီး စိတ်သည် နှိပ်ကွပ်ခြင်းလည်း မဖြစ်နိုင်။ တရားဘာဝနာများပွားခြင်း စသော ကုသိုလ်လုပ်ငန်းများတွင် သတိသည် ပို၍လိုအပ်၏။ မြတ်စွာဘုရားကိုယ်တော်တိုင်သည် ပင်လျှင် နေ့စဉ် ဆွမ်းခံအပြန် ခြေဆေးခုံတွင်ရပ်၍ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထဟု ဒုလ္လဘတရားငါးပါးကို နေ့စဉ် အမြဲဆင်ခြင်ဆုံးမ၏။

သတိဟူသောတရားသည် ၄၅–ဝါပတ်လုံး မြတ်စွာဘုရား မဓော မပန်း ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၏ အချုပ်လည်း ဖြစ်၏။

အပ္ပမာဒဟူသော သတိတရားသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟု ဆိုအပ်သည့် ပိဋကတ်သုံးပုံ၏ အချုပ်တရားလည်းဖြစ်၍ သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးတို့၏ ပဲ့ကိုင်တရားလည်းဖြစ်၏။





တတိယ သင်္ဂါယနာတင် ဘုရင်အာသောကမင်းကြီးသည် နိဂြောဓသာမဏေအား တရားချီးမြှင့်ပါရန် လျှောက်ထားသောအခါ နိဂြောဓသာမဏေက–

"မင်းကြီး၊ မမေ့မလျော့သော အပ္ပမာဒသတိတရားသည် နိဗ္ဗာန်ရောက်ကြောင်းတရား ဧကန်ဖြစ်၏"

"မင်းကြီး၊ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းဖြစ်၏"

"မင်းကြီး၊ မမေ့မလျော့သောသူသည် သေသည် မမည်"

"မင်းကြီး၊ မေ့လျော့သောသူတို့သည် သေသည် မည်၏"

ဟု မြွက်ကြား၏။

ဤလေးပါဒ–လေးပိုဒ်မျှသောတရားကို သိရှိမှာသောကမင်းကြီး ကြားနာရသောအခါ မင်းကြီးက နိဂြောဓသာမဏေအား "ချစ်သား၊ သင်သည် အပ္ပမာဒ သတိတရား တစ်ခုတည်းဖြင့် မြတ်စွာဘုရား၏ ပိဋကတ်သုံးပုံကို ခြုံငုံ၍ ကုန်စင်အောင်ဟော၏"ဟု လျှောက်ထားကြောင်းကို ဆရာတော်ဦးပဍ္ဍင်းက ရှင်းလင်းမြွက်ကြားပါ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၉)

## ယမမင်း တရားစီရင်ခြင်း

မိဂဒါဝုန်တွင် နေညိုစပြုပြီ ဖြစ်၏။ မိမိတို့ဆီမှ ခပ်လှမ်းလှမ်း လောက်တွင်ရှိသော ဓမ္မရာဇိက စေတီတည်ရှိရာ ဓမ္မစကြာတရား ဟောတော်မူခဲ့သော နေရာဆီသို့ ဘုရားဖူးဧည့်သည်များ ဝင်လာ မစဲ ရှိ၏။ ဂျပန်၊ တရုတ် အနောက်တိုင်းသားများလည်း ပါ၏။ နေညိုစပြုသည်နှင့်အညီ မိဂဒါဝုန် ဝင်းအတွင်းသို့ ပတ်ဝန်းကျင်ရှိ သစ်ပင်များမှ အရိပ်ရှည်ကြီးများ ထိုးစ ကျစ ပြုပြီဖြစ်၏။

ဆရာတော်ဦးပဍ္ဍင်းလည်း မိမိ၏ အပ္ပမာဒတရား အဆုံးသတ် ခဲ့ပြီ။ ဆရာတော်ဦးပဍ္ဍင်းက "ဒကာကြီး ဘာမေးဦးမလဲ"ဟု ဆို၏။

"ဆရာတော်မြွက်ကြားတဲ့ သတိတရားကို တပည့်တော် သဘော ပေါက် နားလည်ခံယူနိုင်ပါတယ်ဘုရား၊ ပစ္စက္ခဘဝမှာ သတိတရား မရှိတဲ့အတွက် ပစ္စက္ခဘဝမှာ ကြုံရတာကို တပည့်တော် သဘော ပေါက်နိုင်တယ်ဘုရား။ သို့သော်လည်း တပည့်တော်စိတ်မှာ ဖြစ်ပေါ် လာတာက အခု ပစ္စက္ခဘဝမှာ သတိတရား ကင်းလွတ်တာ၊ မေ့လျော့တာ၊ ပေါ့ဆတဲ့အတွက် နောင်တမလွန်ဘဝမှာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ခံစားရတယ်ဆိုတာ ဥပမာနဲ့ ဖြစ်ရပ်နဲ့ တပည့်တော် သိချင်လှပါတယ်ဘုရား။ ယင်းကိစ္စကို အမိန့်ရှိခဲ့ပါဦးဘုရား”ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဦးပဍ္ဍင်းက “ဒကာကြီးဦးချစ်စံဝင်း၊ ယမမင်းကြီး တရားစီရင်တာကို သိတယ်မဟုတ်လား”ဟု မေးပါ၏။

“ယမမင်းဟာ ငရဲသားတွေကို တရားစီရင်တယ်ဆိုတာ ကြားတော့ ကြားဖူးပါတယ်ဘုရား။ ဒါပေမယ့် သတိတရား အပ္ပမာဒ တရားနဲ့ ယှဉ်ပြီးပြောဟောတာ မကြားဖူးပါဘူးဘုရား”

“ဆရာတော်ကြီးအရှင်ဇနကာဘိဝံသဟာ ဤအကြောင်းကို ကိုယ်ကျင့်အဘိဓမ္မာမှာ အမြွက်မျှ ရေးသားတော်မူခဲ့တယ် ဒကာကြီး။ သို့သော်လည်း ဒကာကြီး သိရှိစေရန် ဦးပဍ္ဍင်း ပြောမယ်။ ယမမင်းလို့ခေါ်တဲ့ ငရဲမင်းကြီးဟာ ငရဲပြည်မှာရှိတယ် ဒကာကြီးရဲ့”

“မှန်ပါဘုရား”

“အဲဒီငရဲမင်းဆိုတာက စတုမဟာရာဇ်နတ်တွင် အပါအဝင်ဖြစ်တဲ့ ဝေမာနိက ပြိတ္တာမင်းကိုပဲ ယမမင်းလို့ ခေါ်ခြင်းဖြစ်တယ်။ ဝေမာနိက ပြိတ္တာမင်းဟာ တစ်ခါတစ်ရံ နတ်စည်းစိမ်ကို ခံစားနေရသော်လည်း တစ်ခါတစ်ရံမှာ မကောင်းမှုအကုသိုလ်ကံရဲ့အကျိုးပေးကြောင့် ရိုးရိုး ပြိတ္တာများကဲ့သို့ ခံစားနေရရှာပြီး ဝေမာနိကပြိတ္တာမင်းတို့ဟာ တစ်ယောက်မက အများအပြားရှိတယ် ဒကာကြီးရဲ့”ဟု ဆရာတော် ဦးပဍ္ဍင်းက ဆိုကာ ယမမင်းကြီး တရားစီရင်ပုံကို ပြော၏။

လူ့ဘုံတွင် ပြစ်မှုကျူးလွန်သူတို့အား အပြစ် ရှိ၊မရှိ၊ အပြစ်မည်မျှကြီးမကြီး၊ တရားခံက အပြစ်ပြုလုပ်ကျူးလွန်ခဲ့သည်၊ မကျူးလွန်ခဲ့သည်ကို တရားရုံးတွင် စစ်ဆေး၍ တရားဥပဒေနှင့်အညီ သင့်တော်ရာ





အပြစ်ကို ပေး၏။ ထိုအတူ ယမမင်းတို့ကလည်း [illegible] ဘက်တွင် ရုံးစိုက်၍ ငရဲသို့ရောက်ရှိလာသောသူတို့ကို တရားစစ်ဆေးကြသည်။ သို့သော် လူတိုင်း လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိတို့ သေလွန်ခဲ့ပါက ငရဲသို့ လာရောက်အစစ်အဆေးခံရသည်မဟုတ်။ ကုသိုလ်အားကောင်း၍ သိသာထင်ရှားသူတို့သည် ကောင်းရာမွန်ရာ ဘုံဗိမာန်သို့ တန်း၍ရောက်ကုန်၏။ အကုသိုလ်ကြီးမား၍ ပြစ်မှုထင်ရှားသူတို့သည်လည်း တစ်ခါတည်း ငရဲသို့ကျကုန်၏။ သို့သော် အကုသိုလ် ရှိပင်ရှိငြားသော်လည်း ထိုအကုသိုလ်တရားသည် နည်းပါးပါက ငရဲမှ လွတ်လမ်းရှိလိုရှိငြား ယမမင်းထံတွင် အစစ်ဆေးခံကြရ၏။

လူတို့သည် ကုသိုလ်ကောင်းမှုများရော၊ တစ်ခါတစ်ရံ အကုသိုလ် တရားများကိုပါ လုပ်ဆောင်မိတတ်၏။ ထိုသူများသည် ယမမင်း၏ တရားစီရင်မှုကို ခံယူကြရ၏။ ကုသိုလ် အကုသိုလ် ထင်လင်းစွာ မသဲကွဲသူတို့ သေဆုံးပြီး ခဏတွင်ပင် ယမမင်း၏ တရားစီရင်မှုကို ခံယူကြရသည်။ ယမမင်း၏ စစ်ဆေးမှုသည် အပြစ်ရှာလိုသောကြောင့် စစ်ဆေးခြင်းမဟုတ်ဘဲ လွတ်သင့်က ငရဲမှ လွတ်ခွင့်ရစေရန် စစ်ဆေးခြင်းဖြစ်၏။ ယမမင်း၏ တရားစီရင်မှုသည် အယူခံရုံးများ၏ တရားစီရင်မှုသဘောထားသာလျှင် ဖြစ်၏။ ငရဲတွင် ငရဲထိန်းများလည်း ရှိသည်။ ငရဲထိန်းများသည်လည်း စတုမဟာရာဇ်နတ်မျိုးတွင် ပါဝင်သော နတ်ဘီလူး၊ နတ်ရက္ခိုုသ်များဖြစ်၏။ ငရဲထိန်းများ၏အလုပ်သည် အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသောသူများကို ယမမင်းထံသို့ ပို့ရခြင်းနှင့် ငရဲကျရောက်ခြင်းခံရသူတို့အား ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်စွာ သံဓာဏ်ပုတ်ရိုက်နှက်ရခြင်းကို ပြုလုပ်ကြရ၏။ ဘဝတစ်ခုတွင် အကုသိုလ်များ ပြုလုပ်ခဲ့မိသောသူသည် ထိုအကုသိုလ်ကံ၏ အကျိုးတရားအဖြစ် မိမိပြုလုပ်ခဲ့သော အကုသိုလ်ကံနှင့်အညီ ငရဲမီး ငရဲခိုး ငရဲငွေ့များတွင် နာကျင်လွန်းလှစွာခံစားရ၏။ **ထို့ကြောင့် အသိရှိသောလူ့ဘဝကို ရရှိစဉ်ကာလတွင် အကုသိုလ် မကောင်းမှု ဒုစရိုက်များကို မပြုလုပ်မိအောင် သတိထား၍ ရှောင်ကြရမည်ဖြစ်၏။ အကုသိုလ် အကျိုးတရားသည် မိမိနှင့် ဘာမျှမဝေးသော သေခြင်းတရား၏ ဟိုမှာဘက် တစ်ခဏတွင်ပင် မိမိအား အကျိုးပြုရန် စောင့်မျှော်လျက်ရှိ၏။** သေခြင်းတရားသည် ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ ရောက်လာသည်ဟု ဆိုပေရာ မိမိ၏ မိနစ်တိုင်း၊ မိနစ်တိုင်းသော အချိန်ကာလများသည် သေနိုင်သောကာလချည်းများသာဖြစ်သည်။ သေခြင်းနှင့်အတူ မိမိတွင် အကုသိုလ်ကံရှိနေပါက ယမမင်း၏ တရားစီရင်မှုကို ခံယူရမည်ဖြစ်၏။ လူ့ဘဝတွင် တရားစီရင်ခံရသည်က ကြာသေးသည်။ ရုံးတွင် ရက်ချိန်းယူရ၊ သက်သေစစ်ဆေးရနှင့် အချို့သောအမှုများ နှစ်နှင့်ချီ၍ကြာ၏။ ယမမင်းထံတွင် အမှုစစ်ဆေးခံရသည်မှာ အလွန်မှမြန်ဆန်လှ၏။ ရက်ချိန်းမရှိ။

မိမိတွင် အကုသိုလ်ဒုစရိုက် မရှိပါက မည်သူ့ကိုမျှ ကြောက်ရွံ့စရာ မလို။ ယမမင်း၏ တရားရုံးသို့လည်း မရောက်။ ယမမင်း၏ တရားစီရင်မှုကို ခံယူစရာလည်း မလိုပေ။

ယမမင်း၏ တရားစီရင်မှုသည် အလွန်မှ စိတ်ဝင်စားဖွယ်ရာဖြစ်၏။ **ဒေဝဒူတသုတ်** ပါဠိတော်တွင် ယမမင်း၏ တရားစီရင်မှု





ဖော်ပြပါရှိ၏။ လူ့ပြည် လူ့ရွာတွင်ရှိသော ကလေး၊ သူအို၊ သူနာ၊ သူသေနှင့် အကျဉ်းသား။ ဤငါးဦးတို့သည် ယမမင်း စေလွှတ်အပ်သော တမန်တော်နှင့် အလားတူသောကြောင့် ဒေဝဒူတဟု ခေါ်ဆိုခြင်းဖြစ်၏။ ဒေဝ၏အနက်သည် ယမမင်းဖြစ်၍ ဒူတသည် တမန်တော်ဖြစ်၏။

ယမမင်းသည် မိမိထံသို့ ရောက်ရှိလာသော ငရဲသားလောင်းအား ဒေဝဒူတ ငါးမျိုးကို ဖော်ပြ၍ စစ်ဆေး၏။

**ယမမင်း**။ ။ အမောင်...၊ မောင်မင်းသည် လူ့ပြည်တွင် ရှိနေစဉ်က သေနေသောသူ၊ နာနေသောသူ၊ အိုနေသောသူ၊ ကလေးသူငယ်နှင့် အကျဉ်းသားများကို တွေ့ခဲ့ဖူးပါ၏လော။

**ငရဲသား**။ ။ တွေ့ခဲ့ဖူးပါသည် ယမမင်း။

**ယမမင်း**။ ။ အမောင်...၊ မောင်မင်းသည် လူ့ပြည်တွင်ရှိနေစဉ်က မိမိ၏ ကျင်ကြီး ကျင်ငယ်ကိုပင် မိမိ မသုတ်သင်နိုင်ဘဲ ကျင်ကြီး ကျင်ငယ်ထဲ၌ လူးကာလှိမ့်ကာ နေရရှာသော ကလေးသူငယ်များကို တွေ့ဖူးပါသလား။

**ငရဲသား**။ ။ တွေ့ခဲ့ဖူးပါသည် ယမမင်း။

**ယမမင်း**။ ။ ထိုသို့တွေ့ခဲ့ဖူးသည်ရှိသော် ထိုကလေးကိုကြည့်၍ ဘာမှနားမလည်သော ဤကလေးငယ်ကဲ့သို့ ဖြစ်လာစေရန် ပဋိသန္ဓေ နေရချေဦးမည်။ ပဋိသန္ဓေနေခြင်း၏ သဘောကို မလွန်မြောက်နိုင်။ ပဋိသန္ဓေနေခြင်းသည် ဆင်းရဲလွန်းလှ၏။ သို့ဖြစ်သောကြောင့် ငါသည် ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်စည်းလျက် ကောင်းစွာနေထိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



> တော်တော့မည်ဟု သတိတရား အတွေးအကြံဖြစ်ကာ အကုသိုလ်လုပ်ငန်းများကို ဖယ်ရှောင်၍ ကုသိုလ်လုပ်ရပ်များကို လုပ်ခဲ့ဖူးပါ၏လော။ သင်ပြုလုပ်ခဲ့သော ကုသိုလ်တရားများကို သတိရပါ၏လော။

ယမမင်းက ငရဲသားအား အလွန်ကြင်နာစွာ မေး၏။ ထိုအခါ ငရဲသားသည် စဉ်းစား၏။ သို့သော်လည်း ဘာကိုမျှ အမှတ်မရဘဲ ရှိ၏။ မိမိ လူ့ပြည် လူ့ဘဝတွင်မနေ၊ သေလွန်ခဲ့သည်မှာ ဘာမျှမကြာသေး။ လူတို့ ပိုင်းခြားကန့်သတ်သော အချိန်နာရီနှင့်ဆိုပါက သေပြီးသည့်တစ်ခဏ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်းလည်း ဖြစ်နိုင်၏။

ထိုအခါ ယမမင်း၏ တရားစီရင်မှုကို ခံယူနေရသော အကြင်ပုဂ္ဂိုလ်က မိမိပြုခဲ့သော ကုသိုလ်တရားတို့ကို စဉ်းစား၏။ ဘာမျှ မမှတ်မိတော့။

• မိမိသည် သေခါနီးကာလ လူ့ဘဝတွင် ရှိစဉ်က မိမိတစ်သက်တာ ရှာဖွေခဲ့သော ပစ္စည်းများကို တွယ်တာတပ်မက်၍ ဒီပစ္စည်းတွေ မိမိ မရှိသည့်နောက် ဘာတွေများဖြစ်ကုန်မလဲဟုဆိုကာ တွေးတောပူပန်မှုများ ရှိခဲ့၏။ လူ့ဘဝက မိမိ၏ ဆွေမျိုးသားချင်း၊ သားသမီးတို့အပေါ် ဒါ ငါ့သား၊ ဒါ ငါ့မြေး၊ ဒါ ငါ့ဇနီး၊ ဒါ ငါ့မယား၊ ဒါ ငါ့လင်၊ ဒါ ငါ့ခင်ပွန်း ဟူသော အစွဲအလမ်းဖြင့် သေခြင်းတရားကြောင့် ခွဲရတော့မည်ကို အကြောက်ကြီးကြောက်ကာ ဆင်းရဲခြင်း၊ ပူပန်ခြင်း၊ ကြောင့်ကြခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းတို့ ဖြစ်ရသောအခါ မသေမီကပင် မေ့လျော့ခြင်းတို့သည် ရှိကုန်၏။ သေဆုံးခြင်းဟူသော ချောက်ကမ်းပါးအတွင်းသို့ ကျရောက်သွားသောအခါ





တစ်ဘဝမှ တစ်ဘဝသို့အကူး မည်သည့်သတိတရားကိုမျှ စွဲကပ်၍ မထားနိုင်ဘဲ ဟိုဘက်ဘဝကမနေ သေလွန်ပြီး ယမမင်းထံ အရောက်လာရသော ခရီးကလည်း အလျင်အမြန်အရှိန်အဟုန်တို့ဖြင့် မည်သည်တို့ကို မည်ကဲ့သို့ဖြတ်သန်းလာရသည်မသိ။ ထိုခရီးကလည်း ဆန်းကြယ် မြန်ဆန်လွန်း၍ လူ့ဘဝတွင် ရှိစဉ်ကလည်း သတိတရားကို တည်ဆောက်သောအလေ့အကျင့် မရှိ၍ မေ့လျော့ခြင်းသည်ဖြစ်၏။ အမှန်စင်စစ်အားဖြင့် ဘဝတစ်ခုတွင် ကုသိုလ်ကောင်းမှုဟူသည် တစ်စုံတစ်ရာတော့ ပြုမိခဲ့ဖူးမည်ဖြစ်၏။ သို့သော် မေ့လျော့ခြင်းဖြစ်နေ၏။

သို့မဟုတ် အကြင်ပုဂ္ဂိုလ်သည် ရခဲသော လူ့ဘဝ လူ့အဖြစ်ကို ရခဲ့ပါလျက် လူ့ဘဝ၏ ပျော်ရွှင်ဖွယ်များ၊ အခွင့်အာဏာများ၊ ငွေကြေးစည်းစိမ်၊ ရာထူးရာခံ၊ ဌာနန္တရတို့ကြောင့် ထိုပုဂ္ဂိုလ်သည် ကုသိုလ်ပြုလုပ်ရန် မေ့လျော့ကာ လူ့ဘဝတွင် ကုသိုလ်တရားနှင့် ကင်းနေခဲ့သူလည်း ဖြစ်နိုင်၏။ ထိုသို့သာမက လူ့ဘဝတွင် နေစဉ်က လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အစရှိသော အမိုက်တရားများလွှမ်းကာ ထိုတရားများကို ဖယ်ရှားနိုင်သောသတိ မရှိနိုင်သောကြောင့် လူ့ဘဝတွင်နေစဉ်က ကုသိုလ်ကောင်းမှု မပြုလုပ်မိဘဲ အကုသိုလ်တရားများနှင့်သာ တွေ့သူလည်း ဖြစ်နိုင်၏။ မည်သို့ပင်ဆိုစေ ပြုမိသော ကုသိုလ်တစ်စုံတစ်ရာ ရှိပါက သတိရစေရန် ယမမင်းသည် အလွန်ကြင်နာစွာဖြင့် စဉ်းစားခွင့်ပြု၏။ ထိုအခါ ငရဲသားသည် အထပ်ထပ်အဖန်ဖန် ပြန်၍စဉ်းစားသော်လည်း ဘာအကြောင်းတရားမှ ပေါ်မလာသောအခါ ငရဲသားသည် ယမမင်းအား ဤသို့လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



**ငရဲသား။** ။ ယမမင်း...၊ အကျွန်ုပ်သည် လူ့ဘဝတွင် နေစဉ်က အပေါင်းအသင်းတို့ဖြင့် မူးယစ်သောက်စား ပျော်ပါးကာ သတိတရားကို မတည်ဆောက်မိသည့်အတွက် လူ့ဘဝက ပြုခဲ့သော ကုသိုလ်တရား အနည်းငယ်ကိုမျှ သတိမရ ဖြစ်နေရပါသည်ဘုရား။

**ယမမင်း။** ။ ရှိစေတော့၊ အမောင်သည် လူ့ပြည် လူ့ဘဝတွင် အိုသောသူကိုလည်းကောင်း၊ နာသောသူကိုလည်းကောင်း၊ သေသောသူကိုလည်းကောင်း တွေ့ရှိခဲ့ဖူးပါ၏လော။

**ငရဲသား။** ။ တွေ့ရှိခဲ့ဖူးပါသည် ယမမင်း။

**ယမမင်း။** ။ ထိုသို့တွေ့ရှိသောအခါ ငါသည် ထိုသူကဲ့သို့ အိုရဦးမှာပါတကား၊ ငါသည် ထိုသူကဲ့သို့ နာရဦးမှာပါတကား၊ ငါသည် ထိုသူကဲ့သို့ သေရဦးမှာပါတကား၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောတရားတို့ကို မလွန်မြောက်နိုင်သေးပါတကားဟု ဆင်ခြင်သုံးသပ်ကာ ကိုယ်စိတ်နှလုံး သုံးပါးကို စောင့်စည်း၍ ကုသိုလ်တရားဖြင့် ကောင်းကောင်းကြီးနေမှ တော်တော့မည်ဟု အကြံအစည် ဖြစ်ပေါ်ကာ ထိုအကြံအစည်နှင့်အညီ ကုသိုလ်ကောင်းမှု ပြုလုပ်နေထိုင်ခဲ့သည်ကို သင် သတိရပါ၏လော။

**ငရဲသား။** ။ အကျွန်ုပ် မေ့လျော့သည့်အတွက် ကုသိုလ်ကောင်းမှု၌ စိတ်မဝင်စားမိခဲ့ပါ ယမမင်း။ ကုသိုလ်ပြုလုပ်ခဲ့ဖူးမည် ဖြစ်သော်လည်း လူ့ဘဝတွင် အသက်ထင်ရှား ရှိစဉ်က သတိတရားကို မတည်ဆောက်ခဲ့မိ၍ ကမ္မဋ္ဌာန်း





စခန်း၊ ဝိပဿနာစခန်းများသို့ [illegible]ခဲ့။ မကျင့်မကြံ အားမထုတ်ခဲ့၍ ယခုအခါ သတိမရနိုင်ဘဲ မေ့လျော့၍သာ ဖြစ်နေပါသည် ယမမင်း။

**ယမမင်း။** ။ ရှိစေဦးတော့။ သင်သည် လူ့ပြည် လူ့ဘဝတွင် အကျဉ်းကျနေသော အကျဉ်းသားကို မြင်ခဲ့ဖူးပါ၏လော။

**ငရဲသား။** ။ မြင်ခဲ့ဖူးပါသည် ယမမင်း။

**ယမမင်း။** ။ အကျဉ်းသားကို တွေ့မြင်သောအခါ သည်အကျဉ်းသားသည် မကောင်းမှု အကုသိုလ်တရားကို ပြုလုပ်ခဲ့၍ ယခုမျက်မှောက်ဘဝမှာပင် အကျဉ်းသားဘဝသို့ ရောက်ရှိခဲ့ရသည်။ ငါသည်လည်း ကုသိုလ်တရားကို မေ့လျော့၍ ကိုယ်နှုတ်နှလုံး သုံးပါး မစောင့်စည်း မဆင်ခြင်ပါက ဆင်းရဲခြင်း ဘေးဒုက္ခအပေါင်းတို့မှ မလွန်မြောက်နိုင်။ ငါသည် ယခုအချိန်မှစ၍ ကိုယ်နှုတ်နှလုံးသုံးပါးကို ကောင်းကောင်းကြီး စောင့်စည်းနေထိုင်မှ၊ ကုသိုလ်တရား ပွားများအောင် ဆောင်ရွက်သော်မှ တော်ကာကျမည်ဟု အကြံအစည်ဖြစ်ကာ ထိုကဲ့သို့ ပြုလုပ်ခဲ့ဖူးပါသလော။

ယမမင်းသည် ငရဲသားလောင်းအား ယခင်က မိမိပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်နှင့် ကိုယ်စိတ်နှလုံးသုံးပါးကို မိမိစောင့်ထိန်းခဲ့သည်များကို သတိရစေရန် အလွန်ကြင်နာစွာဖြင့် ရေလာမြောင်းပေးစကားများဖြင့် စစ်ဆေး၏။ ထိုအခါ ငရဲသားသည် လူ့ဘဝက သတိတရားကို မတည်ဆောက်ခဲ့သောကြောင့် မိမိပြုခဲ့ဖူးသော ကုသိုလ်တရားတို့ကိုပင် မေ့လျော့နေ၏။ သို့မဟုတ် ငရဲသားလောင်းသည် လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တွင်နေစဉ်က မြူးထူးခြင်း၊ ပျော်ပါးခြင်းတို့ဖြင့်သာ အချိန်ကုန်၍ တွေ့ဝေမှု၊ မေ့လျော့မှုတို့ ဖြစ်နေရကား ကုသိုလ်ကောင်းမှုကို စိတ် မဝင်စားခဲ့ခြင်း ဖြစ်နေ၏။

ယမမင်းသည် ကလေးငယ်ကို ညွှန်ပြ၍လည်းကောင်း၊ ဒုတိယ အကြိမ် သူအိုကို ညွှန်ပြ၍လည်းကောင်း၊ တတိယအကြိမ် သူနာကို ညွှန်ပြ၍လည်းကောင်း၊ စတုတ္ထအကြိမ် သူသေကို ညွှန်ပြ၍လည်း ကောင်း၊ ပဉ္စမအကြိမ် အကျဉ်းသားကို ညွှန်ပြ၍လည်းကောင်း ငါးကြိမ်တိုင် ကုသိုလ်ကောင်းမှုကို သတိရစေခြင်းအကျိုးငှာ မေး၍ သက်ညှာစွာ စစ်ဆေး၏။ လူ့ဘဝတွင် ကြားဖူးနားဝရှိသော ပုလိပ် သားတို့ စစ်ဆေးပုံနည်းများဖြင့် စစ်ဆေးခြင်းမဟုတ်။ ယမမင်းသည် ငရဲသားအား ငါးကြိမ်တိုင်တိုင် အကျိုးအကြောင်းကို ဆက်စပ်၍ ကုသိုလ်ကောင်းမှုကို သတိရစေရန် ရေလာမြောင်းပေး မေး၍မှ သတိမရသေးလျှင် ယမမင်းက မောင်မင်း၊ အမောင် ရှိစေဦးတော့။ ကုသိုလ်တရားများကို သတိမရလျှင် သင်သည် လူ့ပြည် လူ့ဘဝတွင် ကုသိုလ်ကောင်းမှုပြုစဉ်က ငါ ယမမင်းကိုကော အမျှပေးဝေဖူးပါ သလား၊ အမျှပေးဝေခဲ့သည်ကို သတိရပါ၏လောဟု မေး၏။

ထိုအခါ ငရဲသားလောင်းသည် စဉ်းစား၏။ သို့သော် လူ့ဘဝ တွင် အသက်ရှင်နေစဉ်က သတိတရားကိုလည်း မတည်ဆောက်ခဲ့။ ကမ္မဋ္ဌာန်း ဝိပဿနာစခန်းများကိုလည်း မရောက်ခဲ့ဖူး။ မေ့လျော့ ပေါ့ဆခြင်းတို့ဖြင့်သာ အခွင့်အာဏာတို့ဖြင့် မာန်တက်ခြင်း စသည်ဖြင့် အချိန်ကုန်လွန်ခဲ့သော ငရဲသားလောင်းသည် "ယမမင်း၊ အကျွန်ုပ် သည် ယမမင်းအားလည်း အမျှပေးဝေမှု ပြုခဲ့သည်ကိုလည်းကောင်း၊





မပြုခဲ့သည်တို့ကိုလည်းကောင်း ယခုအခါ အမှတ်မရ သတိမရှိဘဲ ဖြစ်နေရပါသည်"ဟု ပြောပြသောအခါ ယမမင်းသည် ငရဲသားအား စစ်ဆေးမှုကို ရပ်၍ မိမိဘာသာမိမိ စဉ်းစား၏။

ဤသူသည် လူ့ဘဝ လူ့အဖြစ်၌ ကုသိုလ်ပြုစဉ်က ငါ ယမမင်း အား အမျှဝေခဲ့ဖူးပါသလား ဆိုသည့်အချက်ကို မိမိဘာသာ အဖန်ဖန် အကြိမ်ကြိမ် ပြန်၍စဉ်းစား၏။ ထိုသို့စဉ်းစား၍ရရှိပါက သင်သည် မေ့လျော့နေသောကြောင့်သာ လူ့ဘဝ လူဖြစ်စဉ်က ပြုခဲ့သော ကုသိုလ် နှင့် ငါ ယမမင်းအား အမျှပေးဝေခဲ့မှုကို သတိမရခြင်း ဖြစ်သည်။ သင်သည် ဘယ်သောအခါက ကျွန်ုပ်အား အမျှအတန်း ပေးဝေခဲ့ဖူး သည်ကို ငါ သတိရသည်။ ထိုအခါ ငါသည် သာဓုခေါ်ခဲ့ရဖူး၏။ ထိုအခါ သင် အမျှဝေခဲ့သည်ကို သင် သတိရပါ၏လောဟု မေးသော အခါ ငရဲသားသည် ယမမင်း အစဖော်ပေးခါမှ သတိရရှိကာ မှန်ပါ၏ ယမမင်း၊ အကျွန်ုပ်သည် ယမမင်း သတိပေးမှ ထိုအမျှဝေ မှုနှင့် ကုသိုလ်တရားကို သတိရပါ၏ဟု ဆိုပါက ထိုသူသည် ငရဲကျ ခြင်းမှ ကင်းလွတ်၍ ယမမင်း ဖော်ထုတ်ပေးသော သတိတရားဖြင့် နတ်ဘုံသို့ ရောက်စေနိုင်၏။ လူ့ဘဝက မိမိပြုခဲ့ဖူးသော ကုသိုလ်ကို မိမိ သတိပြန်ရလျှင်လည်း ငရဲမှလွတ်၍ နတ်ပြည်ရောက်၏။

ထိုသို့မဟုတ်ဘဲ ယမမင်းအား မိမိ ကုသိုလ်ကောင်းမှုပြုစဉ်က အမျှပေးဝေမှု မပြုခဲ့လျှင်သော်လည်းကောင်း၊ မိမိက ယမမင်းအား ကုသိုလ်ကောင်းမှုပြုစဉ်က တိုင်တည် အသိပေးသော်လည်း ယမမင်း မကြားနိုင်သောအခြေအနေ၌ ရှိနေ၍ မကြားဖြစ်ခဲ့လျှင်သော်လည်း ကောင်း ငရဲမင်းက ထိုငရဲသားအား နှုတ်ဆိတ်ကာ မျက်နှာလွှဲ၍



www.burmeseclassic.com

www.burmeseclassic.com



နေတော့၏။ ထိုအခါ ငရဲသားတို့သည် အကြင်ပုဂ္ဂိုလ်အား ခေါ်ဆောင်သွားကာ ကြမ်းကြုတ်ရက်စက်စွာ ပုတ်ခတ်ရိုက်နှက်၍ ငရဲမီး ငရဲခိုး ငရဲငွေ့များအကြားတွင် ခံစားစေ၏။

"ကဲ...ဒကာကြီး၊ ဦးပဥ္စင်းပြောတာကို သဘောပေါက်ပါသလား"

"သဘောပေါက်ရုံသာမက ကြောက်လည်း ကြောက်ရွံ့မိပါတယ်ဘုရား"

"ဒကာကြီးရော သတိတရားတည်ဆောက်ခြင်းဖြစ်တဲ့ ကမ္မဋ္ဌာန်း ဝိပဿနာတရားတည်ဆောက်တာ ပြုလုပ်ဖြစ်ရဲ့လား ဒကာကြီးရဲ့"

"ဦးပဥ္စင်းဘုရား၊ တပည့်တော်လည်း ဒါနတရား၊ သီလတရားနဲ့ပဲ ကျင်လည်နေပြီး ဝိပဿနာစခန်းအထိ မရောက်ဖြစ်ပါဘူးဘုရား"

"ဘဝမှာ ဒါနချည်း၊ သီလချည်း၊ ကုသိုလ်တရားချည်းဆိုလည်း ကောင်းပါရဲ့၊ နတ်ပြည်၊ နတ်ရွာ လှမ်းနိုင်ပါရဲ့"

"မှန်လှပါ၊ ပုထုဇဉ် လူ့ဘဝကုသိုလ်ချည်းပဲလည်း ဘယ်တည်နေနိုင်ပါ့မလဲဘုရား၊ အကုသိုလ် ဒုစရိုက်တရားလည်းပဲ ရှိစမြဲပါဘုရား"

"ဒီလိုဆိုလည်း ယမမင်းကြီးနဲ့ တွေ့တဲ့အခါ ကိုယ်ပြုလုပ်ဖူးတဲ့ ကုသိုလ်လေး ပြန်ပြောနိုင်အောင် သတိတရား အပ္ပမာဒတရားလေးလည်း မြဲအောင် တည်ထောင်ဦးပေါ့ ဒကာကြီး"

"မှန်လှပါဘုရား၊ တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

"ဒကာကြီး၊ ဦးပဥ္စင်းနဲ့ ဒကာကြီး ယခုရောက်ရှိနေရာ မိဂဒါဝုန်အရပ်ဟာ နေရာထူး နေရာမြတ်၊ မြတ်စွာဘုရား သစ္စာတရားလေးပါးကို မိန့်မြွက်မှာထား ဟောကြားတော်မူရာအရပ်လည်း ဖြစ်တယ်" ဟု ဆိုပါ၏။





"ဆရာတော်ဘုရား၊ တပည့်တော်အား ကြင်နာသနားသည့်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သစ္စာတရားတော်မြတ်ကို ရှင်းလင်းပြသ ဟောကြားမိန့်မြွက်တော်မူပါဘုရား" ဟု လျှောက်ထားမိပါ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

## သစ္စာလေးပါး မြတ်တရား

ထိုအခါ ဆရာတော်ဦးပဥ္စင်းက သစ္စာလေးပါးကို အမြွက်မျှ ဟော ကြားပေးတော်မူပါ၏။

သစ္စာတရား လေးပါး ဆိုသည်မှာ-

(၁) ဒုက္ခသစ္စာ၊

(၂) သမုဒယသစ္စာ၊

(၃) နိရောဓသစ္စာနှင့်

(၄) မဂ္ဂသစ္စာ

တို့ဖြစ်၏။

**ဒုက္ခသစ္စာ - ဆင်းရဲခြင်းသည် အမှန်တရားဖြစ်၏။**

အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲတို့အပြင် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း အပေါင်းတို့သည် ရှိ၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားများသည် မတည်မြဲ အစဉ်ဖောက်ပြန် ပြောင်းလဲလျက်ရှိ၏။ မတည်မြဲသမျှသည် ဒုက္ခ ဆင်းရဲပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



**သမုဒယသစ္စာ**။ ။ ဆင်းရဲခြင်းဖြစ်ရကြောင်း အမှန်တရားသည် ကာမဂုဏ်၌ တပ်မက်ခြင်း၊ ကာမတဏှာ၊ ဘဝ၌တပ်မက်ခြင်း၊ ဘဝတဏှာ၊ ဘဝပြတ်ခြင်း၌ တပ်မက်ခြင်း ဝိဘဝတဏှာဟူသော တဏှာသုံးပါးရှိ၏။ တဏှာရှိနေသမျှ သံသရာစက်ရဟတ်သည်လည်း လည်ပတ်ကျင်လည်မြဲ ကျင်လည်နေမည် ဖြစ်၏။ သမုဒယ တဏှာဟူသမျှ ဒုက္ခချည်းဖြစ်၏။ အမှန်တရား သစ္စာ (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်မှ တဏှာစက်ရဟတ်သည် အလည်ရပ်မည် ဖြစ်၏။

**နိရောဓသစ္စာ**။ ။ တဏှာချုပ်ငြိမ်းခြင်းကို နိရောဓနိဗ္ဗာန်ဟု ခေါ်၏။ နိဗ္ဗာန်သည် ဘဝကွယ်လွန်ပြီးမှသာ ရောက်ရှိနိုင်သည်မဟုတ်။ ပစ္စုပ္ပန် လက်ရှိအသက်တည်ဆဲဘဝ၌ပင် မျက်မှောက်ပြုနိုင်၏။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သူသည် စိတ်အချမ်းသာဆုံး ပုဂ္ဂိုလ်သာလျှင် ဖြစ်၏။

**မဂ္ဂသစ္စာ**။ ။ ဒုက္ခတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ညွှန်ပြသော– အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂင်လမ်းသည် ရှိ၏။

မဂ္ဂင်ရှစ်ပါးသည်–

မှန်ကန်စွာမြင်ခြင်း၊

မှန်ကန်စွာကြံစည်ခြင်း၊

မှန်ကန်စွာပြောခြင်း၊

မှန်ကန်စွာပြုခြင်း၊

မှန်ကန်စွာအသက်မွေးခြင်း၊

မှန်ကန်စွာအားထုတ်ခြင်း၊





မှန်ကန်စွာသတိရခြင်း၊

မှန်ကန်စွာရှုးစိုက်တည်ကြည်ခြင်းတို့ဖြစ်၏။ မဂ္ဂင်လမ်းသည် အစွန်းနှစ်ပါးကို ဖယ်ရှားသောလမ်း ဖြစ်၏။ ကျေးဇူးမရှိသော ကာမဂုဏ်အာရုံကို လိုက်စားမြူးထူးပျော်ပါးခြင်းဖြင့် ချမ်းသာကို ရှာခြင်းသည် အစွန်းတစ်ပါးဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် အကျိုးမရှိသော၊ မိမိကိုယ်မိမိ နှိပ်စက်ညှဉ်းဆဲကြိုးပမ်းသော ကျင့်စဉ်ဖြင့် ကျင့်ခြင်းသည်လည်း အစွန်းတရား တစ်ပါးဖြစ်၏။ မြတ်စွာဘုရားသည် အစွန်းတရား နှစ်ပါးလွတ်သောလမ်းမှန်ကို ကိုယ်တော်တိုင် စမ်းသပ် တွေ့ရှိခဲ့သည်ဖြစ်၏။ ထိုလမ်းကား မဂ္ဂင်လမ်းပင်ဖြစ်၏ဟူ၍ ဆရာ တော် ဦးပဉ္ဉင်းက ရှင်းလင်းဟောကြားပြန်ပါ၏။

မိမိသည် ဆရာတော်ဦးပဉ္ဉင်းထံမှ မြတ်စွာဘုရား၏ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့် မမေ့မလျော့အပ်သော အပ္ပမာဒ တရားတော်များကို မှတ်သားကာ မိဂဒါဝုန်မှ ထွက်ခဲ့ပါ၏။

အပ္ပမာဒတရားတော်ကို ဟောကြားစဉ် ဆရာတော်ဦးပဉ္ဉင်းက ကိုယ်တိုင် တရားအားထုတ်၍ စိတ်ကို တည်ဆောက်ရန်လည်း တိုက်တွန်း၏။ မိမိသည် ဆရာတော်ဦးပဉ္ဉင်း မြွက်ကြားသော ယမမင်း တရားစီရင်သည်ကို ကြားသိရပြီး ကြောက်ရွံ့သောစိတ်လည်း ဖြစ်ပေါ်၏။

ဆရာတော်ဦးပဉ္ဉင်းထံမှ ဖော်ပြပါ လေးပါးသောသစ္စာတရားကို မိဂဒါဝုန်၌ နာကြားပြီးသောအခါ မိမိသည် ဗာရာဏသီမြို့တွင်းသို့ ပြန်ခဲ့၏။ ဗာရာဏသီမြို့သည် လူဦးရေ တစ်သန်းကျော်ရှိသောမြို့ကြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီမြို့သည် ကမ္ဘာလှည့်ခရီးသည်များ အသွားအလာများသော မြို့ကြီးတစ်မြို့ ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား တရားဦးဟောရာမြို့ဖြစ်သော်လည်း ဗာရာဏသီသည် သမိုင်းစဉ်တစ်လျှောက်၌ မွတ်စလင်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခံခဲ့ရသောမြို့ ဖြစ်သည်။ ဗာရာဏသီမြို့သည် သက္ကတဘာသာသင်ကြားမှု ဗဟိုဌာနလည်း ဖြစ်၏။ အိန္ဒိယတစ်နိုင်ငံလုံးမှ သက္ကတ ဘာသာသင်ကြားလိုသူများသည် ဗာရာဏသီမြို့သို့ လာရောက်ပညာသင်ကြားကြ၏။ ထိုမျှကြီးကျယ်သော်လည်း ဗာရာဏသီမြို့ တည်ရှိရာ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်သည် အိန္ဒိယနိုင်ငံတွင် ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်တစ်ခု ဖြစ်၏။ ဗာရာဏသီမြို့သည် ရာမာယနဇာတ်တော်ကြီးကို ဟိန္ဒူအတွေးအမြင်နှင့် ရေးသားခဲ့သော အလွန်ကျော်ကြားသည့် စာဆိုကြီး တော်ဆီဒပ်(စ) Tulsi Das နေထိုင်ခဲ့ရာအရပ်လည်း ဖြစ်၏။

ဆရာတော်ဦးပဍ္ဍင်းသည် မိဒဂါဝုန်မှ မြို့တွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ တိုက်ရိုက်ပြန်သွားခဲ့သော်လည်း မိမိသည် ဂင်္ဂါမြစ်ကမ်းသို့ ထွက်လာ၏။ ထိုနေ့ညနေက အဘယ်ကြောင့်ရယ်မသိ။ ဂင်္ဂါမြစ်ကမ်းခြေ၌ လူတွေက တိုးမပေါက်အောင် စည်ကားနေ၏။ ဂင်္ဂါမြစ်ရေကို မိမိလက်ဖြင့် ထိဖို့အရေး ဂင်္ဂါမြစ်ကမ်းသို့ရောက်အောင် မနည်းကြိုး သွားခဲ့ရ၏။ ဂင်္ဂါမြစ်ကမ်းရောက်တော့ နေဝင်၍ မိုးချုပ်နေပြီ။

မိမိသည် ကြိတ်ကြိတ်တိုးနေသောလူများကို ကျော်၍ ဂင်္ဂါမြစ်ကြီးကို လှမ်း၍ကြည့်လိုက်၏။ မြစ်ပြင်ကြီးမှာ ကျယ်ဝန်းလှ၍ မြစ်



အနေအထားကို ဘယ်လိုမှ မခန့်မှန်းနိုင်ဘဲရှိ၏။ ဟိန္ဒူတို့သည် ဤမြစ်ရေဖြင့် မိမိတို့ကိုယ်ကို သန့်စင်ပါက အကုသိုလ်အညစ်အကြေးတို့ ဆေးကြောပြီးဖြစ်သည်ဟု အယူရှိကြ၏။ ထို့ကြောင့်လည်း သန်းပေါင်းများစွာသော ဟိန္ဒူတို့သည် မိမိတို့ကိုယ်ကိုမိမိ ဂင်္ဂါမြစ်ရေဖြင့် လာရောက်သန့်စင်ကြ၏။ ဗုဒ္ဓမြတ်စွာဘုရားကမူ မိမိတို့စိတ်ကို မိမိတို့ကိုယ်တိုင် သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်းဖြင့်သာ အကုသိုလ်အညစ်အကြေးတို့မှ ကင်းစင်နိုင်မည်။ မိမိတို့စိတ်သည် အမြဲသန့်ရှင်းနေစေရန် အစဉ်ထာဝရ သတိတရားကို လက်ကိုင်ထားရမည်ဟု ဟောကြားတော်မူခဲ့ပါ၏။

ညနေကလည်း ဆရာတော်ဦးပဍ္ဍင်းသည် သတိတရားအကြောင်းကို ဟောကြားခဲ့၏။ ထို့ကြောင့်လည်း မိမိ၏စိတ်သည် ဂင်္ဂါမြစ်ကမ်းသို့ မရောက်ဖူး၍သာ ထွက်ခဲ့ရသော်လည်း မိမိဘာသာမိမိ ဝင်သက်ထွက်သက်ကို ထိန်းချုပ်၍ သတိတရားတည်ဆောက်ကြည့်လိုသောဆန္ဒက ပို၍ များပြားနေ၏။ မြန်မာဘုန်းတော်ကြီးကျောင်း ရောက်ပါက ရောက်ရောက်ချင်း တရားထိုင်မည်ဟုလည်း စိတ်ကူးထား၏။ မိမိသည် ယခင်က တစ်ခါဖူးမှ တရားစခန်း မဝင်ဖူးပါ။ တရားမထိုင်ဖူးပါ။

ဗာရာဏသီသည် မြို့ကြီးပြကြီး ဖြစ်သည်။ သာဝတ္ထိက လူသူကင်းရှင်းသော ကျေးလက် တောရွာလေးဖြစ်၍ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ သာဝတ္ထိရှိ ဇေတဝန်ကျောင်းတော်နေရာရောက်သောအခါတွင်မှ တရားထိုင်ရ ကောင်းမလားဟု စိတ်ထဲ၌ ဖြစ်ပေါ်နေ၏။

www.burmeseclassic.com



မိမိသည် ည ၉–နာရီမှပင် ကျောင်းသို့ ရောက်၏။ ရေမိုးချိုးပြီး ဘယ်မှ မသွားတော့ဘဲ အိပ်ရာထဲသို့ တန်းဝင်ခဲ့၏။ အိပ်ရာထဲသို့ တန်းဝင်ခဲ့ခြင်းမှာ ယခုညပင် စမ်း၍ တရားထိုင်ကြည့်ရန် စိတ်သန်နေခြင်းကြောင့်ဖြစ်၏။ ကျွန်တော်သည် မီးပိတ်၍ ခြင်ထောင်ကိုချကာ ဝင်သက် ထွက်သက်ကို မှတ်သား၍ တရားထိုင်သည်။ တရားထိုင်စဉ်ခဏတွင် စိတ်တို့သည် အလွန်မှ ပျံ့လွင့်လွန်း၏။ မိမိ စွဲလမ်းခင်မင်ရာအရပ်၊ မိမိခင်မင်သောပုဂ္ဂိုလ်၊ မိမိဝါသနာပါရာ လုပ်ငန်း စသည့် အတွေးများသည် တရားထိုင်မှပင် တစ်ခုပြီးတစ်ခု တန်းစီ၍ ဝင်ရောက်လာ၏။ သို့သော် မိမိသည် မှတ်သားရမည့် တရားကို ကြိုးစား၍ မှတ်ရင်းက ငိုက်မျဉ်းမှုဖြစ်ရသည်ကလည်း အကြိမ်ကြိမ်။ မည်မျှကြာအောင် ငိုက်မျဉ်းခဲ့သည်မသိ။ မိမိအား ကုလားဒရိုင်ဘာက သာဝတ္ထိသို့ သွားရန် အချိန်ရောက်ပြီ၊ လူတွေစုံပြီဟု ဆိုသဖြင့် ကားပေါ်သို့ ပြေးတက်ခဲ့ရ၏။ ကားပေါ်သို့ရောက်တော့ ကားမှာ စထွက်ရန် အားလုံး အသင့်ဖြစ်နေ၏။ အဖော်များရော မိဂဒါဝုန်တွင် တွေ့ခဲ့ရသော ဆရာတော်ဦးပဋ္ဌင်းပါ ကားပေါ်သို့ ရောက်ရှိနေပြီ။

ကားသည် ထွက်ပြီဟုဆိုသည်နှင့် အလွန်ဖြောင့်မတ်သောလမ်းကို တစ်ရှိန်းထိုးမောင်း၏။ အိန္ဒိယနိုင်ငံတွင် ယခုကဲ့သို့သော ဖြောင့်မတ်သည့် လမ်းသည် အလွန်ရှားသောကြောင့် အံ့သြ၍ပင်နေသည်။ ပတ်ဝန်းကျင်မှာ ပထမပိုင်းတွင် အတော်သာယာလှသော်လည်း ခရီးအတော်အတန်ပေါက်တော့ ကျီးကန်းများနှင့် လင်းတများ၏ အကြီးအကျယ်နှောင့်ယှက်သည်ကို ခံရ၏။

အိန္ဒိယနိုင်ငံတွင် လူများသေဆုံးပါက မိမိတိုက်ခေါင်မိုးပေါ်တွင် လူသေအလောင်းကို တင်ထားပြီး လင်းတများအား ခန္ဓာကိုယ် ဒါန





ပြုကာ အရိုးကျမှ အရိုးကိုကောက်ယူ သင်္ဂြိုဟ်သော အယူအဆရှိ၏။ ကားသမားကလည်း ကျီးနှင့် လင်းတကြီးများရန်မှ လွတ်ရန် ကားကို မြန်သည်ထက်မြန်မြန်မောင်း၏။ မည်မျှမြန်သနည်းဆိုလျှင် အိန္ဒိယနိုင်ငံလုပ် အင်ဘာဆာဒါကားသည် ကတ္တရာလမ်းနှင့် မထိဘဲ လွတ်နေ၏။ မကြာမီ ကျွန်တော်တို့ရှေ့တွင် မြစ်တစ်စင်း ကန့်လန့်ဖြတ် စီးဆင်းနေသည်ကို တွေ့၏။ ဒီအတိုင်း တည့်တည့်ကြီးမောင်းပါက မြစ်ထဲသို့ ထိုးကျဖွယ်ရာရှိ၏။ မြစ်ကြီးမှာ ဂင်္ဂါမြစ်ကြီးပင်ဖြစ်ဟန်တူသည်။ တကယ်တမ်း မြစ်ကြီးကို ဖြတ်တော့ ဧရာမကြီးကျယ်ခမ်းနားသော တံတားကြီးက ရှိနေ၏။ ကား၏အရှိန်က ပို၍ပို၍မြန်လာ၏။ ခဏကြာတော့ ခေါင်းနီနီနှင့် လင်းတ တစ်အုပ်က ကားရှေ့မှ ဖြတ်ပြေးရာ ကားသည် အရှိန်မသတ်နိုင်ဘဲ လမ်းဘေးချောက်ထဲသို့ ကျသွားသည်ကို သိလိုက်၏။

ထိုကဲ့သို့ ကားကျသွားစဉ် မိမိသည် ဘာဝေဒနာကိုမှ ပြင်းပြင်းထန်ထန် မခံစားရပါ။ မိမိဘေးတွင်လည်း ပုဂ္ဂိုလ်တစ်ဦး ရှိနေ၏။ အိန္ဒိယအမျိုးသား မဟုတ်။ မြန်မာတစ်ဦးသာ ဖြစ်၏။ အိန္ဒိယအမျိုးသား ယာဉ်မောင်းသည် ဘယ်သို့ရောက်သွားသည် မသိတော့။ မိမိနှင့် မိမိဘေးမှ ပုဂ္ဂိုလ်သည် ထိုမော်တော်ကားကို စွန့်ကာ ခရီးရှည်ကြီးတစ်ခုကို စတင်လျှောက်လာခဲ့ရ၏။ မိမိတို့ ယခုလျှောက်နေသော ခရီးအရှိန်သည် မိမိတို့ စီးလာသော မော်တော်ကား မောင်းလာသည့်အရှိန်ထက် အဆပေါင်း မြောက်မြားစွာ မြန်သည်။ အသံ၏ သွားနှုန်းထက်လည်းကောင်း၊ အလင်းရောင်၏ သွားနှုန်းထက်လည်းကောင်း ပို၍မြန်နေသလိုလို ရှိ၏။ ခရီး စထွက်စဉ်က မိမိတို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးပဉ္ဇင်း ပါရှိသော်လည်း ယခုခရီးတွင်မူ မပါရှိတော့ပါ။ မိမိတို့သည် ထိုမျှသော အမြန်နှုန်းဖြင့် ဖြတ်သန်းကာ ဘယ်အရပ် ဘယ်နေရာဆီသို့ ခရီးနှင်နေကြသည်ကို မိမိတို့နှစ်ယောက်စလုံး မသိ။ တစ်ခါတစ်ရံ တစ်စုံတစ်ခုသော အမှောင်အမိုက်အတွင်းကို ဖြတ်နေရသည့်အလား ရှိ၏။ အမှောင်သည် ပို၍မိုက်လာ၏။ အမိုက်သည် ပို၍ပို၍ထူထဲလာ၏။

မိမိ၏ ယခုဖြစ်ရပ်သည် အိပ်မက် မက်နေတာလား၊ တကယ်ဖြစ်ရပ်တစ်ခုနှင့် ကြုံကြိုက်နေရတာလားဟူသော အချက်ကိုလည်း ခွဲခြား၍ မရပါ။ မိမိတို့ တကယ်ကားမှောက်ပြီး တစ်ဘဝမှ အခြားတစ်ဘဝသို့ အကူးအပြောင်း နယ်နိမိတ်တစ်ရပ်ရပ်ကို ဖြတ်သန်းနေရခြင်းလည်း ဖြစ်နိုင်ပါ၏။ တိမ်တိုက်လို၊ အခိုးအငွေ့လို၊ နဂါးငွေ့တန်းလို အရာများ၊ အမှောင်အမည်း ကန္တာရစခန်းများနှင့် လွင့်ပါးမျောနေမှုများကို ဖြတ်သန်းပြီးသော် မိမိတို့သည် ယမမင်း၏နယ်မြေ ငရဲပြည်သို့ ဝင်ရောက်ခဲ့ကြ၏။ မိမိတို့သည် အလင်းလွန် အလင်းတန်းကြီးများကိုလည်း ဖြတ်သန်းခဲ့ရ၏။

မိမိတို့ ယခုကြုံတွေ့နေရသည်မှာ အိပ်မက်မဟုတ်တော့သည်မှာ သေချာနေပြီဖြစ်၏။ မိမိတို့ထံသို့ ငရဲသားများ ချက်ချင်းရောက်ရှိလာပြီး ယမမင်းထံသို့ ပို့၏။ ယမမင်းသည် မိမိတို့ ထင်ထားသကဲ့သို့ အလွန်ကြောက်မက်ဖွယ်ရာအဆင်း ရှိသည်မဟုတ်။ အလွန့်အလွန် သိမ်မွေ့၍ အလွန့်အလွန် ညာတာထောက်ထား အသိတရားနှင့် ပြည့်စုံပြီး နူးညံ့သိမ်မွေ့ ချောမောလှပကာ ငေးကြည့်ရလောက်အောင် အသွင်ရှိ၏။





ယမမင်းအား တရားစီရင်စေခြင်းသည် တရားစီရင်ရာတွင် အလွန်မှ ညာတာထောက်ထားစေရန်၊ ငရဲသားတို့ ညာတာထောက်ထားမှု အပြည့်ရရှိစေရန် ရည်သန်၍ တာဝန်ပေးခြင်း ဖြစ်နိုင်၏။ ယမမင်းကြီးသည် ဝေမာနိကပြိတ္တာမင်းပင် ဖြစ်သည်။ တစ်ခါတစ်ရံ ပြိတ္တာကဲ့သို့ပင် ခံစားနေရသူ ဖြစ်ပေရာ သူသည် ကိုယ်ချင်းစာနာမှု၊ ထောက်ထားညာတာမှုကို အပြုနိုင်ဆုံး ပုဂ္ဂိုလ်သာဖြစ်၏။ သို့မဟုတ်ဘဲ အခြားတစ်ပါးသော နတ်တို့ကို ယမမင်းနေရာတွင် တရားစီရင်မှုပြုစေပါက ပြိတ္တာအဖြစ် ကိုယ်တိုင်ခံစားနေရသော ယမမင်းလောက် ကိုယ်ချင်းစာနာမှု မရှိနိုင်သည်မှာ သေချာလှပါ၏။

ယမမင်းကြီးသည် မနေ့က ဆရာတော်ဦးပဉ္ဇင်း မြွက်ကြားသကဲ့သို့ပင် မိမိရှေ့မှပုဂ္ဂိုလ်အား စတင်၍ စစ်ဆေးပါတော့၏။

“အမောင်၊ အမောင်သည် အသိတရားရှိသော လူ့ဘဝကို ရရှိခဲ့သည်။ အမောင်သည် အသိတရားရှိသောလူအဖြစ် လူဘဝတွင် နေခဲ့သည်။ ထိုသို့ လူ့ဘဝ၌ နေခဲ့စဉ်အတွင်းကလေး သူအို၊ သူနာ၊ သူသေနှင့် အကျဉ်းသားတို့ကို တွေ့၍ ငါသည် ဤကလေးငယ်ကဲ့သို့ ပဋိသန္ဓေ နေခြင်းဆင်းရဲ၊ အကျဉ်းသားကဲ့သို့ ကျဉ်းကျပ်လှသော ဆင်းရဲခံရမည့် အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့ဖြင့် အမှန်တကယ် ကြုံတွေ့ရမည်မှာ အမှန်ပါတကား။ ထိုသို့သောအရာများသည် ဒုက္ခစင်စစ် ဧကန်ဖြစ်ပါတကား။ ထိုဒုက္ခတို့မှ ကင်းစေရန် ဤရှင်သန်မှု အသိတရားရှိသော လူ့ဘဝတွင် ငါသည် ကောင်းမှုကုသိုလ် အထူးကိုပြုမှ တော်ချေမည်ဟုဆိုကာ ကောင်းမှုတစ်စုံတစ်ရာ ပြုခဲ့ပါသလော”ဟု မေးလေ၏။ ထိုအခါ မိမိနှင့်အတူ ယမမင်းထံသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေသော ပုဂ္ဂိုလ်မှာ မိမိတို့ လူ့ဘဝမှ ဖြတ်သန်းလာခဲ့ခြင်းသည် အချိန်နာရီအားဖြင့် ဘာမျှမကြာသေးသော်လည်း ဖြတ်သန်းလာသောခရီး၏ မြန်ဆန်မှု၊ ဆန်းကြယ်မှု၊ အပူအအေး မမျှတမှု၊ အလင်းအမှောင် ပြင်းထန်လွန်းမှု အစရှိသော ပေါင်းစုံသော အခြင်းအရာတို့ကြောင့် ဖြစ်ခဲ့ပြီးသမျှသော အရာတို့ကို မေ့လျော့၍နေလေတော့၏။

ထိုအခါ "အမောင် သတိတရားထား၍ စဉ်းစားဦးလော့"ဟု ယမမင်းက ဆို၏။

မိမိရှေ့မှပုဂ္ဂိုလ်က–

"ဘာမျှ ဉာဏ်တွင် ထင်လင်းစွာပေါ်အောင် မစဉ်းစားနိုင်ပါ၍ ကောင်းမှုကုသိုလ်လုပ်ခဲ့သည် မလုပ်ခဲ့သည်ကို သတိမရ မမှတ်မိ မသိရှိပါ ယမမင်း"ဟု ဆို၏။

"ထပ်၍စဉ်းစားဦး"ဟုဆိုကာ ယမမင်းသည် အလွန်စိတ်ရှည်ပျော့ပျောင်းစွာ ဆိုပါ၏။ သေခြင်းဟူသော ဖြစ်ရပ်ကြီးကို ဖြတ်သန်းရမှုသည် ပြောင်းလဲမှု၊ ထူးခြားဆန်းကြယ်မှု၊ အံ့သြဖွယ်ဖြစ်မှုတို့ကြောင့် သာမက အသက်ရှင်စဉ်က ဘာသတိတရားကိုမျှ မတည်ဆောက်ထားခဲ့သဖြင့် ရှေ့မှပုဂ္ဂိုလ်သည် သူ၏ဉာဏ်တွင် အသိတရားဟူ၍ ထင်လင်းစွာ ဘာတစ်ခုမျှမရှိဘဲ ရှိနေပါ၏။

ရှေ့မှ လူအဖြစ်ကိုသာ စဉ်းစားနေ၍ မိမိသည်လည်း မိမိ၏ကုသိုလ် အကုသိုလ်ကိစ္စကို ဘာမျှမစဉ်းစာနိုင်ဘဲရှိ၏။ ဖြတ်သန်းလာခဲ့ရသော ခရီးလမ်းမှ ဖြစ်ရပ်များသည် အဆက်မပြတ် ထင်ဟပ်နေ၍ သေခြင်း၏ ဟိုမှာဘက်မှ ဖြစ်ရပ် တစ်စုံတစ်ရာကိုမျှ မစဉ်းစားနိုင်ဘဲ ရှိနေ၏။





ဟိုဘက်ဘဝက အမေသည် ဘယ်သူ၊ ~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~ ဘယ်သူဆိုသောကိစ္စကိုလည်း ရုတ်ခြည်း မစဉ်းစားနိုင်ဘဲရှိ၏။ ဟိုမှာဘက်လူ့ဘဝ၊ လူ့အဖြစ်က မည်သူသည် မိမိသား၊ မည်သူသည် မိမိ၏သမီး၊ မည်သူ ၁ည် မိမိ၏ဇနီးမယား ဖြစ်သည်ကိုလည်း မေ့လျော့ကာနေ၏။ ဟိုဘက်ဘဝက မိမိသည် ဘာတွေကို ပိုင်ဆိုင်ခဲ့သည်။ ဘယ်ကဲ့သို့သော ရာထူးဌာနန္တရ ဖြစ်တည်ခဲ့သည်။ မည်ကဲ့သို့သော ကျော်ကြားမှုများဖြင့် သရဖူဆောင်းခဲ့သည် စသည်တို့ကိုလည်း ရုတ်ခြည်း သတိမရနိုင်ဘဲဖြစ်၏။ မိမိ ဘာဆိုသည်ကိုပင် မှန်းဆရခက်၏။ မိမိခွာခဲ့သော ရုပ်ခြပ်သဏ္ဌာန်ကိုပင် စဉ်းစားရန် ခဲယဉ်း၏။

မိမိသည် မိမိရှေ့မှ အစစ်ဆေးခံနေသူအား သင့်တော်သောနေရာမှ စောင့်ကြည့်နေရ၏။ စောင့်ကြည့်နေသူ မိမိကိုယ်တိုင်လည်း ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့အိမ်၊ ငါ့ရာ၊ ငါဆိုသည်ကိုပင် မသိရှိဖြစ်နေ၏။

ထိုခဏတွင် ယမမင်းကြီးသည် မိမိရှေ့မှပုဂ္ဂိုလ်အား အလွန်ကြင်နာစွာဖြင့် "သင် ထပ်၍စဉ်းစားဦး၊ သတိတရားကို ထားရှိဦး၊ သင်သည် ယခုပင် မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသတွင် လှည့်လည်ဘုရားဖူးခဲ့သည် မဟုတ်ပါလော"ဟု ဆို၏။

ထိုခဏတွင် ထိုပုဂ္ဂိုလ်သည် မဇ္ဈိမဒေသဥ္စဟူသောအသံကို ကြား၍ လှည့်လည် ဘုရားဖူးခဲ့သည်ကို မှတ်မိ၏။ ပြုခဲ့ဖူးသော ကုသိုလ်ကို သတိရ၏။ ထိုပုဂ္ဂိုလ်ကြီးတွင် ချက်ချင်းပင် အဆောင်အယောင်တို့ ထင်ရှားစွာပေါ်၍ နတ်ပြည် နတ်ရွာသို့ ကြွမြန်း၏။

ဆရာတော်ဦးပဍ္ဍင်းဟောကြားသော တရားတော်ထဲမှ ယမမင်းနှင့် ယခု တွေ့ကြုံနေရသော ယမမင်းကြီးသည် မကွဲပြား မခြားနားပါ



www.burmeseclassic.com

www.burmeseclassic.com



တကားဟု ထင်မှတ်ကာ ဆရာတော်ဦးပဥ္စင်းထံမှ ဓမ္မေခစေတီတော်ကြီး၏အရိပ်တွင် မိမိ အပွမာဒတရားတော် နာကြားခဲ့သည်ကို ယခုပင် သတိရ၏။

ယမမင်းကြီးက မိမိအား အမောင့်ထံတွင် ကုသိုလ်အကျိုးပေးတရားတို့သည် မကုန်သေး။ အမောင့်ဝိညာဉ်သည် အမောင့်ခန္ဓာတွင် တည်ရှိနေနိုင်သည်ဟု ဆို၏။ ထိုအခါ မိမိ၏ ဝိညာဉ်သည် လာလမ်းအတွင်း ပြန်ကာ အမှောင်ထုနှင့် အလင်းလွှန်ခရီးတို့ကို တရိပ်ရိပ် ဖြတ်ကျော်လာရပြန်၏။ တစ်နေရာတွင် အလွှန်ပါးလွှာသော နယ်ခြားမျဉ်း အာရုံခံစားမှု အပြောင်းအလဲတစ်ရပ်ကို ဖြတ်ကျော်လာအပြီး ခဏတွင် မိမိသည် ချောက်ချားခြင်း၊ ကြောက်လန့်ခြင်းတို့ဖြင့် အိပ်ရာမှ လန့်နိုး၏။

မိမိ လန့်၍နိုးလာတော့ မိမိဘေးတွင် ဆရာတော်ဦးပဥ္စင်း အပါအဝင် လူသုံးလေးဦးက မိမိအား ဝိုင်း၍ကြည့်နေကြ၏။ ခေါင်းပေါင်းနှင့် ပန်ချာပီ ဆရာဝန်တစ်ယောက်လည်း ရောက်ရှိနေ၏။ မိမိ သတိရလာသဖြင့် ဆရာဝန်က ဘာမျှ စိုးရိမ်စရာ မလိုတော့ကြောင်း ပြောကြားနေသည်ကို ကြားသိရ၏။

မိမိသည် မိဂဒါဝုန်မှ ပြန်လာသော ညက သန်းခေါင်ယံလောက်တွင် အိပ်ရာမှထ၍ အောက်ဆင်းရာ လှေကားထစ်များကို အထစ်ကျော်ဆင်းရင်း လှေကားမှလိမ့်ကျကာ ဦးခေါင်းကိုထိခိုက်၍ သတိမေ့သွားသဖြင့် ဆရာဝန်ကို ခေါ်ယူခဲ့ရကြောင်း ပြောပြ၏။ သတိမေ့သွားသည်မှာ နှစ်ရက်မျှရှိပြီ ဖြစ်သည်။ ယခု ဆရာဝန် ထပ်မံလာစဉ် သတိရလာခြင်းဖြစ်ကြောင်း ဆရာတော်ဦးပဥ္စင်းက ပြောပြ၏။





မိမိသည် လှေကားမှ မတော်တဆ လိမ့်ကျခဲ့၏။ မိမိ မတော်တဆ လိမ့်ကျသည့်အတွက်ကြောင့် သာဝတ္ထိသွားမည့် အစီအစဉ်ကိုလည်း ဖျက်လိုက်ရသည်။ ဗာရာဏသီ ဆရာတော်လည်း မရှိသဖြင့် ဆရာတော် ဦးပဥ္စင်းလည်း ခရီးဆက်မထွက်ဘဲ မိမိအား စောင့်ရှောက်ရင်း ဗာရာဏသီ၌ပင် ဆက်၍ သီတင်းသုံးနေကြောင်း သိရသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၁)

## ထူးဆန်းသောအဖြစ်

မိမိသည် တစ်ရက် နှစ်ရက်မျှ ဗာရာဏသီတွင် အနားယူပြီး သတိရလာသောနေ့မှ တတိယမြောက်နေ့ နံနက်စောစောတွင် ထ၍ သာဝတ္ထိသို့သွားရန် ပြင်ဆင်ကြ၏။

ယခုကဲ့သို့ စောစောသွားမှ နေမဝင်မီ သာဝတ္ထိသို့ ရောက်မည်ဖြစ်သည်။ ညဦးကပင် ပြောဆိုထားပြီးဖြစ်၍ မိမိသည် ဆရာတော်ဦးပဉ္ဇင်း၏အခန်းသို့ သွား၍ တံခါးခေါက်၏။ သုံးကြိမ်မျှ တံခါးခေါက်ပြီးမှ ဆရာတော်၏အခန်းတံခါး ပွင့်၏။ ထိုအခါ မိမိက "ဆရာတော် သာဝတ္ထိသို့ ထွက်ကြမယ်"ဟု လျှောက်တင်သောအခါ ဆရာတော်ဦးပဉ္ဇင်းက "ဒကာကြီး၊ စောလွန်းလှသေးသည်၊ ဒကာကြီး သွားနှင့်ဆော့၊ ဘုန်းကြီး မလိုက်လိုသေး"ဟုဆိုကာ စကားဆက်မဆိုဘဲ တံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်၏။

ဆရာတော်ဦးပဉ္ဇင်းသည် တရားထိုင် အာရုံရနေချိန်တွင် မိမိက တံခါးသွားခေါက်၍ မလိုက်တော့ခြင်း ဖြစ်နိုင်၏။ မည်သည့်အကြောင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာတော် မလိုက်ခြင်းဖြစ်သည်ကိုကား ဂနသေချာစွာမသိ။ ဆရာတော်က မနေ့ညကပင် မနက်စောစော သာဝတ္ထိသွားရန် စီစဉ်ထားပါလျက် ထွက်ခါနီးမှ အဘယ်ကြောင့် စိတ်ပြောင်းလေသည်ကို စဉ်းစားရင်း ထပ်မံ၍ တံခါးခေါက်ရန် ဆန္ဒဖြစ်ပြန်၏။ ဆရာတော်သည် တရားနှင့် မွေ့လျော်နေစဉ်ဖြစ်ပါက ထပ်မံတံခါးခေါက်ရန် မသင့်။ ထို့ကြောင့်ပင် ဆရာတော် ဦးပဥ္ဇင်း၏တံခါးဝမှ ပြန်၍ ထွက်လာ၏။

ကားသမားနှင့် လမ်းပြသည် ဗာရာဏသီတွင် လေးငါးရက်မျှ စောင့်ခဲ့ရသဖြင့် ခရီးထွက်ရန် စိတ်စောသည်။ သူတို့က အသင့်ချည်း ဖြစ်နေကြ၏။ အခြား ခရီးကြုံတို့မှာလည်း အသင့်ဖြစ်နေ၏။ ထို့ကြောင့် မိမိတို့သည် ဆရာတော်ဦးပဥ္ဇင်း မပါဘဲ ထိုနေ့ နံနက်စောစောကပင် ဗာရာဏသီမှ သာဝတ္ထိသို့ ခရီးထွက်၏။ ဆရာတော် ဦးပဥ္ဇင်း ပါမလာ၍ စိတ်တော့ဖြင့်မကောင်း။ မြန်မာဘုန်းတော်ကြီး ကျောင်းထဲမှ ထွက်လာပြီး ကျောင်းရှေ့ရောက်တော့ ယာဉ်မောင်းနှင့် လမ်းပြတို့ အပြန်အလှန် စကားပြောသည်ကို တွေ့ရ၏။ သူတို့က ကုလားလို ပြောနေကြသောကြောင့် သူတို့ ဘာပြောနေကြသည်ကို မသိ။ အဖော်တစ်ဦးလည်း ပါသဖြင့် အဖော်က ရှေ့ခန်းမှထိုင်ကာ မိမိက နောက်ခန်းမှ သက်သာသလိုထိုင်ရင်း လိုက်လာ၏။ ဗာရာဏသီမြို့၏ နံနက်ခင်းက အေးချမ်းသလို ဆရာတော်ဦးပဥ္ဇင်း လိုက်ပါလာပါက မိမိ မသိသည်များကို မေးမြန်းနိုင်မည်ဖြစ်၍ မည်မျှ ကောင်းလေမလဲ ထင်မှတ်မိသော်လည်း ယခု မပါလာတော့လည်း မည်သို့မျှ မတတ်နိုင်ပါ။





ဗာရာဏသီ နံနက်ခင်းသည် လူရှင်း ကားရှင်းသည်။ ကားပေါ်ရောက်မှ မိမိသည် မှေးမှေး–မှေးမှေးနှင့် ပြန်၍အိပ်ပျော်၏။ တစ်နေရာအရောက်တော့ ကားက ရပ်၏။ ဘာကြောင့်လဲဟု ဆိုသောအခါ လမ်းပြက မိမိတို့ လမ်းမှားလာခဲ့သည်မှာ တစ်နာရီခန့် ရှိနေပြီး မြို့ပြင်သို့ ထွက်၍မရ ဖြစ်နေသည်ဟု ဆိုပါ၏။ မိမိတွင် ဗာရာဏသီ မြေပုံတော့ ရှိသည်။ သို့သော် မြေပုံက ကြီးကြီးမားမား မဟုတ်။ မြို့က ကြီးလွန်း၏။ မိမိကိုယ်တိုင်သည် ကားသမားနှင့် လမ်းပြလောက် လမ်းသိသူမဟုတ်။ မိမိက ကား ဘယ်နေရာကို ရောက်နေပြီလဲဟုဆိုတော့ ယာဉ်မောင်းကရော လမ်းပြကပါ မသိဟုဆို၏။ ဗာရာဏသီတွင် လမ်းနာမည်များကို နေရာတကာတွင် ထင်ထင်ရှားရှားရေးထားသည်မဟုတ်။ ကုလားတွေကလည်း လမ်းအားမှန်းသိလျှင် ယခုလိုအချိန်မျိုး လုတတ်၊ ဓားပြတိုက်တတ်သောကြောင့် ကားကိုရပ်၍ လမ်းမေးရအောင်လည်း မဖြစ်နိုင်။

ကားကို နောက်ကြောင်းပြန်လှည့်၍ ထင်မှတ်သောလမ်းကြောင်း တစ်ခုအတိုင်း ထွက်လာခဲ့ရာ ထင်သာမြင်သာရှိသော တံတားတစ်ခုကို တွေ့တော့မှ ဆာရာနတ်ဘက်ကိုသွားသောလမ်း ဖြစ်နေ၍ ပြန်လှည့်ခဲ့ရပြန်၏။ နောက်တစ်နာရီလောက် လမ်းထပ်မှားသည့်တိုင် မိုးက မလင်းနိုင်သေးဘဲရှိရာ မိမိတို့ ထွက်လာချိန် အတော်စောနေမှန်း ယခုအခါမှ သတိပြုမိ၏။ မိမိတို့သည် ဓာတ်ဆီဆိုင်တစ်ဆိုင်ကို တွေ့သောအခါတွင်မှ ဓာတ်ဆီဆိုင်သို့ ဝင်၍ လမ်းမေး၏။ ထိုအခါတွင်မှ မိမိတို့ရောက်နေသော နေရာသည် ဗာရာဏသီ ကားကြီးဂိတ် အနီး မြန်မာဘုန်းတော်ကြီးကျောင်းနှင့် များစွာမဝေးသောနေရာ ဖြစ်

www.burmeseclassic.com



နေသည်ကို သိသောအခါမှ ကဲ...မထူးပါဘူး ကျောင်းကိုပဲ ပြန်ပြီး လမ်းမေးကြတာပေါ့ဟုဆိုကာ ကျောင်းထဲသို့ဝင်သောအခါတွင် အရုဏ်တက်စ ပြု၏။

ကျွန်တော်တို့ ကျောင်းသို့ပြန်ရောက်ပြီး မကြာမီပင် အားလုံး နိုးကြ၏။

ဆရာတော်ဦးပဥ္ဇင်းလည်း ကြွလာရာ မိမိတို့က ဗာရာဏသီထဲတွင် ကားသမားရော လမ်းပြပါ မျက်စိလည်နေပြီး ကျောင်းသို့ ပြန်ရောက်လာကြောင်း ဆရာတော်အား လျှောက်ထားတော့ ဆရာတော်က အရုဏ်ဆွမ်း ဘုဉ်းပေးပြီးလျှင် မိမိကိုယ်တိုင်လိုက်မည်ဟု မိန့်၏။

ဆရာတော်လိုက်ပါက အကောင်းဆုံးဖြစ်၏။ မူလကပင် ဆရာတော်ဦးပဥ္ဇင်းကို လိုက်စေချင်၏။ ဆရာတော်ဦးပဥ္ဇင်း ဆွမ်းစားစဉ် အခြားဘုရားဖူးများလည်း နိုးသည်။ မိမိတို့က သာဝတ္ထိသို့ အသွား မြို့တွင်း၌ပင် မျက်စိလည်ပြီး ကျောင်းပြန်ရောက်လာကြောင်း ပြောသောအခါ မြန်မာဘုရားဖူးတစ်ဦးက မိတ်ဆွေတို့၊ သာဝတ္ထိဘက် သွားလျှင် သတိထား၊ လွန်ခဲ့သော လေးရက်လောက်က ဘုရားဖူးကား တစ်စင်း လင်းတခေါင်းနီအုပ်ကို ဝင်တိုက်ကာ ကားမှောက်ပြီး မြန်မာပြည် အထက်ပိုင်းက ဘုရားဖူးတစ်ဦးဖြစ်သူ ဦးရွှေအောင်ဆိုသူ ဆုံးပါးသွားသည်ဟု ဆို၏။

ထိုသတင်းကို ကြားရသောအခါ မိမိသည် လွန်ခဲ့သောရက်က အိပ်မက်လိုလို တကယ်လိုလို၊ မိမိနှင့် ပုဂ္ဂိုလ်တစ်ဦး လင်းတခေါင်းနီ အုပ်တစ်အုပ်ကို ဝင်တိုက်ပြီး ကားလမ်းဘေးသို့ ကျသွားသည့် အဖြစ် အပျက်ကို ပြန်၍ သတိရ၏။ အသည်းတွင် စွဲနေသောအဖြစ်မှ





အားလုံးကို အမှတ်ရနေဆဲလည်း ဖြစ်၏။ ကွယ်လွန်ဆုံးပါးသွားသော ဦးရွှေအောင်ဆိုသူ၏ ပုံပန်းသဏ္ဌာန်ကို မေးကြည့်ရာ ဘုရားဖူးများပြောသော ထိုပုဂ္ဂိုလ်၏ ပုံပန်းသဏ္ဌာန်မှာ မိမိနှင့်အတူ ယမမင်းကြီးထံ ရောက်ခဲ့သောသူနှင့် အတူတူပင်ဖြစ်သည်။

ထိုအချိန်တွင် ဆရာတော်ဦးပဥ္ဇင်းသည် အရုဏ်ဆွမ်း ဘုဉ်းပေးပြီး ဆွမ်းစားခန်းမှ ထွက်လာသည်။ ထို့နောက်တော့ မိမိတို့သည် ခရီးဆက်ထွက်ရန် ကျောင်းပေါ်မှ ဆင်း၏။ ဆရာတော် ဦးပဥ္ဇင်းသည် လမ်းသိသူဖြစ်၍ တစ်ကြိမ်နှစ်ကြိမ်သာ လမ်းပြလိုက်ရပြီး ကားသည် သာဝတ္ထိသို့သွားရမည့် လမ်းကြောင်းပေါ်သို့ ဖြောင့်ဖြောင့်မတ်မတ် ရောက်၏။

မိမိက ဆရာတော်ဦးပဥ္ဇင်းအား လင်းတခေါင်းနီအုပ်ကို တိုက်မိ၍ ဦးရွှေအောင် ကွယ်လွန်ခဲ့ရသည့်အကြောင်းနှင့် မိမိ အိပ်မက်လိုလို၊ တကယ်လိုလို ဖြစ်ခဲ့ရသည့်အကြောင်းကို လျှောက်တင်သောအခါ ဆရာတော်ဦးပဥ္ဇင်း ဂရုစိုက်၍ နားထောင်ပါ၏။

မိမိတို့ကားသည် နံနက်ပိုင်းနေချို့တွင် တွန်း၍ မောင်း၏။ နံနက် ၁၀–နာရီခန့်သို့ ရောက်သောအခါ မိမိသည် တစ်စုံတစ်ရာကို မှတ်မိပြီး ကားကို ရပ်ခိုင်း၏။ ထိုနေရာသည် မိမိကိုယ်တိုင် ပါဝင်၍ လင်းတခေါင်းနီအုပ်ကို ဝင်တိုက်သောနေရာဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရ၏။ ထို့ကြောင့် လမ်းပြအကူအညီနှင့် ဒီနေရာတွင် လွန်ခဲ့သော လေးရက်ခန့်က ဘာဖြစ်ပါသလဲဟု မေးကြည့်ရာ ကားတစ်စင်းနှင့် လင်းတအုပ်နှင့် ဝင်တိုက်ပြီး လမ်းဘေးသို့ ကားတိမ်းချော်ကျကာ မြန်မာဘုရားဖူးတစ်ဦး ကွယ်လွန်ခဲ့သည်ဟု ဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်၊ ဒီကိစ္စက အတော့်ကိုဆန်းတာပဲ"ဟုဆိုတော့ ဆရာတော်က ဆိတ်ဆိတ်သာနေပါ၏။

မိမိအဖို့က ဤကိစ္စသည် ကိုယ်တိုင်ကြုံတွေ့ရသောကိစ္စ ဖြစ်၍ အတော့်ကိုထူးဆန်း၏။ အလွန်အမင်း တိုက်ဆိုင်နေသောကြောင့် လည်း အထူးအံ့သြ၏။

ထို့ကြောင့် မိမိက ဆရာတော်ဦးပဏ္ဍင်းအား "ဆရာတော်ဘုရား ဒီနေရာမှာ လွန်ခဲ့သောလေးရက်က မတော်တဆ ကားလမ်းဘေးကျ ပြီး ကွယ်လွန်သွားတဲ့ မြန်မာဘုရားဖူးပုဂ္ဂိုလ်ကြီးဟာ ဦးရွှေအောင်ပါပဲ ဘုရား။ သူဟာ ယမမင်းကြီးထံမှာ အဆုံးအဖြတ်ခံယူပြီး ယနေ့ နတ်ပြည်နတ်ဘုံကို မြန်းကြွခဲ့တာဟာလည်း တပည့်တော် ကိုယ်တွေ့ အမှန်ပါပဲဘုရား"ဟု လျှောက်ထားတော့ ဆရာတော် ဦးပဏ္ဍင်းက ခည်သို့မှ စောဒကမတက်ဘဲ ခပ်မဆိတ်သာနေ၏။

◆



အခန်း(၁၂)

## အမြတ်ဆုံး တရား

အိန္ဒိယနိုင်ငံ၌ ခရီးသွားရာတွင် ဆရာတော် သံဃာတော်များ ပါလာလျှင် နံနက် ၁၁–နာရီထိုးသည်နှင့်တစ်ပြိုင်နက် ရေနွေးရနိုင် သောဆိုင်ကို သတိပြုရခြင်းသည် အရေးကြီးသောအလုပ် ဖြစ်၏။ အိန္ဒိယနိုင်ငံ ယူပီ၊ ဥတ္တရာပရာဒေ့ရှ်၊ ဘင်္ဂါ စသော ပြည်နယ် များတွင် လမ်းဘေးတွင် ဆိုင်ကြီး ကနားကြီးများ မရှိ။ တစ်မြို့နှင့် တစ်မြို့ကလည်း အတော်ပင် အဆက်ပြတ်၏။ ထို့ကြောင့် အိန္ဒိယ၌ ခရီးသွားလျှင် မိမိတို့စားသောက်ဖို့ စားစရာကို မိမိတို့ဘာသာ ချက် ပြုတ်သွားခြင်းသည် စိတ်အချရဆုံးဖြစ်၏။ မြို့ကြီးများပေါ်ရှိ ထမင်း ဆိုင်များသည် ညစ်ပတ်လွန်း၍ စားမရ။ လမ်းဘေးတောရွာများရှိ ဟိန္ဒူဆိုင်များသည် သန့်ရှင်း၏။ ဟိန္ဒူဆိုင်များတွင် အသားငါးဟင်း မရှိ။ အခိက ပဲဟင်းသာရှိ၏။ ထို့ကြောင့် မိမိတို့သည် အိန္ဒိယ၌ ခရီးသွားပါက ရေနွေးလောင်းထည့်ပါက အသင့်စား၍ရသော ခေါက်ဆွဲ ထုပ်များ၊ ကော်ဖီထုပ်များကို ယူသွားရ၏။ လမ်းဘေး လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်များတွင် ရေနွေးသောက်ပြီး ခေါက်ဆွဲကို ရေနွေးနှင့် ပြုတ်၍ ခေါက်ဆွဲပြုတ်ကို စားရ၏။

အိန္ဒိယ လမ်းဘေးလက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များတွင် ဂုန်နီကြိုးများယက်၍ခင်းထားသော ကွပ်ပျစ်များ ရှိ၏။ ထိုကွပ်ပျစ်များပေါ်တွင် အိပ်လိုက အိပ်၊ ထမင်းစားလိုက စားနိုင်၏။ မိမိထံတွင်က နာရီ မပါ။ ထို့ကြောင့်လည်း ဗာရာဏသီက အစောကြီး ထွက်လာမိခြင်းဖြစ်၏။ မိမိသည် နေကိုကြည့်ကာ ၁၁–နာရီလောက်ရှိပြီဟု ထင်မှတ်သည်နှင့် လမ်းဘေး စတည်းချ၍ကောင်းမည့်နေရာတစ်ခုကို ရှာရ၏။

နေရာ တစ်ခုကိုတော့ တွေ့၏။ သို့သော် ထိုနေရာက ညစ်ပတ်သည်ဟုထင်၍ ရှေ့တွင် နေရာရှာဦးမည်ဟုဆိုကာ ဆက်သွားရင်း နောက်တစ်နေရာ မတွေ့ရဘဲ ၁၁–နာရီကျော်ကျော်လောက်ဖြစ်လာသောအခါ အတော်ပင် စိတ်ပူရ၏။ မြန်မာဆရာတော် သံဃာတော်များသည် မွန်းလွဲလျှင် တစ်စုံတစ်ရာကိုမျှ ဘုဉ်းမပေးတော့။ ထိုအခါ နောက်တစ်နေ့ အရုဏ်လာသည်အထိဆိုပါက ကျန်းမာရေးပင် ထိခိုက်နိုင်၏။ မိမိသည် အိန္ဒိယနိုင်ငံသို့ အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ကုဏ္ဍလာဘိဝံသ၊ ဆရာတော်ကြီး ဦးမဟိန္ဒတို့နှင့်လည်းကောင်း၊ ပျဉ်းမနားဈေးကုန်း မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ကြီး အရှင်ကဝိသာရနှင့်လည်းကောင်း၊ ပျံလွန်တော်မူခဲ့ပြီးဖြစ်သော ပခုက္ကူ အလယ်တိုက်ဆရာတော်ကြီးနှင့်လည်းကောင်း ဗုဒ္ဓဂယာခရီး အကြိမ်ကြိမ်သွားဖူးရာ လမ်းခရီးနေ့ဆွမ်းကပ်သည့် အတွေ့အကြုံ အတော်ရရှိပြီးဖြစ်၏။





၁၁–နာရီကျော်လာပြီဖြစ်၍ လမ်းကား [illegible]ကောင်း သန့်သန့်ရှင်းရှင်း ဆိုင်တစ်ဆိုင်ကို ကျိုးကန်းတောင်းမြောက်ရှာရ၏၊ လမ်းဘေးဆိုင်များမှာ အများအားဖြင့် လယ်ကွင်းများထဲတွင်ရှိပြီး လယ်သမားများပင် လယ်ယာလုပ်ငန်းတစ်ဖက်နှင့် ဆိုင်ဖွင့်ထားကြခြင်း ဖြစ်ပါ၏။

တစ်နေရာတွင်တော့ လမ်းဘေးဆိုင်တစ်ဆိုင်ကို တွေ့ရသည်၊ သန့်မသန့် နေရာထိုင်ခင်း ကောင်း မကောင်း ဆင်းကြည့်ရာ အချိန်ကလည်း အတော်၊ ဆိုင်ကလေးကလည်း သန့်၍ ထိုနေရာတွင် ဆရာတော် ဦးပဋ္ဌင်းအားလည်း ခေါက်ဆွဲဆွမ်းပင်ကပ်၍ မိမိတို့လည်း နံနက်စာ စားရန် ဆုံးဖြတ်၏။ ယာဉ်မောင်းနှင့် လမ်းပြတို့က မိမိတို့ပါလာသော ခေါက်ဆွဲကို မကြိုက်ကြဘဲ ဆိုင်ထမင်း ဆိုင်ဟင်းကို ဝယ်ကျွေးကြရသည်။ လမ်းဘေးဆိုင်များတွင် ပူရီ၊ ပါပလာစသော ဂျုံနှင့်ပြုလုပ်သည့် အိန္ဒိယစားစရာများနှင့် ပဲဟင်းကောင်းကောင်း ရတတ်၏။

ဆရာတော်ဦးပဋ္ဌင်းကိုလည်း ဆွမ်းကပ်၊ မိမိတို့လည်း ထမင်းစားပြီးကြသော်လည်း ယာဉ်မောင်းနှင့် လမ်းပြတို့ ထမင်းစားပြီး တစ်ရေးအိပ်နေကြသောကြောင့် သူတို့အား စောင့်ရင်း ထိုထမင်းဆိုင်ကွပ်ပျစ်တွင် ဆရာတော်ဦးပဋ္ဌင်းနှင့် မိမိမှာ စကားပြောဖြစ်၏။

"ဆရာတော်က မနေ့ညက သာဝတ္ထိကို လိုက်ပါမယ်လို့ ပြောပြီးမှ မလိုက်ဖြစ်တာ ဘာပြုလို့လဲဘုရား" မိမိက လျှောက်၏။

"ဒကာကြီးရဲ့ဝီရိယ လွန်ကဲနေ၍ မလိုက်တာ ဒကာကြီး" ဟု ကိုယ်တော်က ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိစ္စကို ဝီရိယ လွန်ကဲတာလို့ခေါ်တာလဲ ဘုရား"

"ဒကာကြီး ဗာရာဏသီကနေ သာဝတ္ထိသွားတဲ့ခရီးဟာ ကိုယ်ကားနဲ့ကိုယ်ဆိုတော့ မနက် ၆–နာရီမှထွက်တောင် ညနေ ၅–နာရီ နေမဝင်မီ ရောက်နိုင်တဲ့ခရီးကို ဒကာကြီးက မနက် သုံးနာရီလောက် ထွက်မယ်ဆိုတော့ ဒီကိစ္စမှာ ဝီရိယ လွန်ကဲနေပြီ။ ဝီရိယလွန်ကဲရင် သမာဓိနည်းပြီး စိတ်ပျံ့လွင့်တယ်မဟုတ်လား ဒကာကြီး။ ဦးပဥ္စင်းက ဘာပဲလုပ်လုပ် သတိလေးနဲ့ လုပ်ချင်တယ်။ ဒကာကြီးတို့ ဝီရိယ လွန်ပြီး ၃–နာရီလောက် ထွက်သွားတော့လည်း မိုးက မလင်းနိုင်ဘဲ လမ်းတွေမှားပြီး ကျောင်းပဲပြန်ရောက်လာတာပဲမဟုတ်လား ဒကာကြီးရဲ့"

"မှန်ပါတယ်ဘုရား"

"ဒကာကြီးကို ဦးပဥ္စင်းက ဒကာကြီးလျှောက်ထားလို့ပဲ သတိတရားအကြောင်း ဟောကြားခဲ့တယ်။ ဒါပေမယ့် ဒကာကြီးက သတိမဖြစ်ဘဲ အစိုးရိမ်လွန်တယ်။ ဒါဟာ သတိလက်လွတ်ဖြစ်ခဲ့တာ။ ဒကာကြီးဟာ သတိတရား ကုသိုလ်တရားတွေ လက်ထဲမှာရှိပါလျက် ယမမင်းနဲ့ ငရဲသားတွေကို စိတ်ထဲမှာ သွားစွဲနေတယ်။ ငရဲသံကြားရုံနဲ့ ငါ ငရဲများကျလေမလားလို့ စိုးရိမ်တယ်။ စိုးရိမ်စိတ်က ဒကာကြီးကို ယမမင်းထံ ပို့တယ်။ ဒကာကြီး အတော်ကံကောင်းတယ်။ အဲဒီနေရာမှာ တစ်ချက်ကလေးများလွဲမှားရင် ဒကာကြီး ကုသိုလ်လမ်းကြောင်းပေါ်မှာ လျှောက်နေပါလျက် ငရဲတောင်လားနိုင်တဲ့အဖြစ်ကို ကြုံခဲ့ရတယ်။ ဒါ သတိကင်းလို့ဖြစ်တာ။ ဒကာကြီး သတိတရားကို ဆက်ပြီး လက်ကိုင်ထား။ သတိတရား ဆိုတာ အချိန်ယူပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်မှ မဟုတ်ဘူး။ ကမ္မဋ္ဌာန်းတရားဆိုတာ ကြီးတယ်တယ်မဟုတ် အားထုတ်ကြရမယ်။ ငယ်အခါ ပညာရှာ၊ ကြီးအခါမှ ကုသိုလ်ရှာရမယ်ဆိုတာ မဟုတ်ဘူး။ သိတတ်တဲ့အချိန်က စပြီး ကမ္မဋ္ဌာန်းတရားကို စီးဖြန်းကာ သတိတရားတည်ဆောက်ရမယ် ဒကာကြီး။ နေ့စဉ် ဒကာကြီး ပြုလုပ်နေသမျှ အလုပ်တွေကိုပဲ သတိတရား မကင်းစေနဲ့။ ကမ္မဋ္ဌာန်းကျောင်း ကမ္မဋ္ဌာန်းစခန်းတော့ သွားပါရဲ့၊ တရားလည်း အားထုတ်ပါရဲ့၊ နည်းစနစ်များကိုလည်း လိုက်ပါရဲ့။ ဒါပေမယ့် ကမ္မဋ္ဌာန်းစခန်းက ပြန်လာတော့ ဒကာကြီးရဲ့ အလုပ်ခွင်မှာ ဒုံရင်းဒုံရင်းပဲ။ မောဟကလည်း ကြီးပါရဲ့၊ ဒေါသကလည်း ကြီးပါရဲ့၊ စိတ်ကလည်း မြန်ပါရဲ့ဆို မဖြစ်ဘူး။ နေ့စဉ်ဘဝမှာ သတိကပ်ဖို့လိုတယ် ဒကာကြီး"

"သဘောပေါက်ပါပြီဘုရား၊ တပည့်တော် နေ့စဉ်ဘဝမှာပါ သတိကပ်ပါမည်ဘုရား။ အရှင်ဘုရား ဟောကြားရာမှ သတိဟာ ဗိုလ်ငါးပါးရှိတဲ့အနက် အချုပ်၊ အကြီးအကဲ၊ ဗိုလ်ချုပ်ကြီးဖြစ်တယ်ဆိုတာကိုလည်း တပည့်တော် သဘောပေါက်ပါပြီဘုရား"ဟု လျှောက်ထားရ၏။

ထမင်းစားပြီး ထိုနေရာတွင် ခဏနားပြီးမှ မိမိတို့ကားသည် ခရီးဆက်ထွက်၏။ အက္ကဘာပူ၊ ဖိုင်ဇာဘတ် အစရှိသော မြို့များကို ဖြတ်ကာ ညနေစောင်းတွင် ဂွန်ဒါမြို့သို့ ရောက်၏။ ဂွန်ဒါသည် ခရိုင်မြို့ကြီးဖြစ်၍ သာဝတ္ထိသည် ယခုအခါ ဂွန်ဒါခရိုင်ထဲမှ ရွာတစ်ရွာဖြစ်သည်။ ဂွန်ဒါမှ ဆက်၍လာခဲ့ရာ ဗာလ်ရာမ်ပူဆိုသောမြို့သို့ ရောက်၏။ ဗာလ်ရာမ်ပူသို့ရောက်တော့ ညနေ ၄–နာရီခွဲရှိပြီ။ ဗာလ်ရာမ်ပူနှင့် သာဝတ္ထိသည် ၁၇–ကီလိုမီတာ ဝေး၏။ ဗာလ်ရာမ်ပူမှ သာဝတ္ထိသို့



ပန်းမိုးတစ်ရာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



အလာ သာဝတ္ထိသို့ ရောက်ရှိရန် သုံးကီလိုမီတာအလို ကားလမ်း၏ လက်ဝဲဘက်ဘေး တောင်ကုန်းတစ်ကုန်းသို့ ရောက်ရှိသောအခါ ဆရာတော်ဦးပဥ္စင်းက "ဒကာကြီး၊ သာဝတ္ထိကနေ ဒီနေရာ ပြန်လာနေရဦးမယ်။ အချိန်လည်း ရှိသေးတယ်။ ဒီနေရာ တစ်ခါတည်းဝင်ကြည့်ရရင် သင့်တော်မယ်"ဟု ဆိုပါ၏။

သို့နှင့် ထိုနေရာတွင် မော်တော်ကားကိုရပ်ကာ ဆရာတော်နှင့် မိမိသည် တောင်ကုန်းပေါ်သို့ တက်ခဲ့ကြ၏။ ထိုတောင်ကုန်းသည် တကယ်တော့ သာမညတောင်ကုန်း မဟုတ်။ ဤတောင်ကုန်းသည် မြတ်စွာဘုရား ၇–၀ါမြောက်မဆိုမီ ဝါဦးကာလတွင် ဒိဋ္ဌိများနှင့် တန်ခိုးပြိုင်ခဲ့သော နေရာဖြစ်၏။ ဒိဋ္ဌိများက သရက်ပင်မှန်သမျှကို ခုတ်ရှင်းထားရာ ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူးလှူဒါန်းသည့် သရက်စေ့ကို မြေသို့ချ၍ စိုက်ပျိုးရာမှ ချက်ချင်းအပင်ပေါက်လာသောနေရာ ဖြစ်၏။

မြတ်စွာဘုရားသည် ထိုသရက်ပင်ရင်း၌ ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာပြကာ တာဝတိံသာရှိ မယ်တော်မိနတ်သားထံ ကြွရောက်၍ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။

တောင်ကုန်းသည် အမြင့်ကြီးကား မဟုတ်။ တောင်ကုန်းပေါ်မှနေ၍ တောင်မြောက်ဝဲယာ ကြည့်ရှုနေစဉ် ဆရာတော်ဦးပဥ္စင်းသည် "ဒကာကြီး၊ ဒီနေရာသည် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူရာ၊ မယ်တော်မိနတ်သားထံ ကြွတော်မူရာဖြစ်၍ မြင့်မြတ်သော နေရာ ဖြစ်တယ်။ ဤနေရာတွင် အမှတ်တရစကားတစ်စုံတစ်ရာ ဒကာကြီးဆို"ဟု မိန့်၏။





ထိုအခါ မိမိမှာ ဘာဆိုရမှန်းမသိ ဖြစ်ချိန်တွင် တစ်စုံတစ်ရာကို သတိရ၍ "အရှင်ဘုရား တပည့်တော်အနေဖြင့် အမှတ်တရစကား တစ်စုံတစ်ရာ ဆိုဖွယ်ရာမရှိပါ။ သို့သော်လည်း ဤမြင့်မြတ်သော နေရာတွင် ၁တိတရားနှင့်ပတ်သက်၍ ထပ်မံ သိဖွယ်ရာရှိပါက အရှင်ဘုရားပင်လျှင် ထပ်မံ အမိန့်ရှိတော်မူပါဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်ဦးပဥ္စင်းက "မှန်ပေတယ်။ ဤမြင့်မြတ်သော နေရာတွင် အမြင့်မြတ်ဆုံးတရားကို ဒကာကြီးအား ရှင်းလင်းပြောကြား သင့်တယ်ဟု အမိန့်ရှိ၏။ ထို့နောက် ဆရာတော်က ဆက်၍–

ဒကာကြီး၊ ကုသိုလ်တရားဟူသမျှတို့သည် မမေ့မလျော့မှုတွင် အကြောင်းရင်းတည်ကုန်၏။

ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှုတရားတွင် စုဝေးကုန်၏။

ထို့ကြောင့်

အပ္ပမာဒဟု ဆိုအပ်သော မမေ့မလျော့သော သတိတရားသည် ကုသိုလ်တရားဟူသမျှတို့ထက် မြတ်တယ် ဒကာကြီး။

"မှန်လှပါဘုရား"

"ဒကာကြီး၊ အိမ်၏ အချင်ရနယ်ဟူသမျှတို့သည် အထွတ်သို့ ရောက်ကုန်၏။ အထွတ်သို့ ညွတ်ကုန်၏။ အထွတ်တွင် စုဝေးကုန်၏။ ထို့ကြောင့် အထွတ်သည် အချင်ရနယ် ဟူသမျှတို့ထက် မြတ်၏။

– စန္ဒကူးနံ့သည် အနံ့ နံ့သာဟူသမျှတို့ထက် မြတ်၏။
– မြတ်လေးပန်းသည် အပွင့် နံ့သာဟူသမျှတို့ထက် မြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



– စကြာမင်းသည် အရန်မင်းငယ်ဟူသမျှတို့ထက် မြတ်၏။

ထို့အတူ

ကုသိုလ်တရားဟူသမျှတို့သည် မမေ့မလျော့မှုတရားတွင် အကြောင်းရင်းတည်ကုန်၏။ ကုသိုလ်တရားဟူသမျှသည် မမေ့မလျော့မှုတရားတွင် စုဝေးကုန်၏။ ထို့ကြောင့် မမေ့မလျော့မှု အပ္ပမာဒတရားသည် ကုသိုလ်တရားဟူသမျှတို့ စုဝေးရာ အမြတ်ဆုံးတရားဖြစ်ပေတယ်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကူဋာဒိသုတ်တွင် ဟောကြားတော်မူတယ် ဒကာကြီး။

ဒကာကြီး၊ ကြယ်တာရာတို့၏ အရောင်ဟူသမျှတို့သည် လရောင်၏ တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်ကိုမျှ မမီကုန်။ လရောင်သည် ကြယ်ရောင်တို့ထက် တင့်တယ်ထွန်းလင်းသကဲ့သို့လည်းကောင်း၊

– တန်ဆောင်မုန်းလ အခါသမယတွင် ကောင်းကင်၌ တိမ်တိုက်တို့ ကင်းစင်၍ ကောင်းကင်တစ်ခုလုံး၌ လရောင်သည် အကာအဆီးမရှိ ထွန်းလင်းတောက်ပသောအခါ အလွန်တင့်တယ်သကဲ့သို့ လည်းကောင်း၊

– အထည်ဟူသမျှတို့တွင် ကာသိတိုင်းဖြစ် အထည်သည် အမြတ်ဆုံး အကောင်းဆုံးဖြစ်သကဲ့သို့လည်းကောင်း၊

ထို့အတူ တရားမွေဟူသမျှတို့သည် မမေ့မလျော့မှု အပ္ပမာဒတရားသာလျှင် အကြောင်းရင်းဖြစ်၏။ တရားမွေဟူသမျှသည် အပ္ပမာဒတရားတွင်သာ စုဝေးကုန်၍ မမေ့မလျော့သော သတိတရားသည် ကုသိုလ်ဟူသမျှတို့ထက် မြတ်သည်ဟူ၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက စန္ဒိမာဒိသုတ်တွင် ဟောကြားတော်မူခဲ့တယ် ဒကာကြီး။





"ဒကာကြီး၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ အရှုဘူ၊ မဟီ ဟူသော မြစ်ကြီးငါးသွယ်သည် မဟာသမုဒ္ဒရာသို့ ညွတ်ကုန်၏။ ထို့ကြောင့် မဟာသမုဒ္ဒရာသည် မြစ်ကြီးငါးသွယ်တို့ထက် မြတ်၏။

ထို့အတူ

ကုသိုလ်တရားဟူသမျှတို့သည် မမေ့မလျော့မှု အပ္ပမာဒတရားတွင်သာ အကြောင်းရင်း ရှိကုန်၏။ ကုသိုလ်တရားဟူသမျှတို့သည် မမေ့မလျော့မှု အပ္ပမာဒတရားတွင်သာ စုဝေးတည်ရှိကုန်၏။ မြစ်ကြီးငါးသွယ်ထက် မဟာသမုဒ္ဒရာသည် ကြီးကျယ်သကဲ့သို့ မမေ့မလျော့သော သတိတရားသည် အခြားသော ထိုထိုကုသိုလ်တရားဟူသမျှတွင် အမြတ်ဆုံးသာဖြစ်သည်ဟု မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ ဟောကြားတော်မူခဲ့တယ် ဒကာကြီး"

"မှတ်သားနာယူရပါတယ်ဘုရား"

"ဒကာကြီး၊ မြတ်စွာဘုရားက ကသိဘာရဒွါဇသုတ်မှာ–

သတိ မေ ဖာလပါစနံ–

သတိသည် နှင်တံနှင့်တူ၏

ဟု မိန့်တော်မူတယ်။

ယုံကြည်မှုသဒ္ဓါသည် မျိုးစေ့ မည်၏။

ကုသိုလ်ဝီရိယသံဝရသီလသည် မိုးရေ မည်၏။

ပညာသည် ထမ်းပိုးထွန်တုံး မည်၏။

ရှက်မှု၊ ဟိရိတရားသည် ထွန်တံ မည်၏။

စိတ်သည် ကြိုး မည်၏။

အောက်မေ့မှုသတိသည် နှင်တံ မည်၏။



www.burmeseclassic.com

www.burmeseclassic.com



သတိ မေ ဖာလပါစန်=လယ်ယာအလုပ်ခွင်၌ လယ်ထွန်သော နွားကို လမ်းဖြောင့်လမ်းမှန်အတိုင်းသွားရန် ပျင်းရိဖင့်နွှေးစွာ မသွားရန် နှင်တံဖြင့် ဆုံးမ၍ပေးရ၏။

ထို့အတူ

ဝီရိယတည်းဟူသော နွားကို ပျင်းရိခွင့်မပေးဘဲ သတိတည်းဟူသော အပ္ပမာဒတရားနှင့် ဖြောင့်မတ်စွာ သွားစေသောကြောင့် သတိသည် ဖြောင့်မတ်စွာသွားသောတရားလည်းမည်တယ် ဒကာကြီး။

ဒကာကြီး၊ သတိတရားသည် ကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟုလည်း မြတ်စွာဘုရား ဟောကြားတော်မူတယ်။

– ခြေမရှိသော သတ္တဝါ၊
– ခြေနှစ်ချောင်းရှိသော သတ္တဝါ၊
– ခြေလေးချောင်းရှိသော သတ္တဝါ၊
– ရုပ်ရှိသော သတ္တဝါ၊
– ရုပ်မရှိသော သတ္တဝါ၊
– သညာရှိသော သတ္တဝါ၊
– သညာမရှိသော သတ္တဝါ၊
– သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော သတ္တဝါတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

ထို့အတူ ကုသိုလ်တရားဟူသမျှသည် မမေ့မလျော့မှုတွင် အကြောင်းရင်းတည်ကုန်၏။ ဒကာကြီး၊ ကုသိုလ်တရားဟူသမျှသည် မမေ့မလျော့မှု အကြောင်းတရားတွင် စုဝေးကုန်၏။ ထို့ကြောင့် အပ္ပမာဒဟု ဆိုအပ်သော မမေ့မလျော့သောတရားသည် ကုသိုလ်တရားဟူသမျှ တို့ထက် မြတ်၏။





ဒကာကြီး၊ လူ့ဘဝတွင် လူသည် အရည်အသွေးရှိသောဘဝ၊ တန်ဖိုးရှိသောဘဝ၊ အဖိုးထိုက် အဖိုးတန်သောဘဝကို လူတိုင်း အလိုရှိကြသည်သာ ဖြစ်၏။ လူသည် မိမိကိုယ်မိမိ၊ မိမိဘဝကိုမိမိ သတိတရားဖြင့်သာ အဖိုးထိုက် အဖိုးတန် လူတစ်ယောက်ဖြစ်အောင် တည်ဆောက်နိုင်ပေတယ် ဒကာကြီး။

နေ့စဉ် မိုးလင်းမှ မိုးချုပ် ညအိပ်၍ မျက်လုံးအစုံဖွင့်သည်မှ မျက်လုံးအစုံမှိတ်သည်အထိ သတိတရားနှင့်နေရေးကို လေ့ကျင့်သွားပါက မြတ်စွာဘုရား ဟောကြားသော အပ္ပမာဒေန သမ္ပာဒေထ ဟူသော တရားနှင့်အညီ နေထိုင်ခြင်းမည်၍ ဘဝတန်ဖိုးမြင့်၍ တန်ဖိုးရှိသောဘဝကို တည်ဆောက်နိုင်မယ် ဒကာကြီး။

မိမိဘဝတွင် ဖြစ်လာသမျှသော ကိစ္စရပ်များကို သတိပေါ့လျော့စွာမနေဘဲ၊ သတိချွတ်ယွင်းခြင်းမရှိဘဲ အသိနှင့်နေပါက လူဖြစ်ရကျိုးနပ်၍ ဘဝတွင် အမှားလုပ်ဆောင်ဖြစ်မှု နည်း၏။ စိတ်ပူလောင်မှု၊ သောကဖြစ်မှု၊ ဖိစီးမှုများ လျော့ပါး၍ နေ့စဉ် စိတ်ကို အသိကပ်၍ ထားပါက တစ်နေ့ကုန် စိတ်သည် တည်ငြိမ်မှု၊ အေးချမ်းမှုကို ဖြစ်စေ၍ စိတ်၏ ဖိစီးမှုဝေဒနာအပေါင်းမှ ကင်းဝေး၏။

ဒကာကြီး၊ တရားစခန်းတွင် တရား သွားရောက်အားထုတ်ရန်၊ တစ်နေ့တွင် လေးငါးနာရီ တရားအားထုတ်ရန်ဟူသော ကိစ္စသည် ဟိရှုပ်များမြောင်သော လူ့ဘဝတွင် ပြုလုပ်ဖြစ်ဖို့ ခဲယဉ်း၏။ သွား၍ ပြုလုပ်ဖြစ်သော် ကောင်း၏။ သို့သော် သွားရင်းလာရင်း၊ စားရင်း သောက်ရင်း၊ ပြောရင်းဆိုရင်း၊ ထိုင်ရင်း ထရင်း အသိကပ်ကာ သတိထား၍ ယုတ်စွအဆုံး အပေါ့အလေးသွားစဉ်၌ပင် သတိတရား



www.burmeseclassic.com

www.burmeseclassic.com



ထားရှိပါက ထိုကိစ္စသည် အထူးပင်ပန်းသော ကိစ္စမဟုတ်တော့ဘဲ မိမိ၏ ကိုယ်ပိုင်အလေ့အကျင့်သဖွယ်ဖြစ်ကာ လူနှင့်သတိသည် မကင်းကွာသဖြင့် အမှားအယွင်းပြုလုပ်မှု ဖြစ်ပွားမှုနည်းမည်ဖြစ်တယ် ဒကာကြီး။ ပကတိ တည်ငြိမ်အေးချမ်း၍ ဘဝကြည်နူးမှုကိုလည်း ရရှိ၏။ စိတ်၏တည်ငြိမ်မှုကိုလည်း ရရှိသည်။ လူသည် သတိ သမာဓိ တည်ရှိနေရာမှ ခံ့ညားတည်ကြည်မှု၊ လေးစားမှုတို့ဖြင့် အလို အလျောက် ထည်ဝါသောဣန္ဒြေကို ရရှိ၍ တစ်ချိန်တည်းမှာပင် ပြင်းထန်သော လောဘ၊ ပြင်းထန်သော ဒေါသ၊ ပြင်းထန်သော မာန်မာနတို့ကို ချိုးနှိမ်ပြီးဖြစ်ကာ မြင့်မြတ်သောဘဝကို မပြတ်သော သတိဖြင့်သာ တည်ဆောက်နိုင်မယ် ဒကာကြီး"

"အလွန်တရာမှ အဖိုးထိုက် အဖိုးတန် ဖြစ်လှပါတယ် အရှင်ဘုရား"

◆

အခန်း(၁၃)

## ဇေတဝန်ကျောင်းတော်တည်ရှိရာ သာဝတ္ထိ

မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူသော တောင်ကုန်းနှင့် မားလွယ်ခုတ်ကားလမ်း၏ အခြားတစ်ဖက်တွင် ရေအိုင်ကြီးတစ်အိုင် ရှိ၏။ ထိုရေအိုင်နေရာသည် ဒေဝဒတ် မြေမြိုရာရေအိုင်ဖြစ်သည်။ သတိသံဝေဂ ရပြီဖြစ်သော ဒေဝဒတ်သည် မြတ်စွာဘုရားအား တောင်းပန်ရန် ဂယာသီသမှ သာဝတ္ထိသို့အလာ ဤနေရာအရောက် တွင် မြေမြိုခံရခြင်းဖြစ်၍ သတိသည် အချိန်မီရှိရန် လိုသည်။ သတိ၊ သံဝေဂနှင့် နောင်တတရားတို့အတွက် အထင်ကရ နေရာတစ်ခု ဖြစ်သည်။

ဒေဝဒတ် မြေမြိုသော ရေအိုင်နေရာမှ သာဝတ္ထိဘက်သို့ ဆက်လာ သော် ရေအိုင်ငယ်တစ်ခုကို ထပ်မံ၍ တွေ့ရသေး၏။ ထိုရေအိုင်ငယ် သည်ကား ကိုယ်ဝန်အတုပြုလုပ်၍ မြတ်စွာဘုရားအား လူပုံအလယ် တွင် အရှက်ခွဲရန် ကြံစည်ခဲ့သူ စိဉ္စမာဏ သတို့သမီး မြေမြိုခံရသော ရေအိုင်ဖြစ်၏။ ထိုမှ ကတ္တရာလမ်းအတိုင်း ဆက်၍လာသော် ဇေတဝန် ကျောင်းတော်ဘက်သို့ မချိုးမီ လက်ယာဘက်တွင် ဒေါ်ခွေးဇရပ်တိုင်

www.burmeseclassic.com



အမည်တွင်လျက်ရှိသော်လည်း ယခု မြန်မာတို့ လက်တွင် မရှိတော့။ သီဟိုဠ်ဘုန်းကြီးတစ်ပါးက အုပ်ချုပ်ပြီး ကုလားများ နေထိုင်လျက် ရှိ၏။ ဒေါ်ခွေးက ငွေကြေးစိုက်ထုတ်လှူဒါန်းသည်ကို ဇေတဝန် ကျောင်း ဆရာတော် ဦးမဟိန္ဒက တာဝန်ယူ ဆောက်လုပ်သော ဇရပ်ဟု သိရ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဤနေရာသည် မြတ်စွာဘုရား သီတင်းသုံးရာနေရာ၊ ဤနေရာသည် စင်္ကြံလျှောက်သည့်နေရာ၊ ဤနေရာသည် ရေသပ္ပာယ်သောနေရာ၊ ဤနေရာကား ရဟန္တာများ သီတင်းသုံးရာနေရာ စသည်ဖြင့် တမ်းတမျှော်မှန်းရင်း တူးဖော်ထားသည့်နေရာများနှင့် စာရွက်စာတမ်းပါ အချက်အလက် နေရာများ တိုက်ကြည့်၊ တိုင်းထွာကြည့်၊ မျှော်မှန်းကြည့်ရသည်က သာဝတ္ထိ ရောက်တိုင်း ကြည်နူးကျေနပ် ကုသိုလ်ပွားရသောအရာ ဖြစ်၏။

ဇေတဝန်ကျောင်းအတွင်းသို့ မနက်စောစောနှင့် ညနေပိုင်း သွားရသည်က ပိုကောင်း၏။ နေအေး၏။ ယခုအခါ ဇေတဝန်ကျောင်းကို အိန္ဒိယ ရှေးဟောင်းသုတေသနက ထိန်းသိမ်းထားရှိသည်။

ဒေါ်ခွေးဇရပ်ကို ကျော်ပြီး လက်ဝဲဘက်သို့ ချိုးဝင်လိုက်လျှင် ဗုဒ္ဓ မြတ်စွာဘုရား ၂၄-ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့် ဇေတဝန် ကျောင်းတော်ရာကို ရောက်၏။ ထိုမှ ဆက်၍သွားသော် သာဝတ္ထိ မြို့ဟောင်းသို့ ရောက်သည်။ သာဝတ္ထိမြို့ဟောင်းတွင် ကောသလမင်း ကြီး၏ နန်းတော်ရာနှင့် မလ္လိကာမိဖုရားကြီး၏ အဆောင်ရှိ၏။ အင်္ဂုလိ မာလ မွေးဖွားရာနေရာလည်း ရှိသည်။ ထိုနေရာတွင်တွေ့သော ဥစတာမျက်စိ အင်္ဂုလိမာလ စေတီဟု ခေါ်၏။



သာဝတ္ထိမြို့သို့ အေဒီ ၄ဝ၉-ခုနှစ်တွင် တရုတ်ရဟန်းတော် ဖာဟီယန် ရောက်၏။ အေဒီ ၆၃၇-တွင် တရုတ်ရဟန်းတော် ဟူယင်ဆင် ရောက်ရှိ၏။ ဇေတဝန်ကျောင်းတော်၏ အရှေ့ဘက် သာဝတ္ထိမြို့ ဟောင်းသို့သွားရာလမ်း ယာဘက်တွင် မြန်မာဘုန်းတော်ကြီးကျောင်း ရှိသည်။

တူးဖော်ထားသော ဇေတဝန်ကျောင်းတော်၏နေရာသည် ၂၆-ဧက ကျော် ကျယ်ဝန်း၏။ ဇေတဝန်ကျောင်းဝင်းအတွင်း၌ မြတ်စွာဘုရား ကိုယ်တော်တိုင် သီတင်းသုံးတော်မူသော ဂန္ဓကုဋိတိုက်၊ ဘုရားရှင် ကိုယ်တော်တိုင် အသုံးပြုသော ရေတွင်း စသည်တို့ ရှိသည်။ ရေတွင်း သည် ရှစ်မြောင့် ရေတွင်းဖြစ်၏။ ထို့ပြင် ဘုရားရှင်လက်ထက်တော် အခါက စိုက်ပျိုးခဲ့ပြီး ယနေ့ထက်တိုင် ရှင်သန်လျက်ရှိသော အာနန္ဒာ ဗောဓိပင်ကြီးကိုလည်း တွေ့ရှိဖူးမြော်နိုင်သည်။

ဇေတဝန်ကျောင်းတော်နေရာကို ယခုအခါ ဆာဟက် SAHEK၊ သာဝတ္ထိမြို့ဟောင်းနေရာကို မဟက် MAHEK ဟု ခေါ်သဖြင့် ထို နေရာနှစ်ခုစလုံးကိုတွဲကာ သာဝတ္ထိမြို့နေရာကို ဆာဟက်မဟက်ဟု ခေါ်ကာ ကြည်ညိုနေ၍ ရသည်။ သာဝတ္ထိသို့ရောက်လျှင် ဇေတဝန် ကျောင်းအတွင်း သွားတိုင်း သာဝတ္ထိမြို့ဟောင်းနေရာတွင် ကြည့်ရှုရန် နေရာဌာန ငါးခုရှိပါ၏။ ထိုနေရာငါးခုမှာ-

၁။ သာဝတ္ထိမြို့ဟောင်းနေရာ၊

၂။ ပုဗ္ဗာရုံကျောင်းတော်နေရာ၊

၃။ ရာဇကာရုံကျောင်းတော်ရာ၊

၄။ ဇေတဝန်ကျောင်းတော်ရာနှင့်

၅။ အာနန္ဒာဗောဓိတို့ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိမြို့ဟောင်းနေရာသည် ယခုတော့ သစ်ပင်ချုံပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိ၏။ မြို့ရိုးပေါ်တွင် ပေါက်နေသော အတန်ငယ်မြင့်နေသည့် သစ်ပင်တန်းကို ကြည့်၍ မြို့ရိုးတည်ရှိပုံကို ခန့်မှန်းနိုင်၏။ မြို့တော် တောင်ဘက်တံခါးအဝင်တွင် ဂျိန်းဘုရားရှိခိုးကျောင်းဟုဆိုသော အုတ်တိုက်ပျက်တစ်ခု ရှိ၏။

ထိုနေရာတွင် ဂျိန်းတို့၏ တတိယအကြီးဆုံးဖြစ်သူ သမ္ဘဝနာထ မွေးဖွားရာနေရာဖြစ်သည်ဟု ယုံကြည်ကြ၏။ သာဝတ္ထိမြို့တွင် ဗုဒ္ဓဘာသာမတိုင်မီက ဂျိန်းဘာသာကိုသာ ကိုးကွယ်ကြသည်။ သာဝတ္ထိမြို့ဟောင်းနေရာတွင် ကတ်ကျိကုဋိနှင့် ပတ်ကိကုဋိဟု ခေါ်သော တိုက်ပျက်နှစ်ခုရှိ၏။ ကတ်ကျိသည် ကောသလမင်းကြီး၏ နန်းတော်ရာဖြစ်၍ ပတ်ကိသည် မလ္လိကာမိဖုရားကြီး၏ အဆောင်ဟု ဆိုကြ၏။

ပုဗ္ဗာရုံကျောင်းတော်နေရာသည် သာဝတ္ထိမြို့တော်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ပုဗ္ဗာရုံကျောင်းကို ဝိသာခါ ကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းသည်။ ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်ဖြစ်သည့် အကြောင်းမှာ ဝိသာခါသည် မြတ်စွာဘုရားအား ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ လာခဲ့၏။ ကျောင်းသို့ ရောက်သောအခါ မိမိ၏ မလ္လိကာတန်ဆာကိုချွတ်၍ မိမိ၏ကျွန်မအား ပေးခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ ဝင်လေ၏။ ဇေတဝန်ကျောင်းအတွင်း မြတ်စွာဘုရားဟောကြားတော်မူသော တရားကို နာကြားပြီး၍ အပြန်တွင် မလ္လိကာတန်ဆာ ကျောင်း၌ မေ့၍ကျန်ခဲ့၏။ မေ့ကျန်ရစ်သော တန်ဆာကို အရှင်အာနန္ဒာက သိမ်းဆည်းထား၏။ ဝိသာခါ ကျောင်းအမကြီးသည် မိမိ၏ မလ္လိကာတန်ဆာကို အရှင်အာနန္ဒာထံမှ ပြန်ရသောအခါ ပြန်လည်ဝတ်ဆင်လိုစိတ် မရှိသောကြောင့် ထိုတန်ဆာကို ရောင်း၍ ကျောင်းဆောက်လှူဒါန်းရန် စိတ်အကြံဖြစ်၏။ ထို့ကြောင့် မလ္လိကာတန်ဆာကို ရောင်းချရာ သာဝတ္ထိပြည်တွင် ဝယ်နိုင်သူ မပေါ်သောကြောင့် မိမိဘာသာ ၉–ကုဋေ တန်ဖိုးဖြတ်၍ ဝယ်ယူပြီး ကျောင်းဆောက်လှူဒါန်းရာ မြို့၏အရှေ့ဘက်တွင် တည်ရှိသောကြောင့် ထိုကျောင်းကို ပုဗ္ဗာရုံကျောင်းဟု အမည်တွင်၏။

ပုဗ္ဗာရုံကျောင်းနေရာသည် အစီရဝတီမြစ်ရေ တိုက်စားသောကြောင့် သဲသောင်များဖုံးနေ၏။ အစီရဝတီမြစ်သည် မြန်မာတို့ အသိများသော ပဋ္ဌာစာရီ သူဌေးသမီး၏ သားကြီး ရေနစ်၍ သားငယ် စွန်ချီခံရသော နေရာဖြစ်၏။ ထို့ပြင် အစီရဝတီမြစ်သည် သာကီဝင်တစ်မျိုးလုံးကို သတ်ဖြတ်၍ ပြန်လာခဲ့သော ဝိဍူဍဘမင်းသားသည် မိမိ၏စစ်တပ်ကို ဤအစီရဝတီမြစ်ကမ်း၌ စခန်းချ၍ အိပ်စက်စဉ် မြစ်ရေကျလာပြီး တစ်တပ်လုံးကို ပြုတ်ပြုတ်ပြုန်း ပျက်စီးစေခဲ့သောမြစ် ဖြစ်၏။

ရာဇကာရုံကျောင်းတော်နေရာသည်ကား သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်းတော်အကြားတွင် တည်ရှိသော ဘိက္ခုနီမတို့၏ ကျောင်းတော်ရာဖြစ်၏။ သို့သော် ယခုတိုင် တူးဖော်ခြင်းမပြုရသေးပေ။ ကျောင်းဒကာသည် ကောသလမင်းကြီး ဖြစ်၏။

ဇေတဝန်ကျောင်းတော်သည်ကား ဇေတမင်းသား၏ ဥယျာဉ်ကို အနာထပိဏ်သူဌေးက ရွှေဖြင့်စက်၍ဝယ်ပြီး ဘုရားရှင်အား လှူဒါန်းသော ကျောင်းတော်ကြီးဖြစ်၏။ အလှူရှင်မှာ အနာထပိဏ်သူဌေးဖြစ်သော်လည်း ဇေတမင်းသား၏အမည်သာ တွင်၍ ဇေတဝန်ကျောင်းတော်ဟုသာ ခေါ်၏။ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်







www.burmeseclassic.com

www.burmeseclassic.com



လုပ်ရာတွင် ဥယျာဉ်မြေ၏ တစ်ဝက်ကို ဓေတမင်းသားက လှူ၍ မြေတစ်ဝက်ကို အနာထပိဏ်သူဌေးက ရွှေဒင်္ဂါး ၁၈–ကုဋေဖြင့် ဝယ်ယူရကာ ကျောင်းကိုလည်း ၁၈–ကုဋေတန် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်၏။

ဓေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်လေးဆောင်ကို ကြည်ညိုသဒ္ဓါပွားနိုင်ကြ၏။ ယင်းကျောင်းဆောင်ကြီးများမှာ–

(က) ဂန္ဓကုဋိ နံ့သာဆောင်၊

( ခ ) ကရေရိကုဋိ ရေ တာက်ပင်ဆောင်၊

( ဂ ) ကလာကုဋိဆောင်၊

(ဃ) ကောသမ္ဗကကုဋိ ကြို့ပင်ဆောင်ကြီးတို့ ဖြစ်၏။

ဂန္ဓကုဋိနံ့သာဆောင်သည် မြတ်စွာဘုရား သီတင်းသုံးရာ အဆောင်ဖြစ်၍ မူလက စန္ဒကူးသားတို့ဖြင့် တည်ဆောက်ထားသော ဘုံခုနစ်ဆင့်ရှိ ကျောင်းတော်ကြီးဖြစ်သည်။ ဤကျောင်းတော်ကြီးနှင့် ပတ်သက်၍ ဖာဟီယန်က မိမိ အေဒီ ၄၀၉–ခုနှစ်၌ ရောက်သောအခါ မူလ ဂန္ဓကုဋိတိုက်မှာ မီးလောင်ခံရ၍ အသစ်ဆောက်ထားသော ဘုံခုနစ်ဆင့်ကျောင်းကို တွေ့ရသည်ဟု မှတ်တမ်းတင်ထား၏။ သို့သော် အေဒီ ၆၃၇–၌ ဓေတဝန်ကျောင်းသို့ ဟီယန်ဆိုင် ရောက်ရှိလာသောအခါ ထိုနေရာတွင် နှစ်ထပ်အုတ်တိုက်ပျက်ကို တွေ့ရသည်ဟု ရေးထားရာ ထိုနေရာတွင် ကျောင်းဆောင်အထပ်ထပ် ဆောက်ခဲ့သည်ဟု ယူဆရ၏။ ထိုနေရာသည် မူလ ပထမ ဂန္ဓကုဋိတိုက် နေရာ အစစ်အမှန်ဖြစ်သည်။





ကရေရိကုဋိ – ရေတာက်ပင်ကျောင်းတော်ရာနှင့် ကလာကုဋိကျောင်းတော်ရာ နေရာတို့သည် မြတ်စွာဘုရား တရားဟောရာ ဓမ္မာရုံနေရာနှင့် ဆွမ်းစားကျောင်းနေရာတို့ ဖြစ်သည်။ ကြို့ပင်ဆောင်မှာ မြတ်စွာဘုရား လဲလျောင်းရာနေရာဟု အဆိုရှိကြ၏။

ဓေတဝန်ကျောင်းတော်ကြီး၏ အဝင်ဝအတွင်းရှိသော အာနန္ဒာဗောဓိပင်ကြီးမှာ အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် အနာထပိဏ်သူဌေးစိုက်ပျိုးခဲ့သော ဘုရားလက်ထက်တော်တိုင်မှသည် ယနေ့ထက်တိုင် တည်ရှိနေသော သက်တမ်း ၂၅၀၀–ကျော်ရှိ ဗောဓိပင်ကြီး ဖြစ်၏။

သာဝတ္ထိပြည်နှင့် ပတ်သက်၍ တရုတ်ရဟန်းတော် ဖာဟီယန်နှင့် ဟူယင်ဆင်တို့သည် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ကြသည်ဟု မောင်အုံ့ (မဟာဝိဇ္ဇာ–ဘုံဘော၏ စာ ၈၈–၈၉)က ဆို၏။

## ဖာဟီယန် မှတ်တမ်း

အေဒီ ၅–ရာစုနှစ်က တရုတ်ရဟန်းတော် ဖာဟီယန်က အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

သာဝတ္ထိမြို့မှာ အိမ်ခြေ ၂၀၀–ခန့်သာရှိသည်။ သာဝတ္ထိမြို့တောင်ဘက်တံခါးမှအထွက် လမ်းမကြီး၏ အရှေ့ဘက် ခြေလှမ်း ၂၀၀–ခန့် အကွာတွင် ဓေတဝန်ကျောင်းတော်ကြီး ရှိသည်။ ကျောင်းတော် အဝင်ဝ မုခ်သည် အရှေ့ဘက်၌ရှိသည်။ ကျောင်းတော်၏ အရှေ့ဘက်မုခ်၌ ကျောက်တိုင်နှစ်တိုင် ရှိသည်။ လက်ဝဲဘက် ကျောက်တိုင်ထိပ်တွင် နွားလားဥသဘရုပ်တု လုပ်ထားသည်။ တထာဂတဟု ခေါ်သော ကျောင်းတော် ( =ဂန္ဓကုဋိ)မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘုံခုနစ်ဆင့် (ခုနစ်ထပ်)ရှိသည်။ နိုင်ငံအသီးသီးမှ ဘုရင်များနှင့် ဗုဒ္ဓဘာသာဝင်လူထုသည် ထိုကျောင်းတော်ကို နှစ်စဉ် ပူဇော်ပွဲ ပြုလုပ်ကြသည်။ မြတ်စွာဘုရား သီတင်းသုံးရာဌာနကို ဗိတာန် မျက်နှာကြက်များ၊ တံခွန်ကုက္ကား မုလေးပွားများ ပန်းနံ့သာမျိုးစုံ တို့ဖြင့် အမြဲ ပူဇော်နေကြသည်။ ဆီမီးတိုင်များ၊ အမွှေးတိုင် များဖြင့် အမြဲမပြတ် ပူဇော်နေကြရာ တစ်ခုသောည၌ ကြွက် တစ်ကောင်က အမွှေးတိုင်ကို ကိုက်ချီပြေး၍ ကြမ်းခင်းကို မီးစွဲ လောင်ရာမှ ဘုရားကျောင်းတော်ကြီးတစ်ခုလုံး ပြာကျလေသည်။ ထိုနေရာတွင် ကျောင်းတော်အသစ် အစားထိုး ဆောက်လုပ်ကြ သည်။

## ဟူယင်ဆင် မှတ်တမ်း

အေဒီ ၇–ရာစုက တရုတ်ရဟန်းတော် ဟူယင်ဆင်သည် အောက် ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

သာဝတ္ထိမြို့တော်ကြီးမှာ ပြောင်းခင်းများဖြင့် ပြည့်နေလေ ပြီ။ မြို့ရိုးတံတိုင်းကြီးမှာ တချို့တစ်ဝက် ပြိုပျက်နေသည်။ လူအနည်းငယ်ခန့် နေထိုင်သည်ကို တွေ့ရသည်။ ကျောင်းတိုက် အပျက်ကြီးများကို တွေ့ရ၍ သမ္မိတိယဂိုဏ်းဝင် ရဟန်းအချို့ တွေ့သည်။ နတ်ဘုရားကျောင်း ၁၀၀–ခန့်တွေ့ရသည်။ ဇေတဝန် ကျောင်းတော်၏ အရှေ့မြောက်ထောင့်၌ ပုတိဂတ္တတိဿ ရဟန်း အား မြတ်စွာဘုရားရှင် သူနာပြုစုသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်တစ်ဆူ ရှိသည်။ ဇေတဝန်ကျောင်း



တော်၏ အရှေ့ဘက် ခြေလှမ်း ၁၀၀–ခန့်အကွာတွင် ဒေဝဒတ် မြေမြိုခံရသော တွင်းကြီးတစ်ခု ရှိသည်။

အေဒီ ၇–ရာစုနောက်ပိုင်းတွင် သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်း တော်တို့၏အကြောင်း မှတ်တမ်းများ၌ မတွေ့ရတော့ချေ။ ၁၂–ရာစု တွင် အခြားသော ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများနည်းတူ ဖျက်ဆီး ခြင်းခံခဲ့ရသည်ဟု ယူဆရသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

# အကျိုးနှစ်ပါးကို ထင်ရှားစေသောတရား

သာဝတ္ထိသို့ရောက်သော ညနေတွင်ပင် ဆရာတော်ဦးပဥ္စင်းနှင့် မိမိတို့သည် ဇေတဝန်ကျောင်းတော်သို့ သွားကြ၏။ ငယ်စဉ် လူလားမြောက်သည်မှစ၍–

"သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ"

ဆိုသော စာကို အထပ်ထပ် အကြိမ်ကြိမ် အလွတ်ဆိုခဲ့ရသည်။ သာဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော နှလုံးမွေ့လျော်ဖွယ်ကောင်းသည့် ဇေတဝန်ကျောင်းတော်ကြီး၌ နေတော်မူ၏ဟု အဓိပ္ပာယ် ရရှိပါ၏။

ယခု ကျွန်တော်တို့ ဇေတဝန်ကျောင်းတော်ကြီးအတွင်းသို့ ရောက်ရှိချိန်တွင်တော့ ဇေတဝန်သည် အာရာမေ=နှလုံးမွေ့လျော် ပျော်ဖွယ်ရာကား မရှိ။ ဒီနေရာမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူမှာပဲ။ ဟိုနေရာမှာ မြတ်စွာဘုရား စင်္ကြံလျှောက်တော်မူမှာပဲဟူ၍သာ မှန်းမြော်လွမ်းဆွတ်တသ သတိရဖွယ်ရာသာ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋိတိုက်နေရာသို့ရောက်တော့ ထိုနေရာတွင် မြတ်စွာဘုရားအား ရည်မျှော်၍ ပူဇော်ကန်တော့ရ၏။ ညနေခင်းမို့ ဓါတ်တော်ဝန်းကျောင်းဝင်းအတွင်း၌ လူသူကင်းရှင်းနေ၏။ ကျောင်းတစ်ခုလုံးတွင် ဆရာတော်ဦးပဥ္စင်းနှင့် မိမိတို့နှစ်ဦးသာရှိ၏။ ဆရာတော်ဦးပဥ္စင်းက မိမိ ခေတ္တတရားထိုင်မည်ဟုဆို၍ ဆရာတော်နှင့်အတူ မိမိလည်း တရားမှတ်ရ၏။ အတော်ကြာ၍ တရားမှတ်နေရာမှ မိမိက ထလိုက်တော့ ဆရာတော်က တရားမှတ်နေဆဲ။ အတော်ကြာတော့မှ ဆရာတော် တရားမှတ်နေရာမှ ထ၏။

"ဆရာတော်၊ ဒီနေရာဟာ ဗုဒ္ဓကိုယ်တော်တိုင် သီတင်းသုံးတော်မူရာ ဖြစ်ပါတယ်။ ဒီနေရာရောက်ခိုက် မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေထဲက သင့်လျော်ရာဒေသနာကို ဟောကြားချီးမြှင့်ပါဦးဘုရား"ဟု လျှောက်ထားရ၏။ ဆရာတော်သည် ခပ်လှမ်းလှမ်းတွင်ရှိနေသော အာနန္ဒာဗောဓိပင်ကြီးဆီသို့ လှမ်းမျှော်ကာကြည့်ရင်း "ဒကာကြီး၊ ဒီလိုမြင့်မြတ်တဲ့နေရာမှာ မြင့်မြတ်တဲ့တရားကိုပဲ ဟောချင်တယ် ဒကာကြီးရဲ့"

"ပိုမိုသင့်မြတ်တာပေါ့ ဘုရား"

"တရားထဲမှာ အမြတ်ဆုံးတရားက ဘာလဲ ဒကာကြီး"

"သတိတရားလို့ အရှင်ဘုရား နေ့ခင်းကပဲ ဟောကြားဆုံးမခဲ့ပြီး ဖြစ်ပါတယ်ဘုရား"

"မှန်တယ် ဒကာကြီး၊ ဒီ မြင့်မြတ်တဲ့တရားကိုပဲ ထပ်မံရှင်းလင်း ဟောကြားတာပေါ့ ဒကာကြီး"



"ဒကာကြီး...

သတိ။ အပိလာပန လက္ခဏာ၊ အသမ္မောသရသာ သတိ။

အာရက္ခ ပစ္စုပဋ္ဌာနာ၊ ထိရသညာ ပဒဋ္ဌာနာ

ရယ်လို့ ကျမ်းဂန်ပါဠိ အလာရှိတော်မူတယ် ဒကာကြီး၊

အဓိပ္ပာယ်ကတော့...

သတိသည် အပိလာပနလက္ခဏာ—ပူဖောင်းအသွင် မပေါ်လွင်ဘဲ အာရုံထဲတွင် ခိုင်မြဲခြင်းလက္ခဏာရှိ၏။

အသမ္မောသရသာ—အာရုံကို မပျောက်ပျက်စေခြင်းကိစ္စရှိ၏။

အာရက္ခပစ္စုပဋ္ဌာနာ—အာရုံကို စောင့်ရှောက်သော ဉာဏအားကို ဖြစ်စေနိုင်၏လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် သတိတရားရဲ့လက္ခဏာကို ဖွင့်ဟဖော်ထုတ်ရမယ်ဆိုရင် သတိတရားဟာ ရေတွင် ပူဖောင်းကို ပစ်၍ချသော် ပူဖောင်းသည် ရေတွင် ကောင်းစွာတည်မနေဘဲ ပေါ်လောမျောသွားသကဲ့သို့ မျောပါသွားခြင်းမရှိဘဲ သတိသည် လေးလံသော ကျောက်ခဲကို ရေ၌ချပါက ထိုကျောက်တုံး ကျောက်ခဲသည် မျောပါမသွားဘဲ အာရုံတွင် ခိုင်မြဲစွာ တည်တံ့နေခြင်းသည် သတိ၏ လက္ခဏာဖြစ်တယ် ဒကာကြီး"

"မှန်လှပါဘုရား"

"ဒကာကြီး၊ သတိရဲ့ကိစ္စကတော့ အာရုံမှာ ပျောက်ပျက်မသွားအောင် အောက်မေ့ခြင်း၊ အမှတ်ရခြင်းဟာ သတိ၏ကိစ္စဖြစ်ပေတယ်။ အောက်မေ့တတ်သောသဘောကြောင့်လည်း သတိဟု ခေါ်တယ်။

အာရုံ၌ သတိမမေ့မပျောက်အောင် စောင့်ရှောက်မှုအရေးတွင် သညာသည် များစွာ အကူအညီရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှု ကိစ္စစုတို့၌ မပြတ်လေ့လာ အထုံပါသော ပုဂ္ဂိုလ်၌ သညာအမှတ် ကြပ်ကြပ်နိုင်မြဲကာ ဘဝဆုံးခါနီးကာလတွင် အခြားအရာများ မထင်ပေါ်ဘဲ ကောင်းမှုကုသိုလ်များ ပေါ်ထင်လာခြင်းသည် ကံ၏အစွမ်းချည်းကြောင့်သာ မဟုတ်ဘဲ သညာ၏အရင်းခံ အစွမ်းသတ္တိကြောင့်လည်း ဖြစ်တယ်။

မျက်မှောက်ဘဝတွင် ခံစားရသောအကျိုး၊ တမလွန်ဘဝ၌ ခံစားရသောအကျိုးဟူသော အကျိုးနှစ်ပါးစလုံးကို သိမ်းကျုံးတည်ဆောက်နိုင်သောတရားသည် သတိတရားဖြစ်၏။

တစ်ခါသော် ပသေနဒီ ကောသလမင်းကြီးက မြတ်စွာဘုရားအား "အရှင်ဘုရား၊ မျက်မှောက်ဘဝ၌ ခံစားရသောအကျိုးနှင့် တမလွန်ဘဝ၌ ခံစားရသောအကျိုးဟူ၍ အကျိုးနှစ်ပါးစလုံးကို သိမ်းကျုံးတည်နိုင်သောတရားသည် ရှိပါသလား"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက "အကျိုးတရားနှစ်ပါးကို သိမ်းကျုံးခံစားတည်နိုင်သောတရားသည် ရှိ၏"ဟု ဖြေကြားတော်မူ၏။

ထိုအခါ မင်းကြီးက "ထိုတရားသည် အဘယ်မည်သောတရား ဖြစ်ပါသနည်း"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက "မင်းကြီး၊ မျက်မှောက်ဘဝ၏အကျိုးနှင့် တမလွန်ဘဝ နှစ်ပါးသောဘဝတို့ကို သိမ်းကျုံးတည်ရှိသော တစ်ခုတည်းသောတရားသည် အပ္ပမာဒ (သတိ)တရားပင် ဖြစ်၏"ဟု ဟောကြားတော်မူ၏။ (အပ္ပမာဒသုတ်)

ထို့နောက် မြတ်စွာဘုရားက–

မင်းကြီး၊ ကုန်းသတ္တဝါတို့၏ ခြေရာဟူသမျှ အားလုံးတို့သည် ဆင်ခြေရာ၌ ပေါင်းစုခြင်းသို့ ရောက်ကုန်၏။ ဆင်ခြေရာသည်





ကြီးသည်၏အဖြစ်ကြောင့် ကုန်းသတ္တဝါတို့၏ ခြေရာထက် လွန်ကဲသည်ဟု ဆိုကြသကဲ့သို့ ထို့အတူ မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး၊ တမလွန်ဘဝ၌ ခံစားရသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍တည်သော တစ်ခုတည်းသောတရားသည် မမေ့မလျော့မှု အပ္ပမာဒတရား၌ တည်ရှိခြင်းပင်ဖြစ်၏ဟု မိန့်တော်မူ၏။

မမေ့မလျော့ မပေါ့မဆသော အပ္ပမာဒ သတိတရားသည်–

* အသက် ရှည်ခြင်းကိုလည်းကောင်း၊
* ရောဂါ မရှိခြင်းကိုလည်းကောင်း၊
* အဆင်း လှခြင်းကိုလည်းကောင်း၊
* အမျိုး မြင့်မြတ်ခြင်းကိုလည်းကောင်း၊
* မွေ့လျော် ချမ်းမြေ့မှုကိုလည်းကောင်း၊
* နတ်ပြည်၌ ဖြစ်ခြင်းကိုလည်းကောင်း၊
* မြားမြောင်လှစွာသော အမြတ်တရားတို့ကိုလည်းကောင်း ပေးဆောင်နိုင်သောသဘော ရှိ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါတစ်ပါး၌ ပသေနဒီ ကောသလမင်းကြီးသည် ဆန်တစ်စိတ်ချက်စာမျှသော ထမင်းကို စားကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ဆန်တစ်စိတ်စာမျှ စားထားသော ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရား၏ ရှေ့မှောက်၌ပင် မအီမသာ ပင်ပန်းသောအသွင် ရှိနေ၏။

ထိုအခါ မြတ်စွာဘုရားက ပသေနဒီ ကောသလမင်းကြီး၏ အဖြစ်ကို မြင်ရသောအခါ "မင်းကြီး၊ အခါခပ်သိမ်း သတိတရား ထားရှိ၍ နေအပ်သော စားဖွယ်၏ အတိုင်းအရှည်ကို သိရှိမှီဝဲသောသူတို့သည်

www.burmeseclassic.com



ဝေဒနာတို့ နည်းပါးကုန်၏။ သုံးဆောင်သော အာဟာရသော်လည်း အသက်ကိုစောင့်သည်ဖြစ်၍ နူးညံ့ကြေညက်၏”ဟု မိန့်မြွက်ဆုံးမတော်မူ၏။

ထိုသို့ဆုံးမစဉ်ကာလ၌ သုဒဿနလုလင်သည် မင်းကြီးနောက်တွင် ရှိ၏။ ထိုအခါ မင်းကြီးက “အချင်း သုဒဿန၊ သင်သည် မြတ်စွာဘုရား ဟောကြားတော်မူသော ဤဂါထာကို သင်မှတ်ယူခဲ့လော။ ငါ့ထမင်းစားတိုင်း စားတိုင်း ဤဂါထာကို ရွတ်ဆိုလော့။ ငါသည် သင့်အား နေ့တိုင်း အသပြာတစ်ရာကို ပေးအံ့”ဟု မိန့်တော်မူ၏။

သုဒဿနလုလင်သည်လည်း–

မင်းကြီး၊ ကောင်းပါပြီဟုဆိုကာ မြတ်စွာဘုရားထံတော်ပါး၌ ထိုဂါထာကို သင်ယူခဲ့ပြီးလျှင် ပသေနဒီကောသလမင်းကြီး ထမင်းစားတိုင်း မြတ်စွာဘုရားမြွက်ကြားသော ဂါထာကိုရွတ်ဆို၏။

ထိုအခါ တစ်စလယ်ချက်စားနေကျ မင်းကြီးသည် ဘုရား၏ အဆုံးအမကို သတိချပ်ကာ တစ်ကွမ်းစားချက် ထမင်းအတိုင်းအတာ၌သာ တည်မြဲမှီဝဲတော့၏။ ထိုအခါ မင်းကြီး၏ကိုယ်သည် ရှေးအခါကကဲ့သို့ မအိမသာမရှိ။ ပေါပါးလွတ်လပ်သောကိုယ် ရှိလာခဲ့၏။ မင်းကြီးသည် မိမိ၏ကိုယ်ကို လက်ဖြင့်အဖန်တလဲလဲသုံးသပ်ကာ မြတ်စွာဘုရားသည် မျက်မှောက်ဘဝ၌ဖြစ်စေသော အကျိုးဖြင့်လည်းကောင်း၊ တမလွန်၌ဖြစ်သော အကျိုးဖြင့်လည်းကောင်း နှစ်ပါးစုံသော အကျိုးဖြင့် ငါ့အားအစဉ်သနားစောင့်ရှောက်ပေး၏ဟု ဥဒါန်းစကားကို နန်းတော်ထိပ်မှနေ၍ ကျူးရင့်မြွက်ဆိုလေ၏။





ထို့အတူ အခါတစ်ပါးတွင်လည်း မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီးအား “မင်းကြီး၊ သင်သည် ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းဟူသော သတိတရားသည် သင့်ထံတွင် မှီခိုတည်မြဲနေအပ်၏။ သင်မင်းကြီးသည် မမေ့မလျော့ မပေါ့မဆရှိပါက သင်မင်းကြီး၏ မောင်းမမိဿံအပေါင်း၊ နောက်လိုက်နောက်ပါအပေါင်း၊ စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ နိဂုံးဇနပုဒ်နေ ပြည်သူအပေါင်းတို့သည် ငါတို့သည်လည်း မင်းကြီးကဲ့သို့ မမေ့မလျော့နေချေမှ တော်ချေမည်ဟု အကြံဖြစ်သည့်အားလျော်စွာ မင်းကြီးနှင့်တကွ ပြည်သူပါ မမေ့မလျော့ဘဲ ရှိလတ္တံ့။ မင်းကြီး၊ မမေ့မလျော့ခြင်းသည် မမေ့လျော့သူကို–

– လုံခြုံစေအပ်၏။
– စောင့်ရှောက်စေအပ်၏။
– ဘဏ္ဍာတိုက် ကျီကျတို့လည်း လုံခြုံစေအပ်၏။
– စောင့်ရှောက်စေအပ်၏။

ထို့ကြောင့် အဆင့်ဆင့်သော စည်းစိမ်ကို တောင့်တသူတို့သည် မမေ့မလျော့အပ်၊ ကုသိုလ်ပြုရာ ပုညကိရိယာဝတ္ထုတို့၌ မမေ့မလျော့ခြင်းကို ပညာရှိတို့ချီးမွမ်းကုန်၏။

မမေ့မလျော့သော ပညာရှိသည် အကျိုးနှစ်ပါးကို သိမ်းယူနိုင်၏။ မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး၊ တမလွန်ဘဝ၌ ခံစားရသော အကျိုးကို ရရှိခြင်းကြောင့် ထိုသူကို ပဏ္ဍိတဟူ၍ ခေါ်ဆိုအပ်၏။

(ကလျာဏမိတ္တသုတ်)

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)

## သေသောသူနှင့် မေ့လျော့သူ အတူတူ

ဆရာတော်ဦးပဋ္ဌင်းနှင့် မိမိတို့သည် ဂန္ဓကုဋိတိုက်ဘက်ဆီမှ ထွက်လာကြ၏။ ထို့နောက် ရှစ်မြှောင့်ရေတွင်းနေရာသို့အရောက်တွင် ဆရာတော်က "ဤရေတွင်းနှင့်ပတ်သက်၍ကား အမျိုးမျိုးသော အဆိုများရှိတယ်။ ဒီရေတွင်းကရေဟာ ကုဋ္ဌနူနာကို ပျောက်စေတယ်လို့လည်း ယုံကြည်ကြတယ်။ ဘုရားရှင်လက်ထက် ဘုရားနှင့်တကွ ရဟန္တာအပေါင်းတို့ အသုံးပြုရာ ရေတွင်းအဖြစ်လည်း ယုံကြည်ကြတယ်"ဟုဆို၏။

ထိုအတိုင်း ဆက်၍ပြန်လာသောအခါ အရှင်အာနန္ဒာဗောဓိပင်တည်ရှိရာနေရာသို့ ရောက်၏။ ထိုအခါ မိမိက အာနန္ဒာဗောဓိရွက်များကို ကောက်နေစဉ် ဆရာတော်ဦးပဋ္ဌင်းက "ဒကာကြီး၊ မြတ်စွာဘုရား ပွင့်တော်မူရာဌာန ဗုဒ္ဓဂယာမှ မဟာဗောဓိပင်သည်ပင် အဖျက်အဆီးခံရ၍ ပြန်လည်စိုက်ပျိုးထားသည်ဟု အထောက်အထားများရှိသော်လည်း ဇေတဝန်ကျောင်းတော်ကြီးအတွင်းရှိ အာနန္ဒာဗောဓိပင်

www.burmeseclassic.com



မှုကား အပြောင်းအလဲမရှိ။ ဗုဒ္ဓလက်ထက်တော်မှ ယနေ့တိုင် တည်ရှိခဲ့သော တစ်ပင်တည်းသောဗောဓိပင် ဖြစ်တယ်"ဟု မိန့်၏။

"ဒီ အာနန္ဒာဗောဓိပင် စိုက်ပျိုးခဲ့ခြင်းရဲ့ မူရင်းဇာစ်မြစ်အကြောင်းလည်း အမိန့်ရှိပါဦး ဘုရား"

"ဒီလိုဒကာကြီးရဲ့၊ မြတ်စွာဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်မှာ ဝါတွင်း ၃–လမျှသာ သီတင်းသုံးတော်မူတာဖြစ်တယ်။ ဝါကျွတ်ကာလ ၉–လတာပတ်လုံး မဇ္ဈိမဒေသတစ်ဝန်း မြို့ရွာအသီးသီးတို့ကို ဒေသစာရီ လှည့်လည်ကြွချီတော်မူတာက များတယ်။ ဒီတော့ မြတ်စွာဘုရားကို ပူဇော်လိုတဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ဟာ အဝေးအနီးမှ ဇေတဝန်ကျောင်းတော်ကို မြတ်စွာဘုရားအား ဖူးမြော်ရန်အလို့ငှာ လာကြတဲ့အခါမှာ ဘုရားရှင် မရှိတဲ့အခိုက် ကြုံကြိုက်ပါက ပူဇော်ရန် ယူလာကြတဲ့ ပန်းနံ့သာများကို ဘုရားရှင်မရှိလို့ မပူဇော်ရဘဲ ဇေတဝန်ကျောင်းအဝမှာ စွန့်ပစ်ပြီး ပြန်သွားကြရတယ်။ အဲဒီတော့ မြတ်စွာဘုရားက ငါကိုယ်တော်တိုင် မရှိပေမယ့် ငါရဲ့ကိုယ်စား ဗောဓိပင်ကို ပူဇော်ကြဖို့ မြတ်စွာဘုရားက ခွင့်ပြုတော်မူတာနဲ့ အရှင်အာနန္ဒာဟာ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်က မျိုးစေ့ကို ယူဆောင်ပေးပါရန် အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားတဲ့အခါမှာ မျိုးစေ့ကို အရှင်မောဂ္ဂလာန်က ယူဆောင်ပေးတော်မူတယ်။ အဲဒီမျိုးစေ့ကို အရှင်အာနန္ဒာက စိုက်ပျိုးရန် ကောသလမင်းကြီးလက်ကို အပ်တဲ့အခါမှာ ကောသလမင်းကြီးက မင်းမျိုးမင်းနွယ်ဟူသည် အရှည်တည်တံ့ရန်ခက်၏။ ကုန်သည်သူဌေးမျိုးကား အရှည်တည်တံ့၏ဟု စဉ်းစားပြီး ထိုမျိုးစေ့ကို အနာထပိဏ်သူဌေးကြီးအား စိုက်ပျိုးခိုင်းရာမှ သူဌေးကြီးက မဟာဗောဓိမျိုးစေ့ကို ဇေတဝန်ကျောင်းအဝမှာစိုက်ပျိုးရာက အရှင်



အာနန္ဒာအစီအမံဖြင့် စိုက်ပျိုးတဲ့ဗောဓိပင်ကို အာနန္ဒာဗောဓိလို့ အမည်တွင်ရစ်ပြီး မြတ်စွာဘုရားရဲ့ကိုယ်စား ပရိဘောဂစေတီအဖြစ် ကိုးကွယ်တော်မူတာဖြစ်တယ်"ဟူ၍ ရှင်းပြ၏။

ဆရာတော်ဦးပဉ္ဇင်းသည် အရွယ်ရင့်ရော်လှပြီဖြစ်သည့် အာနန္ဒာဗောဓိပင်ကြီးအား မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရှိနေသည့်အလား ပူဇော်ကန်တော့ပြီးသော် "ဒကာကြီး၊ ဒီလို မြင့်မြတ်တဲ့နေရာမှာ ဒကာကြီးကို မြင့်မြတ်သောသတိတရားအကြောင်း ထပ်၍ပြောကြားလိုတယ်"ဟု ဆို၏။

"ဟောကြားတော်မူပါဘုရား၊ တပည့်တော်မှာ နာခံရန်အသင့်ပါဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်ဦးပဉ္ဇင်းသည် အာနန္ဒာဗောဓိပင်မြစ်ကို ကိုင်လျက် မွက်ဆို၏။

"ဒကာကြီး၊ သေသောသူကို မြင်ဖူးသလား"

"အကြိမ်ကြိမ် မြင်ဖူးပါတယ်ဘုရား"

"သေသောသူသည် စကားပြောသလား"

"မပြောပါဘုရား"

"သေသောသူသည် ဟောကြားသောတရားမွှကို ကြားနိုင်သလား"

"မကြားနိုင်ပါဘုရား"

"သေသောသူတွင် အမြင်ရောရှိသလား"

"မရှိပါဘုရား"

"သေသောသူသည် စကားလည်းမပြော၊ အကြားအမြင်လည်းမရှိ၊ အသိတရား လုံးလုံးကြီးကင်းမဲ့၍ ပညာလည်းကင်းတယ်မဟုတ်လား ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ သေသောသူတွင် ပညာကင်းသည်မှာ အမှန်ပါဘုရား"

"သေသောသူမှာ အသိ အမြင် အကြား ပညာပါ မရှိသလို မေ့လျော့သူထံမှာလည်း အသိ အမြင် အကြား ပညာ ကင်းသဖြင့် မေ့လျော့သောသူနှင့် သေသောသူ နှစ်ဦးစလုံးဟာ–

(က) ငါသည် စောင့်ရှောက်ပေးကမ်း လှူဒါန်းအံ့၊

(ခ) ငါသည် အကျင့်သီလကို စောင့်ထိန်းအံ့၊

(ဂ) ငါသည် ကျေးဇူးတရားကို သိအံ့၊

(ဃ) ငါသည် ကောင်းမှုကုသိုလ်ကို ပြုအံ့

ဟူ၍ နှလုံးသွင်းခြင်း၊ တောင့်တခြင်း၊ ထကြွလုံ့လရှိခြင်းတို့သည် အလျှင်းမရှိ။ အလျှင်းမသိ။ အလျှင်းမပြု။ အလျှင်းမဖြစ်ဟဲနေ၏။

ထို့ကြောင့် ယင်းအမှုကိစ္စတို့ကို ဆောင်ရွက်ရာတွင် သေသူနှင့် မေ့လျော့သူသည် အတူတူပင်ဖြစ်၏။ ထပ်တူထပ်မျှလည်းဖြစ်၏။

သေသူသည် အလှူပေးအံ့၊ သီလစောင့်အံ့၊ ဥပုသ်ဆောက်တည်အံ့ ဟု ပြုမှုနိုင်ခြင်းမရှိ။ ထို့အတူ မေ့လျော့သောသူတို့သည်လည်း အလှူပေးကုန်အံ့၊ သီလဆောက်အံ့၊ ဥပုသ်ဆောက်တည်သောအမှုကိုပြုအံ့ဟု တစ်ကြိမ်မျှပင် စိတ်၌ ဖြစ်ပေါ်ခြင်းမရှိ။

ထို့ကြောင့် သေသောသူနှင့် မေ့လျော့ကုန်သော (လူ ရဟန်း) တို့သည် အထူး ခြားနားမှုမရှိ။ အတူတူသာဖြစ်၏။

ထို့အတူ မေ့လျော့သောသူအား မဖြစ်သေးသော အကုသိုလ်တရား တို့သည် ဖြစ်ကုန်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည် ဆုတ်ယုတ် ကုန်၏။





မမေ့မလျော့သောသူအား မဖြစ်သေးသောကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။

= ထကြွလုံ့လ ရှိသူ၊

= သတိ ရှိသူ၊

= စင်ကြယ်သော ကံသုံးပါး ရှိသူ၊

= စူးစမ်း၍ ပြုလေ့ရှိသူ၊

= ဣန္ဒြေကို စောင့်စည်းသူ၊

= တရားသဖြင့် အသက်မွေးသူ၊

= မမေ့မလျော့ သူတို့သည်
အခြေအရံ အကျော်စော တိုးပွား၏၊

= ထကြွလုံ့လနှင့် ပြည့်စုံသူ၊

= မမေ့မလျော့သူ၊

= သီလ စောင့်စည်းသူ၊

= ဣန္ဒြေနှင့်ပြည့်စုံသော ပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ အရဟတ္တဖိုလ်တည်းဟူသော မိုးခိုရာကျွန်းကို ပြုလုပ်ခြင်းမည်၍ ထိုကျွန်းကို ကိလေသာရေအလျဉ်သည် ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ချေ။

ပညာမဲ့၍ မိုက်သောသူတို့သည် မေ့မေ့လျော့လျော့ ရှိကြကုန်၏။ သို့သော် ပညာရှိသောသူသည် မမေ့မလျော့ခြင်း သတိတရားကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။

ထို့ကြောင့် မြတ်သောပညာရှိသည် မေ့လျော့သောအမှုကို မမေ့မလျော့သော သတိတရားဖြင့် စောင့်ရှောက်၍ အစဉ်ခြေဖျက်၏။



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်သောမြင်းသည် ခွန်အားနည်းသောမြင်းကို ချန်ထားရစ်၍ မိမိဘာသာ ရှေ့သို့သွား၏။ မမေ့မလျော့သော ပညာရှိသည် မေ့လျော့သူကို ချန်ရစ်ကာ မိမိဘာသာ သတိတရားဖြင့် ရှေ့သို့သွား၏။ သတိမကင်းလွတ်သူတို့သည် သတိပွားများ နိုးကြားကာ သတိလွတ်ကင်း နိုးကြားခြင်းမရှိသူတို့အား စွန့်ခွာ၍သွားကြကုန်၏။

မာဃလုလင်သည် ကုသိုလ်ကောင်းမှုနှင့် မမေ့မလျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သူတို့ကို ပညာရှိတို့က ချီးမွမ်းကုန်၏။ မေ့လျော့သူကို ပညာရှိတို့က အခါခပ်သိမ်း ကဲ့ရဲ့၏။

မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှကို လောင်၏။

မမေ့မလျော့သောသူသည် သံယောဇဉ်ဟူသမျှကို လောင်ကျွမ်း၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်လှမ်း၏။

◆



အခန်း(၁၆)

## မနုဿတ္တ ဒုလ္လဘ

မိမိတို့သည် သာဝတ္ထိတွင် သုံးညမျှ အိပ်ခဲ့၏။ သုံးညအိပ်ခြင်းသည် သာဝတ္ထိတွင် လည်ပတ်စရာ လုံလောက်၏။ အချို့ဘုရားဖူးများ ဇေတဝန်ကျောင်းကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၍ တစ်ညနေသာ နေ၍ နောက်တစ်နေ့ စောစောထထွက်သူများပင် ရှိ၏။ ဆရာတော် ဦးပဥ္ဇင်းသည် ဇေတဝန်ကျောင်းအတွင်း၌ ကျေနပ်လောက်အောင် တရားထိုင်ရသဖြင့် ထင်မြင်လာသော တရားဓမ္မဖြင့် ကျေနပ်နေ၍ ဆရာတော်ရရှိသော ပီတိကို မိမိတို့လည်း မျှဝေခံစားကာ သာဝတ္ထိ ဆရာတော် ဦးသြဘာသအား နှုတ်ဆက်ကာ ခရီးဆက်ကြ၏။

များသောအားဖြင့် ဘုရားဖူးများသည် သာဝတ္ထိမှတစ်ဆင့် ကုသိနာရုံသို့သာ သွားကြ၏။ ကုသိနာရုံတွင် နားနေပြီးမှ လုမ္ဗိနီသို့ တစ်ညအိပ် ဘုရားဖူးသွားကြသည်သာဖြစ်၏။ မိမိတို့အဖွဲ့မှကား ဆရာတော် ဦးပဥ္ဇင်း၏ဆန္ဒနှင့်အညီ သာဝတ္ထိမှ လုမ္ဗိနီသို့ တိုက်ရိုက်သွားကြသည်၊ ဆရာတော်က လမ်းကျွမ်းသဖြင့် အထူး စိတ်ပူစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



လုမ္ဗိနီသည်လည်း အိန္ဒိယနိုင်ငံ ဘုရားဖူးခရီးတွင် အရေးကြီးသော နေရာဌာနတစ်ခုဖြစ်၏။ လုမ္ဗိနီသည် မြတ်စွာဘုရားအား မယ်တော်မာယာက မွေးဖွားသန့်စင်ရာ နေရာဖြစ်သည်။ လုမ္ဗိနီသည် ယခင်က အိန္ဒိယနိုင်ငံ ယူပီပြည်နယ်အတွင်း၌ ရှိသော်လည်း ၁၈၉၇–ခုနှစ်က အင်္ဂလိပ်တို့က ထိုမြေနေရာကို နီပေါလ်အစိုးရအား လက်ဆောင်ပေးရာမှ လုမ္ဗိနီသည် နီပေါလ်နိုင်ငံအတွင်းသို့ ပါဝင်သွားသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် လုမ္ဗိနီသို့သွားပါက နယ်စပ်ကို ဖြတ်ကျော်ရသည်။ နယ်စပ် နောင်တာနဝဆိုသောနေရာတွင် လူဝင်လူထွက်ကြီးကြပ်ရေး၊ အကောက်ခွန်ဌာန၊ ရဲစခန်း၊ ငွေလဲလှယ်ရန်ဘဏ်တို့ရှိ၏။

အိန္ဒိယနိုင်ငံထဲမှ အထွက်ပြရသလို နီပေါလ်နိုင်ငံအတွင်းသို့ အဝင်ပြရ၏။ အိန္ဒိယဘက်မှ လူဝင်လူထွက်ကြီးကြပ်ရေးဌာနမှ ပိုက်ဆံလက်ဖက်ရည်ဖိုးတောင်းသည်မှအပ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အဝင်အထွက် များစွာ အခက်အခဲမရှိ။ ယာဉ်မောင်းနှင့် လမ်းပြများသည် နိုင်ငံကူးလက်မှတ်မလိုဘဲ ကားသာ နီပေါလ်နိုင်ငံတွင်းသို့ ဝင်ကြေးအတွက် ပိုက်ဆံပေးရသည်။ မိမိသည် ဤနယ်စပ်သို့ လေးငါးကြိမ်မျှဖြတ်ဖူး၍ များစွာ စိုးရိမ်မှုမရှိပါ။ ထို့ကြောင့် နယ်စပ် ရောက်သည်နှင့် အိန္ဒိယလူဝင်မှုကြီးကြပ်ရေးရုံးသို့ဝင်၍ မိမိနိုင်ငံကူး လက်မှတ်တွင် အထွက်တံဆိပ်၊ နီပေါလ် လူဝင်မှုကြီးကြပ်ရေးတွင် အဝင်အထွက်တံဆိပ်များ ရိုက်နှိပ်ပြီး နီပေါလ်နိုင်ငံထဲသို့ ဝင်ခဲ့၏။

အိန္ဒိယနိုင်ငံနှင့် နီပေါလ်နိုင်ငံတို့သည် အတော်ပင်ကွာ၏။ အိန္ဒိယနိုင်ငံတွင် မိမိနိုင်ငံလုပ် အိန္ဒိယပစ္စည်းမှလွဲ၍ အခြား ဘာပစ္စည်း





မှ ဝယ်၍မရနိုင်။ အိန္ဒိယနိုင်ငံသည် တွယ်အပ်နှင့် သကြားလုံးမှစ၍ အဏုမြူဗုံးအထိ မိမိနိုင်ငံတွင်း၌ ပြုလုပ်၍ အသုံးပြုသောနိုင်ငံဖြစ်သည်။ နီပေါလ်နိုင်ငံဘက်သို့ကူးလျှင်ကား နိုင်ငံခြားပစ္စည်းများရရှိ၏။ အိန္ဒိယနိုင်ငံသည် စက်မှုအတတ်ပညာထွန်းကားပြီး ဖြစ်သော်လည်း လူဦးရေ များလွန်း၍ ပြည်တွင်းဖြစ်ပစ္စည်း ထုတ်လုပ်အသုံးပြုရာတွင် အကောင်းစားချည်း မထုတ်လုပ်ဘဲ ဈေးနှုန်းချိုသာ၍ အများသုံးနိုင်သော ပစ္စည်းများကို ထုတ်ရသဖြင့် အရည်အသွေးမှန်တန်းသာရှိ၏။ အချိုရည်ပုလင်းများသည်ပင် နီပေါလ်ဘက်မှ အချိုရည်က အတော်အတန် အရည်အသွေးရှိ၏။

နီပေါလ်နိုင်ငံအတွင်းသို့ ရောက်၍ နယ်စပ်တွင် ခဏမျှသာနေပြီး ကျွန်တော်တို့သည် လုမ္ဗိနီသို့ ထွက်လာခဲ့ကြ၏။ နယ်စပ်ချင်း ထိစပ်နေသော အိန္ဒိယနိုင်ငံနှင့် နီပေါလ်နိုင်ငံဒေသများသည် အဆင်အပြင်များစွာ ပြောင်းလဲသည်မရှိဘဲ ခြားနားမှုလည်း များစွာမရှိလှပါ။ နယ်စပ်မှ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်အထိ ၁၅–ကီလိုမီတာမျှ ဝေး၏။

လုမ္ဗိနီဆိုသည်မှာ နီပေါလ်နိုင်ငံ နေဝါရီလူမျိုးတို့၏ စကားအရ လှပသောဥယျာဉ်ဟု အဓိပ္ပာယ်ရသည်။ မဟာယာနဗုဒ္ဓဝင် အလိုအရ မယ်တော်မာယာ မိဖုရားကြီး၏ အမည်သည်ပင် လုမ္ဗိနီ ဖြစ်သည်ဟု ဆို၏။ လုမ္ဗိနီတွင် ဖူးမြော် လေ့လာစရာများအဖြစ်–

(က) အာသောကမင်းကြီး တည်ထားခဲ့သော ကျောက်တိုင်၊

(ခ) မယ်တော်မာယာ သားဖွားခန်းကျောက်ရုပ်နှင့်

(ဂ) ရေကန်ငယ်တို့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အာသောကကျောက်တိုင်မှာ မြတ်စွာဘုရား ဖွားမြင်ခဲ့သောနေရာကို အမှတ်အသား အထိမ်းအမှတ်အဖြစ် အာသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်စာတိုင်ဖြစ်သည်။ အာသောကမင်းကြီး နန်းစံ အနှစ် (၂၀)တွင် စိုက်ထူခဲ့သည်ဟု သိရ၏။ လက်ရှိကျောက်တိုင်မှာ ကျိုးနေ၍ ၁၀–ပေခန့်အမြင့်သာရှိ၏။ မူလ ပေ ၇၀–မြင့်သည်ဟုဆိုသည်။

အာသောကကျောက်တိုင်၏ ရှေ့တွင် အုတ်တိုက်ငယ်တစ်ခုရှိ၏။ ထိုအုတ်တိုက်ငယ်အတွင်း၌ မယ်တော်မာယာသားဖွားခန်း ကျောက်ဆစ်ရုပ်လုံး ရှိသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကို ကိုင်ထားပြီး ဘုရားအလောင်းတော်သည် မတ်တတ်ရပ်လျက်ရှိ၏။

ထိုအနီးအနားတွင်ပင် ရေကန်ငယ်တစ်ခုရှိ၏။ ရေကန်မှာ လေးထောင့်အုတ်ကန်ဖြစ်၍ ဘုရားအလောင်းတော် ဖွားမြင်သောအခါ ကောင်းကင်မှ ရေပူနှင့်ရေအေး စမ်းနှစ်သွယ်စီးဆင်းလာပြီး မယ်တော်နှင့် သားတော်ကို စင်ကြယ်စေသည်ဟု ဆို၏။ ကောင်းကင်မှစီးလာသော ရေပူရေအေးစမ်းနှစ်သွယ်မှ ရေစင်များကြောင့် ဤရေကန်ဖြစ်လာရသည်ဟု ယုံကြည်ကြ၏။

ရှေးလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–ကျော်က ဤလုမ္ဗိနီဥယျာဉ်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ကပ္ပိလဝတ်ပြည်နှင့် ဘိုးတော် အဥ္စနမင်းကြီး၏ ဒေဝဒဟပြည်အကြားတွင် တည်ရှိ၏။ အင်ကြင်းပင်တို့ဖြင့် ဝေဆာနေသည်။ တရုတ်ရဟန်းတော် ဟူယင်ဆင်သည် ဤအရပ်သို့ ရောက်ရှိခဲ့ပြီး အာသောကကျောက်တိုင်၊ စေတီများနှင့် ရေကန်ငယ်အကြောင်းကို မှတ်တမ်းတင်ခဲ့၏။ ရေကန်၏တောင်ဘက်တွင် မယ်တော်မာယာ နတ်ရွာစံ ရှိ၏။





မိမိတို့သည် ပထမတွင် ကိုရီးယားကျောင်းသို့သွား၍ တည်းခိုခွင့်ရရှိရန် မေတ္တာရပ်ခံသော်လည်း ကိုရီးယား ဘုန်းကြီးကျောင်းမှာလည်း မပြီးသေး။ စောင်မရှိ၊ ခေါင်းအုံးမရှိ ဆိုသဖြင့် ရေကန်နှင့် မနီးမဝေးတွင်ပင်ရှိသော နီပေါကျောင်းတွင် မေတ္တာရပ်ခံ၍ တည်းခိုရသည်။ ညပိုင်းတွင် မီးကမလာသောကြောင့် အဆင်းအတက် အတော်ပင်ခက်၏။

ဆရာတော်ဦးပဥ္ဇင်းမူကား ရေကန်၊ အုတ်တိုက်နှင့် အာသောကကျောက်တိုင်တို့ကို လှည့်ပတ်ကြည့်ပြီး အခန်းအတွင်းသို့ဝင်၍ တရားထိုင်၏။ မိမိမှာမူကား အနီးအနားသို့ လိုက်ကြည့်ကာ ပြောင်းဖူးများတွေ့၍ ပြောင်းဖူးဆယ်ဖူးခန့် ဝယ်ယူခဲ့၏။

အတန်ကြာသော် ဆရာတော်ဦးပဥ္ဇင်းသည် တရားအလုပ်ကို လုပ်ဆောင်ပြီး၏။ မိမိသည်လည်း အခြားအလုပ်မရှိ၍ ဆရာတော်ဦးပဥ္ဇင်းအနီးသို့သွားကာ တရားကို လျှောက်ထား၏။

"ဆရာတော်ဘုရား၊ ဤနေရာသည် မြတ်စွာဘုရား ဖွားတော်မူသည့် မြင့်မြတ်သောနေရာဖြစ်ပါတယ်ဘုရား။ ယခုအခါ ပတ်ဝန်းကျင်ရာသီဥတုမှာလည်း သာယာဖွယ်ရှိပါတယ်။ ဆရာတော်ဦးပဥ္ဇင်းမှာလည်း တရားကို တည်ဆောက်ပြီး၍ ကျေနပ်ကြည်နူးအားရဖွယ်ရာ ရှိနေပြီဟု ထင်ပါတယ်ဘုရား။ ယခုလိုအချိန်မျိုးမှာ ဆရာတော်ဦးပဥ္ဇင်း ဟောကြားတော်မူခဲ့ဖူးတဲ့ မြတ်စွာဘုရား၏ အံ့မခန်းတရားများကဲ့သို့ မှတ်သားဖွယ်ရာ တရားမြတ်ကို ဟောကြားပေးတော်မူပါဘုရား၊ တပည့်တော် နာယူလို ခံယူလိုသောကြောင့် ဖြစ်ပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေတယ်ဒကာကြီး၊ ဤနေရာသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာအရပ်ဖြစ်၍ မြင့်မြတ်၏။ မိခင်မေတ္တာတရား ကြီးမားပုံကို ပွားများ ဆင်ခြင်ရာလည်းဖြစ်၏။ မိခင်၏မွေးဖွားမှုကြောင့်ပင် ဤရခဲသော လူ့ဘဝကို ရရှိတယ်။ ဦးပဥ္ဇင်း၏စိတ်၌လည်း ဤနေရာတွင် ဒကာကြီးအား တစ်စုံတစ်ရာသော တရားကို မြွက်ကြားလိုတယ်။ ဒကာကြီး၊ အချိန်ရှိသရွေ့ ဆင်ခြင်အပ်သောတရားတစ်ပါးကို ချီးမြှင့်ဟောကြားလိုတယ်။"

"ဟောကြားတော်မူပါဘုရား၊ တပည့်တော် နာယူရန် အသင့်ပါဘုရား"

"မြတ်စွာဘုရားသည် မူလ တရားကြီးငါးပါးကို ဟောကြားတော်မူခဲ့၏။ ထိုမူလတရားငါးပါးကို ဒုလ္လဘတရားငါးပါးဟုလည်း ခေါ်တယ်။ ထိုတရားငါးပါးသည် အာနိသံသအနန္တအကျိုးကို ရယူနိုင်၏"

"မှန်လှပါ၊ ဟောကြားတော်မူပါဘုရား"

**"ဒကာကြီး၊ လူ့အဖြစ် လူ့ဘဝသည် ရခဲ၏။ မနုဿတ္တ ဒုလ္လဘတဲ့ ဒကာကြီးရဲ့။ အသေအချာသာ မှတ်သားနာယူတော့ ဒကာကြီး။ အဲဒီ ရခဲတဲ့လူ့ဘဝကို အမေက ဆောင်ကြဉ်းပေးတာဖြစ်တယ်။ ရခဲတဲ့ လူ့ဘဝကို အမေရဲ့ဝမ်းကြာသိုက်ကို ခိုလှုံပြီးမှသာ ရရှိခဲ့တာဖြစ်တယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာလည်း မိခင်ရဲ့ ကျေးဇူးနဲ့ ရခဲတဲ့ လူ့ဘဝကို ရရှိတော်မူတယ်။ ရခဲလေစွ လူ့ဘဝဟု သေချာ မှတ်သား၊ သတိထားပေတော့ ဒကာကြီး"**

"မြတ်စွာဘုရား ဖွားမြင်တော်မူသော ဤကဲ့သို့သောနေရာသို့ ဆရာတော်ဦးပဥ္ဇင်းနှင့် တပည့်တော်သည် နောက်တစ်ကြိမ် အတူတကွ ရောက်ရှိဦးမည်ဟုလည်း မဆိုနိုင်။ တပည့်တော်တစ်ဦးတည်း ရောက်ရှိခွင့်ရဦးမည်ဟုလည်း မဆိုနိုင်။ ဤသို့မဆိုနိုင်သော နေရာဌာနမျိုးတွင် တပည့်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် သိထားပြီးသော 'လူ့ဘဝ ရခဲ၏' တရားမှာ သိပြီး ကြားနာပြီးဖြစ်၍ ထို့ထက် အရေးပါသောတရားကို ဟောကြားပေးပါဘုရား"ဟု မိမိက လျှောက်ထား၏။

**"ဒကာကြီး၊ လူ့ဘဝရခဲ၏တရားကို ဒကာကြီး သိနေမှာ မှန်၏။ သို့သော် ဒကာကြီး ထိုတရားကို ဆင်ခြင်ခြင်းမရှိ၊ လက်တွေ့ကျင့်သုံးမှု မရှိ။ လူ့ဘဝရခဲ၏ တရားဟာ အလွန်မြင့်မြတ်ကြီးကျယ်သော တရား ဖြစ်၏။ ထို့ပြင် မြင့်မြတ်ကြီးကျယ်မှုကို ဒကာကြီးသည် ဆင်ခြင်ရမှန်းလည်း မသိ။ အသုံးချရမှန်းလည်း မသိ။ သတိလည်း မထားပါက ဒကာကြီးအတွက် ဒကာကြီး၏ လူ့ဘဝသည် ဒုလ္လဘ မဖြစ်။ ယနေ့ ဒကာကြီး၏ လူဖြစ်ရသောဘဝ ဒုလ္လဘဖြစ်စေရန် ဤတရားတော်မြတ်ကိုပင် ဦးပဥ္ဇင်း ဟောကြားခြင်းဖြစ်ပေတယ် ဒကာကြီး"**

ဆရာတော်ဦးပဥ္ဇင်းက မြွက်ကြား၏။

"တပည့်တော်၏ ဉာဏ်ပညာသည် ဤမျှထက်ပို၍ မထက်မြက်၊ ဆရာတော်၏ ဆိုလိုရင်းကို ယခုထက် ပိုမိုထင်လင်းအောင် ရှင်းပါမှ အသိအမြင်ရှိပါမည်ဖြစ်သောကြောင့် ထပ်မံ၍ ထင်လင်းအောင် ဟောကြားပေးပါဘုရား"

**"ဒကာကြီး၊ အခါတစ်ပါး၌ မြတ်စွာဘုရားသည် မိမိ၏ လက်သည်းတော်ပေါ်၌ မြေမှုန့်ငယ်တို့ကို တင်တော်မူ၍ ရဟန်းတို့၊ ဤဟာ**







www.burmeseclassic.com

www.burmeseclassic.com



ပထဝီမြေကြီးမှာရှိသော မြေမှုန့်စုနှင့် ငါ၏လက်သည်းပေါ်တွင် တင်ထားသော မြေမှုန့်စုသည် အဘယ်ကများသနည်းဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတို့က "နှိုင်းယှဉ်ခြင်းငှာပင် မထိုက်၊ လက်သည်းပေါ်ရှိ မြေမှုန့်ကား အလွန်နည်းလှပါ၏ဟု လျှောက်ကြကုန်၏။ ရဟန်းတို့၊ သုဂတိဘုံမှ စုတေကြသူအပေါင်းတွင် သုဂတိဘုံသို့ ရောက်နိုင်သူတို့ကား လက်သည်းပေါ်တွင် တင်ရှိသော မြေမှုန့်အလားကဲ့သို့ အလွန်နည်းပါး၏။ အပါယ်ဘုံသို့ရောက်ကြသူတို့ကား မဟာပထဝီရှိ မြေမှုန့်အလားကဲ့သို့ အလွန်များ၏ဟု ဟောတော်မူ၏။ ထို့ကြောင့် လူအဖြစ် လူ့ဘဝကို ရရှိကြမှုသည် လက်သည်းပေါ်မှ မြေမှုန့်ငယ်မျှသာရှိချိန်တွင် ဒုဂ္ဂတိဘုံတွင်ရှိနေကြသော ဘဝအရေအတွက်သည် မဟာပထဝီတွင်ရှိသော မြေမှုန့်အလားရှိ၍ လူ့ဘဝဟူသည် ဤရွေ့ ဤမျှ ရခဲလှစွ ဒကာကြီး။

လူ့ဘဝ ရခဲကြောင်း ထပ်၍ရှင်းဦးမည် ဒကာကြီး။

ဒကာကြီး၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင် ခြံရံလျက်ရှိသော မဟာသမုဒ္ဒရာ၏အနက်သည် ယူဇနာရှစ်သောင်းလေးထောင်ရှိ၏။ မဟာသမုဒ္ဒရာ၏ အနံသည် ယူဇနာရှစ်သောင်းနှစ်ထောင်ရှိ၏။ အလျားမှုကား ယူဇနာ သုံးသန်းခြောက်သိန်းကျော်၏။ ထိုမျှ အထုပမာဏရှိသော မဟာသမုဒ္ဒရာတွင် လှိုင်းတံပိုးတို့ ထလျက်ရှိ၏။ မဟာသမုဒ္ဒရာ၏ အလယ်တွင် အပေါက်ငယ်တစ်ခုရှိသော ထမ်းပိုးငယ်သည် အရှေ့မှအနောက်၊ အနောက်မှတောင်၊ တောင်မှမြောက် လေယူရာတိမ်းကာ မျောပါလျက်ရှိသည်။ မဟာသမုဒ္ဒရာ၏ အောက်တွင် မျက်စိနှစ်ဖက် အစုံပျက်နေသော လိပ်အကန်းတစ်ကောင်



ရှိ၏။ ထိုလိပ်သည် အနှစ်တစ်ရာ တစ်ခါ၊ အနှစ်တစ်ထောင်မှ တစ်ခါ သမုဒ္ဒရာရေမျက်နှာသို့ ဦးခေါင်းပေါ်တတ်၏။ ထိုလိပ်အကန်း၏ ဦးခေါင်းသည် ထိုထမ်းပိုးငယ်၏အပေါက်တွင် စွပ်မိဖို့ရာ အခွင့်သည် မရှိသလောက်ပင်ဖြစ်၏။ သို့သော် ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာသည်ဖြစ်၍ လိပ်အကန်းကလည်း မသေမပျောက်၊ ထမ်းပိုးငယ်ကလည်း မဆွေးဟုဆိုပါက နှစ်ပေါင်းအသင်္ချေတွင် တစ်ကြိမ်စွပ်မိသော် စွပ်မိနိုင်သေး၏။ စွပ်မိဖို့ရာ ထိုမျှပင် ခဲယဉ်း၏။ သို့သော် ထိုအမှုထက် ခဲယဉ်းသောအမှုသည် ရှိသေး၏။ ဤလူ့ပြည်မှ စုတေ၍ သေလွန်ပြီး အပါယ်သို့ကျရောက်သောသူသည် လူ့ပြည်သို့ တစ်ဖန် လူပြန်ဖြစ်ရန်အရေးသည် ထိုလိပ်ကန်း ထမ်းပိုးစွပ်ဖို့ထက် အဆအရာမက အထောင်မက ခဲယဉ်းလှချေသေး၏ ဒကာကြီး"

"အပါယ်ဘုံမှ လူဖြစ်ဖို့ဆိုတာ ထိုမျှခဲယဉ်းပါသလားဘုရား"

"ခဲယဉ်းတယ် ဒကာကြီး၊ ဘာပြုလို့လဲဆိုတော့ အပါယ်ဘုံတို့တွင် ကုသိုလ်ကောင်းမှုပြုခြင်းသည် မရှိ။ ကုသိုလ်၊ အကုသိုလ်ဟူ၍လည်း မသိကြ။ အချင်းချင်း နိုင်ရာနိုင်ရာ သတ်ဖြတ်ညှဉ်းပန်းမှု၊ နိုင်ရာနိုင်ရာ ဖမ်းယူကိုက်စားမှုတို့သည်သာရှိ၏။ လောက၌ အကြင်သတ္တဝါတို့သည် ကုသိုလ်စောစော၍သေပါက ထိုသတ္တဝါသည် သုဂတိဘုံသို့လား၏။ အကြင်သတ္တဝါသည် အကုသိုလ်စောစော၍သေပါက ဒုဂ္ဂတိဘုံသို့လား၏။ ဤကား အဘိဓမ္မာရိုးရာဖြစ်၏။

"ဆက်လက်ရှင်းတော်မူပါဦး ဘုရား"

"သုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်သောသူသည် သုဂတိဘုံသို့ ပြန်ရရန် ထိုဆိုခဲ့သော ဥပမာများပမာ ခဲယဉ်း၏။



www.burmeseclassic.com

www.burmeseclassic.com



အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်သူသည် သမုဒ္ဒရာတွင်းသို့ ပစ်ချအပ်သော ကျောက်တိုင်ကျောက်ပြားပမာ တစ်ဘဝထက်တစ်ဘဝ နစ်၍နစ်၍သာ သွားကြ၏။ တစ်ဘဝထက်တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြကာ အပါယ်သံသရာတွင် ဘဝအသချေ မျောပါနစ်မွန်း၍ နေမြဲဟူသော ဓမ္မတာသဘောဖြင့်သာ ကြုံရ၏။

ထို့ကြောင့် လူ့အဖြစ်သည် ရခဲလှသည်။ ရခဲသော လူ့အဖြစ်ကို တန်ဖိုးရှိရှိနေထိုင်ရန်၊ အသုံးပြုရန် လိုအပ်သည်။ လူ့အဖြစ်ရရှိရန် ထိုမျှခဲယဉ်းသည်ကိုသိရှိ၍ ထိုအရာကို သတိတရား လက်ကိုင်ထားပါက ဒကာကြီးသည် လူ့ပြည်လူ့ရွာတွင်ရောက်ခိုက် ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုပေမည်။ လူ့ဘဝဆိုတာ အဖိုးတန်မှန်းသိလေ ထိုဘဝရရှိမှုကို ဒုလ္လဘဟူ၍သိလေ၊ ဘဝကို တန်ဖိုးရှိအောင် ပြုလေမည်ဖြစ်၍ လူ့ဘဝရခဲသည့်အဖြစ်ကို ဒကာကြီး အမြဲဆင်ခြင်သတိထားကာ မိမိဘဝတန်ဖိုးကို မိမိသိလေ ဒကာကြီး”

“ဆရာတော်ဘုရား၊ ဆရာတော်ရဲ့ မနုဿတ္တဒုလ္လဘတရားကို ကြားနာမှ ကိုယ့်ဘဝတန်ဖိုး ကိုယ်သိရပါတယ်ဘုရား။ လူ့ဘဝဆိုတာ ရဖို့ ခဲယဉ်းတာတော့ သိပါတယ်ဘုရား။ အခုလောက်အထိ ခဲယဉ်းကြောင်း ခုမှသိရပါတယ်ဘုရား”

“ဒကာကြီး၊ လူ့ဘဝဆိုတာ ရခဲရုံမျှမက လူ့ဘဝ လူ့အဖြစ်က အကျိုးအာနိသံသအနန္တကိုလည်း ရယူနိုင်တယ် ဒကာကြီး”

“အရှင်ဘုရား အကျယ်ရှင်းမှ အလင်းသိရှိနိုင်မှာပါဘုရား”

“ဒကာကြီး၊ နတ်မင်း၊သိကြားမင်းတို့၏အသက်ခန္ဓာ စည်းစိမ်ချမ်းသာဟာ လူ့ပြည်မှာသာ အခြေစိုက်တယ်။ လူ့ပြည်မှာသာ အမြစ်





ရှိတယ်။ လူဖြစ်စဉ်က မိမိ၏စိတ်နှလုံးမှာ နတ်မျိုး၊ သိကြားမျိုးဖြစ်လို၍ နတ်ဖြစ်လိုစိတ်၊ သိကြားဖြစ်လိုစိတ် မွေးမြူလျှင် ကျင့်ကြံအားထုတ်၊ နတ်သိကြားဖြစ်ထိုက်သောအမှုကိုပြုလျှင် ပြုသူတိုင်းသည် သိကြားဘဝ၊ နတ်ဘဝကို လူ့အဖြစ်မှတစ်ဆင့် ရနိုင်သည်သာဖြစ်၏။

ဒါမျှသာမက ဗြဟ္မာ့ပြည်နှစ်ဆယ်မှ ဗြဟ္မာမင်းတို့၏ အသက်ခန္ဓာ ဘုန်းတန်ခိုးဣဒ္ဓိပါဒ် ချမ်းသာတို့ဟာလည်း လူ့ပြည်မှာသာ အခြေစိုက်တယ်။ လူဖြစ်စဉ် မိမိစိတ်အစဉ်မှာ ဗြဟ္မာဖြစ်လိုစိတ်မွေးပြီး ဗြဟ္မာဖြစ်အောင် ကျင့်ကြံနေထိုင်ပါလျှင် ထိုထိုသော ဗြဟ္မာမင်းတို့၏ အဖြစ်ကိုရနိုင်တယ် ဒကာကြီး။

ဒါ့ပြင် လူ့ပြည်၌ဖြစ်သော သူဌေး သူကြွယ် ပဒေသရာဇ် ဧကရာဇ် စကြာမင်္ဂလာတ်တို့၏ အသက်ခန္ဓာ စည်းစိမ်ချမ်းသာတို့သည်လည်း လူ့ပြည်မှာသာ အမြစ်စိုက်တယ် ဒကာကြီး။ လူဖြစ်စဉ်အခါမှာ မိမိစိတ်ထဲ နှလုံးထဲ၌ သူဌေးမျိုး၊ သူကြွယ်မျိုး၊ ပဒေသရာဇ်မျိုး၊ ဧကရာဇ်မျိုး၊ စကြာမင်္ဂလာတ်မျိုး စိတ်မှာမွေးပြီး သူဌေး သူကြွယ် ဧကရာဇ်၊ စကြာမင်္ဂလာတ်ဖြစ်အောင် ကြိုးစားလျှင် နေထိုင်လျှင် မိမိကြိုးစားတိုင်း ဝီရိယအကျိုး၊ လုံ့လအကျိုး၊ ပယောဂသမ္ပတ္တိအကျိုး ခံစားရတယ်။

ဒါမျှသာမက လူ့ဘဝ လူ့အဖြစ်ဆိုတာ အနမတဂ္ဂသံသရာမှာ သံသရာဝဋ်မှ ကျွတ်လွတ်၍ သာဝကဗောဓိရှင်၊ ပစ္စေကဗောဓိရှင်၊ သဗ္ဗညုဗောဓိရှင်တို့၏ အဖြစ်သည်လည်း လူ့ပြည်၌သာ အခြေစိုက်တယ်။ အရိယာသူမြတ်၊ ပရမတ် ဝိဇ္ဇာဓိုရ်၊ ထိုထိုသောပုဂ္ဂိုလ်အကျော်တို့၏ ဘဝသည်လည်း လူ့ပြည်၌သာ အမြစ်စိုက်တယ်။ လူဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



မိမိစိတ်နှလုံး၌ ထိုထိုသော ဗောဓိမျိုးတို့ကို စိုက်မွေး၊ ထိုထိုသော အရိယာသူမြတ် ပရမတ် ဝိဇ္ဇာမိုရ်အကျော်တို့၏ အဖြစ်ကို စိုက်မွေးလျှင်လည်း မိမိစိုက်မွေးသကဲ့သို့ ဖြစ်လို့ရတယ် ဒကာကြီး။ လူ့ဘဝကနေ ဒကာကြီးအလိုရှိရာဘဝကို ရရှိအောင် တောင့်တကျင့်ကြံအားထုတ်နိုင်တယ်။ ဒါကြောင့် ဒကာကြီး၊ လူ့ပြည် လူ့ရွာသည် ဘဝပဒေသာပင်ကြီးလည်းဖြစ်တယ် ဒကာကြီး။

လူနတ်ဗြဟ္မာ လောကီလောကုတ္တရာချမ်းသာ ခပ်သိမ်းတို့ဟာ လူ့ပြည်လူ့ရွာ ဘဝပဒေသာပင်ကြီးမှထွက်သော အသီးအရွက် အကိုင်းအခက်တို့သာဖြစ်တယ်။ ဒါကြောင့် အဲသလို ဒုလ္လဘဖြစ်တဲ့ဘဝပဒေသာပင်ကြီးကိုရစဉ်မှာ မမေ့မလျော့ မပေါ့မဆဘဲ ဘဝထူးဘဝမြတ်ကို ရအောင်မကြိုးစားစေသင့်ဘူးလား ဒကာကြီး"

"ကြိုးစားသင့်လှပါတယ်ဘုရား"

"ကြိုးစားသင့်လှပါတယ်ဘုရား"

"ဒကာကြီး၊ ရခဲလှသော လူ့ဘဝတွင် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိဟူ၍ နှစ်ပါးရှိသည်။ လူရုပ် လူ့နာမ် လူ့ခန္ဓာအစုတို့ဟာ ဘဝသမ္ပတ္တိမည်တယ်။ သားမယားနှင့် စီးပွားဥစ္စာ လယ်ယာမိုးမြေ ရွှေငွေရတနာ ပြည်ရွာတိုင်းကားနှင့် တိုက်တာ မော်တော်ကား၊ ရာထူးအာဏာ ဌာနန္တရ အစရှိသည်ဟုဆိုအပ်သော သူဌေးသူကြွယ်၊ ပဒေသရာဇ် ကေရာဇ် စကြာမန္တာတ်ဟူသမျှသော စည်းစိမ်ချမ်းသာတို့သည် ဘောဂသမ္ပတ္တိမည်တယ်။ ထိုနှစ်ပါးတွင် ဘဝသမ္ပတ္တိကို ခင်မင်ကုန်ကြသောသူတို့သည် ဘောဂသမ္ပတ္တိဆုံးရှုံးကြရ၍ ဘောဂသမ္ပတ္တိကို ခင်မင်ကုန်ကြသူတို့သည် ဘဝသမ္ပတ္တိ အဆုံးအရှုံးခံကြရတယ် ဒကာကြီး"



"အကျွယ် ရှင်းလင်းညွှန်ပြပါဦးဘုရား"

"ဒီလိုလေ ဒကာကြီးရဲ့၊ လူ့အဖြစ်ရဲ့ ရခဲမှုကို သိတဲ့၊ သံသရာဝဋ်ဆင်းရဲရဲ့ ကြောက်မက်ဖွယ်အရာများကိုလည်း သိတဲ့ ပညာရှိအပေါင်း သူတော်ကောင်းတို့ဟာ သူဌေး သူကြွယ်၊ ပဒေသရာဇ် စည်းစိမ်ကို ခင်မင်တွယ်တာမက်မောရင်း နေ့ရက်အချိန် နှစ်လတွေ ကုန်သည်ရှိသော် လူ့ဘဝ လူ့ခန္ဓာ ပဒေသာပင်ကြီးဟာ အညွန့်မပေါက်အခက်မဖြာဘဲ ကွယ်ပျောက်ဆုံးရှုံး သူကြွယ်ဖြစ်ရုံ၊ သူဌေးဖြစ်ရုံ၊ ဩဇာအရှိန်အာဏာရှိရုံမျှ၊ ဘုရင်ဖြစ်ရုံ၊ မိုလ်ချုပ်သေနာပတိကြီးဖြစ်ရုံမျှနဲ့ မတင်းတိမ်ဘဲ အဲဒီ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီး ဘဝပဒေသာပင်ကြီး တစ်နေ့တခြား စည်ပင်အောင် နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းစည်းစိမ်သာမက မြင့်မြတ်တဲ့ဘဝ၊ သာဝက ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကို လူ့ဘဝ လူဖြစ်စဉ် ငါအရယူမယ်ဆိုပြီး ဘဝသမ္ပတ္တိကို ရစေဖို့ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ကြရမယ် ဒကာကြီး။ ဘောဂသမ္ပတ္တိကို စွန့်လျှင် ဘဝသမ္ပတ္တိနဲ့ ပြည့်စုံစေနိုင်တယ် ဒကာကြီး။ လူ့ဘဝ လူ့အဖြစ်ကို ရရှိနေသူတို့အား ခွဲခြမ်းစိပ်ဖြာ၍ ကြည့်ပါလျှင်—

(က) မေ္မစီးပွား၌ စိတ်များ၍ လောကီစီးပွား စိတ်အားနည်းသောသူက တစ်မျိုး၊

(ခ) လောကီစီးပွား၌ စိတ်များ၍ မေ္မစီးပွား၌ စိတ်အားနည်းသောသူက တစ်မျိုး၊

(ဂ) စီးပွားနှစ်ဖက်စလုံး၌ စိတ်ထက်ဝက်စီရှိသောသူကတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဓမ္မစီးပွား လောကီစီးပွား နှစ်ပါးမှလွတ်၍ အကျိုးမရှိသော အကျင့်တွင် မေ့ရက် နှစ်လတို့ကို ကုန်စေသောသူက တစ်မျိုးဟု လူလေးမျိုးရှိကြရာတွင် ယခု ကာလစီးပွားနှစ်ဖက်၌ စိတ်တစ်ဝက်စီရှိနေလျှင်ပင် ချီးမွမ်းလောက်လှပေ၏။ ဓမ္မစီးပွား၌ စိတ်များသူကား ဆိုဖွယ်ရာမရှိ။ လောကီစီးပွား၌ အမြင်များ၍ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့ရာ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါပိုင်၊ ငါဆိုင် ငါဆိုသော မာန်မာန၊ လောကီတန်ခိုးအာဏာတို့ကို မက်မောလျက် မနုဿတ္တ ဒုလ္လဘကို အမြင်နည်းသူ မဖြစ်စေလင့် ဒကာကြီး။ စီးပွားနှစ်ဖက်စလုံးမှလွတ်သူသည်ကား လောကမျက်စိ၊ ဓမ္မမျက်စိ နှစ်ဖက်စလုံး စုံလုံးကန်းသူသာဖြစ်တယ် အလွန်ရခဲသော မနုဿတ္တကို တစ်ခါတစ်ရံ အခွင့်သာ၍ ကောင်းစွာရရှိစဉ် ဘောဂသမ္ပတ္တိကို အဆုံးခံ၍ ဘဝသမ္ပတ္တိကို ခင်မင်ကာ ဘဝပဒေသာပင်ကြီးမှထွက်သော မြင့်မြတ်ကြီးကျယ်သော အကျိုးအာနိသံသ အနန္တကို ကာယဗလ၊ ဉာဏဗလ၊ အခွင့်ရှိသောဗလတို့ဖြင့် အရယူနိုင်မှ လူ့ဘဝဆိုတာ တန်ဖိုးရှိသော ဒုလ္လဘဖြစ်နိုင်၏။ အကျိုးအာနိသံသအနန္တကို လူဖြစ်ပါလျက် မရမယူနိုင်ပါက လူဖြစ်လာရ ဒုလ္လဘကိုလည်း ဒုလ္လဘလို့ခေါ်ရန် မဖြစ်နိုင်ဘူး။ ထို့ကြောင့် ဤမြင့်မြတ်သော ဘုရားပွင့်ရာအရပ်တွင် ကြားနာရသော ဤဒုလ္လဘတရားကို မမေ့စေနှင့်၊ မပျောက်စေနှင့် ဒကာကြီး”

“ဆရာတော် ဟောပြသွန်ကြားသော ဒုလ္လဘတရားကို ထင်လင်းစွာ သဘောပေါက်ရပါတယ်ဘုရား”

“ဒကာကြီး၊ ဘဝကို အလေးပြုကြကုန်သောသူတို့ဟာ ဒါန၊ သီလ၊ ဗဟုသုတ၊ တရားဓမ္မ အစီးအပွားတို့ကို တန်ဖိုးထားကြတယ်။ ဘောဂကို အလေးပြုကြသူတို့ကတော့ လောကီအကျိုးစီးပွားကို





အလေးပြုတယ်။ ဒကာကြီးအနေနဲ့ ဉာဏ်ပညာကို အသုံးပြု၍ သတိတရားကို လက်ကိုင်ထားပြီး လူ့ဘဝဆိုတာ ရခဲလေခြင်း၊ ဘဝဆိုတာ ပဒေသာ ပင်ပမာရှိခြင်းအကြောင်းတရားတို့ကို မမေ့နဲ့၊ မလျော့နဲ့၊ မပေါ့နဲ့၊ မဆနဲ့ ဒကာကြီး”

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

# အစ အလယ် အဆုံး သတိသုံး

တကယ်တော့လည်း လုမ္ဗိနီသည် တစ်မနက် လည်ပတ်ရုံဖြင့် ပြီးသည်ဟု ဆိုနိုင်၏။ သို့သော်လည်း ဤနေရာ ဤဒေသသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာအရပ်ဖြစ်ပေသည်ဟု အသိတရား ပွားများသော ပီတိစိတ်ဖြင့်နေလျှင်ကား ဤအရပ် ဤဌာနမှ ပြန်နိုင်ဖွယ်ရာပင်မရှိတော့ပြီ။ မြတ်စွာဘုရား၏ ကျေးဇူးတရားများကို အစဉ်ပွားများကာ သံဝေဇနိယ လေးဌာနမှ မပြန်နိုင်သူများလည်း ရှိ၏။ မိတ်ဆွေကြီး ရွှေမြင့်တင် ဦးညိုဆိုလျှင် သံဝေဇနိယ လေးဌာန ဒကာကြီးပြုလုပ်ကာ လေးဌာန ကုသိုလ်တရားများကို ပွားများလျက် အရိမေတ္တေယျ မြတ်စွာဘုရားအား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်၍ နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိရန် သံဝေဇနိယ လေးဌာနမှ စောင့်ဆိုင်းနေသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။

သို့ပါ၍ မိမိတို့သည် လုမ္ဗိနီသို့ရောက်ခိုက် ဖွားမြင်တော်မူခြင်း၏ ကုသိုလ်တရားများ ပိုမို၍ ပွားများနိုင်ဖို့ရာ လုမ္ဗိနီစခန်းတွင် နှစ်ည



www.burmeseclassic.com

www.burmeseclassic.com



တာမှ အိပ်စက်ပြီး ကုသိုလ်တရားများ ပွားများခဲ့ကြ၏။ နှစ်ညတာမျှ မြတ်စွာဘုရား၏ မွေးဖွားခြင်းကို အာရုံပြုပြီး တတိယမြောက်နေ့တွင် ဆရာတော်ဦးပဥ္ဇင်းနှင့် မိမိတို့သည် နီပေါလ်နိုင်ငံ နယ်စပ်ကိုဖြတ်ကာ အိန္ဒိယနိုင်ငံဘက်သို့ ပြန်လာပြီး ကုသိနာရုံသို့ ဦးတည်ထွက်ခဲ့ကြ၏။ လုမ္ဗိနီမှအပြန်တွင်ကား မိမိသည် လောကကြီးကို ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိနှစ်မျိုးဖြင့်သာ ခွဲခြား၍ ကြည့်ရှုနေမိ၏။

လုမ္ဗိနီနှင့် ကုသိနာရုံအကြားရှိ အချို့သော လမ်းများသည် အတော်ကောင်းသည်။ အထူးသဖြင့် နောင်ဂါးနှင့် ဂေါရက္ခပုလမ်းသည် အတော်ကောင်း၏။ မိမိတို့ကားသည် အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ပြီး ၂-နာရီမျှ မောင်းလာကြပြီးသော် နားစရာ တစ်နေရာတွင် ကားရပ်၏။

ကားသမားနှင့် လမ်းပြတို့လည်း လက်ဖက်ရည်သောက်၏။ မိမိမှ ဆရာတော်ဦးပဥ္ဇင်းအား နွားနို့ပူပူ တစ်ခွက်ကပ်ကာ ပါလာသော လွန်ခဲ့သည့်နှစ်ရက်က ဝယ်ယူထားသည့် ပြောင်းဖူးကို မီးဖုတ်၍ ဆရာတော်ဦးပဥ္ဇင်းအား ကပ်ရန် စီစဉ်၏။ အိန္ဒိယလမ်းဘေးဆိုင်များသည် နေရာတကာတွင် ကျောက်မီးသွေးမှုန့်ကို လောင်စာအဖြစ် အသုံးပြုကြရာ အလွန်မှ မီးကောင်းသည်။ မိမိသည် ကုလားလေးတစ်ယောက်အား ပြောင်းဖူးမီးဖုတ်ကို ကြည့်ရန် မှာထားခဲ့ပြီး ဆရာတော် ဦးပဥ္ဇင်းထံ တစ်ခေါက်ပြန်လာ၍ ဆရာတော်အတွက် နေရာထိုင်ခင်း ပြင်ဆင်ပေး၏။ ထို့နောက် ပြောင်းဖူးမီးဖုတ်ဆီသို့ ပြန်သွားရာ ပြောင်းဖူးမှာ တစ်ခြမ်းလုံးလုံး မီးကျွမ်းနေသည်။ ပြောင်းဖူးမီးဖုတ်ကို အလျင်စလို မီးမှ ဆယ်ယူသည့်တိုင် လုံးဝ စား၍မရတော့ပေ။





နောက်ထပ် ပြောင်းဖူးထပ်ဖုတ်ရန် စိတ်ကူးမိသော်လည်း ဆရာတော်ဦးပဥ္ဇင်းမှာလည်း နွားနို့ဘုဉ်းပေးပြီးနေပြီ။ မိမိက ဆရာတော်ဦးပဥ္ဇင်းကို နွားနို့နှင့်အတူ ပြောင်းဖူးဘုဉ်းကို ဘုဉ်ပေးစေလိုခြင်း ဖြစ်၏။ အာဟာရသုတေသနအရ ပြောင်းဖူးနှင့် နွားနို့ အတူသုံးဆောင်ပါက ပြောင်းဖူးတွင် ပါဝင်သော အညံ့စား ပရိုတိန်းသည် နွားနို့တွင် ပါဝင်သော ပရိုတိန်းကဲ့သို့ ထိပ်တန်းစားဖြစ်သွားသည်ဟု အာဟာရပညာရှင်တို့က ဆို၏။ သို့သော် ပြောင်းဖူးမီးကျွမ်းသွားသောကြောင့် ထိုအစီအမံဖြင့် ဆရာတော်ဦးပဥ္ဇင်းအား နို့နှင့် ပြောင်းဖူး ကပ်ရန် အခွင့်မသာတော့။ ထို့ကြောင့် မိမိက ဆရာတော်ဦးပဥ္ဇင်းအား "တပည့်တော်က ဆရာတော်အား ပြောင်းဖူးနှင့်နွားနို့ အတူ ဘုဉ်းပေးစေချင်တာပါဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဦးပဥ္ဇင်းက "ဒကာကြီး၊ ဒကာကြီးရဲ့ဆန္ဒကကောင်းပါရဲ့။ ဒကာကြီးကိုပြောချင်တာက လောကီမှာလည်း လောကီသတိ၊ လောကုတ္တရာမှာလည်း လောကုတ္တရာ သတိရှိတယ်။ နှစ်နေရာနှစ်ဌာနစလုံးအတွက် သတိလိုတယ်။ မိဂဒါဝုန်မှာ လောကီကိစ္စများမှာလည်း သတိလိုကြောင်း ဒကာကြီး ပဉ်းစားခဲ့ပြီးမဟုတ်လား။ အင်မတန်ကြီးကျယ်တဲ့ လောကီကိစ္စများသာမက နေ့စဉ်လုပ်ဆောင်နေရတဲ့ လောကီကိစ္စအဝဝမှာလည်း သတိဆိုတာလိုတာပဲ ဒကာကြီးရဲ့။ ပြောင်းဖူးဖုတ်ရာမှာလည်း ပြောင်းဖူးသတိလိုတယ်၊ ငါးပိဖုတ်ရာမှာလည်း ငါးပိသတိလိုတယ်၊ ဘဲဥပြုတ်ရာမှာလည်း ဘဲဥပြုတ်သတိလိုတယ်၊ ယာဉ်မောင်းရာမှာလည်း ယာဉ်သတိလိုတယ်၊ သွားရာလာရာမှာလည်း သတိလိုတယ်၊ စားရာသောက်ရာမှာလည်းသတိ



www.burmeseclassic.com

www.burmeseclassic.com



လိုတယ်၊ နေရာထိုင်ရာမှာလည်း သတိလိုတယ်၊ ပြောရာဆိုရာမှာလည်း သတိလိုတယ်၊ တွေးရာတောရာမှာလည်း သတိလိုတယ်။ သတိမရှိရင် ပြောင်းဖူးဖုတ်သလို ပျက်စီးပါလေရော ဒကာကြီး"

**"မှန်လှပါ ဆက်အမိန့်ရှိပါ ဘုရား"**

**"ဒကာကြီး၊ သတိတရား မရှိရင် ပျက်စီးဆုံးရှုံးရသလို သတိတရား ရှိပြန်တော့လည်း အလွန်တရာ ကောင်းမွန်ပြန်ပါရော။ ဘဝ အရည်အသွေး၊ လောက အရည်အသွေး၊ ပစ္စည်းဥစ္စာဓနအရည်အသွေးဆိုတာ သတိရှိလေ အရည်အသွေးကောင်းလေပဲ ဒကာကြီး။ သတိမရှိရင် မတော်တဆကိစ္စတွေ ဝင်လာပြီး ပျက်စီးတတ်ကြတယ်။ သတိရှိရင် မတော်တဆကိစ္စတွေကိုလည်း ရှောင်ရှားနိုင်ပြီး အရည်အသွေးကို တည်ဆောက်နိုင်တယ် ဒကာကြီးရဲ့"**

**"အရည်အသွေး တည်ဆောက်ရာမှာ သတိကို ဘယ်အခါမှာ ထားရပါ့မလဲ ဆရာတော်ဘုရား"**

"ဒကာကြီး၊ **လောကီအရည်အသွေးကို တည်ဆောက်ရာမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာ အရည်အသွေး တည်ဆောက်ရာမှာပဲဖြစ်ဖြစ် သတိကို အစ၊ အလယ်၊ အဆုံး ကာလ သုံးပါးစလုံးမှာ ထားရမယ် ဒကာကြီး**"ဟု ဆိုကာ ဆရာတော်သည် ခင်းထားသော ကွပ်ပျစ်ပေါ်တွင်ပင် တရားဖြင့် ဆက်၍ မွေ့လျော်ပြန်ပါ၏။

ဆရာတော်ဦးပဍ္ဍင်းသည် တရားနှင့်မွေ့လျော်နေချိန်တွင် မိမိသည် ဆရာတော် ဟောကြားခဲ့သော တရားများကို ပြန်လည်တွေးတောရင်း လောကီကိစ္စများတွင်လည်း သတိလိုအပ်ကြောင်း ဆရာတော်ဦးပဍ္ဍင်း၏ မြွက်ကြားချက်ကို ဆက်၍ စဉ်းစားနေမိ၏။





၂၀–ရာစုအလယ်လောက်မှစ၍ အရည်အသွေးပညာရှင်တို့သည် အလုံးစုံ အရည်အသွေးဆိုသောစကားရပ်ကို ထွင်ထွင်ကျယ်ကျယ် ပြောဆိုလာကြ၏။ အလုံးစုံ အရည်အသွေးကိစ္စ ပေါ်ပေါက်လာသည်ကလည်း စိတ်ဝင်စားဖွယ်ရာဖြစ်၏။ အရည်အသွေးရှိသော လူသုံးကုန်ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ရှေးအခါကပင် လူတို့ မက်မောကြ၏။ အရည်အသွေး မရှိပါက ဈေးကွက်တွင် တန်ဖိုးမရှိ။ သုံးစွဲသူတို့သည် ကြွေထည် ပစ္စည်းဆိုလျှင် တရုတ်ဖြစ်ကို သုံးလို၏။ ကြွေထည်ပစ္စည်းကို တရုတ်က နိုင်၏။ ကော်ဇောဆိုလျှင် ပါရှားမှ၊ ဖန်ထည်ပစ္စည်းဆိုလျှင် ဘယ်လ်ဂျီယံမှ၊ နာရီဆိုလျှင် ဆွစ်ဇာလန်မှ၊ သားရေပစ္စည်းဆိုလျှင် အီတလီမှ စသည်ဖြင့် ပစ္စည်းအမျိုးအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ၏ အမည်ကို တွဲကာ အစွဲပြု အသုံးပြုကြ၏။

ထိုမှတစ်ဆင့် နိုင်ငံအမည်မှုဖြင့် မလုံလောက်တော့ဘဲ မော်တော်ကားဆိုလျှင် ရိုး(စ)ရွိုက်မှ၊ မာစီဒီးမှ၊ ရေမွှေးဆိုလျှင် ရှနယ်(၅)မှ စသည်ဖြင့် တံဆိပ်ကိုပါ ရွေးချယ် အသုံးပြုလာသောအခါ အရည်အသွေးကိစ္စသည် ပို၍ အရေးကြီးလာ၏။ ထို့ကြောင့် ကုန်ထုတ်လုပ်သူတို့သည် မိမိတို့ကုန်ပစ္စည်းများကို အရည်အသွေးရှိအောင် ကြိုးပမ်းကြ၏။ အရည်အသွေးရှိသော ပစ္စည်းများသည်လည်း ဈေးပိုရသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်သူတို့သည် မိမိတို့ထုတ်လုပ်သော ပစ္စည်းများကို ထုတ်လုပ်ပြီးနောက် အရည်အသွေး မမီလျှင် ဈေးကွက်သို့ မပို့ဘဲ အရည်အသွေးရှိသော စံချိန်မီပစ္စည်းကိုသာ ရွေးချယ်၍ ဈေးကွက်သို့ ပို့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို အရည်အသွေး ထိန်းသိမ်းခြင်းဟု ဆိုကြပါ၏။ အရည်အသွေး ထိန်းသိမ်းမှုသည် စရိတ်စကလည်း ကြီးမား၏။

ဥပမာ မိမိတို့က ကျပ်ငွေ တစ်သိန်းကို ရင်းနှီး၍ ပစ္စည်း ထုတ်လုပ်ရာ ပစ္စည်းအခုရေ ၁၅၀–ရရှိ၏။ သို့သော် အရည်အသွေး ရှိသောပစ္စည်းက ၁၀၀–ပဲ ရရှိသောအခါ အရည်အသွေးမမီသည့် ပစ္စည်း ၅၀–ကို လွှင့်ပစ်လိုက်ပြီး အရည်အသွေးမီ ပစ္စည်း ၁၀၀–ကိုသာ ဈေးကွက်သို့ ပို့၏။ ထိုအခါ ကုန်ထုတ်လုပ်မှုစရိတ် မြင့်မား၍ ဈေးကွက်တွင် ပစ္စည်းတစ်ခုချင်း တန်ဖိုးကြီးလာ၏။ လွှင့်ပစ်လိုက်ရသော ပစ္စည်းအရေအတွက် ၅၀–အတွက် ကုန်ကြမ်းပစ္စည်းနှင့် လုပ်အားဆုံးရှုံးမှုများကို ရရှိသော ပစ္စည်းကောင်း ၁၀၀–တွင် ထပ်မံ ထည့်ပေါင်း ရောင်းချမှုကြောင့် ဈေး မြင့်လာခြင်းဖြစ်၏။ ပစ္စည်းတော့ ကောင်းသည်။ သို့သော် ဈေးမြင့်မား၏။

သို့သော်လည်း ဤကိစ္စကို ကာလအတန်ကြာ အရည်အသွေးကို မြတ်နိုးသော ကုန်ထုတ်လုပ်သူတို့က ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။ ဤကိစ္စကို အရည်အသွေးရှိသော ပစ္စည်းထုတ်လုပ်ခြင်းဟုလည်း ဂုဏ်ယူ၍ ပြောဆိုကြ၏။ သို့သော် နောက်ပိုင်းတွင် အမေရိကန်လူမျိုး အက်ဒဝပ်ဒင်းမီဆိုသူက–

ပစ္စည်းကောင်းလည်းရရှိ၊ တန်ဖိုးလည်းကျဆင်းရအောင် ပထမဆုံး စဉ်းစားလာခဲ့သည်။ ဒင်းမီးက ကုန်ကြမ်းပစ္စည်း အလေအလွင့်နှင့် လုပ်အားကုန်ဆုံးမှု အလေအလွင့်များ မဖြစ်ရအောင် အရည်အသွေး စစ်ဆေးမှုကို ကုန်ချောဖြစ်ခါမှ မပြုလုပ်ဘဲ ပစ္စည်းစတင်လုပ်ဆောင်ရန် စီစဉ် စဉ်ကပင် ဂရုစိုက်သတိထားဆောင်ရွက်ရန်စတင်ဆော်ဩ၏။





ဒင်းမီက မိမိ၏အရည်အသွေးထိန်းသိမ်းမှုကို အစမှအဆုံးတိုင် အရည်အသွေးထိန်းသိမ်းမှု သို့မဟုတ် အလုံးစုံ အရည်အသွေး ထိန်းသိမ်းမှုဟုခေါ်၏။ ကုန်ထုတ်လုပ်မှု ကာလတစ်ခုလုံး သတိထားဆောင်ရွက်မှုဖြစ်၏။ ဤသည်မှာ အလုံးစုံ အရည်အသွေး ထိန်းသိမ်းမှု Total Quality Control (TQC) ပင် ဖြစ်သည်။

ဒင်းမီသည် ၁၉၅၀–ပြည့်နှစ်လောက်ကပင် သူ့အယူအဆကို အမေရိကန်တွင် ဆော်ဩရာ မအောင်မြင်ဘဲရှိ၏။ ထို့ကြောင့် ဒင်းမီသည် ဂျပန်နိုင်ငံသို့သွား၍ အလုံးစုံ အရည်အသွေး ထိန်းသိမ်းမှုကို လုပ်ဆောင်ရန် ဆော်ဩခဲ့၏။ အမေရိကန်တို့က ဒင်းမီ၏ အလုံးစုံ အရည်အသွေးထိန်းသိမ်းမှုကို ပြုလုပ်ပါက စရိတ်စက ပိုများကြမည်ဟု ထင်မှတ်မှားကြသည်။

ဂျပန်တို့သည် ဒင်းမီ၏ အယူအဆကို အလေးအနက် စဉ်းစား၏။ ထို့နောက် ဂျပန်တို့သည် မိမိတို့၏ ကုန်ပစ္စည်းထုတ်လုပ်မှုကို အလုံးစုံ အရည်အသွေး ထိန်းသိမ်းမှုဖြင့် စတင် လုပ်ဆောင်ခဲ့ကြ၏။

ဂျပန်တို့သည် အရည်အသွေးကို ကုန်ကြမ်းပစ္စည်း အသုံးပြုရာမှစ၍ ဂရုစိုက်၏။ အရည်အသွေးရှိသော အလုပ်သမားများကို အသုံးပြုသည်။ ပစ္စည်းထုတ်လုပ်စဉ်တစ်လျှောက်လုံး အရည်အသွေးကို ဂရုစိုက်သည်။ ထိုအခါ ပစ္စည်း ၁၀၀–ထုတ်လျှင် ၁၀၀–စလုံးနီးပါး အရည်အသွေးမီပစ္စည်းများ ဖြစ်လာသောကြောင့် လေလွင့်ဆုံးရှုံးမှု သက်သာပြီး ထုတ်လုပ်မှုစရိတ်ပါ ကျဆင်းခဲ့၍ ဂျပန်သည် အရည်အသွေး အဆင့်တူပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ ဈေးချိုချိုနှင့် ရောင်းချနိုင်ခဲ့၏။ သယံဇာတ ကင်းမဲ့ပြားသော်လည်း အရည်အသွေးကို အလေး



www.burmeseclassic.com

www.burmeseclassic.com



အဆုံး သတိထားဆောင်ရွက်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ထိပ်တန်းနေရာကို ရရှိခဲ့၏။

**ဒင်းမိက မိမိ၏ အယူအဆကို တင်ပြရာတွင် ကုန်ထုတ်လုပ်မှုကို အစ အလယ် အဆုံး သုံးပါးစလုံး သတိထားရမည်။ ထို့မျှသာမက ပထမထုတ်လုပ်ပြီးသော ကုန်ပစ္စည်းထက် နောက်ထပ်ထုတ်လုပ်သော ပစ္စည်းက ပို၍ကောင်းအောင် သတိရှေ့ဆောင်ရမည်ဟု ဆိုခဲ့၏။**

အမေရိကန်တို့သည် ဂျပန်တို့က အရည်အသွေးရှိသော ပစ္စည်းများကို ဈေးကွက်တွင် ဈေးချိုချိုသာသာဖြင့် ရောင်းချနိုင်သည်ကို ဘာကြောင့်များ ရောင်းချနိုင်ပါလိမ့်ဟူသော အချက်ကို စဉ်းစား၍ မရနိုင်လောက်အောင် ရှိခဲ့၏။ ဂျပန်တွေ ဗီရိယရှိလို့၊ ဂျပန်တွေ စီမံခန့်ခွဲမှုတော်လို့ ဖြစ်မည်ဟုဆိုကာ ဂျပန်တို့၏ စီမံခန့်ခွဲမှုပညာကို ကြက်ယက်သလို လေ့လာရှာဖွေကြသောအခါတွင်လည်း ထူးခြားသောအရာကို မတွေ့ရဘဲ ဖြစ်ခဲ့ရ၏။ နောက်မှ ဂျပန်တို့၏ အလုံးစုံအရည်အသွေး ထိန်းသိမ်းမှုကို သိရှိလာကာ အမေရိကနှင့် ဥရောပမှလည်း အလုံးစုံအရည်အသွေးထိန်းသိမ်းမှုကို လိုက်နာဆောင်ရွက်ခဲ့ကြ၏။ ယခုတော့ တစ်ကမ္ဘာလုံးတွင် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အစ အလယ် အဆုံး သတိတရားထား ဆောင်ရွက်လာကြပြီဖြစ်၏။

အရည်အသွေး ထိန်းသိမ်းမှုကို ယခုအခါ International Standard Organization (ISO) နှင့် တိုင်းတာကြ၏။ စက်ရုံများတွင် မိမိတို့ထုတ်လုပ်သော ပစ္စည်းများအတွက် အလုံးစုံ အရည်အသွေးကို ISO ၉၅၀၀-စသည်ဖြင့် ဖော်ပြလျက်ရှိပါ၏။ ယခုအခါ အလုံးစုံအရည်အသွေးမြင့်မားမှုကို ကိစ္စရပ်တိုင်းတွင် အသုံးပြုနေကြပြီ





ဖြစ်၏။ ဝန်ဆောင်လုပ်ငန်းများဖြစ်သော ဘဏ်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများတွင်ပင် အလုံးစုံအရည်အသွေးထိန်းသိမ်းမှုလုပ်ငန်းကို အသုံးပြုလျက်ရှိ၏။

မိဘများသည် မိမိတို့၏ သားသမီးများအား ပြုစုရာတွင်ပင် အလုံးစုံ အရည်အသွေး ထိန်းသိမ်းသည့်လုပ်ငန်း လိုအပ်လာကြောင်း သိရှိလာကြ၏။ အရည်အသွေး ပြည့်ဝသော သားသမီးတစ်ယောက် ထွန်းပေါက်လာစေရန် မိဘနှစ်ပါးသည် ရောဂါကင်းစင်ခြင်း၊ မျိုးရိုးလိုက်သောရောဂါမရှိခြင်း စသည်တို့သည် ရှေးဦးစွာ လိုအပ်၏။ ထို့နောက် ကိုယ်ဝန်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်၏။ အာဟာရပြည့်ဝစွာ စားသောက်ခြင်း၊ အပူအစပ်နှင့် ကိုယ်ဝန်အား ထိခိုက်စေသည့် ဆေးဝါးများကို ရှောင်ကြဉ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သည် အသွားအလာ အပြောအဆို အထိုင်အထ ဆင်ခြင်ခြင်းတို့သည်လည်း လိုအပ်၏။ ထို့နောက် ကလေးကို ကျွမ်းကျင်သောလက်သည်နှင့် မွေးဖွားရန် လိုအပ်သည်။ မွေးဖွား၍ ကျန်းမာသောကလေးကို ရရှိလျှင် ကာကွယ်ဆေးထိုးခြင်း၊ မိခင်နို့ရည်ကို လုံလောက်စွာ သောက်သုံးစေခြင်း၊ ကလေးဘဝ အာဟာရပြည့်ဝစွာ စားသုံးခြင်း၊ ကလေးဘဝတွင် ဘေးအန္တရာယ်အားလုံးမှ ကင်းဝေးရန် စောင့်ရှောက်ခြင်း၊ အကျင့်စာရိတ္တ မြင့်မား၍ လိမ္မာရေးခြားရှိသော ကလေးဖြစ်စေရန် ငယ်စဉ်မှစ၍ သင်ကြားမှုအရပ်ရပ်ပြုခြင်း၊ ဆရာကောင်း၊ ကျောင်းကောင်းတွင် အပ်နှံပညာသင်ကြားခြင်း၊ ဘာသာစကား ကျွမ်းကျင်ခြင်း၊ ကျန်းမာရေးလိုက်စား၍ ကိုယ်ခန္ဓာကျန်းမာရေးကောင်းသောလူတစ်ယောက်ဖြစ်ကာ အသက်မွေးဝမ်းကျောင်းများကို သင်ကြား



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ခြင်း၊ ခေတ်မီနည်းပညာအရပ်ရပ်ကို စနစ်တကျ သင်ကြားခြင်း၊ ကွန်ပျူတာ တတ်မြောက်ခြင်းဖြင့် လူတော်လူကောင်း သားသမီးရတနာကို ရရှိမည် ဖြစ်သည်။

သားသမီးကို ပြုစုစောင့်ရှောက်ရာတွင် အလုံးစုံ အရည်အသွေး ထိန်းသိမ်းပြုစုစောင့်ရှောက်ရန် လိုအပ်သည်။

သားသမီးကိုသော်လည်းကောင်း၊ မိမိဘဝကိုသော်လည်းကောင်း၊ မိမိနိုင်ငံကိုသော်လည်းကောင်း၊ ကုန်ပစ္စည်းကိုသော်လည်းကောင်း၊ အရည်အသွေးရှိရှိလိုအပ်လျှင် အစမှအဆုံးတိုင် သတိရှိရမည်။ သားကောင်း သမီးမြတ် ပြုစုရေးမှအစ အရည်အသွေးရှိသော ဘဝ၊ အရည်အသွေးရှိသော လူမျိုး၊ အရည်အသွေးရှိသော နိုင်ငံ၊ အရည်အသွေးရှိသောပစ္စည်းကို ထုတ်လုပ်လိုလျှင် အစ အလယ် အဆုံး သုံးပါးစလုံးတွင် သတိရှိရန် လိုအပ်သည်။ အစ အလယ် အဆုံး သုံးပါးစလုံး၌စောင့်ရှောက်ရန် လိုအပ်သည်။

သစ်ပင်ကို စိုက်ပျိုးရာတွင်လည်းကောင်း၊ ဥယျာဉ်ကိုတည်ဆောက်ရာတွင်လည်းကောင်း၊ မြို့ပြအိမ်ရာကိုတည်ဆောက်ရာတွင်လည်းကောင်း၊ နိုင်ငံကို အုပ်ချုပ်ရာတွင်လည်းကောင်း အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးတွင် သတိတရား လက်ကိုင်ထားရန် လိုအပ်၏။

ကောင်းမွန်သော သစ်ပင်တစ်ပင်ရရှိရန် မျိုးကောင်းမျိုးသန့် လိုအပ်၏။ မျိုးကောင်းမျိုးသန့်ကို ပြုပြင်ထားသော မြေကောင်းမြေသန့်တွင် စိုက်ပျိုးရန်လိုအပ်၏။ မြေကောင်းမြေသန့်တွင် စိုက်ပျိုးထားသော သစ်ပင်ကို ပိုးမွှားကင်းစင်အောင်၊ ပေါင်းမြက်ကင်းစင်အောင် ပြုလုပ်ရန် လိုအပ်၏။ ထို့နောက် သင့်တင့်မျှတသော အာဟာရဓာတ် ဖြည့်





ဆည်းပေးရန် လိုအပ်၏။ ထိုအခါမှသာ ကောင်းမွန်သော သစ်သီးဖလကို ရရှိမည်ဖြစ်ပါ၏။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးလျှင်လည်း အစ အလယ် အဆုံး သုံးပါးစလုံးတွင် စောင့်ရှောက်မှု အသိတရား၊ သတိတရား လိုသည်။ ဘဝကို ပျိုးထောင်ခြင်းသည် သစ်ပင်စိုက်ပျိုးသလိုပင် ဖြစ်၏။

ယနေ့ ကမ္ဘာပေါ်တွင် အလုံးစုံအရည်အသွေးထိန်းသိမ်းမှုလုပ်ငန်းကို အကြီးအကျယ် ဟောပြောနေကြ၏။ ကမ္ဘာ့အစိုးရအဖွဲ့ အသီးသီးကလည်း တိုက်တွန်းနှိုးဆော်လျက်ရှိ၏။ အလုံးစုံအရည်အသွေး ထိန်းချုပ်ရေးကို လှုံ့ဆော်ခဲ့သူ ဒင်းမီအားလည်း လူသားတို့အတွက် သူ့ရဲကောင်းကြီးပမာ တန်ဖိုးထားလျက်ရှိ၏။

**မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ၊ အရည်အသွေးရှိစေခြင်းအလို့ငှာ အစ၊ အလယ်၊ အဆုံး သတိထားရန် လိုအပ် ကြောင်း လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်ကပင် မဇ္ဈိမ ဒေသတွင် ဟောကြားတော်မူခဲ့၏။**

မြတ်စွာဘုရားသည် လောကီ ပစ္စက္ခ အရည်အသွေးကိုသာမက သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်ရန် လောကုတ္တရာ အရည်အသွေး ရှိရေးအတွက်လည်း သတိတရား လက်ကိုင်ထားရန် ဟောကြား လမ်းညွှန်တော်မူခဲ့သည် မဟုတ်ပါလော။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၈)

## ကုသိနာရုံလမ်းခွဲမှ အင်ကြင်းဥယျာဉ်သို့

ဆရာတော်သည် မည်မျှကြာကြာ တရားနှင့်မွေ့လျော်သည်မသိ။ မိမိလည်း ဂုန်နီကွပ်ပျစ်ပေါ်တွင် အရည်အသွေးအကြောင်း စဉ်းစားရင်း အိပ်ပျော်သွားခဲ့၏။ နိုးလာတော့ ဆရာတော်ဦးပဉ္ဇင်းသည် မိမိအား စောင့်ရင်း စကြံလျှောက်ကာ တရားမှတ်ရင်း သတိကို တည်ဆောက်နေသည်။

ထို့နောက် မိမိတို့ကားသည် ကုသိနာရုံသို့ ရည်မှန်းကာ ဆက်၍ ထွက်လာ၏။ လမ်းတွင် ဆရာတော်ဦးပဉ္ဇင်းအား ထပ်မံ၍ ခေါက်ဆွဲဆွမ်းကပ်သည်။ ထိုမှ ဆက်၍ထွက်လာခဲ့ရာ ညနေပိုင်းတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံဟု ခေါ်ဆိုအပ်သော ရွာမနိဂုံးသို့ ရောက်၏။ ကုသိနာရုံလမ်းဆုံသို့ ရောက်သောအခါ ဆရာတော်ဦးပဉ္ဇင်းက ဒကာကြီးလည်း လမ်းမမှားနိုင်တော့ပြီ၊ မိမိလည်း လိုရာခရီးရောက်ပြီ။ သို့အတွက် ဤလမ်းဆုံတွင်ပင် မိမိဆင်းနေခဲ့တော့မည်ဟု ဆို၏။ ရက်အတော်ကြာ တရားဓမ္မခရီးဟုပင် ခေါ်ဆိုအပ်သော ဆရာတော် ဦးပဉ္ဇင်း ရှင်းလင်းဟောကြားသော

www.burmeseclassic.com



တရားဓမ္မများကို နာကြားရင်း ခရီးထွက်ခဲ့ပြီးခါမှ ဦးပဥ္ဇင်းက ဤလမ်းဆုံတွင် နေခဲ့တော့မည်ဟုဆို၍ ချက်ချင်းမှု ဆရာတော် ဦးပဥ္ဇင်းနှင့် မခွဲလိုဘဲရှိ၏။ ထို့ကြောင့် မိမိက–

"ဆရာတော်၊ ကုသိနာရုံ ဘုန်းတော်ကြီးကျောင်းအထိတော့ လိုက်ခဲ့ပါ။ ကုသိနာရုံဆရာတော်နဲ့လည်း တွေ့ကြတာပေါ့ဘုရား" ဟု လျှောက်တော့ "ဒကာကြီး၊ ဒကာကြီးကို ကုသိနာရုံဆရာတော် ဆက်ကူလိမ့်မယ်။ ဦးပဥ္ဇင်းအတွက် ဘာမျှမပူနှင့်။ ကုသိနာရုံတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ မည်သည့်နေရာတွင်မဆို ဦးပဥ္ဇင်းအတွက် မပူနှင့်။ ဤလမ်းဆုံမှ ခရီးဆက်ရလျှင် ဦးပဥ္ဇင်းအတွက် ပို၍ပင် အဆင်ပြေ၏" ဟု ဆို၏။ တားလို့လည်း ရစရာ အကြောင်းမရှိ။ ဆရာတော် ဦးပဥ္ဇင်း၌ သူ့အတွေး၊ သူ့စိတ်ကူး၊ သူ့လမ်းခရီး ရှိပြီးဖြစ်၏။ မိမိအား ပြဆိုခဲ့သော တရားတို့မှာလည်း တစ်သက်တာမက ဘဝသံသရာတစ်ခုလုံးအတွက်ပင် လုံလောက်နေ၏။ မိမိသည် ဆရာတော်ဦးပဥ္ဇင်းက လမ်းခွဲတော့မည်ဆို၍ ရူးပီး ၅၀၀–ကို ဆရာတော်အား ဆက်ကပ်ရာ ဆရာတော်က လက်ခံပြီး ရွာလမ်းအတိုင်း ကြွသွားပါ၏။

ဆရာတော်ဦးပဥ္ဇင်း ဆင်းသွား၍ စိတ်ထဲတွင်တော့ ဟာတာတာ ဖြစ်သွား၏။ ဆရာတော်ဦးပဥ္ဇင်းအား မည်သို့ပင် လျှောက်ထားစေကာမူ အချည်းအနှီးဖြစ်မည်ကို သိနေသောကြောင့် အထူးမလျှောက်ထားဘဲ နေခြင်းဖြစ်ပါ၏။ "အင်းလေ၊ ခရီးသွားအဖော်ဆိုတာ ဒီလိုပါပဲ။ တစ်နေရာ၊ တစ်ဒေသ၊ လမ်းဆုံတစ်ခု၊ လမ်းဆုံးတစ်နေရာရာတွင် ဒီလိုပဲ ခွဲကြရတာပါကလား" ဟု တွေးကာ ကုသိနာရုံ မြန်မာ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ခဲ့၏။





ထူးခြားလှသည်မှာ နောက်တစ်နေ့ ကုသိနာရုံလမ်းဆုံသို့ ရောက်သောအခါ ဆရာတော်သည် မိမိလှူသော ရူပီး ၅၀၀–ကို ကိုယ်အင်္ဂါ ချို့တဲ့နေသော အနာကြီးရောဂါသည်တစ်ဦးအား စွန့်ကြဲခဲ့သည်ဟု ဆို၏။ အိန္ဒိယနိုင်ငံတွင် တစ်ကျပ်တစ်ပြား စွန့်ကြဲ၊ လှူဒါန်းမှုသည်ပင်လျှင် အလွန်မှ ရှားပါးမှုဖြစ်၏။ ရူပီး ၅၀၀–မျှ လှူဒါန်းခြင်းကြောင့် ဗုဒ္ဓဘာသာ မြန်မာဆရာတော် ဦးပဥ္ဇင်းအား အထူးအဆန်းသဖွယ် ပြောဆိုနေကြ၏။

သို့သော်လည်း ဘောဂသမ္ပတ္တိကို မလို၊ ဘဝသမ္ပတ္တိကိုသာ ခံမင်သော ဆရာတော်သည် ရူပီး ၅၀၀–ဟူသောငွေကို မိမိထံမှ ဒါနမြောက်စေရန် လက်ခံခဲ့ပါသော်လည်း မိမိခြေဖဝါးမှ မြူမှုန်တစ်စက်မျှလောက်ပင် တန်ဖိုးမထားဘဲ သဒ္ဓါပွား၍ ဒါနပင် စိုက်ထူခြင်းမှာ ဗုဒ္ဓဘာသာရဟန်းတစ်ပါးအဖို့ ကြီးစားရသောအရာမဟုတ်သော်လည်း ကုသိနာရုံလမ်းဆုံမှ အိန္ဒိယအမျိုးသား များအဖို့ ဆန်းနေကြပါသည်။

ကုသိုနာဂရ ရွာလေးသည် မြို့မကျသော တောရွာလေးဖြစ်သော်လည်း သာဝတ္ထိထက် ပိုမိုစည်ကား၏။ မြို့နယ်ခွဲတစ်ခုမျှရှိ၏။ ဈေး ကျောင်း* စသည်တို့ ရှိသည်။ ဆရာတော်ဦးပဥ္ဇင်း ဆင်းသွားသော ကုသိုနာဂရရွာလမ်းဆုံမှ ကတ္တရာလမ်းအတိုင်း ညာဘက်သို့ ချိုး၍ အနည်းငယ်မျှဝင်လိုက်လျှင် ဘယ်ဘက်၌ တရုတ်ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရ၏။ ကျောင်းဝင်းအတွင်းရှိ ကွမ်းယင်မယ်တော်ပုံကို ကျောင်းပြင်မှ တွေ့ရ၏။ ထိုကျောင်းမှ လွန်လျှင် ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်သည်။ ဆော်၍



www.burmeseclassic.com

www.burmeseclassic.com



သွားပါက ဗုဒ္ဓဘာသာဝင်ဘုရားဖူးလူတော်စင်အပေါင်းတို့ ရောက်လိုစိတ်စောရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်ရှိ၏။

ကုသိနာရုံသည် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်အတွင်း၌ ရှိ၏။ ဂေါရက္ခပူရမြို့နှင့် ကာစီယာရွာကို ဆက်သွယ်ထားသော လမ်းပေါ်တွင်ရှိသည်။ ဂေါရက္ခပူရမှ ၅၃–ကီလိုမီတာဝေး၍ ကာစီယာနှင့်မူ ငါးကီလိုမီတာဝေး၏။ ဤနေရာသည် ရှေးအခါက မလ္လာမင်းတို့၏ နေပြည်တော်ဖြစ်သော်လည်း ယခုတော့ ကုသိနာဂရ (ကုစီနဂါး)ဟု ခေါ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ ဘုရားပရိဝုဏ်သည် ကျယ်ဝန်း၍ သစ်ပင်များနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိ၏။ ပရိဝုဏ်အတွင်းဝယ် လဲလျောင်းနေသော ဗုဒ္ဓရုပ်ပွားတော်စံပယ်ရာ အာရုံခံတန်ဆောင်းရှိ၏။ အာရုံခံတန်ဆောင်းသို့သွားရာလမ်းနှင့် တန်ဆောင်းအကြားတွင် ကျောက်ပြားများခင်းထား၍ သန့်ရှင်းသည်။ ကျောက်သား အပြည့်ခင်းကျင်းထားသော ကုသိနာရုံ အာရုံခံတန်ဆောင်းအတွင်း၌ကား ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူနေပုံ ထုလုပ်ထားသော ဇရာဒုဗ္ဗလ သက်ကြီးရွယ်အိုအရွယ် ဂေါတမမြတ်စွာဘုရား၏ ဘဝနိဂုံး အဆုံးသတ် ရုပ်ပွားတော်ကြီးကို ကြေကွဲဖွယ်ရာ ဖူးတွေ့နိုင်၏။

ဤနေရာသည် ရောက်ရှိလာကြသော ဗုဒ္ဓဘာသာဝင်တိုင်း ဆို့နင့်ကြေကွဲဖွယ်နေရာ ဖြစ်သည်။ ကုသိနာရုံအတွင်းသို့ ဝင်လိုက်လျှင်ပင် ဤနေရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု အတွေးက





ဝင်ရောက်လာကာ ဘုရားဖူးများသည် လဲလျောင်းခေါင်းချနေသည့် ရုပ်ပွားတော်ကြီးကို မဖူးမတွေ့ရမီကပင် အလိုလို စိတ်အားငယ်ရ၏။ ရုပ်ပွားတော်ကြီးကို ရုတ်တရက် ဖူးတွေ့လိုက်ရလျှင်ကား ရင်ဆို့ ကြေကွဲဝမ်းနည်းပူဆွေးခြင်းများ ဖြစ်ကြ၏။

ရုပ်ပွားတော်ကြီးနှင့် ပလ္လင်တော် နှစ်ခုစလုံးကို ကျောက်တုံးတစ်တုံးတည်းနှင့် ထုထားသည် ဆို၏။ ရုပ်ပွားတော်ကြီးသည် ဥသျှောင်တော်မှ ဖဝါးတော်ထိ ပေ ၂၀–ရှိ၏။ ရုပ်ပွားတော်ကြီး၏ ခြေတော်ရင်းတွင် သမားတော်ကြီး ဇီဝက၊ အရှင်အာနန္ဒာပုံတို့နှင့် အရှင်သုဘဒ္ဒတို့ပုံရှိပြီး ရုပ်ပွားတော်ကြီးသည် မြောက်ဘက်သို့ ဦးခေါင်းပြုကာ အနောက်သို့ မျက်နှာမူ(နေရဗာန်)လျက်ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံနေတော်မူပုံ ထုလုပ်ထားသော ဤဇရာဒုဗ္ဗလ သက်ကြီးအိုမင်းသောအရွယ် ဂေါတမမြတ်စွာဘုရား၏ ဘဝနိဂုံး အဆုံးသတ် ရုပ်ပွားတော်ကြီးကို ဖူးမြော်တွေ့မြင်ရသော ဗုဒ္ဓဘာသာဝင်တိုင်းသည် ဆို့နင့်ကြေကွဲ၊ ပူဆွေးတမ်းတ၊ သောကဝေစည်၊ လွမ်းမျက်ရည်တို့ ဖြေမဆည်အောင်ကျရ၏။ မျက်နှာတော်တွင် ဇရာ၏သဘော၊ ဝေဒနာ၏သဘော စောကြောပါဝင်လျက် ထုလုပ်ပူဇော်ထားမှုသည်လည်းကောင်း၊ ခြေဖမိုးတော်တို့ ဖူးယောင်မို့မောက်ကာ ဝေဒနာ၏ စရိုက်သဘောကို ပြသထားသည်တို့ကလည်းကောင်း တရားမမှုဆန်လှ၏။ ဤဆင်းတုတော်ကြီးကို အေဒီငါးရာစုက ဟာရိဗလဆွာမိက လှူဒါန်း၍ ဒိဿကဒိနက ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရ၏။

၁၉၁၂–ခုနှစ်တွင် မြန်မာနိုင်ငံမှ ဟင်္သာတမြို့သား ဦးဖိုးကျားသည် ငွေ ၁၈၀၀၀–အကုန်ခံကာ ကုသိနာရုံစေတီတော်ကြီးကို ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ယခုတော့ အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသနဌာနက စေတီတော်ကြီးအား စောင့်ရှောက်လျက်ရှိ၏။

ကုသိနာရုံတန်ဆောင်းအတွင်းရှိ ပရိနိဗ္ဗာန် စံဝင်တော်မူနေပုံ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်က မြတ်စွာဘုရားကိုယ်တော်တိုင် ငါအိုခဲ့ပြီ၊ ငါဟောကြားတော်မူခဲ့သော တရားအတိုင်း ငါနာခဲ့ပြီ၊ ငါသည် မနေ ကွယ်လွန်ခဲ့ရပြီ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများသည် အမှန်တကယ်ရှိသည်။ သေခြင်းတရားမှ လွတ်မြောက်သော အမတနိဗ္ဗာန်ဆိုသည်မှာလည်း တကယ်ရှိသည်။ ငါ့ကို ကြည့်ရှုကြကုန်လော့။ ငါ့ကို ရှုကြည့်ကြကုန်လော့၊ မြင်အောင် ရှုကြလော့၊ သံဝေဂတရား ပွားများကြကုန်လော့ဟု တဖွဖွမှာကြားသည့်အလား ရှိပါသတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး မကြာမီ မလ္လာမင်းတို့၏ မလ္လာနိုင်ငံတော်ကို အဇာတသတ်မင်းက သိမ်းယူကာ မဂဓတိုင်းအတွင်းသို့ သွတ်သွင်းခဲ့၏။

အေဒီ ၅–ရာစုတွင် တရုတ်ရဟန်းတော် ဖာဟီယန် ရောက်ရှိလာပြီး ဤဥယျာဉ်အတွင်း၌ ပျက်စီးနေသော ဘုန်းတော်ကြီးကျောင်း ရှိသည်ကို မှတ်တမ်းတင်ခဲ့၏။ ၁၈၅၂–ခုနှစ်က အိန္ဒိယကျောက်စာဌာနက ကုသိနာရုံအတွင်း တူးဖော်ရာ ဘုန်းကြီးကျောင်းအတွင်း မီးလောင်ထားသော ပစ္စည်းများနှင့် လူအရိုးများကို တွေ့ရှိရာ ဗုဒ္ဓဘာသာ ရဟန်းတော်များ ဤကျောင်းနေရာတွင် အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခြင်းခံခဲ့ရသည့် အထောက်အထားများအဖြစ် မှတ်တမ်းတင်ခဲ့ကြ၏။ ဤဖြစ်ရပ်သည် ၁၂–ရာစုအတွင်း အိန္ဒိယနိုင်ငံ တစ်ဝန်း





တွင် ဗုဒ္ဓဘာသာရဟန်းတော်များ တူညီဝေမျှခံစားခဲ့ရသည့် အဖြစ်ဆိုးပင် ဖြစ်သည်။

ကုသိနာရုံဌာနကို ပထမဆုံးစောင့်ရှောက်သူသည် အိန္ဒိယနိုင်ငံသား ဘုန်းတော်ကြီး မဟာဝီရ ဖြစ်၏။ မဟာဝီရသည် အင်္ဂလိပ်တို့ကို ပုန်ကန်ထောင်ထားသော တော်လှန်ရေးခေါင်းဆောင်ကြီး ကွန်ဝါးဆိုင်နှင့် ဆွေမျိုးဖြစ်လေရာ ထိုပုန်ကန်မှုတွင် မဟာဝီရကိုယ်တိုင် ပါဝင်၏။ နောက်ပိုင်းတွင် ကွန်ဝါးဆိုင် ကျဆုံး၏။ ထိုအခါ မဟာဝီရသည် ကြေးစား နပန်းသမားအဖြစ် အသက်မွေးဝမ်းကျောင်းပြီး သီဟိုဠ်ကျွန်းသို့ သွားရောက်ရှောင်တိမ်းနေ၏။ သီဟိုဠ်တွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်း၍ ရဟန်းဘောင်သို့ဝင်ခဲ့၏။ အရှင်မဟာဝီရသည် ရဟန်းဘဝသို့ ရောက်ရှိလာသောအခါ ကုသိနာရုံသို့ လာရောက်နေထိုင်ကာ သာသနာပြုခဲ့သည်။ ထို့နောက် အိန္ဒိယနိုင်ငံသား ရခိုင်လူမျိုး သူဌေးကြီး ခီဇာရီက ကုသိနာရုံတွင် ဇရပ်ဆောက်လုပ်လှူဒါန်းကာ သာသနာပြု၏။ ထို့နောက် ရခိုင်အမျိုးသားဆရာတော်ကြီး ဦးစန္ဒြမုနိသည် အိန္ဒိယနိုင်ငံတွင် အနာဂါရိက ဓမ္မပါလနှင့်တွဲ၍ သာသနာပြု၏။ ဆရာတော်ကြီး အရှင်စန္ဒြမုနိသည် အိန္ဒိယတွင် သက္ကတနှင့် ဟိန္ဒူဘာသာကို သင်၍ ကုသိနာရုံ၌ အရှင်မဟာဝီရနှင့်လည်းကောင်း၊ ဦးခီဇာရီနှင့်လည်းကောင်း တွဲဖက်သာသနာပြု၏။ အရှင်စန္ဒြမုနိသည် မူလတန်းကျောင်းတစ်ကျောင်းကိုလည်း တည်ထောင်၏။ ကုသိနာရုံသို့ ဘုရားဖူးများ ကြွရောက်လာစေရန် လှုံ့ဆော်ပေးသည်။ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူလူမျိုးတို့၏ အလွန်ပြင်းထန်သော ဇာတ်စနစ်က ရှိနေဆဲဖြစ်၏။ ဇာတ်စနစ်ခွဲခြားမှု ကြီးမားလွန်းသောကြောင့် ဇာတ်နိမ့်



www.burmeseclassic.com

www.burmeseclassic.com



များသည် မိမိတို့ မူရင်းဟိန္ဒူဘာသာကို စွန့်ခွာကာ ဗုဒ္ဓဘာသာအတွင်းသို့ ဝင်လိုကြ၏။ မြတ်စွာဘုရားသည် မိမိ၏ တရားဟော မဏ္ဍပ်တွင်းသို့ ဝင်ရောက်လာသူတို့အား ဆင်းရဲချမ်းသာမရွေး မိမိ၏သားရာဟုလာကဲ့သို့ တစ်တန်းတစ်ပြေးတည်းထားဆက်ဆံ၍ တရားရေအေးတိုက်ကျွေးတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓသည် ဇာတ်ခွဲခြားမှုကို ဆန့်ကျင်သူ ဖြစ်သည်။

ဆရာတော်ကြီး အရှင်စန္ဒြမုနိသည် ဇာတ်ခွဲခြားမှုကို အခြေခံ၍ ဇာတ်နိမ့်များအား ဗုဒ္ဓဘာသာအတွင်းသို့ ဝင်ရောက်ရန် စည်းရုံးခဲ့ရာ ဟိန္ဒူဇာတ်နိမ့် ငါးသိန်းခန့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်ခဲ့၏။ ယခုလည်း ဝင်ရောက်နေဆဲဖြစ်၏။ ဆရာတော်ကြီး အရှင်စန္ဒြမုနိ၏ ယင်းသာသနာပြုလုပ်ငန်းကို ယခုလက်ရှိ ကုသိနာရုံဆရာတော် ဦးဉာဏိဿရက ဆက်လက်ဆောင်ရွက်လျက်ရှိ၏။ မိမိ ကုသိနာရုံသို့ ရောက် ရှိသောအခါ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဆရာကြီးဂိုအင်ကာ၏တရားစခန်းတစ်ခုဖွင့်လှစ်ထားသည်။ ထိုတရားစခန်းတွင် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ကူးပြောင်းလာသော အိန္ဒိယအမျိုးသား အမျိုးသမီး ၆၀–ကျော် တရားစခန်းဝင်နေသည်ကို တွေ့ရှိရသည်။

မိမိသည် ကုသိနာရုံဆရာတော်ကြီးအရှင်ဉာဏိဿရ၏ ခြေတော်အစုံတွင် ဦးခိုက်၍ ကုသိနာရုံ၌ နှစ်ရက်ကြာမျှ နေထိုင်ခဲ့၏။ ကုသိနာရုံတွင်ကား လည်ပတ်စရာတွေက များသည်။ စုန္ဒ၏အိမ်နေရာသို့ တစ်ခေါက်တော့ ရောက်၏။ ဓာတ်တော်ဝေသောနေရာ၊ မြတ်စွာဘုရား နောက်ဆုံး ရေကြည်တော်သောက်သုံးသည့် ရေအိုင်သို့လည်း





သွားရောက်နိုင်၏။ များသောအားဖြင့်ကား မြတ်စွာဘုရားပရိနိဗ္ဗာန်စံနေတော်မူသော ရုပ်တုတော်ရှေ့တွင် သွားရောက်ထိုင်နေတတ်သည်က များသည်။

မိမိသည် ညိုမောင်းသောကိုယ်ရောင်တော်ဖြင့် မြောက်ဘက်သို့ ဦးခေါင်းပြုကာ အနောက်ဘက်သို့ မျက်နှာမူလျက် လဲလျောင်းခေါင်းချတော်မူသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံနေတော်မူပုံရှေ့တွင် မြတ်စွာဘုရား တကယ်ရှိနေသည့်အလား ထင်မှတ်ကာ ကမ္မဋ္ဌာန်းတရား ပွားများနေမိသော အခါများလည်း ရှိသည်။ ကိုယ်တော်မြတ်လဲလျောင်းရာ အာရုံခံတန်ဆောင်းအတွင်းသို့ သွားရောက်ကာ ဆရာတော်ကြီး ဒေါက်တာအာသဖ ပေးလိုက်သော လယ်တီဆရာတော်ကြီး၏ ကမ္မဋ္ဌာနဒီပနီကို ဖတ်ရှုနေသောအခါလည်း ရှိ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၉)

## မမေ့လေနှင့် အာနန္ဒာ

လွန်ခဲ့သော နှစ်ပေါင်း၂၅၀၀-ကျော် ခရစ်နှစ် ဘီစီ ၅၁၈၊ မေလ၊ ကဆုန်လပြည့်နေ့။

ဤနေ့ ဤရက် ဤလ ဤအချိန်သည် ဗုဒ္ဓမြတ်စွာဘုရား၏ နောက်ဆုံးနေ့၊ နောက်ဆုံးရက်၊ နောက်ဆုံးလ၊ နောက်ဆုံးအချိန် ဖြစ်သည်။ မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည်၏သား စုန္ဒသူဌေး ဆက်ကပ်လှူဒါန်းသော ဝက်ပျို့သားဆွမ်းဟင်းကို ဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ ကုသိနာရုံသို့ ကြွရောက်တော်မူလာခဲ့၏။ မြတ်စွာဘုရားသည် စုန္ဒ ဆက်ကပ်လှူဒါန်းသော ဝက်ပျို့သား ဆွမ်းဟင်းကို ဘုဉ်းပေးပြီးနောက် ကြမ်းတမ်းပြင်းထန်သည့် သွေးဝမ်းသွန်သော ရောဂါဝေဒနာ စွဲကပ်ခံစားခဲ့ရ၏။ ထိုရောဂါ၏ ဖိစီးမှုကို ခံစားရင်း ကုသိနာရုံသို့ လျှောက်လှမ်းခဲ့ရာ တစ်ခုသော သစ်ပင်ရင်းတွင် တစ်ကြိမ်၊ ကကုဓာမြစ်၌ တစ်ကြိမ်၊ ရပ်နားတော်မူပြီး ကုသိနာရုံပြည် (ကုစိနာဂရမြို့)ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်ရှိတော်မူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မလ္လာမင်းတို့၏ အင်ကြင်းတောသို့ ရောက်ရှိလာသောအခါ မြတ်စွာ ဘုရားက အရှင်အာနန္ဒာအား အင်ကြင်းပင်တို့၏ အကြားတွင် မြောက် ဘက်သို့ ဦးခေါင်းထားသော ညောင်စောင်းတွင် သက်နိုးကို ခင်းစေ တော်မူ၏။ ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားသည် နောက်တစ်ကြိမ်ပြန် ထတော်မူမည်မဟုတ်သော လဲလျောင်းခြင်းဖြင့် လျောင်းစက် လျောင်းတော်မူ၏။

မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ အင်ကြင်းပင်တို့ သည် တစ်ပင်နှင့်တစ်ပင် အပင်ချင်းယှက်၊ အရွက်ချင်းထပ်၊ အညွန့် ချင်းဆိုင်ကာ နေရောင် နေပျောက်မထိုးဘဲ အင်ကြင်းပန်းရနံ့သည် အင်ကြင်းတစ်တောလုံးကို မွှေးကြိုင်နေစေ၏။

အင်ကြင်းနံ့တို့ သင်းပျံ့ကြိုင်လှိုင်သော ထိုရဂုံသာမော အင်ကြင်း တောတွင် ငှက်ငန်း၊ ချိုးလင်းပြာနှင့် တမာကြက်တော ဥသြ ဥဒေါင်း၊ ကြိုးကြာ၊ ဟသ်ာမောင်နှံတို့သည် တူစုံပျံလျက် တွန်သံတွေ မြူး၊ မြည်သံတွေထူးကာ ငှက်အပေါင်းသည် မြတ်စွာဘုရားအား နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကြကုန်၏။

မလ္လာမင်းတို့၏ အင်ကြင်းမြိုင်ရဂုံတွင် အင်ကြင်းပင်တို့သာမက ရင်ခတ်ပန်း၊ ယင်းမာပန်း၊ ခတ္တာပန်း၊ ဂမုန်းပန်း၊ ကြက်ရန်းပန်း စံပယ်ပန်း၊ ထားဝယ်မှိုင်းပန်း၊ နှင်းဆီပန်း၊ သရဖီပန်း၊ ပုန်းညက် ပန်း...အစရှိသော ပန်းတို့သည် ဝေဝေဆာဆာပွင့်ဖူးလျက် အလှချင်း ဆိုင် ရနံ့ချင်းပြိုင်ကာ မြတ်စွာဘုရားအား နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကြကုန်၏။



နတ်သက်ရှည်တို့ ယူဆောင်လာခဲ့သော မပြီးသေးသည့် နတ်ပန်း တို့မှ မွှေးရနံ့တို့ကလည်း သင်းပျံ့ကြိုင်လှိုင်ကာ ရနံ့တို့သည် တပြိုင် ပြိုင် တလှိုင်လှိုင် တသင်းသင်း ပျံ့နှံ့နေသည်က မလ္လာမင်းတို့၏ ဥယျာဉ်မှသည် အကနိဋ္ဌဗြဟ္မာဘုံတိုင် ကြိုင်လှိုင်သင်းကြည်နေ၏။

ထိုအချိန်တွင် နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်နှင့်တကွ ခြောက် သွယ်သော ရောင်ခြည်၊ ဆယ်ပါးသော ပါရမီနှင့် ကြီးမားမြင့်မြတ်၍ တုနှိုင်း၍မရနိုင်သော ဉာဏ်တော်တို့ကို သီချင်းကဗျာပြု၍ ဓမ္မသီချင်း ပြုလုပ်ကာ ပျောင်းအိနှစ်လို ချိုသာသောအသံတို့ဖြင့် ကြည်ညိုပူဇော် ကြကုန်၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘိုးတော်အဥ္ဇနမင်း ဖြို့ခွင်းသော မဟာ သက္ကရာဇ် ၈၆-ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် မွေးဖွားတော် မူပြီး ပျိုနုနယ်သည့် ၁၆-နှစ်အရွယ်၌ သုံးသွယ်သော ရွှေနန်းကို သိမ်းမြန်းပြီးနောက် သက်တော် ၂၉-နှစ်တွင် လေးပါးသော နိမိတ် တို့ကို တွေ့မြင်ကာ တောထွက်တော်မူ၏။

မြတ်စွာဘုရားသည် ခြောက်နှစ်တိုင် ဒုက္ကရစရိယာ ကျင့်ကြံတော် မူပြီး သက်တော် ၃၅-နှစ်တွင် မာရ်ငါးပါးကို အောင်မြင်ကာ ဘုရား အဖြစ်သို့ ရောက်ရှိတော်မူ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး သောအခါ မြတ်စွာဘုရားသည် မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ပဥ္စဝဂ္ဂီငါးဦးနှင့်အတူ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အား ဝါဆိုလပြည့် စနေနေ့ဝယ် ဓမ္မစကြာတရားဦးကို ဟောကြားတော် မူသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ကျွတ်ထိုက်သူ နတ်လူဗြဟ္မာ သတ္တဝါတို့အား ၄၅-ဝါ ကာလပတ်လုံး နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ အစုံစုံသော သုတ်တော်ကောင်းတရား ၃၇-ပါးသောဗောဓိပက္ခိယတရားတို့ကို ဟောကြားတော်မူပါသည်။ ယင်း ၃၇-ပါးသော ဗောဓိပက္ခိယတရားဟူသည်-

သတိပဋ္ဌာန် လေးပါး၊
သမ္မပ္ပဓာန် လေးရပ်၊
ဣဒ္ဓိပါဒ် လေးသွယ်၊
ဣန္ဒြေ ငါးပါး၊
ဗိုလ် ငါးခု၊
ဗောဇ္ဈင် ခုနစ်ရပ်၊
မဂ္ဂင်ရှစ်ပါးတို့ဖြစ်သည်။

မြတ်စွာဘုရားသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ လျှောက်လှမ်းခဲ့ရသည့် ဝေးလံသော ထိုခရီးလမ်း၏ ပင်ပန်းမှုအပြင် သွေးဝမ်းသွန်သည့် ဝေဒနာ၏ဖိစီးမှုကိုလည်း ခံရသဖြင့် ပင်ပန်းကြီးစွာ ရှိနေသည်မှာ အမှန်ဖြစ်၏။ မြတ်စွာဘုရားသည် ပင်ပန်းကြီးစွာ ရှိနေပါသော်လည်း တပည့်သံဃာအပေါင်းနှင့်တကွ သုံးဘုံသားတို့အား နောက်ဆုံးနေ့ဖြစ်သော ထိုနေ့က မှာကြားစရာရှိသည်များကို မှာကြားတော်မူသေး၏။

သတ္တဝါတို့အပေါ် ကြီးမားသော ကရုဏာတရားနှင့် သုံးဘုံရပ်သား သတ္တဝါများကို ရင်နှစ်သားပမာ ချစ်သနားတော်မူသော မြတ်စွာဘုရားသည် မိမိမှာကြားလိုသည်ကို နောက်ဆုံးတရား၊ နောက်ဆုံးစကား အဖြစ်-





**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ**
**ဝယဓမ္မာ သင်္ခါရာ .**
**အပ္ပမာဒေန သမ္ပာဒေထ**

ဟု မှာကြားတော်မူခဲ့ပါ၏။

မြင်မြင်သမျှ သင်္ခါရတရားတို့သည် ပျက်တတ်သည့်သဘော ရှိကြသည်။ မမေ့သောသတိနှင့် အချိန်ပြည့် ရှိနေရစ်ကြတော့။ မမေ့မလျော့ မပေါ့မဆသော သတိနှင့် အချိန်ပြည့် ရှိနေရစ်ကြတော့။

မြတ်စွာဘုရားသည် မိမိ၏ နောက်ဆုံးစကားကို ဤသို့ဆိုခဲ့သည်။ ထိုအချိန်တွင် အင်ကြင်းတောမှ အင်ကြင်းပန်းတို့သည် မြတ်စွာဘုရား၏ ကိုယ်ပေါ်သို့ တဖြောက်ဖြောက် ကြွေဆင်းစ ပြုသည်။ အင်ကြင်းပန်းကြွေတို့သည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် တစ်တောလုံးတွင် အဖွေးသား ကြွေကျခဲ့ပြီ။ ထိုခဏတွင်ပင် သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသည် အာယုသင်္ခါရ လွှတ်တော်မူသည်။ ထိုအချိန်တွင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ မြည်ဟည်းလျက် ထက်ကောင်းကင် ဝဋ္ဋာတစ်ခွင်တစ်ပြင်၌ မိုးမင်းသည် ထစ်ချုန်းမြည်ဟည်းကာ ငိုကြွေး၏။ အရှင်အာနန္ဒာသည် ချုပ်တည်းခြင်းငှာ မစွမ်းနိုင်ဘဲ သလွန်တော်တွင် ဦးခိုက်ကာ သည်းစွာငိုကြွေးမြည်တမ်း၏။ ထက်ကောင်းကင်တစ်ပြင်လုံး မြည်ဟည်း ထစ်ချုန်းနေသည်ကိုလည်း အရှင်အာနန္ဒာ မကြားတော့ပြီဖြစ်၏။ မဟာပထဝီမြေကြီး အိုးထိန်းစက်ပမာ လည်ပတ်နေသည်ကိုလည်း ညီတော် အာနန္ဒာသည် မသိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းပန် တို့၏ တဖြောက်ဖြောက်ကျဆင်းသံသည် အရှင်အာနန္ဒာ၏ နား၌ တွင် ပို၍ ပို၍ ကျယ်လောင်လာသကဲ့သို့ရှိ၏။

လောကတွင် ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန်ခါနီးဖြစ်သော မိဘတို့၏ မှာထားသောစကားကို သားကောင်း သမီးကောင်းတို့သည် မြေဝယ်မကျ နားထောင်ကာ နှလုံးစိတ်ဝမ်းတွင် စွဲကာ တစ်သက်တာ ပတ်လုံး သက်ဆုံးတိုင် လိုက်နာကျင့်သုံးသကဲ့သို့...

ပရိနိဗ္ဗာန် ဝင်စံခါနီးဖြစ်သော မြတ်စွာဘုရားရှင်၏ နောက်ဆုံးစကား သြဝါဒကထာကို အရှင်အာနန္ဒာသည် မြေဝယ်မကျ နာယူကာ နှလုံးဝမ်းထဲ စိတ်မှာစွဲလျက် တစ်သက်ပတ်လုံး အပ္ပမာဒတရားကို သက်ဆုံးတိုင် မမေ့မလျော့ လိုက်နာကျင့်သုံးပေတော့ အာနန္ဒာ–

အပ္ပမာဒေန – သမ္ပာဒေထ

အပ္ပမာဒေန – သမ္ပာဒေထ

အပ္ပမာဒေန – သမ္ပာဒေထ

မမေ့လေနှင့် အာနန္ဒာ

မမေ့လေနှင့် အာနန္ဒာ

မမေ့လေနှင့် အာနန္ဒာ။

◆



အခန်း(၂၀)

## တံလျှပ်ကို ရေထင်၍

လူသည် နေ့စဉ်နှင့်အမျှ အာရုံခြောက်ပါးတွင် အမှောက်မှောက်အမှားမှားရှိ၏။ လူသည် ခြောက်ဖြာသောအာရုံ ကာမဂုဏ်ကို တံလျှပ်ကို ရေထင်၍လိုက်သော ရွှေသမင်နှယ် လိုက်သည်။ လူသည် ခြောက်ဖြာသောအာရုံ ကာမဂုဏ်ခံစားမှု ဝဲသြဃတွင် အဆုံးအစမရှိ ကူးခပ်နေ၏။

**မျက်စိ**တွင် အဆင်းသဏ္ဌာန် အရိပ်အသွင်အမျိုးမျိုးသည် မြင်မှုကြောင့် ဖြစ်ပေါ်ရ၏။ ထိုမြင်မှုနောက်သို့ တပ်မက်စွာ လိုက်၏။ ဆန့်ကျင်ဘက် ဣတ္ထိယတို့၏ လွတ်ကင်းစွာ ဖုံးကွယ်မထားသည်ကို ထင်ရှားစွာ စူးစိုက်ကြည့်လိုသော အာရုံ ဖြစ်၏။ အာကာဇာကပွဲကြီးမှ လှုပ်ရှားသွက်လက်စွာ ကပြ တင်ဆက်မှုများတွင် နစ်မျော၏။ အာကာဇာကပွဲမှ ကြက်ပေါင်သီးလို ရွယ်တူ ပေါင်ဖြူဖြူလေးများ ရွှေ့လျားလှုပ်ရှားနေသည်ကို မြင်ရသောအခါ ထိုမြင်မှုကို ဆက်၍ မြင်လိုသောဆန္ဒသည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



**နား**၌ အသံအမျိုးမျိုး ဝင်ရောက်မှုကြောင့် ကြားမှုသည် ဖြစ်၏။ အာကာဇာကာဘာရေ ကပွဲရုံကြီးမှ ဩခက်စကြာတီးဝိုင်းကြီး၏ ဖမ်းစားမှုကို ကျေနပ်စွာ ခံစား၏။ နားထဲသို့ နဝံပီယံ ချိုမြစွာ ဝင်ရောက်လာသော အသံကြားမှုတွင် လူသည် နစ်မျောစွာ စီးဝင်နေ၏။ ရေလယ်ဘုရားသို့လည်း မရောက်၊ ဖရာတမ် နတ်တောင်ပေါ်သို့လည်း မတက်မိ။

**နှာခေါင်း**တွင်းသို့ အနံ့အမျိုးမျိုး ဝင်ရောက်လာမှုကြောင့် အနံ့အရသာကို ရ၏။ အာကာဇာ ကပွဲရုံကြီးအတွင်းဝယ် ဓာတ်ခုံပေါ်မှ ကပွဲ ကကွက်များကို ကြည့်ရတာက တစ်မျိုး၊ မိမိဘေးမှ ခပ်ချောချော မျက်နှာဖြူမလေးထံမှရရှိသော ရေမွှေးရနံ့က ထူးခြားနေ၍ စပိန် ကကွက်ဆန်းလေးများကိုကြည့်ရင်း သင်းပျံ့သည့် ဆင်းရနံ့လေးများကို ခံရသောကြောင့်လည်း အာရုံသည် မအားလပ်နိုင်အောင်ရှိ၏။

**လျှာ**ပေါ်သို့ အရသာအမျိုးမျိုး ကျရောက်လာသောအခါ လျှာပြင်တွင် လျက်မှု ခံစားရခြင်းသည် တဖွားဖွားပေါ်၏။ ကော်ဖီတစ်မျိုးတည်းကို ခါးခါးတစ်မျိုး၊ အချိုတည်းတစ်ဖုံ၊ ရိုဝေအောင်မှုးယစ်ဖုစသောအရာများနှင့် ပေါင်းစပ်၍တစ်သွယ်၊ မလိုင်များ ထူထူထဲထဲ ထည့်၍တစ်နည်း၊ နည်းအစုံစုံဖြင့် ကော်ဖီ၏အရသာကိုခံစား၏။ အဖန်တည်းဟူသော လက်ဖက်ရည်အရသာကို ထိမိ သိမိအောင် ခံစား၏။ အဖန်နှင့်အခါး၊ အချိုနှင့်အဆိမ့်၊ လျှာအဖျား၊ လျှာအရင်း၊ လျှာ အလယ်၊ လျှာတစ်ပြင်လုံး၊ ရင်းဖျားကုန်စင် အရသာခံ၏။

**လူ၏ စိတ်နှလုံး**ကလည်း တစ်ခါတစ်ရံမျှ အနားနေသည်ဟူ၍ မရှိ။ အိပ်စက်နေစဉ်၌ပင် နားမနေဘဲ စွဲလမ်းမှုများကို အိပ်လျက်နှင့်





အိပ်မက်မက်ကာ ယောင်ယမ်းပြောဆိုနေသေး၏။ ဆွဲရိုဖို့၊ ဟုပ်ငင်နှီးအောင်မြင်ဖို့၊ ပြိုင်ဘက်များကို ကျော်တက်ဖို့၊ ဝမ်းသာစရာများကို ဝမ်းသာဖို့၊ ပူဆွေးစရာများ ပူဆွေးဖို့၊ စိတ်နှလုံးသည် တစ်ရံတစ်ခါမျှ ဒုံးဒုံးမချနိုင်ဘဲ ပြေးကာလွှားကာနှင့် ကြံစည်မှု၊ သိမှု၊ တွေးတောမှု၊ ဆုံးဖြတ်မှုတို့ ပြုလုပ်ကာ မနောဝိညာဏ်ဓာတ်ကို အစဉ်မပြတ် စေလွှတ်နေရ၏။

ဤခြောက်ပါးသောအာရုံတို့နှင့် ပတ်သက်၍ ကမ္မဋ္ဌာနဒီပနီတွင် လယ်တီဆရာတော်ကြီးက ခန္ဓာငါးပါးအား–

**"ဤခြောက်ပါးသော ဝိညာဉ်တို့သည် ဓမ္မစက္ခု မရှိကြကုန်သော အန္ဓဗာလ သတ္တဝါအပေါင်းတို့ကို အနမတဂ္ဂ သံသရာ၌ တစ်ရံတစ်ခါမျှ အဟုတ်အမှန်ကို မသိစေ၊ မမြင်စေမူ၍ မဟုတ်မမှန်သော ပညတ်နိုင်ငံကို လုပ်ကြံဖန်တီး အကြီးအကျယ် မွေ့လျော်ဖွယ်ထင်ရအောင် ဖော်ပြသမားတို့ပေတည်း"**

ဟု ရေးသားဖော်ပြ ဆုံးမတော်မူခဲ့၏။

လယ်တီဆရာတော်ကြီးသည် ကမ္မဋ္ဌာနဒီပနီတွင်–

(၁) ဓာတ်နိုင်ငံတော်ကြီးနှင့်

(၂) ပညတ်နိုင်ငံတော်ကြီးကို

ခွဲခြား၍ပြ၏။

**ဓာတ်နိုင်ငံ။ ။ ဓာတ်နိုင်ငံဆိုသည်ကား နူးညံ့ခက်မာသော အမှုအရာ ကြီယာမှုသည် ပထဝီဓာတ် မည်၏။ ဖွဲ့တွယ်၊ ဆေးကပ်၊ ပျောင်းအိ၊ ယိုစီးမှုသည် အာပေါဓာတ် မည်၏။ အေးချမ်းမှု၊ ပူလောင်မှုသည် တေဇောဓာတ် မည်၏။ ထောက်ကန်လှုပ်ရှားမှုသည် ဝါယောဓာတ် မည်၏။**



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး၌တည်သော အကြည်အလင်သည် စက္ခုဓာတ်၊
နား၌တည်ရှိသော အကြည်အလင်သည် သောတဓာတ်၊
နှာခေါင်း၌တည်ရှိသော အကြည်အလင်သည် ဃာနဓာတ်၊
လျှာ၌တည်ရှိသော အကြည်အလင်သည် ဇိဝှာဓာတ်၊
အတွင်းအပ ကိုယ်၌တည်ရှိသော အကြည်အလင်သည် ကာယဓာတ်၊

အဆင်းသည် ရူပ၊
အသံသည် သဒ္ဒ၊
အနံ့သည် ဂန္ဓ၊
အရသာသည် ရသ၊
အတွေ့အထိသည် ဖောဋ္ဌဗ္ဗ။

ဤသို့ အစရှိသော ရုပ်ဓာတ် အသိုက်အအုံစုသည်လည်းကောင်း၊
အာရုံ၌ ခိုက်တိုက်မှု ဖဿ၊
ခံစားမှု ဝေဒနာ၊
မှတ်သားမှုသညာ၊
စေ့ဆော်မှုစေတနာ၊
ကြံဖန်မှုဝိတက်၊
အာရုံ၌ တရစ်ဝဲဝဲနေမှုသည့် ဝိစာရ။

ဤသို့ အစရှိသော နာမ်ဓာတ်အသိုက်အအုံစုသည်လည်းကောင်း ဓာတ်နိုင်ငံကြီး မည်၏။

(ကမ္မဋ္ဌာနဒီပနီ–၇၄)





ပညတ်နိုင်ငံ။ ။ ပညတ်နှစ်မျိုးရှိ၏။ ဤကား အဏုမြူ၊ ဤကား ပရမာဏုမြူ စသည်ဖြင့် အကြီး၊ အငယ်၊ အရှည်၊ အတို၊ ဒြပ်သဏ္ဌာန်ထင်မြင်အောင် ပြောဆိုကြမှုသည် ပညတ်တစ်မျိုး၊

နောက်တစ်မျိုးသော ပညတ်ကား ရှေးဖြစ်နောက်ဖြစ် အစဉ်အဆက်များစွာကို တစ်ခုတည်းပြု၍ ဤဝတ္ထုသည် ခဏများစွာတည်ရှိ၏။ ဤဝတ္ထုသည် ရှေးခဏမှ နောက်ခဏသို့ ရောက်၏။ ဤဝတ္ထုသည် ငြိမ်ရာမှလှုပ်၏။ လှုပ်ရှားရာမှငြိမ်၏။ ဤမီးတောက်သည် လှုပ်၏။ ထ၏။ ကြွ၏။ ဆုတ်၏။ ကျ၏။ ဤရေသည် လှုပ်၏။ ရှား၏။ စီးသွား၏။ ဤလေသည် ထိုနေရာမှ ဤနေရာသို့ရောက်၏။ စသည်ဖြင့် မိမိထင်မြင်ပြောဆိုကြမှုသည် ပညတ်တစ်မျိုးဖြစ်၏။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကာလအတွင်းမှာပင် ဓာတ်အမှုအရာအပေါင်းသည် အကြိမ်ထောင်သောင်းမက ချုပ်ပျက်၍ အလွန် အသက်တိုလှသော ဓာတ်နိုင်ငံကြီးတွင် လောကအမြင်ထင်မှတ်ပြောဆိုနေသော တည်ရှိမှု၊ ထကြွမှု၊ လှုပ်ရှားမှု၊ ရွေ့လျားမှု ဟူသောအရာ တစ်စုံတစ်ခုသည် မရှိ။ ဉာဏ်ဖြင့် ဓာတ်နိုင်ငံကြီးကို အလင်းဖွင့်ခဲ့လျှင် ပညတ်နိုင်ငံနှင့်စပ်သော ဝေါဟာရစု အကုန် ကွယ်ပျောက်၏။

ပညတ်နိုင်ငံကြီးကို ဖွင့်ခဲ့လျှင် ဓာတ်နိုင်ငံနှင့်စပ်သော အမှုအရာဟူသမျှ အကုန်ဖုံးကွယ်၏။ ဓာတ်နိုင်ငံကြီးတွင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်မျှ အသက်ရှည်၍ တည်နေနိုင်သော နိစ္စတရား၊ သုခတရား၊ အတ္တတရားဟူ၍ တစ်စုံတစ်ရာမရှိ။ ပညတ်နိုင်ငံ၌သာ နိစ္စ၊ သုခ၊ အတ္တတို့ ရှိကုန်၏။ (ကမ္မဋ္ဌာနဒီပနီ–[illegible])



www.burmeseclassic.com

www.burmeseclassic.com



မရှိကို အရှိထင်ခြင်း၊ မမြဲတာကို မြဲတာထင်ခြင်း၊ ပညတ်နိုင်ငံ၌ရှိသော နိစ္စ၊ သုခနှင့် အတ္တတို့ကို မိမိတို့သည် တကယ်ရှိသည်ဟု ထင်၏။ ဖြစ်တာပျက်တာ အနိစ္စတရားကို မမြင်သမျှ အမှားသံသရာမှာလည်ကာ ဖိစီးမှုပဲခေါ်ခေါ် ဒုက္ခများစွာနှင့် တွေ့ကြုံရမည်ဖြစ်၏။ လယ်တီဆရာတော်ကြီးက မရှိတာကို အရှိထင်က ထင်မှတ်မှားသော တံလျှပ်ကို ရေထင်၍ ရွှေသမင်အလိုက်မှားပုံကို ဤသို့ဆို၏။

**တံလျှပ်**ဆိုသည်ကား အတွင်း၌ ရေဓာတ်အားကြီးစွာရှိသော အင်းပြင်၊ အိုင်ပြင်၊ သဲသောင်ပြင်တို့တွင် နေပြင်းထန်စွာပူသောအခါ ရေခိုးရေငွေ့တို့ ပေါင်းဆုံရောနှောဆုံမိကြလျှင် အဝေးမှကြည့်ပါက ထိုနေရာကို ရေအပြင်၊ လှိုင်းအပြင်၊ ဂယက်အသွင် ဖွေးဖွေးထင်မြင်ကြကုန်၏။ သို့သော် ထိုနေရာသို့ရောက်လျှင် မမြင်နိုင်။ ပျောက်ကုန်၏။ ပျောက်ပေမည်။ အစကပင် မရှိ။ ထင်ရုံသာထင်သော နေရာပေကိုး။

တောကြီးမြိုင်ကြီး အနီးအပါး၌ အင်းပြင်ကြီးတို့သည် ရှိကုန်၏။ နွေလအခါ၌ ရေကုန်ခန်း၏။ တောမြိုင်အတွင်း၌ အထောင်အသောင်းမကသော သမင်တို့သည် နေကုန်၏။ ထိုသမင်တို့သည် ရေငတ်ခြင်းက ပြင်းထန်စွာ နှိပ်စက်သောအခါ အင်းပြင်ကြီးရှိရာသို့ ပြေး၍ရေရှာသည်။ ပူပြင်းလှတုန်း ထီးတည်းမွန်းတိမ်းကြီးအခါ၌ ရေရှာသော သမင်အပေါင်းတို့ အင်းကမ်းပါးသို့ရောက်၏။ အင်းပြင်ကို သမင်တို့ကြည့်ရာ အင်းအလယ်၌ထနေသော တံလျှပ်ကို မြင်၏။ ထိုအခါ သမင်တို့သည် လှိုင်းဂယက် ဖွေးဖွေးထနေသော ရေပြင်ကြီးဟု ထင်မှတ်ကြ၏။ ထိုအခါ သမင်များသည် ကိုယ်၌ဖြစ်သော အပူအဒိုက်၊ ဝမ်း၌ဖြစ်သော အမွတ်အသိပ်တို့ ပျောက်စေအံ့သောငှာ





တံလျှပ်ထင်ရာ အင်းအလယ်သို့ ပြေးကြ၏။ အင်းအလယ်သို့ရောက်သော် အစကပင် မရှိသော တံလျှပ်သည် ပျောက်၏။ ကြည့်မျှော်ကြကုန်ပြန်သော် တစ်ခုသောကမ်းအနီးတွင် တံလျှပ်ကို မြင်ပြန်၏။ သမင်အစုသည် ရေထင်မှတ်ကာ ပြေးကုန်၏။ ထိုနေရာသို့ရောက်သော် တံလျှပ်သည် ပျောက်ကွယ်သွားပြန်၏။ တစ်ဖန် သမင်များသည် မျှော်ကြည့်ပြန်ရာ အင်းပြင်တစ်နေရာတွင် တံလျှပ်ထင်သည်ကို မြင်ပြန်၏။ တစ်ပါးသော ထိုနေရာသို့ သမင်တစ်သိုက် ပြေးလိုက်ကြပြန်ရာ ထိုနေရာသို့ ရောက်ပြန်ပါလျှင် တစ်ဖန် ပြန်၍ပျောက်ပြန်၏။ ပြေးဖန်များသော် ပူဆာငတ်မွတ် ပင်ပန်းခြင်း ပြင်းပြင်းထန်ထန်ဖြစ်၏။ ပြေးရင်းလိုက်ရင်းဖြင့် အပူကြီးအငတ်ကြီး ထင်လင်းလျက် အင်းပြင်တွင် မတ်တတ်လဲ၍ သမင်တစ်သိုက် သေဆုံးကြလေ၏။

ကာမဂုဏ် အာရုံများနောက်သို့ တရုန်းရုန်းလိုက်နေသောသူတို့သည် တံလျှပ်ကိုရေထင်၍လိုက်နေသော သမင်တစ်သိုက်ပမာ ရှိနေပါဘိတကား။

လူ့ဘဝသည် အင်းပြင်ကြီးနှင့် တူ၏။ လူသတ္တဝါတို့သည် ရေငတ်သော တောသမင်ပမာ ရှိ၏။ တဏှာဟူသော တပ်မက်မှုသည် ပူပန်သောငတ်မွတ်မှုနှင့် တူ၏။ သမင်တို့သည် တံလျှပ်ကို ရေထင်၍ အင်းအပြင်၌ တရုန်းရုန်း တအုန်းအုန်း လိုက်ကြသည်က သတ္တဝါတို့သည် စားမှု၊ ဝတ်မှု၊ နေမှု ဝတ္ထုအာရုံ ကာမဂုဏ်ဟူသော အကြောင်းကို မှီ၍ လုပ်ကြ၊ ကိုင်ကြ၊ သွားကြ၊ လာကြ၊ ရှာကြ၊ ကြံကြဖြင့် ကာယကံ တရုန်းရုန်း၊ ဝစီကံ တရုန်းရုန်း ၊ မနောကံ တရုန်းရုန်းနှင့် ဖြစ်နေကြ၏။ သမင်တို့သည် အပူအငတ်ထင်လင်း၍ပင် အင်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မတော်တတ်ကလဲ၍ သေပွဲဝင်ကြသကဲ့သို့ အနမတဂ္ဂသံသရာတွင် ပစ္စုပ္ပန်အကျိုးစီးပွား၊ သံသရာအကျိုးစီးပွားလိုက်စားရင်း လူအများသည် တင်းလင်း ရလို၊ ယူလို၊ ခံစားလို၊ စံစားလိုသော တဏှာ အငတ်တင်းလင်းနှင့်ပင် မတ်တတ်ကလဲ၍ သေပွဲဝင်ကြရ၏။

(ကမ္မဋ္ဌာနဒီပနီ–၇၈)

သမင်တို့သည် ဉာဏ်နှင့်မြော်တတ်ပါလျှင် တံလျှပ် ပကတိကို သိနိုင်ကြကုန်၏။ တံလျှပ်သည် ငါတို့၏ ပူမှု၊ အိုက်မှု၊ ငတ်မှု၊ ပင်ပန်းမှုတို့ကို ပျောက်ငြိမ်းစေနိုင်သောဝတ္ထု၊ အရာမဟုတ်။ တံလျှပ်သည် ငါတို့၏ ပူမှု၊ အိုက်မှု၊ ငတ်မှု၊ မွတ်မှု၊ ပင်ပန်းမှုတို့ကို အဆင့်ဆင့် ထပ်မံ ပွားစီးစေသော အသေသတ်မည့် ဝတ္ထုမျိုးသာ ဖြစ်ချေသည်ဟု သိကုန်၍ ထိုတံလျှပ်ကို ရှောင်ကွင်းကာ မြစ်တစ်ပါး ချောင်းတစ်ပါးသို့ သွား၍ ရေကြည်အေးကို ရှာဖွေ၍ သောက်သုံးလျှင် အသက်သေဘေးမှ ကင်း၏။ ငတ်မှု၊ မွတ်မှု၊ ပင်ပန်းမှု၊ ဖိစီးမှုများသည် ပြေပျောက်၏။ ချမ်းသာသို့ရောက်၏။

အာရုံငါးပါးနောက်သို့ ပုထုစဉ်တို့ လိုက်နေကြသည်မှာ ပိုးဖလံများ မီးရောင်ကို ရွှေရောင်ထင်မှတ်၍ တိုးနေဘိအလား ရှိ၏။

လယ်တီဆရာတော်ကြီးက ကာမဂုဏ်အာရုံများသည် ဘာနှင့်တူသနည်းဟူမူကား (တစ်နည်းပြဆိုရသော်) တစ်ခုသောအရပ်၌ ရှားစောင်းတောကြီးတစ်ခု တည်ရှိ၏။ တစ်ယောက်သောသူသည် မျက်လှည့်အတတ်ဖြင့် ထိုရှားစောင်းတောကြီးကို ရွှေပဒေသာပင်တွေ ပြုလုပ်၍ပြ၏။ ထို့ကြောင့် တစ်ယောက်သောသူသည် အဟုတ် ရွှေပဒေသာပင်တွေဟု ထင်မှတ်၏။ ပင်စည်ကို ရွှေတုံးကြီးဟု ထင်၏။ အကိုင်း





ကြီး၊ အကိုင်းငယ်၊ အခက်ကြီး၊ အခက်ငယ်တို့ကို ရွှေသားအတိဟု ထင်၏။ အပွင့်အသီးတို့ကို ရွှေပွင့်ရွှေသီးဟု ထင်၏။ မျက်လှည့်အတတ်ဖြင့် ပြုလုပ်ထားသော ရှားစောင်းပင်ကြီးကို ငါ၏ ရေးဘုန်းရေးကံကြောင့် နတ်သိကြားတို့ ဖန်ဆင်းပေးသော ရွှေပင်ကြီးဟု ထင်မှတ်၍ အလွန်ဝမ်းမြောက်၍လည်းနေ၏။ ထိုရွှေများကိုယူ၍ ပန်းထိမ်ဆရာထံ အပ်နှံကာ ရွှေအိုး၊ ရွှေခွက်၊ ရွှေဖလား၊ ရွှေနားတောင်း၊ ရွှေလည်ကပ်၊ ရွှေလက်စွပ်၊ ရွှေပုတီးတို့ ပြုလုပ်၍ ရောင်းသည်ရှိသော် ကုဋေများစွာ အသပြာတို့ကိုရ၍ ကုဋေကြွယ်သူဌေးကြီး ဖြစ်ရလေတော့ဟု စိတ်အကြံပြုကာ ရွှေပန်းထိမ်ဖို၌ ချလေသော် ရွှေသားမဟုတ် ရှားစောင်းကြီးသားသာ အစစ်ဖြစ်၍ ရွှေရည်မဖြစ် အသုံးမကျသည့် ပြာသက်သက်သာ ဖြစ်၏။

သို့သော် ပုထုဇဉ်တို့သည် ရွှေရောင်ရွှေရည်ထင်မှတ်၍ ရွှေဓာတိဟုပင် မှတ်ထင်ရင်းကို မစွန့်နိုင်ဘဲ သာယာဆဲမှာပင် ဝိညာဉ် အသက်ဆုံး၏။

– ဘုံသုံးပါးသည် ရှားစောင်းတောကြီးနှင့် တူ၏။
– ဝိညာဏ်ခြောက်ပါးသည် မျက်လှည့်ဆရာနှင့် တူ၏။
– ဓာတ်နိုင်ငံကြီးသည် ရှားစောင်းပင် ပကတိ ဖြစ်၏။
– ပညတ်နိုင်ငံကြီးသည် မျက်လှည့်အတတ်နှင့် ဖန်တီးထားသော ရွှေပဒေသာပင်ကြီးနှင့် တူ၏။
– ကိုယ်အင်္ဂါ၊ ဦးခေါင်း၊ ခြေ လက်အင်္ဂါ၊ မျက်နှာ၊ နှာခေါင်း၊ ဆံပင်၊ မွေးညင်း စသည်တို့သည် မျက်လှည့်ဆရာဖန်တီးထားသော ရွှေပဒေသာပင်ကြီး အခက်အရွက် အသီးအပွင့်တို့နှင့် တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာပင်ကြီး တွေ့ရှုနေသာအခါ ဝမ်းမြောက်ဝမ်းသာကြီးစွာသော အကြံအစည်များ ဖြစ်ရသကဲ့သို့ သတ္တဝါတို့သည် ပညတ်နိုင်ငံကြီးကို ထင်မြင်၍နေကြသောကြောင့် ဃရာဝါသ လောကတန္တီ လောကီစီးပွားတို့၌ စိတ်အားကိုယ်အားရှိကြသမျှ လုပ်ကြံ လိုက်စားနေကြကုန်၏။

မီးသို့ချလျှင် ပြာပုံသက်သက်မြင်ပါလျက် မျက်မမြင် ကြောင်တောင် ရွှေရောင်ရှိနေသည်ကို ရွှေဓာတ်ဟု ထင်မှတ်စွဲထင်ရင်းမှ ပင် ပုထုဇဉ်လူသားသည် ဘာကိုမှ မိမိအတွက် မစီမံရဘဲ ဘဝဆုံး၏။

(ကမ္မဋ္ဌာနဒီပနီ-၉၃)

ဤသည်ကို အမြဲသိနေအောင် သတိနှင့် ဆင်ခြင်နေရမည်။

အပ္ပမာဒေန –သမ္ပာဒေထ
အပ္ပမာဒေန –သမ္ပာဒေထ
အပ္ပမာဒေန –သမ္ပာဒေထ
မမေ့မလျော့လေနှင့် အာနန္ဒာ
မမေ့မလျော့လေနှင့် အာနန္ဒာ
မမေ့မလျော့လေနှင့် အာနန္ဒာ။

◆



အခန်း(၂၁)

## ၂၁ ရာစုအတွက် ဆေးချက်

လူသားတို့၏ နှစ်ပေါင်း ၆၀၀၀–ခရီးတွင် စိုက်ပျိုးရေးခေတ်ကာလသည် ရှည်ကြာလွန်းသည်။ နှစ်ပေါင်း ၆၀၀၀–မျှကြာခဲ့၏။ စိုက်ပျိုးရေးမှ စက်မှုသို့ ကူးပြောင်းခဲ့၏။ စက်မှုထွန်းကားမှုခေတ်သည် အနှစ် ၁၀၀–မျှ ကြာခဲ့သည်။ သို့သော် စက်မှုတိုးတက်မှုပြောင်းလဲမှုသည် အလွန်မှ လျင်မြန်ခဲ့၏။ စက်မှုခေတ်တွင် ရုပ်ဝတ္ထုပစ္စည်းတို့၏ ပြောင်းလဲမှုသည် တားမရနိုင်လောက်အောင်ရှိ၏။ တစ်ဖန် မနေ့တစ်နေ့ကပင် စက်မှုခေတ်မှ သတင်းအချက်အလက်ခေတ်သို့ ပြောင်းလဲလာခဲ့၏။ သတင်းအချက်အလက်ခေတ်တွင် ပြောင်းလဲမှုအရှိန်အဟုန်သည် ပို၍မြန်ဆန်သည်။ သတင်းအချက်အလက်ခေတ်တွင် အနာဂတ်ကာလျှန်တော်တို့ထံသို့ ပင်ရောက်ပြေးဆောင့်နေသောကြောင့် ပစ္စုပ္ပန်သည် အချိန်နှင့်အမျှ အနာဂတ်သို့ ရွှေ့လျားပေးနေရ၏။

စက်မှု အပြောင်းအလဲ မြန်ဆန်မှု၏ဒဏ်ကိုပင် လူသားတို့ အလူးအလဲ ခံခဲ့ရသည်။ စက်မှုတော်လှန်ရေး ကာလမတိုင်မီက



www.burmeseclassic.com

www.burmeseclassic.com



လောဘကြီးစိုးမှု၊ မောဟကြီးစိုးမှု၊ ဘောဂသမ္ဘတ္တိတို့နည်းခဲ့သဖြင့် မိမိတို့ အဘိုး အဘွားများလက်ထက်က ဖိစီးမှုဟူသော ဝေဒနာ နည်းပါးခဲ့၏။ ယခုတော့ ဖိစီးမှုဆိုသောအခြင်းအရာသည် ၂၁–ရာစု လူသားတို့အတွက် ဘဝ၏အခြင်းအရာတစ်ခုဖြစ်လာကာ နိုင်ငံတကာ တွင် ဖိစီးမှုဒဏ်ကြောင့် မြို့ပြနေလူအများအပြား မိမိကိုယ်မိမိ သတ်သေကြသည်။ အချို့ စိတ်ရောဂါအမျိုးမျိုး ရရှိခဲ့ကြသည်။ စင်ကာပူမှ မိမိမိတ်ဆွေကြီးတစ်ဦးသည် ဘဝဖိစီးမှုကို လက်မြှောက် အရှုံးပေးကာ သူ့ကိုယ်သူ သတ်သေခဲ့၏။

စက်မှုပြောင်းလဲမှုခေတ် စတင်သည်မှစ၍ သိပ္ပံပညာရှင်တို့သည် ရုပ်ဝတ္ထုပစ္စည်း အသုံးအဆောင်များ၊ စက်ရုံများ၊ စက်ကိရိယာများ ကုန်ထုတ်လုပ်ငန်းများတွင် မတော်တဆကိစ္စများ မဖြစ်စေရန် ကြိုတင် ကာကွယ်ခြင်း၊ သတိကြီးစွာထားခြင်း **Precaution** များကို ပြုခဲ့ကြ သည်။ စက်မှုထွန်းကားမှုသည် သိပ္ပံပညာကို အခြေခံ၍ ဖြစ်ပေါ်လာ ခဲ့ရာ သိပ္ပံပညာသည် မိမိတို့တီထွင်ပြုလုပ်သော ရုပ်ဝတ္ထုပစ္စည်းများ တွင် ကြိုတင်ကာကွယ်ခြင်း၊ သတိထားခြင်းတို့ကို မလွဲမသွေ လုပ် ဆောင်ရမည့်အဆင့်များအဖြစ် လုပ်ဆောင်သည်ချည်းသာ ဖြစ်၏။ ကြိုတင်ကာကွယ်မှုသတိတရားကို သိပ္ပံသည် အရေးကြီးလုပ်ငန်း အနေနှင့် ထာဝရလုပ်ဆောင်၏။

သိပ္ပံပညာသည် မိမိတို့တွင် ပြုလုပ်ခဲ့သော ရုပ်ပစ္စည်း စက်မှု ကိရိယာများအားလုံးတွင် သတိတရားထားရှိခြင်း၊ ကြိုတင်ကာကွယ် ခြင်းများကို အရေးကြီး လုပ်ရပ်တစ်ရပ်အနေနှင့် လုပ်ဆောင်ခဲ့သော် လည်း ထိုရုပ်ဝတ္ထုပစ္စည်းများကို တီထွင်သူ၊ ထိုရုပ်ဝတ္ထုပစ္စည်းများကို





အသုံးပြုသူ လူသားတို့၏စိတ်ကို ထိန်းချုပ်သော်သတိတရား တပ်ဆင် မှုလုပ်ငန်းကိုကား ဘာတစ်ခုမှ မပြုလုပ်ခဲ့သည်ကို တွေ့ရ၏။

လူတွင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဟူ၍ရှိရာ အနှစ် ၂၀၀–အတွင်း ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ အလွန်လျင်မြန်စွာ ပြောင်းလဲကုန်ခဲ့ကြ၏။ သီပေါမင်းခေတ်က မန္တလေးနှင့် ရန်ကုန်ကို ခြောက်လမျှ လှည်းကြီး များနှင့် တအိအိသွားရ၏။ လမ်းတွင် ညပေါင်းများစွာအိပ်၍ ငှက်ဖျား၊ ဝမ်းရောဂါ အစရှိသော ရောဂါများဖြစ်၍ လမ်း၌ ကွယ်လွန်၊ လမ်းမှာပင် သင်္ဂြိုဟ်ခဲ့ရ၏။ ရှေးအခါက ရန်ကုန်မှ မန္တလေးသို့ သွားခြင်းသည် ဘယ်တော့ရောက်မည်၊ ဘာဖြစ်မည်ကို သေချာ တွက်ဆ၍မရသောကိစ္စတစ်ရပ် ဖြစ်၏။

ယခုအခါ မန္တလေးနှင့်ရန်ကုန်ကို မီးရထားနှင့်သွားပါက ၁၄– နာရီ၊ ကားနှင့်သွားပါက ၁၂–နာရီသာကြာသည်။ လေယာဉ်နှင့် ဆိုပါက တစ်နာရီနှင့် ရောက်နိုင်သောခရီး ဖြစ်သည်။ ဤသို့ဖြစ်လာ ခြင်းသည် လူတို့၏ ပတ်ဝန်းကျင်ရှိ ရုပ်ပစ္စည်းများ မြန်ဆန်လာခြင်း ကြောင့် ဖြစ်၏။ လူ့ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုပစ္စည်းများ မြန်ဆန် ပြောင်းလဲလာသောအခါ လူတို့၏ အတွင်းစိတ်သည်လည်း မြန်ဆန် ပြောင်းလဲလာသည်။ မန္တလေးနှင့် ရန်ကုန် တစ်နာရီမျှ လေယာဉ် စီးရသည်ကိုပင် ၅–မိနစ်နှင့် ရောက်ချင်သော ဆန္ဒများ ဖြစ်ပေါ် လာ၏။ ပတ်ဝန်းကျင် ရုပ်ပြောင်းလဲလာခြင်းကြောင့် စိတ်ဓာတ်ဆန္ဒတို့ ပြောင်းလဲလာ၏။

ကမ္ဘာ့ရုပ်ပတ်ဝန်းကျင်တွင် ရုပ်ဝတ္ထုပစ္စည်းများ ပြောင်းလဲလာ သည်နှင့် လူတို့၏အရသာ (Taste) လူတို့၏ အနေအမြန်ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



(Tempo)များလည်း ပြောင်းလဲလာ၏။ လူငယ်တို့သည် ငြိမ့်ညောင်းသာယာသော ဂီတသံစဉ်များကို စွန့်ပစ်ကာ မြန်ဆန်သွက်လက်ကျယ်လောင်သော သံစဉ်များနောက်သို့ အတင်းခုံမင်စွာ လိုက်နေမှုကြောင့် ကမ္ဘာကြီးသည် ပို၍ဆူညံလာ၏။

သိပ္ပံပညာသည် ထိုမျှနှင့် မတင်းတိမ်နိုင်သေးဘဲ ပြောင်းလဲမှုများကို ဆက်လက်ကြိုးပမ်းလျက် ရှိ၏။ အလွန့်အလွန် မြန်ဆန်၍လာပြီး ကမ္ဘာ့ရွာဖြစ်လာပြီဟုဆိုသော သတင်းအချက်အလက်ခေတ်သည် အနှစ် ၂၀–ထက်ပို၍ မကြာနိုင်ဟု လူတို့ ခန့်မှန်းထားကြ၏။ ၂၀၂၀–ပြည့်နှစ်တွင် နောက်ထပ်သတင်းအချက် ခေတ်ကုန်ဆုံး၍ အခြားသိပ္ပံခေတ်တစ်ခေတ် ဝင်ရောက်လာမည်ဖြစ်၏။ ထိုသိပ္ပံခေတ်သည်လည်း အမြန်နှုန်း မြင့်မားခြင်း၊ လူတို့၏လိုအင်များ တိုးပွားလာခြင်းနှင့် ဇိမ်ခံပစ္စည်းများ ပို၍များပြားကာ ကာမဂုဏ်အာရုံခံစားမှုများသည် ပို၍ တိုးပွားလာစရာ အကြောင်းများသာရှိသည်။

အာရုံခံစားမှုများ မည်မျှတိုးပွားလာမည်နည်းဟုဆိုပါက သတင်းအချက်အလက်ခေတ်ကြီး ဖြစ်ပေါ်လာပြီးပါက နောက်ထပ်ဝင်ရောက်လာမည့် ခေတ်ကြီးသည် **ဇိမ်ခံခေတ်ကြီး** Leisure Time Era ဖြစ်သည်။ ဇိမ်ခံခေတ်ကြီးတွင် ဇိမ်ခံပစ္စည်း အသစ်အဆန်း အများအပြားကို ထုတ်လုပ်ကြမည် ဖြစ်သည်။ လူတို့သည် ထိုဇိမ်ခံပစ္စည်းများကို ခံစားနိုင်ရန်၊ ထိုပစ္စည်းများကို အလုအယက်ဝယ်နိုင်ရန် သို့မဟုတ် ရောင်းချရန် ကြိုးစားကြမည်။ ထိုအခါ လောဘ၊ ဒေါသ၊ မောဟ မာန်မာနတရားများ အပြိုင်ပေါ်လာကာ ရန်လိုမှုများ၊ ဖိစီးမှုသောကများလည်း တိုးပွားလာမည်။ ဇိမ်ခံစက်ကိရိယာပစ္စည်းများ ပို၍များပြား





သည်နှင့်အမျှ လူတို့သည် ဇိမ်ခံ၍နေခြင်းကြောင့် လူတွင် မေ့လျော့မှုသည် ပိုမိုတိုးပွားလာမည် ဖြစ်သည်။

ထို့နောက် အသက် ဇီဝဆိုင်ရာ ခေတ် Life Sciences Era

မက်ဂါ ရုပ်ဝတ္ထုပစ္စည်း ခေတ် Mega-Materials Era

အဏုမြူခေတ်သစ်နှင့် New a Tomic Age

အာကာသခေတ်ကြီး New Space Age

များ ဆက်တိုက်ဝင်ရောက်လာကြမည် ဖြစ်သည်။

အသက် ဇီဝဆိုင်ရာခေတ်တွင် လူသားတို့၏အသက်သည် တိုး၍ရှည်လာပြီး ရောဂါဘယအများအပြားကို လူသားတို့နှိမ်နင်းနိုင်မည်။ မျိုးရိုးကြောင့်ဖြစ်သော ရောဂါများနှင့် ဗိုင်းရပ်(စ)နှင့် ဘက်တီးရီးယားကြောင့်ဖြစ်သော ရောဂါများကို လူသားတို့ ကာကွယ်နိုင်မည်။ လူတို့၏ အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသမှု အလွန်အောင်မြင်လာမည်။ စက်ရုပ်များပေါ်လာကာ အလုပ်ချိန်များ အလွန်အမင်းလျော့နည်းလာမည်။ သို့သော် အသက်ရှည်လာခြင်းကြောင့် လူသားသည် သင်္ခါရတရားကို မေ့လျော့၊ မိမိသည် ဇိမ်ခံဖို့ပင် လူလာဖြစ်သည့်အလားထင်မှတ်ကာ ကာမဂုဏ် အာရုံခြောက်ပါးနှင့် ပို၍မွေ့လျော်နေတော့မည် ဖြစ်၏။ မက်ဂါရုပ်ဝတ္ထုပစ္စည်းခေတ်သို့ ရောက်ရှိသောအခါ ယနေ့အသုံးပြုနေသော လေယာဉ်ကြီးများ၊ ကျည်ဆန်မီးရထားများနှင့် ဇိမ်ခံသင်္ဘောကြီးများသည် ရှေးအခါက လူတို့အသုံးပြုခဲ့သော နွားတပ်ဆွဲသည့် လှည်းသာသာလောက်သာရှိပြီး ရပ်ထားရာမှ အမြင့်သို့ ရုတ်ခြည်းထပ်ပျံနိုင်သော အမြန်နှုန်းများပြားသည့် ခရီးသွားယာဉ်များ ပေါ်ပေါက်လာမည်။ အဏုမြူကို ယနေ့



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ထုတ်လုပ်ရေးနှင့် အခြားကိစ္စများတွင် အသုံးပြုလျက်ရှိ၏။ အဏုမြူခေတ်ကြီးတွင် လူသားတို့သည် အဏုမြူနှင့် ပြုလုပ်သော ပိုမိုအစွမ်းအစများပြားသည့် အဏုမြူပစ္စည်းကိရိယာများ၊ အသုံးအဆောင်များ တီထွင်လာမည်။ အဏုမြူစွမ်းပကားကို လူသားတို့သည် ကိစ္စအရပ်ရပ်တွင် အသုံးပြုလာမည်။ လူသားတို့၏ ရှေ့တွင် တန်းစီနေသော ခေတ်ကြီးများသည် အာရုံခံစားမှုနှင့် အမြန်နှုန်းမြင့်မားမှုကို ရှေ့ရှုသောခေတ်ကြီးများဖြစ်၏။ အာရုံခံစားမှုတို့ကလည်း ဝလင်သည်ဟူ၍ မရှိ။ အမြန်နှုန်းများကလည်း အသံ၏အသွားနှုန်း၊ အလင်းရောင်၏အသွားနှုန်းများနီးပါးမျှ လူသားတို့သွားလာကြမည် ဖြစ်သည်။ အာရုံခံစားမှု၊ ကာမဂုဏ်ခံစားမှုတို့ကိုကား လူသားသည် အတိုင်းအဆမရှိ လွတ်ထားကာ မဟာရုပ်ဝတ္ထုပစ္စည်းများနှင့် အဏုမြူစွမ်းပကားကိုသုံးကာ အာကာသသွားယာဉ်များကိုကား အရှိန်သတ်ကိရိယာများ၊ အမြန်နှုန်းပြောင်းကိရိယာများနှင့် ဆက်လက်တီထွင် အသုံးပြုကြမည်ဖြစ်၏။

ထိုအခါ လူသားတို့အတွက် အာကာသခေတ်ကြီး မုချဧကန် ရောက်လာမည်ဖြစ်သည်။ အာကာသခေတ်ကြီးသည် ခရစ်နှစ် ၂၃၀၀–မှ ၂၄၀၀–အကြားတွင် ရောက်ရှိလာနိုင်သည်။ အဏုမြူခေတ်သည်ကား လာမည့်အနှစ် ၁၀၀–အတွင်း ဖြစ်ပေါ်လာမည်ဖြစ်သည်။

ထိုခေတ်ကြီးများကို တီထွင် ဖန်တီးသူများသည် လူသားများဖြစ်သည်။ သို့သော် လူသားသည် မိမိတီထွင်သော မဟာရုပ်ဝတ္ထုပစ္စည်းများကို အရှိန်နှုန်းပြောင်းကိရိယာများ တပ်ဆင်ထားသော်လည်း ထိုမဟာရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြုမည့် လူသားတို့၏





စိတ်ကို သတိတပ်ဆင်ရန်အတွက် ဆင်ခြင်လာကြ မြော်မြင်မှု နည်းနေကြပါ သေး၏။

စိတ်ကို သတိတရားတပ်ဆင်ရန် မေ့လျော့နှောင့်နှေးသည်နှင့်အမျှ ပြိုင်ဆိုင်မှု၊ အမြန်လိုမှု၊ ရန်လိုမှုများသည် ဆက်လက်တိုးပွားကာ ခေတ်ကြီးကတိုးတက်သော်လည်း လူသားတို့၏စိတ်သည် အဆုတ်အယုတ်တရားများနှင့် ဆက်လက် ပေကျံနေဦးမည်ဖြစ်သည်။ စိတ်သည် သတိတရားမရှိသည်နှင့် မိမိပတ်ဝန်းကျင်မှ ရုပ်ဝတ္ထုပစ္စည်းများ ပြောင်းလဲသလို ပို၍မြန်ဆန်စွာ ပြောင်းလာမည်ဖြစ်သည်။ ထိုအခါ အလိုမကျမှု၊ စိတ်တိုင်းမကျမှု၊ စိတ်မြန်လက်မြန်ဖြစ်မှုတို့သည် ပေါ်ပေါက်လာမည်။ ထိုအခါ သွေးများဆူဝေပေါက်ကွဲမှု၊ နှလုံးပေါက်ကွဲသေဆုံးမှုများ ဖြစ်ပေါ်လာနိုင်၏။ အသက်ဇီဝဆိုင်ရာခေတ်ကြီးတွင် လူသားတို့ အသက်ပိုရှည်လာ၍ ဗိုင်းရပ်(စ)နှင့် ဘက်တီးရီးယားပိုးမွှားများကို အောင်မြင်နိုင်မည် ဖြစ်သော်လည်း စိတ်ရောဂါများ၊ စိတ်ဝေဒနာများ၊ သွေးတိုးနှင့် နှလုံးရောဂါများ တိုးပွားလာမည်ဖြစ်၏။ စိတ်ထောင်းကိုယ်ကြေ ရောဂါများ၊ စိတ်မချမ်းမြေ့မှုနှင့် ကယောက်ကယက်ဖြစ်မှုများ၊ စိတ်နှင့်ပတ်သက်သောရာဇဝတ်မှုများ တိုးပွားများပြားလာမည်ဖြစ်၏။

လူတွင် စိတ်နှင့်ကိုယ်၊ စိတ်နှင့်ရုပ်ဟူ၍ နှစ်ပိုင်းပါဝင်ဖွဲ့ထားရာ ရုပ်ဝတ္ထုပစ္စည်းများတွင် ကိရိယာထားရှိသလို စိတ်တွင်လည်း သတိထားရှိပါမှ ရုပ်နှင့်စိတ် သဟဇာတဖြစ်မှု၊ သမူဟဖြစ်မှု၊ အညီမညဖြစ်မှုရှိပြီး လူ့ဘောင်လောကသည် မင်္ဂလာပင်္ဒါကျကာ သာယာစည်ပင်ချမ်းမြေ့မည်ဖြစ်၏။ သဟဇာတမဖြစ်သော ရုပ်လွန်ကဲသော



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှုတွင် စိတ်တည်ငြိမ်မှုမရှိပါက ထိုခေတ်ကြီးများသည် အရှုပ်တရားများနှင့်သာ ရှုပ်နေမည်ဖြစ်ပြီး သာယာချမ်းမြေ့ဖွယ် မရှိနိုင်ချေ။ စိတ်တည်ငြိမ်မှု အကြောင်းတရားများမရှိဘဲ ရုပ်ကြမ်းဝါဒကြီးစိုးလာနိုင်၏။

မြတ်စွာဘုရားသည် စိတ်ကိုထိန်းချုပ်ရမည့်၊ စိတ်ကိုပြုပြင်ရမည့် နည်းများကို ဤမဇ္ဈိမဒေသတွင် လွန်ခဲ့သော အနှစ် ၂၅၀၀–ကျော်ကပင် ဟောကြားတော်မူခဲ့သည်။ ထိုနည်းများကို ယခုအခါ ကမ္ဘာ့လူသားများသည် လိုက်နာ ကျင့်သုံးရကောင်းမှန်း သိ၍ လိုက်နာကျင့်သုံးသူများလည်း ရှိ၏။ လိုက်နာကျင့်သုံးရန် ကြိုးစားရင်း ခရစ်တိုက်ခဲ့သို့ ရေလိုက်လွဲသွားကြရှာသူများလည်း ရှိ၏။ လုံးဝလိုက်နာကျင့်သုံးမှု မရှိသူများလည်း ရှိ၏။

အချို့သည် မိမိတို့၏ လောကီအောင်ပွဲများ၊ ယှဉ်ပြိုင်ပွဲများ၌ အနိုင်ရယူလိုသောဆန္ဒဖြင့် စိတ်တည်ငြိမ်မှုရအောင် လုပ်ဆောင်မှုများရှိ၏။ သို့သော် ထိုလုပ်ဆောင်မှုသည် တစ်ဖက်သားကို အနိုင်ယူရန် စိတ်ကိုလေ့ကျင့်ခြင်း ဖြစ်၏။ မူလစိတ်ကို တည်ငြိမ်အောင်လုပ်မှု၏ စေတနာသည် မမှန်ကန်။ စိတ်ကောင်းထားရှိမှု မရှိသောကြောင့် တလွဲလုပ်ဆောင်မှု ဖြစ်၏။ ဥပမာ အားကစားသမားများသည် မယှဉ်ပြိုင်မီ အနိုင်ရရှိရန် တရားထိုင်တာမျိုး၊ စီးပွားရေးသမားများ လုပ်ငန်းအောင်မြင်ရန် တရားထိုင်တာမျိုး၊ နိုင်ငံရေးသမားများ တစ်ဖက်ပြိုင်ဘက်ကို အနိုင်ရရန် သတိထားတာမျိုးများ ဖြစ်ပါ၏။ စိတ်နှင့်ရုပ် ညီမျှမှန်ကန်စွာ တိုးတက်ဖို့လိုပါ၏။ လောကီအောင်ပွဲများ ရရှိရန် စိတ်ကိုတည်ငြိမ်အောင်လေ့ကျင့်ခြင်းဖြစ်သည်။ ကိစ္စနေရာ





အရပ်ရပ်တွင် အပြုသဘောဖြင့် စိတ်ကိုတည်ငြိမ်အောင် သတိတရားတည်ဆောက်မှုများ ပွားများအောင်လုပ်ဆောင်ရန် လိုအပ်သည်။

စိတ်နှင့်ရုပ် ညီမျှစွာ တိုးတက်သောအနာဂတ်လူသားတို့၏ ဘဝသည် အာကာသကို စိတ်အေးချမ်းတည်ငြိမ်စွာ စိုးမိုးနိုင်မည်ဖြစ်၏။ စိတ်ကိုထိန်းသိမ်းနိုင်သည်နှင့် ငြိမ်းချမ်းသာယာတိုးတက်သောကာလကြီးကိုလည်း တည်ထောင်နိုင်မည်ဖြစ်သည်။

စိတ်အေးချမ်းအောင် တည်ဆောက်နည်းဖြစ်သည့် မဟာသတိပဋ္ဌာန်တရားမြတ်ကို မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမအမည်ရှိသောရွာ၌ ဟောကြားတော်မူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

# သတိပဋ္ဌာန်တရား

မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့ သတိတရား လက်ကိုင်ထားနိုင်ရန် သတိပဋ္ဌာန် တရားတော်မြတ်ကို ကုရုတိုင်း ကမ္မာသဒမ အမည်ရှိသောရွာတွင် ဟောကြား၏။ ထိုရွာသည် ပေါရိသာဒအားဆုံးမရာရွာအဖြစ်လည်း ထင်ရှားသည်။

သတိပဋ္ဌာန်တရားကို မြတ်စွာဘုရားသည်–

* သတ္တဝါအပေါင်းတို့ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ကင်းစင်လွတ်မြောက်စေရန်၊
* စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသော ပူပင်သောကအပေါင်းမှ လွတ်မြောက်စေရန်၊
* ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်းတို့ ချုပ်ငြိမ်းကွယ်ပျောက်စေရန်၊
* အရိယမဂ်ဉာဏ်ကို လက်ကိုင်ရရှိစေရန်နှင့်
* နိဗ္ဗာန်ကို မျက်မှောက်ပြုစေရန်

တို့အတွက် ဤတရားတော်ကို ဟောကြားတော်မူခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



**သတိသည်** မမေ့လျော့မှု၊ သိနေမှုဖြစ်သည်။

**ပဋ္ဌာနသည်** သတိကို အဓိကထား၍ အာရုံ၌တည်စေသောအရာ ဖြစ်၏။

မည်သည့်အာရုံတွင် သတိတရားတည်ရှိနေရမည်နည်းဟူမူကား–

(က) ကာယာနုပဿနာ သတိပဋ္ဌာန်
ရုပ်ဖြစ်မှုသဘောတွင် အာရုံတည်ခြင်း၊

(ခ) စိတ္တာနုပဿနာ သတိပဋ္ဌာန်
စိတ်ဖြစ်မှုသဘောတွင် အာရုံတည်ခြင်း၊

(ဂ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
ခံစားရမှုသဘောတွင် အာရုံတည်ခြင်း၊

(ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန်
ဖြစ်ပျက် ပြောင်းလဲတတ်သော တရားသဘောတွင် အာရုံ တည်ခြင်းတို့ဖြစ်၏။

သတိပဋ္ဌာန်တရားလေးပါးကို ဆင်ခြင်ရှုသူသည်–

– ဝီရိယနှင့် ပြည့်စုံ၏။
– အမြော်အမြင်ရှိ၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၏။
– နှလုံးမသာယာမှု မချမ်းမြေ့မှုကင်း၏။

ရုပ်နာမ်နှစ်ပါးရှိသောလူသည် ရုပ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း ဆင်းရဲခြင်းဖြစ်ရ၏။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဟု ခေါ်နိုင်၏။ စိတ်သည် ဆုံးမရန်မလွယ်။ မကောင်းမှု၌ မွေ့လျော်တတ်၏။ မကောင်းမှု အကုသိုလ်စိတ်တို့သည် အပါယ်လေးပါးသို့ ရောက်စေ၏။ ထို့ကြောင့် မကောင်းမှု၊ မကောင်းစိတ်များ ဖြစ်ပေါ်





မလာစေရန် သတိတရားဖြင့် တည့်မတ်ထိန်းကျောင်းရန် လို၏။ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းစသော ဒုက္ခတို့သည် မသိမှုကြောင့်ဖြစ်ရပေရာ သတိဖြင့် သိမှုကိုတည်ဆောက်နိုင်၏။

မသိမှုကို သိမှုဖြင့် ထိန်းကျောင်းခြင်းဖြင့် လောကီ၌ သောကပရိဒေဝ ဒုက္ခတို့မှကင်းဝေးပြီး လောကုတ္တရာတွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ထို့ကြောင့် သတိတရားကို လောကီရော၊ လောကုတ္တရာပါ နှစ်ဖြာသောအကျိုးကို ရရှိစေသည့်တရားဟု ခေါ်ဆိုခြင်းဖြစ်ပါ၏။

သတိတရားနှစ်ပါးတွင် နေ့စဉ်မတော်တဆကိစ္စများ မဖြစ်ပွားအောင်၊ တစ်ကမ္ဘာလုံးတွင် လူသားတို့သည် ပေါက်ကွဲမှု ပျက်စီးမှု မဖြစ်ကြရအောင် ထားရှိကြသောသတိသည် လောကီလူ့ဘောင်တွင် ထားရှိသော လောကီသတိဖြစ်၏။ ထိုသတိသည် လူ့လောကတွင် စားရေး၊ ဝတ်ရေး၊ နေရေး နေ့စဉ်ကိစ္စများ၌ လိုအပ်၍ လူတို့ နေ့စဉ်အသုံးပြုလျက်ရှိသောသတိဖြစ်၏။ ထိုသတိသည်လည်း ထားရှိအပ်သောသတိ၊ ဧကန်ထားရှိရမည့်သတိဖြစ်၏။

တစ်ဖန် အချို့သောသူများသည် မှတ်ဉာဏ်ကောင်းကြသည်။ စာပေကျမ်းဂန် မှတ်ရန်လွယ်သည်။ အဖြစ်အပျက် အကြောင်းအရာများကိုမှတ်နိုင်စွမ်းရှိသည်။ လူအမည်များ၊ နံပါတ်များ၊ ဖြစ်ရပ်အကြောင်းခြင်းရာများကို မှတ်မိသည်။ ထိုသို့သော သိမှုမှတ်မှုသညာသည်လည်း အရေးကြီးသည်။ လူ့ဘဝ လူ့နယ်ပယ်တွင် မှတ်ဉာဏ်ဖြင့်သာ အသိတရားနှင့်ဉာဏ်ပညာကို တိုင်းထွာတန်ဖိုးထားကြသည်လည်း ရှိ၏။ ထိုမှတ်ဉာဏ်သိမှုကို စာမေးပွဲများ ပြုလုပ်၍



www.burmeseclassic.com

www.burmeseclassic.com



မည်ရှိသိသည်ကို လေ့လာပြီး ဘွဲ့များ၊ ဂုဏ်ထူးများ၊ ရာထူးများ ပေးအပ်ကြ၏။ ဤမှတ်သားမှု၊ မှတ်ဉာဏ်ကောင်းမှု၊ သိရှိမှု သညာသည်လည်း အရေးကြီး၏။

ဖော်ပြခဲ့သော တစ်ဖက်သားအား အနိုင်ယူရန် လောဘစိတ်ဖြင့် တစ်ဖက်သား၏ သတိမဲ့မှုကို မိမိကသတိထား၍ အနိုင်ယူမှုသည်ကား အကုသိုလ်တရား၊ အယုတ်တရားသာ ဖြစ်၏။

သို့သော် သတိပဋ္ဌာန် တရားတော်လာ သတိသည် ဖော်ပြပါ သတိများကဲ့သို့ မဟုတ်ပေ။ လောကုတ္တရာ သတိဖြစ်၏။

လူ့ဘဝဖြစ်လာရသည့် လူအဖြစ်တွင် ပစ္စုပ္ပန်တည့်တည့်၌ဖြစ်သည်ကို သတိတရားဖြင့် သိနေအောင် ကြိုးပမ်းအားထုတ်ခြင်းကို သတိပဋ္ဌာန်တရားဟု ခေါ်ပါ၏။ ကိုယ်၊ စိတ်၊ ဝေဒနာ၊ ဓမ္မာဟုဆိုသော ခန္ဓာတွင် လောလောဆယ်ဖြစ်နေသည့် ဖြစ်မှုပျက်မှုများကို သတိဖြင့် သိနေခြင်းသည် သတိပဋ္ဌာန်တရားပင် ဖြစ်၏။

မိမိ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြစ်တိုင်း သတိဖြင့်သိခြင်း၊ မိမိစိတ်အစဉ်တွင် ဖြစ်ပေါ်ပြောင်းလဲတိုင်း သိနေခြင်း၊ မိမိခံစားရသော ဝေဒနာကို သတိဖြင့်သိစေခြင်း၊ ဖြစ်ပျက်ပြောင်းလဲတတ်သည့် သင်္ခါရတရားတို့ကို သတိဖြင့်သိခြင်းသည် သတိပဋ္ဌာန်တရားပင် ဖြစ်၏။

ရုပ်နှင့်ပတ်သက်ဖြစ်ပေါ်မှုကို သတိဖြင့်ကပ်ပြီး အမှတ်သညာပြုရေးနှင့် ပတ်သက်၍–

(က) ဝင်လေထွက်လေ၌ သတိကပ်ခြင်း၊

( ခ ) သွားခြင်းလာခြင်း၊ ထိုင်ထရာတွင် သတိကပ်၍ မလစ်ဟင်းအောင်ထားခြင်း၊





( ဂ ) ကွေးခြင်း၊ ဆန့်ခြင်း၊ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်းတို့အပေါ် မမေ့မလျော့ဘဲသတိတရားထားရှိခြင်း၊

(ဃ) မိမိကိုယ်ခန္ဓာ၏ ဆံပင်မွေးမှအစ သွေး၊ ချွေး၊ တံတွေးပါမကျန် ၃၂–ဌာနကို သတိကပ်၍ ဆောက်တည်ခြင်း၊

( င ) ခန္ဓာတွင် ပူခြင်း၊ အေးခြင်း၊ မာခြင်း၊ ယိုစီးခြင်း စသည့် ဓာတ်ကြီးလေးပါး ဖြစ်ပေါ်မှုကို သတိဖြင့်ကပ်၍ရှုကြည့်ခြင်း၊

( စ ) သုသာန်သချိုင်း စသည်တို့တွင် ပုပ်ပွနေသော လူသေကောင်ရုပ်အလောင်းများကိုကြည့်၍ ငါလည်း တစ်နေ့ ဒီလူသေလိုဖြစ်ရမည်ဟု သတိတရားကပ်၍ မိမိစိတ်ကို ထိုအဖြစ် ထိုအခြင်းအရာများကို ကြည့်ရှု ဆင်ခြင်၍ သတိရှိခြင်းသည် ရုပ်ဖြစ်ပေါ်မှုများကို သတိပြုအပ်သည့် ကာယာနုပဿနာ သတိပဋ္ဌာန်တရား ဖြစ်၏။ ရုပ်နှင့်ပတ်သက်၍ ဝင်လေထွက်လေကို သတိကပ်၍ အားထုတ်ခြင်းကို အာနာပါန ထူထောင်ခြင်းဟုခေါ်၏။ ယခု အခါ ဗုဒ္ဓဘာသာဝင်တို့သည် အာနာပါနကမ္မဋ္ဌာန်းကို နည်းအမျိုးမျိုးနှင့် အားထုတ်ကြ၏။

အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လိုပါက ယောကျ်ားဖြစ်လျှင် မဟာတင်ပျဉ်ခွေထိုင်၍ အမျိုးသမီးဖြစ်ပါက ကျုံ့ကျုံ့ပုဆစ်တုပ် ထိုင်ကာ အားထုတ်နိုင်၏။

အာနာပါနကမ္မဋ္ဌာန်း စတင်ပွားရန်မှာ စနစ်တကျထိုင်ပြီးပါက မိမိ ပကတိ အသက်ရှူနေသည့်အတိုင်း အသက်ရှူနေစဉ် နှာသီးဖျား နှာသီးဝ၌ ဝင်လေ ထွက်လေတို့ ထိသွားသည့်နေရာ၌ စိတ်ကို ထားရှိရန် ဖြစ်၏။ ဝင်လေသည် ခန္ဓာကိုယ်အတွင်းသို့ ဝင်အသွား နှာသီးဖျား နှာသီးဝသို့ ထိလျှင် ထိသည်ဟုသိရန်၊ ထွက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်ဟုသိရန်၊ ထိတိုင်း ထိတိုင်း သိ၍ သိ၍နေအောင် သတိရှိရန်ဖြစ်၏။ ထိုသို့ဆောင်ရွက်ရာတွင် အသက်ကို မောပန်းအောင် ရှူရှိုက်ရန် မလိုပါ။

နှာသီးဖျား၌ လေအထိကို သိအောင်ရှုမှတ်ရာတွင် စိတ်သည် အခြားသို့ ပျံ့လွင့်သွားနိုင်၏။ ထိုသို့ပျံ့လွင့်ပါက နှာသီးဝ၌ စိတ်ကို ပြန်ထားရမည်။ ရှုမှတ်ရာတွင် တစ်နေကုန် အားထုတ်ရန်မလို။ အလွန်လိုချင်သောစိတ်လည်းမထားဘဲ ယုံကြည်မှုသဒ္ဓါ၊ ဆင်ခြင်မှုပညာ၊ အားထုတ်မှုဝီရိယ၊ တည်ကြည်မှု သမာဓိတို့ကို ညီမျှအောင် ညှိ၍ ရှုမှတ်ရမည်။

ရှုမှတ်ရာတွင် လိုက်နာရမည့် ဆောင်ပုဒ်သည်–

ဖြစ်အောင်လည်း မပြုနှင့်၊
ပျက်အောင်လည်း မပြုနှင့်၊
ဖြစ်အောင်ပြုက လောဘ၊
ပျက်အောင်ပြုက ဒေါသ၊
ဖြစ်တိုင်း ပျက်တိုင်းကို မသိက မောဟဖြစ်၏။

မှတ်သိသောအခါ အမှုအရာ တစ်စုံတစ်ရာ ဖြစ်ပေါ်လာအောင် ပြုခြင်း၊ မိမိစိတ်က မည်သို့သောကြံစည်ခြင်းမျိုးမှ မရှိစေရ။ ဤသို့ ဖြစ်ပေါ်လာအောင် လုံ့လပယောဂပြုခြင်း၊ ကြံစည်ခြင်းများသည် လောဘ ဖြစ်သည်။ နဂိုသဘာဝအတိုင်း ဖြစ်ထွန်းပေါ်ပေါက်လာသော အမှုအရာကို မိမိစိတ်ဖြင့်ကြံဖန်၍ ပျက်စီးအောင်လည်းမပြုရ။ ဖြစ်ပေါ်လာသော အမှုအရာများကို ပျက်စီးအောင်ကြံစည်ပြုလုပ်ခြင်းသည် ဒေါသဖြစ်သည်။ အမှုအရာ စသည်တို့ ဖြစ်ပျက်နေသည်ကို မသိလျှင် မောဟဖြစ်၏။





လုံ့လပယောဂ မပြုလုပ် မကြံစည်ဘဲ အလိုအလျောက် ပေါ်ပေါက် လာသော အမှုအရာကိုသာ မှတ်ရမည်။ ဤသို့မှတ်ခြင်းဖြင့် အဖြစ် အပျက်သဘောများကို ထင်ထင်ရှားရှား သိလာမည်။

**ဥပမာ လယ်ကွင်းတွင်ပေါက်၌ ငါးကိုစောင့်သောဗျိုင်းသည် ငါး ပေါ်လာအောင် မကြံစည်၊ ပေါ်လာသည်ကို ပျောက်သွားအောင်လည်း လုံ့လမပြုဘဲ ပေါ်လာသောငါးကိုသာ မိအောင်ဖမ်းသည်။ ထို့အတူ ဖြစ်ပေါ်လာသော ရုပ်နာမ်အမှုအရာအတိုင်း သွားခြင်း၊ ရပ်ခြင်း စသည် ကို သွားတယ်၊ ရပ်တယ် စသည်ဖြင့် မှတ်ရမည်။**

**(ဗုဒ္ဓဘာသာ မကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးအဖွဲ့)**

အားထုတ်ဖန်များလျှင် မုဆိုးစိုင်သင်ဆိုသကဲ့သို့ အလုပ်က သင်ပြ ၍ သမာဓိ ရရှိလာမည်။ သမာဓိတည်ကြည်လျှင် စက္ကန့်ပိုင်း၊ မိနစ်ပိုင်း မျှကြာအောင် နိမိတ်များ ထင်လာမည်။ ထိုအခါ စိတ်ကို ဝင်လေ ထွက်လေ ထိသိမှု၌ ပြန်ထားပေးရမည်ဖြစ်၏။ ဤသို့ ဆက်လက် အားထုတ်လျှင် သမာဓိ ပို၍ ပို၍ အားကောင်းလာပြီး နိမိတ်အမျိုး မျိုးလည်း ထင်မြင်လာတတ်သည်။ မည်သို့သော နိမိတ်များ ထင်မြင် လာသည့်တိုင် ဝင်လေ ထွက်လေတို့၏ ထိမှု ခိုက်မှုရှိရာ၌ စိတ်ကို စွဲမြဲစွာထား၍ ရှုမှတ်နေရမည်။ ထိုအခါ ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲသော စိတ်တည်ကြည်မှုကို ရရှိလာနိုင်၏။ ဆက်လက်သိမှတ် ရာတွင် ထွက်သက် ဝင်သက်ရှည်လျှင် ရှည်သည်ဟု သိရမည်။ တိုလျှင် တိုသည်ဟု သိရမည်။ ထွက်လေ ဝင်လေပြင်းလျှင် ပြင်းသည် ဟု သိ၍ ပျော့လျှင် ပျော့သည်ဟု သိရမည်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်အားဖြင့်ဆိုရသော် အားထုတ်သူပုဂ္ဂိုလ်၏ ယောက်ယက်ခတ်အောင် ပြေးသွားသော အာရုံအမျိုးမျိုးကို ဝင်လေထွက်လေဟူသော ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာ သတိဖြင့်ဖွဲ့ချည်ထားမှုဖြစ်၏။ မယဉ်ပါးသော နွားငယ်မိုက်ကို ပိုင်ရှင်ယောက်ျားသည် ခိုင်ခံ့သောချည်တိုင်တွင် စိုက်၍ ထိုတိုင်၌ မပြတ်သောကြိုးဖြင့် ချည်ထားသောအခါ နွားငယ်သည် ရုန်း၍ အခြားသို့ မထွက်နိုင်ဘဲ ချည်တိုင်၌သာ အိပ်ရသကဲ့သို့ စိတ်ကို ဆုံးမခြင်း ဖြစ်ပါ၏။ ဝင်လေထွက်လေ အတိုအရှည် သိမှု၌ စွဲမြဲပိုင်နိုင်လာသောအခါ ဝင်လေ ထွက်လေတို့၏ ထိမှု ခိုက်မှုနေရာဌာန၌ စိတ်ကို စွဲမြဲစွာထား၍ ဝင်လေထွက်လေ အတိုအရှည် သိမှုနှင့်ကဲ့သို့ ဝင်လေထွက်လေတို့၏ အစ အလယ် အဆုံး သုံးပါး စလုံးကို ထင်လင်းအောင် ရှုမှတ်ရမည်ဖြစ်၏။

ဝင်လေအစကား နှာသီးဖျား၊ အလယ်ကား အဆုတ် နှလုံး၊ အဆုံးကား ချက် သွေးသားဖြစ်၏။ ထွက်လေ၏အစကား သွေးသားချက်၊ အလယ်ကား နှလုံး အဆုတ်၊ အဆုံးကား နှာသီးဖျားဖြစ်၏။

**(ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်၊**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)**

ထိုသို့ရှုမှတ်ရာတွင် ကိုယ်စိတ်နှစ်ပါး မငြိမ်မသက် ရုန်းရင်းကြမ်းတမ်းလျှင် ထွက်သက်ဝင်သက်လည်း ကြမ်းတမ်းအားကြီးသည်။ ကိုယ်စိတ်နှစ်ပါး ငြိမ်သက်အေးဆေးလျှင် ထွက်သက်ဝင်သက်လည်း တဖြည်းဖြည်း သိမ်မွေ့သွား၏။

ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်းများတွင် ထွက်သက် ဝင်သက်ကြမ်းသည်။ ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်းနည်းလျှင် ထွက်သက်ဝင်သက်





သည် သိမ်မွေ့ငြိမ်းချမ်းသည်။ ချုပ်သည်။ ထိုအခါ အားထုတ်သူ၏ ဝင်လေ ထွက်လေသည် ရှိမှုရှိပါ၏လောဟု ထင်မှတ်ရလောက်အောင် နူးညံ့၏။

ဤစာအုပ်သည် ကမ္မဋ္ဌာန်းတရားနည်းနာများကို ပြသသောစာအုပ်မဟုတ်ပါ။ ကျယ်ပြန့်သော ကမ္မဋ္ဌာန်းတရားတို့နှင့် ပတ်သက်၍ သိရှိပွားများလိုပါက များပြားလှစွာ အတွေ့အကြုံရှိသည့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့၏ အတွေ့အကြုံများကို ရေးသားထားသည့်စာအုပ်များကို ဖတ်ရှုခြင်းနှင့် ကမ္မဋ္ဌာန်းစခန်းများတွင် ကိုယ်တိုင်သွားရောက်အားထုတ်ခြင်းတို့ကို ဆက်လက်ပြုလုပ်သင့်ပါသည်။

ယခု တင်ပြမှုသည် သတိပဋ္ဌာန်လေးမျိုးအနက် ရုပ်ဖြစ်မှုသဘောတွင် အာရုံတည်ရှုမှတ်သော ကာယာနုပဿနာ သတိပဋ္ဌာန်၏ ပထမကျင့်စဉ်ဖြစ်သော လေဝင်လေထွက်၌ သတိကပ်အားထုတ်မှု၏ အာနာပါနသဘောအကျဉ်းမျှကို တင်ပြခြင်း ဖြစ်ပါသည်။

အပ္ပမာဒေန သမ္ပာဒေထ
အပ္ပမာဒေန သမ္ပာဒေထ
အပ္ပမာဒေန သမ္ပာဒေထ

မမေ့လျော့လေနှင့်အာနန္ဒာ
မမေ့လျော့လေနှင့်အာနန္ဒာ
မမေ့လျော့လေနှင့်အာနန္ဒာ

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

# အာနာပါနု၏အကျိုး

အလောင်းတော် သိဒ္ဓတ္ထမင်းသည် တစ်လသားအရွယ်တွင် ဖခင် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာဆင်းခိုက် ပဒေသာင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ရှာန်ဝင်စားရာတွင် အာနာပါနကမ္မဋ္ဌာန်းဖြင့်ပင် ရှာန်ဝင်စားခြင်းဖြစ်၏။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်အဆူဆူတို့ သည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်၍သာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်၏။ ဂေါတမ မြတ်စွာဘုရားသည်လည်း အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိ တော်မူလာခြင်း ဖြစ်၏။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများကြကုန်သော ပုဂ္ဂိုလ်တို့သည် လောကီဒိဋ္ဌဓမ္မအကျိုးများအဖြစ်–

၁။ စိတ်အေးငြိမ်မှုကို ရရှိသည်။

၂။ စိတ်၏မြင့်မြတ်မှုကို ရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ စိတ်၏ငြိမ်သက်မှုကို ရရှိသည်။
၄။ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကို ဖြစ်စေသည်။
၅။ စိတ်တည်ငြိမ်မှုကို နှောင့်ယှက်တတ်သောတရားများကို ပယ်ဖျက် နိုင်သည်။
၆။ စိတ်သည်ငြိမ်သက်၍ သမာဓိရလာသောအခါ ထိုသမာဓိကို အန္တရာယ်ပြုနိုင်သောအရာများကို ပယ်ဖျက်နိုင်သည်။
၇။ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရန် အကြောင်းရင်းအခြေခံများကို ဖြစ်စေသည်။

လောကီလူ့ဘဝတွင် စိတ်အေးချမ်းမှုသည် အရေးကြီးသည်။ ဖိစီးမှု၊ သောကရောက်ရှိမှု ဝေဒနာအရပ်ရပ်သည် စိတ်ကိုအခြေခံ၍ ဖြစ်ရကား စိတ်ထေဝင်းကိုယ်ကြေဟုဆိုသည့်အတိုင်း စိတ်မတည်ငြိမ်လျှင် ကိုယ်ဆင်းရဲမှုပါ ဖြစ်ရသည်။ အာနာပါနကမ္မဋ္ဌာန်းကို ပွားများခြင်းဖြင့် စိတ်တည်ငြိမ်မှုရရှိကာ ကိုယ်ချမ်းသာမှုကိုလည်း ရရှိစေ၏။

**စိတ်တည်ငြိမ်ချမ်းသာခြင်း**

အာနာပါနကမ္မဋ္ဌာန်းဖြင့် စိတ်၏တည်ငြိမ်မှု၊ မှန်ကန်မှုကို တည်ဆောက်မိသောအခါ စူးစိုက်မှု စိတ်စွမ်းပကား ထက်မြက်လာ၏။ စိတ်တည်ငြိမ်မှုစွမ်းပကား ထက်မြက်လာသဖြင့် ကိုယ်စိတ်ချမ်းသာမှုကို အလိုလိုခံစားလာရ၏။

**အတွေးအမြင်မှန်ခြင်း**

စူးစိုက်မှုဖြင့် စွမ်းအင်ကြီးမားလာသောစိတ်သည် ပကတိမျက်စိဖြင့် မမြင်နိုင်သော သူတစ်ပါး၏ ကိုယ်အမူအရာများ၊ ပကတိနားဖြင့်





မကြားနိုင်သော သူတစ်ပါး၏ နှုတ်အမူအရာများကို သိစွမ်းစေနိုင်သည်။ သူတစ်ပါး၏ အတွင်းစိတ်ဓာတ်နှင့် အတိတ်အနာဂတ်ဘဝ ဖြစ်ရပ်များကို သိစွမ်းနိုင်သည်။

ခေတ်သစ် စိတ္တဗေဒဘာသာရပ်အရ ထင်ပေါ်ကျော်ကြားလျက်ရှိသော အိပ်မွေ့ချပညာရပ်များဖြင့် လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များကို သိစွမ်းနိုင်မှု၊ စိတ်ညှို့ပညာရပ်ဖြင့် သူတစ်ပါးစိတ်ကို မိမိအလိုသို့ လိုက်ပါအောင် စွမ်းဆောင်နိုင်မှုများသည် စွမ်းအင်ကြီးမားသော စိတ်စွမ်းပကားကြောင့်ပင် ဖြစ်သည်။

အများသိနေကြသော အတပ်ဟော ဆရာများသည်လည်း မိမိတို့၏ စွမ်းအားကြီးမားသော စိတ်စွမ်းပကားအသုံးချ၍ အတပ်ပြောနိုင်ကြခြင်းဖြစ်သည်။ စွမ်းအားကြီးမားသောစိတ်ကား စူးစိုက်မှုဖြင့်တည်ကြည်ငြိမ်သက်လာသော သမာဓိစိတ်ပင်ဖြစ်သည်။ အာနာပါနကမ္မဋ္ဌာန်းက စွမ်းဆောင်နိုင်သည်။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်း ပွားများခြင်းဖြင့် ငြိမ်သက်တည်သော သမာဓိစိတ်ကို ထူထောင်နိုင်ပြီး အတွေးအမြင်မှန်ကန်မှု အကျိုးတရားတို့ကို ရရှိခံစားနိုင်၏။

**အကြံကောင်းပေါ်ခြင်း**

အာနာပါနကမ္မဋ္ဌာန်းစီးဖြန်း၍ သမာဓိ စိတ်စွမ်းပကားကြောင့် အတွေးအမြင်မှန်လျှင် အကြံကောင်း၊ ဉာဏ်ကောင်းများပေါ်မည် ဖြစ်၏။ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် အကြံကောင်း၊ ဉာဏ်ကောင်း ပေါ်လာမှုအကျိုးတရားကို ခံစားရလာမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ကျန်းမာခြင်း**

ယနေ့ ခေတ်သစ်ဆေးသိပ္ပံအလိုအရ အနာရောဂါဖြစ်ခြင်း၏ ၇၀-ရာခိုင်နှုန်းသည် စိတ်ကြောင့်ဖြစ်ရသည်ဟုဆို၏။ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်း၍ သမာဓိထူထောင်နိုင်သောအခါ စိတ်၏အညစ်အကြေးများ၊ ပူပင်သောကများကင်းကွာ၍ စိတ်ကြည်လင်မှု၊ ရုပ်ကြည်လင်မှု၊ အနာရောဂါကင်းဝေးမှုတို့ကို ခံစားရရှိနိုင်သည်။ စိတ်၏အေးချမ်းခြင်း၊ ရောဂါဘယကင်းဝေးခြင်း၊ အေးချမ်းတည်ငြိမ်ခြင်းတို့ဖြင့် သမာသမတ်ရှိကာ ထိုသူသည် ဣန္ဒြေဥပဓိကောင်း၍ အာနာပါနတရားကို တည်ဆောက်ခြင်းဖြင့် အရည်အသွေးရှိသောလူ့ဘဝ Qualified life ကို မုချ ရရှိမည်ဖြစ်၏။ အာနာပါနတရားတစ်ပါးတည်းကို ပွားများလျှင် လေးပါးသောတရားနှင့် ပြည့်စုံသည်ဟုဆို၏။ လေးပါးသောတရားကို ပွားများလျှင် ခုနစ်ပါးသောတရားနှင့်ပြည့်စုံ၏။ ခုနစ်ပါးသောတရားကို ပွားများလျှင် နှစ်ပါးသောတရားနှင့် ပြည့်စုံမည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူ၏။

၁။ တစ်ပါးသောတရားဆိုသည်မှာ အာနာပါနတရားဖြစ်၏။

၂။ လေးပါးသောတရားဆိုသည်မှာ သတိပဋ္ဌာန်တရား လေးပါးဖြစ်၏။

၃။ ခုနစ်ပါးသောတရားဆိုသည်မှာ ဗောဇ္ဈင်ခုနစ်ပါး ဖြစ်၏။

၄။ နှစ်ပါးသောတရားဆိုသည်ကား ဝိဇ္ဇာနှင့် ဝိမုတ္တိဖြစ်၏။

အာနာပါနကမ္မဋ္ဌာန်းတရားတစ်ပါးတည်းကို အားထုတ်သူသည် ထိုသို့သော အားထုတ်ခြင်း၏ အကျိုးဆက်အဖြစ် သတိပဋ္ဌာန်တရားလေးပါးကို သိရှိ ပြည့်စုံနိုင်၏။ သတိပဋ္ဌာန်တရားလေးပါးနှင့် ပြည့်စုံ





လျှင် ဗောဇ္ဈင်(၇)ပါးနှင့်ပြည့်စုံကာ ဝိဇ္ဇာဉာဏ်အလင်းပေါက်၍ ဝိမုတ္တိခေါ် လွတ်မြောက်မှုနယ်ပယ်နိဗ္ဗာန်သို့ ရောက်၏။

**(ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်**

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)**

အပ္ပမာဒေန သမ္ပာဒေထ
အပ္ပမာဒေန သမ္ပာဒေထ
အပ္ပမာဒေန သမ္ပာဒေထ

မမေ့လျော့လေနှင့်အာနန္ဒာ
မမေ့လျော့လေနှင့်အာနန္ဒာ
မမေ့လျော့လေနှင့်အာနန္ဒာ ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

## အလွန်အမင်း အံ့အားသင့်ရခြင်း

ကျွန်တော်သည် ကုသိနာရုံတွင် ရက်အတော်ကြာနေပြီးသော် ပတ္တနာမြို့သို့ လာ၏။ ပတ္တနာမြို့သည် ဗိဟာပြည်နယ်၏ မြို့တော် ဖြစ်သည်။ ဘုရားရှင်လက်ထက်က အဇာတသတ်မင်းသည် ဝေသာလီပြည်ကို သိမ်းယူရန်အတွက် ဂင်္ဂါမြစ်ကမ်းရှိ ပါဋလိရွာကို ခံတပ်မြို့အဖြစ် တည်ဆောက်၏။ ထိုမြို့တည်ဆောက်စဉ်က မြတ်စွာဘုရားကိုယ်တော်တိုင် မြို့ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်၍ ဆွမ်းအနုမောဒနာ တရားဟောကြား၏။

သာသနာနှစ် ၂၃၅–တွင် ပါဋလိပုတ်မြို့တော်တွင် အာသောကမင်းကြီး၏ အထောက်အပံ့ဖြင့် ရဟန္တာ ၁၀၀၀–တို့သည် တတိယသင်္ဂါယနာတင်ပွဲကို ကိုးလတိုင်တိုင် ကျင်းပ၏။ ယခု ထိုမြို့ကို ပတ္တနာမြို့ဟု ခေါ်ဆို၍ ပတ္တနာသည် ယခုတိုင် ဂင်္ဂါမြစ်ကမ်းပေါ်တွင်ပင် တည်ရှိ၏။ ပတ္တနာသည် ကာလကတ္တားနှင့် ၅၃၃–ကီလိုမီတာဝေး၍ ဗာရာဏသီနှင့် ၁၄၂–ကီလိုမီတာဝေး၏။ မီးရထား၊ မော်တော်ကားနှင့် လေယာဉ်ခရီးလမ်းဆုံမြို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် နယူးဒေလီမြို့သို့သွားရန်ရှိသောကြောင့် ကာလကတ္တားမှ ထွက်လာသောကားအတွက် ကျန်ငွေများကိုပေးပြီး ပတ္တနာမှ လေယာဉ်ဖြင့် နယူးဒေလီသို့ ထွက်၏။ နယူးဒေလီရှိ မိတ်ဆွေ မစ္စတာကွပ်တားထံသို့လည်း ဖုန်းဆက်ထားရာ မစ္စတာကွပ်တားက လေဆိပ်သို့ လာကြို၏။ မစ္စတာကွပ်တားက သူ၏ စာအုပ်ပြပွဲမှာ ပြီးသွားပြီ။ အချိန်မီရောက်ရှိလာမည်ဟု မှန်းထားသည်။ မရောက်ရှိသည့်အတွက်လည်း ကိစ္စမရှိ။ နယူးဒေလီရှိ စာအုပ်ဈေးကွက်ကို မိမိလိုက်လံပြသမည်ဟုဆိုကာ သူနှင့် နယူးဒေလီတွင် မိမိသည် ငါးရက်ခန့်နေပြီး နယူးဒေလီ စာအုပ်ဈေးကွက်သာမက အခြားလည်ပတ်စရာနေရာများသို့လည်း သွားရောက်လည်ပတ်ပြီး ဒေလီမှ ဗန်ကောက်သို့ ပြန်သည်။

ဗန်ကောက်သို့ရောက်တော့ သီရိဝင်းတွင် တစ်ညအိပ်ကာ နောက်တစ်နေ့ မိုးလင်းလျှင်လင်းချင်း ဆရာတော်ကြီး ဒေါက်တာ အာသဘ ရှိရာ ချွန်ဘူရီမြို့သို့ အပြေးသွား၏။

ဆရာတော်ကြီးထံရောက်တော့ ဆရာတော်ကြီးက ခရီးရောက်မဆိုက်ပင် မဇ္ဈိမဒေသခရီး အဆင်ပြေရဲ့လား၊ မိမိသည် ခရီးစဉ်၌ လိုအပ်သော တရားဓမ္မများကို လျှောက်ထားနိုင်ရန် လမ်းအဖော် ဦးပဥ္စင်းတစ်ပါးကို လွှတ်လိုက်သည်ဟု ဆို၏။ မိမိမေးသမျှသော သိမှတ်စရာ တရားအစုစုတို့ကို စိတ်ရှည်လက်ရှည် ရှင်းလင်းဟောကြားခဲ့သည့် ဆရာတော်ဦးပဥ္စင်းသည် ဆရာတော်ကြီး ဒေါက်တာ အာသဘ လွှတ်လိုက်မှန်း ယခုမှပင်သိ၏။ ဆရာတော်ဦးပဥ္စင်းကလည်း မိမိ ဆရာတော်ကြီး အစီအမံရှိ၍ လာရောက်ကြောင်းမပြော။





"မှန်လှပါဆရာတော်ကြီးဘုရား၊ အရှင်ဘုရား အစီအမံပြုပေးလိုက်တဲ့ ဆရာတော်ဦးပဥ္စင်းမှာ မိဂဒါဝုန်မှ ကုသိနာရုံအထိ တပည့်တော်နှင့်အတူ လိုက်ခဲ့ပါတယ်ဘုရား။ ဆရာတော်ဦးပဥ္စင်းအနေနဲ့ လိုအပ်သော တရားဓမ္မဆိုင်ရာများကိုကား ပြည့်ဝကုန်စင်အောင် ဟောကြားပါသဖြင့် တပည့်တော်အဖို့ အလွန်အကျိုးထူးစွာ သိရှိနာယူခွင့်ရခဲ့ပါတယ်ဘုရား"ဟု မိမိက လျှောက်ထားရ၏။

"မောင်ချစ်စံ၊ မဇ္ဈိမဒေသကပင် ပြန်ခဲ့ပြီးဖြစ်သည်။ တရားစခန်းဝင်ဖို့ အစီအစဉ် မည်သို့ရှိသလဲ တပည့်ရဲ့"

"မှန်လှပါ...သတိတရားတည်ဆောက်ဖို့ အသိတရား တပည့်တော်ထံတွင် ရှိခဲ့ပါပြီဘုရား။ သို့သော်လည်း တပည့်တော်အနေနဲ့ ယခုသိရှိလာတဲ့ မဇ္ဈိမဒေသ ခရီးအပေါ် အခြေတည်ပြီး အသိတရားပျိုးထောင်မှု စာအုပ်တစ်အုပ်ကို မြန်မာပြည်ပြန်၍ ရေးလိုသောစိတ်က ပိုမိုများပြားနေပါတယ်ဘုရား"

"မိမိသိသော တရားကို အများသိရန် ရေးသားဖြန့်ဝေမှုဟာ ကောင်းမွန်ပါတယ်။ မိမိသိရှိပြီးသား တရားကို အများသိရှိရန် ဖြန့်ဝေမှုဟာ မြတ်စွာဘုရားလည်း အလိုရှိပါတယ်။ သို့သော် အများသိရန် ဖြန့်ဝေရုံသာမက မိမိကိုယ်တိုင်သိရှိသောအရာကို မိမိလည်း စံပြလိုက်နာဖို့က ပိုပြီးအရေးကြီးသလို ပိုပြီးသင့်လျော်လှပေတယ်တပည့်"

"တပည့်တော် ရေးသားတဲ့ စာအုပ်တွေဟာ အများသိရှိရန်အတွက် ရေးသားခြင်းမှန်သော်လည်း မိမိကိုယ်မိမိ ဆုံးမရန်အတွက် ရေးသားဖြစ်တာက ပိုများပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်၊ တရားမမ္မရှာဖွေကျင့်ကြံတယ်ဆိုတာ နေ့ရွေး ညရွေး ဖြစ်ကောင်းသောအရာမဟုတ်။ မြန်မြန်ရေး၊ တရားစခန်းသို့ ရောက်အောင် အမြန်လုပ်ဆောင်ပေတော့ တပည့်။ ကမ္ဘောဒီးယားတရားပွားစီးရန် ထိုင်းနိုင်ငံသို့ ပြန်လာရန်မလို၊ မြန်မာနိုင်ငံဟာ အပြည့်စုံဆုံးနှင့် အကောင်းဆုံးသော တရားစခန်း အများအပြားရှိနေတာပဲ။ ထိုအရပ်များတွင် သွားရောက်၍ ငါ့တပည့် တရားနှင့် ပျော်မွေ့ပေတော့"ဟု ဆရာတော်ကြီးက မြွက်ကြား၏။

"ဆရာတော်ဘုရား၊ မစ္စတာနာတာပိုးရော အဘယ်မျှကြာကြာ ဆရာတော်ကြီးထံ နေသွားပါသလဲဘုရား"

"ငါ့တပည့်၊ မိမိကိစ္စ မိမိပူ၊ နာတာပိုးအတွက် မပူလေနှင့်၊ တပည့်ဘေးတွင်ရှိသော ဦးပဥ္စင်းများ ဘယ်သူဘယ်ဝါ ဖြစ်သည်ကို သေသေချာချာကြည့်"ဟု ဆရာတော်ကြီးက ဆိုပါ၏။

မိမိ ဆရာတော်ကြီး အခန်းအတွင်းသို့ ရောက်စဉ်ကပင် ဤအခန်းတွင်း၌ ရဟန်းနှစ်ပါး ရှိသည်ကို သတိပြုမိ၏။ ထိုင်း ရဟန်းတော်နှစ်ပါးသာ ဖြစ်မည်အထင်နှင့် ထိုရဟန်းနှစ်ပါးကို သေချာစွာ သတိမပြု။ ယခု သေသေချာချာကြည့်လိုက်မှ တစ်ပါးမှာ ဗုဒ္ဓဂယာခရီးစဉ်တွင် မိမိနှင့်အတူ ခရီးသွားခဲ့သော ဆရာတော်ဦးပဥ္စင်း ဖြစ်နေသည်ကို တွေ့ရ၏။

"ဟင်...ဆရာတော်ဦးပဥ္စင်း အိန္ဒိယက ဘယ်တုန်းက ပြန်ရောက်ပါသလဲ ဘုရား။ အရှင်ဘုရားက တပည့်တော်ထက်တောင် စောပြီး ဗန်ကောက်ပြန်ရောက်တာကိုး။ တပည့်တော်က ပတ္တနာကနေ နယူးဒေလီအထိ သွားပါသေးတယ်ဘုရား"ဟု လျှောက်ထားပြီး ဘေးမှ ဦးပဥ္စင်းကို ကြည့်လိုက်တော့–





"ဟာ...ဦးပဥ္စင်းနာတာပိုး၊...မှန်ပါ...အရှင်ဘုရား သင်္ကန်းဝတ်လိုက်ပြီလားဘုရား၊ ဘယ်တုန်းကများ ဝတ်လိုက်တာလဲဘုရား"

"တပည့်၊ တပည့် နာတာပိုးဟာ လူ့ဝတ်ကြောင်ကို အပြီးအပိုင် စွန့်ပြီး ရဟန်းဘဝကို ရောက်ရှိနေပြီ။ တပည့် နာတာပိုးဟာ ဘောဂသမ္ပတ္တိအရပ်ရပ်ကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိလမ်းကြောင်းပေါ်သို့ မရွေ့မလျား ရောက်နေပြီ"ဟု ဆရာတော်ကြီးကဆိုရာ ဦးပဥ္စင်းနာတာပိုးက "ဆရာတော်ကြီးပြောတဲ့အတိုင်း အမှန်ပေပဲ ဒကာကြီး"ဟု ဆို၏။

"မှန်လှပါ၊ တပည့်တော် ဝမ်းမြောက်လှပါတယ်ဘုရား၊ အရှင်ဘုရားလိုအပ်သမျှ ပစ္စည်းလေးပါးဒကာအဖြစ် တပည့်တော်ကို သတ်မှတ်ပါဘုရား"

"ဒကာကြီးဦးချစ်စံ၊ ဆရာတော်ကြီး၏ အရိပ်တွင် ဦးပဥ္စင်းအားလုံးပြည့်စုံသည်။ ဒကာကြီး ခေါ်ခဲ့၍ မြင့်မြတ်သောအရပ်သို့ ရောက်ခဲ့ကြပြီ။ မှန်ကန်သောအမြင်ကိုလည်း ရခဲ့ကြပြီ။ လူ့ဝတ်ကြောင်ဘဝမှ ပိုင်ဆိုင်မှု ဟူသမျှကိုလည်း ဦးပဥ္စင်း စွန့်ခဲ့ပြီ"ဟုဆိုကာ ဦးပဥ္စင်း နာတာပိုးသည် ဂူရွှေကို ဆက်လက်တည်ဆောက်နေပါ၏။

မိမိသည် ချွန်ဘူရီတွင် တစ်ညမျှတည်းပြီး ဗန်ကောက်သို့ ပြန်ခဲ့သည်။ ဦးပဥ္စင်းနာတာပိုးသည် လူ့ဝတ်ကြောင်ဘဝမှ ယင်းပိုင်ဆိုင်သော ပစ္စည်းများကို ထုခွဲ၍ အချို့ကိုလှူ၊ အချို့ကို ဇနီးနှင့် သမီးတို့အား အပြီးအပိုင်ပေးခဲ့ပြီး ဘတ်ငွေနှစ်သောင်းခန့်ကိုလည်း မိမိအတွက် ထားရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဦးပဍင်း နာတာပိုးသည် ဘာကိုမှ မတွယ်တာဘဲ ပိုမို အေးချမ်းရာအရပ်တွင် သီတင်းသုံးလျက်ရှိပြီဖြစ်၏။ မိမိသည်လည်း မြန်မာပြည်သို့ ပြန်ရောက်သောအခါ အလုပ်များ တာဝန်များ ဝတ္တရားများကြားက ဤစာအုပ် ပြီးမြောက်ရေးအတွက် သုံးနှစ်မျှ အချိန်ယူ၍ ရေးခဲ့၏။ ဤစာအုပ်ရေးနေစဉ် မိမိသည် အိန္ဒိယသို့ တစ်ခေါက် ထပ်မံရောက်စဉ် ပြီးခဲ့သောအခေါက်က အကြောင်းအရာများကို ပြောဆိုရင်း ဗာရာဏသီတွင် မိမိနှင့် ဆရာတော်ဦးပဍင်းတို့အကြောင်း ပြောရာ ဗာရာဏသီမှ မိတ်ဆွေများက ပြီးခဲ့သောအခေါက် မိမိလာစဉ် မိမိ တစ်ဦးတည်းလာခြင်းသာဖြစ်ကြောင်း၊ ဘယ်ဦးပဍင်းတစ်ပါးမှ မပါကြောင်း၊ လှေကားထစ်မှ လိမ့်ကျခြင်း၊ ဆရာဝန်ခေါ်ခြင်းတို့ကို မိမိတို့ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထိုစဉ်က ဗာရာဏသီဘုန်းတော်ကြီးကျောင်းတွင် အာဂန္တု ရဟန်း တစ်ပါးမှ မရှိကြောင်း၊ သာဝတ္ထိသို့ သွားရာတွင်လည်း ခရီးဖော် ရဟန်းတစ်ပါးမှ ပါမသွားကြောင်း ပြောကြားကြသဖြင့် မိမိမှာ အလွန်မှ အံ့သြရ၏။

အလားတူပင် လုမ္ဗိနီသို့ ရောက်သောအခါတွင်လည်း လုမ္ဗိနီမှ မိတ်ဆွေများနှင့် တည်းခိုသော ကုလားကျောင်းမှ ဘုန်းတော်ကြီးများက ပြီးခဲ့သောအခေါက်လာစဉ်က မိမိတစ်ဦးတည်းသာဖြစ်ကြောင်း ပြောကြား၍ မိမိမှာ အလွန်အမင်း အံ့သြစရာဖြစ်ရပါသတည်း။ ။

ချစ်စံဝင်း

၂၂-၁-၂၀၀၁



www.burmeseclassic.com